
www.burmeseclassic.com



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ ....

၁၉၇၀–ခုဝန်းကျင်လောက်က ရှုမဝမဂ္ဂဇင်းခုံတန်းလျား ကလေးပေါ်တွင် ထိုင်ရင်း စာရေးဆရာများကို အားကျ ခင်မင်ခဲ့သော ဘဝမှ အစပြု၍....၊

၁၉၈၀–ခု နှစ်လတွင် မြဝတီမဂ္ဂဇင်းမှ 'ပါးကွက်ရန်စွယ်' အမည်ဖြင့် မိကျောင်းစွန့်စားခန်းဝတ္ထုရှည်ရေးပြီးနောက်၊ စွယ်စုံရန်စွယ် ရွှေးဟောင်းအမွေနှင့် စနေထောင့်ရန်စွယ်၊ မဟူရာရန်စွယ် ဝတ္ထုရှည်များ ရေးခဲ့ပြီး စာပေနယ်မှ (အောင်ခိုင်လင်း၊ မော်ကျွန်း) ဟူသော ကလောင် တစ်ချောင်းအဖြစ် ရပ်တည်ခွင့်ရခဲ့ပါတယ်။

မြဝတီ၊ ငွေတာရီ၊ မိုးဝေ၊ ပေဖူးလွှာ၊ ချယ်ရီ၊ စံပယ်မြ စစ်ပြန်၊ စာပေလုပ်သား၊ လျှို့ဝှက်သည်းဖို မဂ္ဂဇင်း များတွင် ဝတ္ထု ဝတ္ထုရှည်များစွာ ရေးခဲ့ပြီးနောက်...၊

သည်ဘက်ရောက်လာတော့ နက္ခတ္တရောင်ခြည်၊ ဂမ္ဘီရ ရောင်ပြန်။ လပြည့်ဝန်း၊ မနုစာရီ။ သူရဇ္ဇ စသော မဂ္ဂဇင်းများတွင် ဂမ္ဘီရဆန်းကြယ် ဝတ္ထုတို၊ ဝတ္ထုရှည်များစွာကို ရေးသားနိုင်ခဲ့ပါတယ်....။

ယခု....၊ မြိတ်စာပေနှင့် အဆက်အသွယ်ပြုခဲ့ပြီး ကျနော်ရဲ့ ကလောင်ခွဲများထဲမှ 'သူရဇ္ဇ'ဟူသော ကလောင်ခွဲအမည် ဖြင့် ယခု (စက္ကူပါလ သံသေဓား)လုံးချင်းဝတ္ထုတို ထုတ်ဝေဖြစ်ခဲ့ပါတယ်။

ဆက်လက်ပြီး သူရဇ္ဇ ကလောင်အမည်ဖြင့် ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုရှည်များကို အဆက်မပြတ် ထုတ်ဝေပါမည့်အကြောင်း ကျနော်ရဲ့ စာဖတ် ပရိသတ်အပေါင်းကို ကြိုတင်သတင်းကောင်း ပါးအပ်ပါတယ်။

စာဖတ်သူများကို ခင်မင်လေးစားစွာဖြင့်

---

## အောင်ခိုင်လင်း၏ ကလောင်ခွဲဖြစ်သော

# 'သူရဇ္ဇ'

## အမည်ဖြင့် မြိတ်စာပေမှ ဆက်လက်ထွက်မည့်

## ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုများ။

- ကျောက်စိမ်းနက်ဝက်ပါ
- ...င်းတလိုက်နှင့် တိမ်တိုက်ကမှောင် (စာပေဆုရဝတ္ထုရှည်)
- မဟူရာ ဧကရီ (နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်)

(အနုရာဓရန်စွယ်၊ စာတ်သိမ်းဖြင့် ပေါင်းထုတ်မည်။)

- ဂမုန်းနက်ရန်စွယ် (သူရဇ္ဇ မဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်)
- ထမန်းနက်ရန်စွယ်
- ရေအောက်အန္တရာယ်နှင့် ပုလဲနက်ရန်စွယ်
- နင်းတောင်သခင်မ
- အတွင်းဒီပါစခန်းမှ ကုံကော်တစ်ထောင်လမ်းသို့
- ဂမ္ဘီရဆန်းကြယ်ဝတ္ထုတို ပေါင်းချုပ် (အမှတ် ၁)
- ကျားသစ်နက်မာယာ....။

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

(လျှို့ဝှက်ဇာတ်ကွက်များနှင့် စွဲမက်ဖွယ်ရာ ရုပ်ပုံလွှာ)

အချိန်ကား မြန်မာနိုင်ငံတစ်ဝှမ်းလုံး အင်္ဂလိပ်နယ်ချဲ့တို့ တိုက်ခိုက်သိမ်းပိုက်ပြီးကာစ အချိန်ကာလ ဖြစ်ပေသည်။ ၁၈၈၅ခုနှစ် နိုဝင်ဘာလ(၂၈)ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့တို့သည် မတရားကျူးကျော်စစ်များကို ဆင်နွှဲ၍ မြန်မာနိုင်ငံအနှံ့အပြားမြို့ရွာများကို သိမ်းပိုက်ပြီး ဘုရင်ထီးနန်းစိုက်ရာ မန္တလေးနေပြည်တော်ကို သိမ်းပိုက်ပြီးသော ကာလ ဖြစ်ပေသည်။

နေပြည်တော်ကျဆုံးပြီးနောက် မြန်မာ့တပ်မှူး

www.burmeseclassic.com

www.burmeseclassic.com



တပ်သားများတို့သည် နေပြည်တော်မှ အားလုံး လက်နက်ချရန် အမိန့်ပေးလိုက်သော်လည်း ထိုအမိန့်ကို မနာခံကြတော့ဘဲ ဗြိတိသျှတပ်များ ကမ်းပေါ် မတက်လာမီ လက်နက်ခဲယမ်းများရသမျှ သယ်ဆောင်လျက် တိမ်းရှောင်သွားခဲ့ကြပေသည်။

၁၈၈၆ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် "မြန်မာနိုင်ငံကို ဗြိတိသျှ အင်ပါယာအတွင်း သွတ်သွင်း လိုက်ပြီ" ဟု အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင် [Lord Dufferin]က ဗြိတိသျှဘုရင်မ ဝိတိုရိယကိုယ်စား ကြေငြာလိုက်လေသည်။

မိမိတို့နိုင်ငံ အသိမ်းပိုက်ခံရလေပြီဟု သိလျှင်သိခြင်း ဦးဆုံးသိသော မြန်မာ့မျိုးချစ်တပ်သား အပေါင်းတို့သည် ရရာလက်နက်စွဲကိုင်ကာ နယ်ချဲ့ကို ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်ခဲ့ကြပေသည်။

ထို့ကြောင့် တောတောင်ထူထပ်ကာ သဘာဝအခြေအနေကောင်းသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်းတောင်တန်းကြီးများပေါ်တွင်လည်းကောင်း၊ အောင်လံ (မြေထဲ)၊ သရက်၊ ဆင်ပေါင်ဝဲ၊ မင်းဘူး၊ မကွေး၊ နတ်မောက်၊ တောင်တွင်းကြီး၊ ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကျောက်ဆည် မြန်မာနိုင်ငံ



အလယ်ပိုင်းဒေသကြီးတစ်ခုလုံးတွင် လည်းကောင်း၊

ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ရခိုင်နှင့် တနင်္သာရီဒေသများတွင် လည်းကောင်း။

ဗြိတိသျှဆန့်ကျင်ရေး တိုက်ပွဲများပြင်းထန်စွာ ဆင်နွှဲနေသောကာလဖြစ်ပေ၏။

ထိုအချိန်တွင် မျိုးချစ်သူရဲကောင်းတို့သည် နည်းအမျိုးမျိုးဖြင့် လျှို့ဝှက်လှုပ်ရှားနေကြသော ကာလလည်း ဖြစ်ပေ၏။

ခါကာဘိုရာဇီတောင်ကား မြန်မာနိုင်ငံ မြောက်ဖက်များတွင်ရှိပြီး အလွန်မြင့်မားသောတောင်တန်းကြီး များဖြစ်၏။ ထိုမှ ဆာဆက်တည်း မြန်မာနိုင်ငံအောက်ဖက်သို့ ဆင်းလာပါက ပတ်ကွိုင်တောင်တန်းကြီးကို တွေ့ရပေမည်။

ဟူးကောင်းချိုင့်ဝှမ်း၊ လီဒိုလမ်းနှင့် ပတ်ကွိုင်တောင်တန်းကြီးတို့ကား ဆက်စပ်လျက်ရှိပေတော့သည်။

ပတ်ကွိုင်တောင်တန်းကြီးကား မြန်မာနိုင်ငံ၏ အနောက်မြောက်ဖက်တွင် ရှိပါသည်။

အရှေ့မြောက်ဖက်မှ အနောက်ဖက်သို့ နိုင်ငံတော်၏ နယ်နိမိတ်သဖွယ် တန်းဆင်းနေပေ၏။

ပတ်ကွိုင်တောင်သည် ဟိမဝန္တာတောင်တန်းကြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်၍ ဆင်းလာသောတောင်ဖြစ်လေ၏။

ထိုတောင်တန်းကြီး၏ တောင်ဘက်စွန်းတွင် နာဂ တောင်တန်းများ တည်ရှိလေသည်။

ဗြဟ္မပုတ္တရမြစ်နှင့် ချင်းတွင်းမြစ်တို့၏ မြစ်လက်တက် ပေါင်းများစွာ မြစ်ဖျားခံသည့် ရေဝေ တောင်တန်းကြီးသည် ထိုနယ်တစ်ဝိုက်တွင် နာမည်ကြီးလှပါသည်။

ထိုတောင်တန်းကြီးကား ပင်လယ်ရေမျက်နှာပြင် အထက် ပေ(၁၀၀၀၀)ကျော်အမြင့်တွင် တည်ရှိလေသည်။

လီဒိုလမ်းမကြီးကား ထိုပတ်ကွိုင်တောင်တန်းကြီး၏ မြောက်ဘက်မှ ဖြတ်၍ အိန္ဒိယနိုင်ငံ ဒီဗရူးမြို့မှ မီးရထား လမ်းပေါက်သည့် လီဒိုမြို့နှင့် မြန်မာနိုင်ငံ ဟူးကောင်းချိုင့်ဝှမ်း သို့ ဆက်စပ်ဖေါက်ယူထားလေသည်။

ဗြဟ္မပုတ္တရမြစ်၏ လက်တက်တစ်ခုနှင့် ချင်းတွင်း မြစ်၏ မြစ်လက်တက်မြစ်ငယ်နှစ်ခုတို့ ဆုံ၍ စီးဆင်းရာ ပတ်ကွိုင်တောင်၏ မြောက်ဖက်တောင်ကြားဒေသတွင် ဟူးကောင်းတောင်ကြား ရှိပေ၏။

ထိုတောင်ကြားအရပ်ကား လူသူအရောက် အပေါက် နည်းလှပေ၏။ ထိုနေရာတွင် သိုင်းဆရာကြီး မဟိန္ဒ၏ သိုင်းပညာသင်ပေးရာ ကျောင်းတစ်ခုရှိလေ၏။



ဆရာကြီးမဟိန္ဒကား အသက်(၆၀)ကျော်အရွယ်ရှိပြီး၊ သိုင်းပညာကို မြိုးချစ်စိတ်ရှိ လူရွယ်လူငယ်များနှင့် မင်းမျိုး မင်းဆက်၊ စော်ဘွားကြီးများ၏ သားတော်အနွယ်တော်များကို အခကြေးငွေမြောက်များစွာယူပြီး လက်ခံသင်ကြားပေးနေသူ သည်း ဖြစ်ပေ၏။

သူသည် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများဖြင့် ဘကယ့်လူကြမ်းကြီးတစ်ဦးဖြစ်ပြီး၊ ဒေါသကြီးသူ၊ လောဘ ကြီးသူတစ်ဦးလည်းဖြစ်ပေ၏။

သိုင်းပညာတွင် တော်သလောက် သင်ပေးရာတွင် လည်း အခကြေးငွေကို စိတ်ကြိုက်ရမှ သင်ကြားပေးလေ့ ရှိပါသည်။

သူ့အား တပည့်များက လွန်စွာကြောက်ရွံ့ကြလေ၏။ သူ၏ သိုင်းပညာသင်ပေးရာကျောင်း၊ လေ့ကျင့်ပေးရာ ကျောင်းကြီးကား လွန်စွာမှ ကျယ်ဝန်းလှပေ၏။

လေ့ကျင့်ရေးနေရာကွက်လပ်ကြီး၏ ဘေးတစ်ဖက် တစ်ချက်တွင် မီးတိုင်ကြီးများ ထွန်းထားရာ အလင်းရောင် အတန်အသင့်ရနေပေ၏။

ထိုလေ့ကျင့်ရေးမြေကွက်လပ်ကြီး၏ မှေးမှိန်ရိပ် ကျသော နေရာတွင် ဓါးတစ်လက်ဖြင့် လူရွယ်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဝါးရေးလေ့ကျင့်လျက်ရှိလေသည်။

သူသည် အသက်နှစ်ဆယ်ကျော်အရွယ်ရှိ၍ ကိုယ်ခန္ဓာမှာ အချိုးအစား ပြေပြစ်ကျနပြီး ကြံ့ခိုင် သန်စွမ်းလျက် ရှိသည်။

သူသည်ဝါးတစ်လက်ဖြင့် တစ်ကိုယ်လုံး ချွေးဒီးဒီးကျအောင် တစ်ဦးတည်းဝါးရေးလေ့ကျင့်လျက် ရှိပေသည်။

သူလေ့ကျင့်လျက်ရှိသော ဝါးကွက်များ။ ခြေကွက်များမှာ သာမန်အကွက်မျိုးများမဟုတ်လေဘဲ တီထွင်ကြံဆထားသော အဆင့်မြင့်ပညာ ဝါးကွက်များပါဝင်နေပေ၏။

ထိုအဆင့်မြင့်ဝါးကွက်များကား ဝါးသိုင်းဆရာကြီးမဟိန္ဒ၏ အထူးလျှို့ဝှက်တီထွင်ထားသော အဆင့်မြင့်ဝါးကွက်များ ဖြစ်ပေတော့သည်။

ထိုဝါးရေးလေ့ကျင့်နေသူကား အခြားမဟုတ်၊ သိုင်းဆရာကြီးမဟိန္ဒကျောင်းသို့ ဝါးရေးလာရောက် သင်ယူလျက်ရှိသော ကျောင်းသားများထဲက မဟုတ်ဘဲ ဆရာကြီးထံတွင် မြင်းကျောင်း။ မြင်းစာကျွေး။ သန့်ရှင်းအလုပ်ကို လုပ်ရင်းနေရှာသော "ကျော်စွာ"ဟု အမည်ရှိသော လူရွယ်ပင်ဖြစ်တော့သည်။

ကျော်စွာကား မိဘများမရှိတော့ဘဲ ဆရာကြီး



မဟိန္ဒက ကောက်ယူကျွေးမွေးထားပြီး စခန်းရှိ အလုပ်ကြမ်းမှန်သမျှကို တစ်ဦးတည်းဒိုင်ခံလုပ်ရသူဖြစ်ပေ၏။

နေ့ဘက်အခါများတွင် ဆရာကြီး၏ ကျောင်းတွင် ဝါးရေးပညာ၊ သိုင်းပညာများကို လာရောက်သင် ယူသူများဖြင့် စည်ကားဆူညံလျက်ရှိသော်ငြားလည်း နေဝင်သွားသောအခါ ပြန်သူပြန်၊ အနားယူသူယူဖြင့် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေတော့သည်။

ထိုအချိန်တွင် တစ်နေ့လုံးတပည့်များကို သိုင်းပညာများမရပ်မနား သင်ကြားပြသပေးခဲ့ရသော ဆရာကြီးမဟိန္ဒလည်း မောပန်းမှုကြောင့် အိပ်စက်အနားယူနေချိန်လည်း ဖြစ်၏။

ပြီးလျှင် ဆရာကြီးသည် တဖန်ပြန်ထလာပြီးနောက် တပည့်များကို သင်ပြပေးသော သိုင်းကွက်များကိုသော်လည်းကောင်း၊ တပည့်များကို သင်မပေးဘဲ ဆရာစားတစ်ကွက်ချန်ထားခဲ့သော လျှို့ဝှက်သိုင်းကွက်၊ ဝါးကွက်များကိုသော်လည်းကောင်း တစ်ဦးတည်းလျှို့ဝှက်စွာ ပြန်လည်လေ့ကျင့်လေ့ရှိ၏။

ထိုသို့လေ့ကျင့်လေတိုင်း၊ အများလို ငွေကြေးအမြောက်အမြားပေးကာ သိုင်းပညာသင်ယူနိုင်ခြင်း မရှိ

www.burmeseclassic.com

www.burmeseclassic.com

ရှာသော ကျော်စွာသည် ဆရာကြီး၏ ဓါးကွက်သိုင်းကွက်များကို မှောင်ရိပ်ကွယ်တစ်နေရာမှ လျှို့ဝှက် စွာစောင့်ကြည့်ကာ မှတ်သားရ၏။ ထိုသို့ချောင်းမြောင်းမှတ်သားနေသည်ကိုလည်း ဆရာကြီးမသိစေရန် အထူးသတိထားရပေ၏။

အကယ်၍ သိသွားပါက ခွင့်လွှတ်မည်မဟုတ်ပေ။ အသေးအဖွဲ့ကိစ္စကလေးများ အပြစ်ရှိလာလျှင် သော်မှ မညှာမတာ ရိုက်ပုတ်ဆုံးမလေ့ရှိ၏။

တစ်ခါတစ်ရံ အစာရေစာမကျွေးဘဲ ထားလေ့ရှိသောကြောင့် ကျော်စွာမှာ ဆရာကြီးကို အလွန်ကြောက်ရွံ့လှပေ၏။

ဆရာကြီး လျှို့ဝှက်ပညာများကို ပြန်လည်လေ့ကျင့်ပြီးမောပန်းပြီး အိပ်ဆောင်ဝင်သွားပြီး အတော်ကြာတော့မှ ကျော်စွာသည် စောစောက လျှို့ဝှက်စွာ မှတ်သားထားလိုက်သော ဓါးသိုင်းပညာ များကို ထပ်ချပ်မခွာ ပြန်လည်လေ့ကျင့်ပေတော့သည်။

စိတ်တွင်းမှလည်း . . .

''ဆရာကြီး ဘယ်သူ့ကိုမှ သင်မပေးတဲ့ လျှို့ဝှက်ဓါးကွက်တွေက ဒီလိုမဟုတ်လား''

ဟု ခပ်တိုးတိုးရေရွတ်နေလေ့ရှိ၏။



သူသည် ဆရာကြီးထံတွင် ဆင်းရဲပင်ပန်းစွာ နေထိုင်ရရင်း အချိန်ရတိုင်း လျှို့ဝှက်ဓါးကွက်များကို လေ့ကျင့်တတ်မြောက်ရုံမက အတန်ငယ် အားလပ်လျှင် မိမိတို့စခန်းနှင့် မဝေးလှသော တောင်တန်းတစ်နေရာတွင်ရှိသော ဆရာတော်ကြီးတစ်ပါးထံသို့ သွားရောက်ကာ လောကီလောကုတ္တရာ စာပေများကို သင်ကြားလျက်ရှိလေ၏။

ဆရာတော်ကြီးကလည်း ကျော်စွာ၏ လူရည်လူသွေး ရိုးသားကြိုးစားမှု၊ စိတ်ထားဖြူစင်မှုများကို သဘောကျလေသဖြင့် လောကီ၊ လောကုတ္တရာ စာပေများအပြင် ဂန္ဓာရီပညာ၊ ဂမ္ဘီရပညာများကို သားတပည့် ရင်းတစ်ဦးပမာ သင်ကြားပေးလေ၏။

ထိုပြင်ထိုနေရာနှင့် မနီးမဝေးတွင် ''မုလာ''ဟူသော ရွာကြီးတစ်ရွာရှိလေ၏။

ထိုရွာတွင် တောင်ယာလုပ်ကိုင်စားသောက်သော ''မာလာ''ဆိုသော မိန်းမချောလေးတစ်ဦး ရှိလေ၏။

မာလာသည် အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ရှိပြီး သွက်လက်သူဖြစ်၏။ ကျော်စွာကိုလည်း တစ်ဖက်သတ် စိတ်ဝင်စားလျက်ရှိ၏။ ကျော်စွာကတော့ မာလာကို နှမလေးတစ်ဦးပမာ ဖြူစင်စွာ ခင်မင်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မာလာတို့မိသားစုကတော့ ဆင်းရဲရှာသော ကျေးရွာကို တူအရင်းသားအရင်းပမာ ခင်မင်တွယ်တာလျက်၊ အလည်ရောက်လာလျှင် ရှိသမျှ ကျွေးမွေးပြုစုကြပေ၏။

ကျော်စွာအဖို့ ဆရာတော်ထံသို့သော်လည်းကောင်း၊ မာလာတို့မိသားစုထံသို့သော်လည်းကောင်း၊ အရောက်သွားရန် ပျက်ကွက်ချင် ပျက်ကွက်မည် ဖြစ်သော်လည်း၊ ဆရာကြီးမဟိန္ဒ၏ လျှို့ဝှက်ခါးကွက် များကို စောင့်ကြည့်ရန်အတွက်ကား တစ်ရက်တစ်လေမျှ ပျက်ကွက်ခြင်း မရှိခဲ့ပေ။ ဓားနှင့်လက်၊ လက်နှင့်ဓားထိလိုက်သည် နှင့်တစ်ပြိုင်နက် ကျော်စွာ၏ စိတ်ဓာတ်နှင့် သွင်ပြင်မှုယာမှာ တမဟုတ်ချင်း ပြောင်းလဲသွားပေ၏။ ရွှင်မြူးတက်ကြွလာ၏။ မျက်လုံးများ အရောင်တောက်လာပြီး ကိုယ်အမူအရာ ဖျက်လတ်တက်ကြွလာပေ၏။ ထိုအချိန်တွင် သူ၏စိတ်တွင်း၌ တစ်ပါးသူထံ မှီခိုနေရသော သူတစ်ပါး အစေခံတစ်ယောက်လို မဟုတ်တော့ပဲ၊ ဓားတစ်စင်းသာ လက်တွင်းမှာ ရှိပါက လောကတွင် အရာအားလုံးကို ယှဉ်ပြိုင်အနိုင်တိုက်နိုင်စွမ်းရှိသော သူရဲကောင်းတစ်ဦးပမာ စိတ်ဓာတ်မြင့်မားတက်ကြွလာလေ၏။

ယခုကာလမှာလည်း မြန်မာနိုင်ငံကို ဗြိတိသျှ



နယ်ချဲ့တို့က သိမ်းပိုက်ပြီး အမြို့မြို့အနယ်နယ်တွင် နယ်ချဲ့စစ်သားများ နယ်ချဲ့တို့၏ လက်ဝေခံ အလိုတော်ရိများ လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းနေသော ကာလဖြစ်သည်။

အနယ်နယ်အရပ်ရပ်ရှိ မျိုးချစ်သူရဲကောင်းတို့သည်လည်း မိမိတို့ဘိုးဘွားပိုင် နယ်မြေများကို ကြံကြံခံ၍ တွန်းလှန်တိုက်ခိုက်ခြင်း။ အင်္ဂလိပ်နယ်ချဲ့တို့လက်မှ မိမိတို့နယ်မြေများကို ပြန်လည်တိုက်ယူကြရလေသည်။ ထိုသို့တိုက်ယူရာ အသက်ပေါင်းများစွာ စတေးခဲ့ကြရသည်။ ဒေသခံ ဓော်ဘွားကြီးများကလည်း မိမိတို့ခြင်း စည်းလုံးညီညွတ်စွာရှိစေရန် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက် ရှိကြပေသည်။

ထိုအချိန်၌ မျိုးချစ်တပ်မှူး နေသူရိန်ကို အထက်မြန်မာပြည်တခွင်တွင် ဗြိတိသျှတို့ အထူးကြောက်လန့်နေရသော ကာလဖြစ်သည်။ တပ်မှူးနေသူရိန် ဦးဆောင်သော တပ်ဖွဲ့များသည် နယ်ချဲ့တို့ကို ရှပ်ရှပ် ချွန်းချွန်း တိုက်ထုတ်နိုင်ကြရုံမက နယ်ချဲ့တို့လက်အောက်သို့ ကျရောက်နေသော မြို့ရွာအချို့ကိုပင် တစတစပြန်လည် တိုက်ခိုက်ယူနေချိန်လည်း ဖြစ်သည်။

သို့ကြောင့်တစ်နိုင်ငံလုံးရှိ သူ့ကျွန်မခံလိုသော

www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်လူငယ်လူရွယ်တို့မှာ တပ်မှူးနေသူရိန်၏ မြန်မာ့ခေါင်းအလံအောက်သို့ ခိုဝင်လာကြရာ အင်အားကြီးသော တပ်မကြီးကိုဖွဲ့စည်းထူထောင်နေချိန် လည်းဖြစ်ပေ၏။

သို့ကြောင့်လည်း ကျော်စွာအဖို့ ဓားရေးများ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပါက 'တပ်မှူးနေသူရိန်၏ တပ်မတော်သို့ ပါဝင်ဆောင်ရွက်ပြီး နယ်ချဲ့များကို တိုက်ထုတ်ရာတွင်ပါဝင်ရန် စိတ်အားထက်သန်လျက် ရှိပေသည်။ ထို့ကြောင့်လည်း သူသည် ဆရာကြီး မဟိန္ဒ၏လျို့ဝှက်ဓားကွက်များကို အမိအရမှတ်သားလေ့ကျင့်နေခြင်း ဖြစ်ပါသည်။

ထိုသို့ ကျော်စွာစာရေးလေ့ကျင့်နေခိုက်တွင် ကျောင်းတံခါးဝကြီးနှစ်ချပ်မှာ ညင်သာစွာ ပွင့်လာပြီး လူရွယ် တစ်ဦးနှင့် မိန်းမပျိုတစ်ဦးတို့ ဝင်လာကြသည်။

သူတို့နှစ်ဦးစလုံးမှာ အထက်တန်းကျလှသော အဝတ်အထည်များနှင့် ရတနာပစ္စည်းများကိုလည်း ဝတ်ဆင်ထားလေသည်။

ဟန်ပန်နှင့် ပုံပန်းသဏ္ဌာန်များက အလွန်အထက်တန်းကျသော စော်ဘွားမျိုးနွယ်ထဲက ဖြစ်ဟန်တူပေသည်။ သူတို့သည် ဓါးလေ့ကျင့်ရာသို့ အသံမကြားအောင် ဝင်လာ



ကြပြီးနောက် ကျော်စွာ၏ ဓားရေးသွက်ပုံများကို အကဲခတ်ကြည့်ရှုနေကြလေ၏။

မိန်းမပျိုကမူ ကျော်စွာ၏ တောင့်တင်းသန်မာ၍ သွက်လက်ဖျတ်လတ်သော အမူအယာများကို မျက်တောင်မခတ်စိုက်ကြည့်နေလေသည်။

သူမ၏ မျက်နှာပြင်ပေါ်တွင် အံ့ဩမှုများ ယှက်သန်းလျက်ရှိလေ၏။

ထိုသို့စောင့်ကြည့်နေမှုကို ကျော်စွာသည် ဓားရေးလေ့ကျင့်နေရာမှ သတိပြုမိလိုက်သောအခါ အလွန်အံ့ဩသော အမူအရာဖြင့် ငေးစိုက်ကြည့်နေမိသည်။

ထိုအခါမိန်းမပျိုနှင့်ပါလာသော လူရွယ်က နှာခေါင်းတစ်ချက်ရှုံ့ကာ ... ။

"လက်စပ်သပ်တော့ ဘယ်သူလဲအောင်းမေ့တယ်၊ ဆရာကြီး မဟိန္ဒရဲ့ကျွန်လေးပါလားကွ၊ မင်းကဓားရေးတွေဘာတွေအတော်ကောင်းနေပါလားကွ" ဟုအထင်သေးစွာ ပြောလိုက်လေသည်။

"အို... ကိုသူရထွန်းကလည်း၊ အိမ်စေပဲဖြစ်ဖြစ်၊ မြင်းထိန်းပဲဖြစ်ဖြစ် သူ့ရဲ့ဓားရေးသွက်လက်ပုံနဲ့ ကျွမ်းကျင်မှုက

www.burmeseclassic.com

www.burmeseclassic.com



တော့ အသိအမှတ်ပြုရမှာဘဲရှင်''

ထိုသို့ပြောပြီး မိန်းမပျိုက ကျော်စွာအနီးသို့ လျှောက်လာလေသည်။

မိန်းမပျိုကား ရုပ်ဆင်းအင်္ဂါ ပြေပြစ်လှ၏။

နက်မှောင်ရှည်လျားသည့် ဆံပင်များမှာ ပုလဲဆံထိုးဖြင့် တင့်တယ်စွာ ထုံးနှောင်ထားလေရာ ကျက်သရေရှိလှသည်။

တစ်ကိုယ်လုံး အဖိုးတန်သော ရတနာများဖြင့် ဝတ်ဆင်ထားလေ၏။

မိန်းမပျို၏အမည်ကား နန်းကေခိုင်ဖြစ်ပြီး၊ စော်ဘွားကတော်ဖြစ်လေ၏။ သူ၏ယောကျ်ားကား စစ်ပွဲတစ်ခုတွင် ကျဆုံးသွားသဖြင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် မုဆိုးမစော်ဘွားကတော်လေးဖြစ်ပေသည်။

သူမသည်နှုတ်ခမ်းထူထူ၊ မျက်လုံးနက်နက်ဖြင့် ဒေါသရမ္မက်ကြီးမှန်း ကျော်စွာကရိပ်မိလေ၏။

သူနှင့်အတူပါလာသူကား နယ်စားတစ်ဦး၏ တူတော်ပြီး မဟာသွေး မဟာနွယ်ပါသည်ဆိုကာ အခြောက်တိုက်မာန်မာနကြီးနေသူဖြစ်ပေ၏။



သူ၏အမည်မှာ သူရယွန်းဖြစ်ပြီး၊ လူပါစ်ပက်သားအား လွန်စွာမှ အထင်သေးတတ်သူ ဖြစ်ပေသည်။

နန်းကေခိုင်က ကျော်စွာ၏ ကျစ်လစ်သန်မာသော ခန္ဓာကိုယ်ကို သဘောကျစွာကြည့်ရင်း . . .

''ကိုသူရရေ နန်းကတော့ ဒီကိုရောက်ကာမှ စိတ်ကူးတစ်မျိုးပြောင်းချင်ဘိရှင်''

''ဘာလဲ နန်းကဒီမြင်းထိန်းကောင်ရဲ့ ဓားရေးလောက်တော့ လူတိုင်းတတ်ကြပါတယ်''

''မဟုတ်ဘူး ကိုသူရ၊ သူလေ့ကျင့်နေတဲ့ ဓားကွက်တွေဟာ ဆရာကြီးမဟိန္ဒရဲ့ ဓားကွက်တွေကို ကြည့်နေရတဲ့အတိုင်းပဲ၊ နန်းတို့ရဲ့ကိစ္စမှာ အခုလိုလျင်မြန်သွက်လက်တဲ့ သူမျိုးကို အသုံးချရရင်မကောင်းပေဘူးလား၊ ဒီလူ့ဆီမှာ နန်းတို့လိုချင်တဲ့ အရည်အချင်းကောင်းတွေ ရှိနေနိုင်တယ်ရှင်''

ကျော်စွာသည် ယခုလို စော်ဘွားမျိုးနွယ်တွေနဲ့ စကားပြောနေသည်ကို ဆရာကြီးမြင်သွားပါက မိမိအပေါ်အပြစ်ရှိမှာစိုးသောကြောင့် –

''သည်းခံပါခင်ဗျား။ ကျွန်တော်က သာမန်ဆရာကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အစေအပါးတစ်ယောက်ပါ၊ အစ်မတို့ ထင်သလို ဘာပညာမှ မတတ်ပါဘူးခင်ဗျား"

ဟုပြောကာ လှည့်ထွက်သွားရန် ပြင်လိုက်သည်နှင့် သူရထွန်းက လှမ်းတားလိုက်လေသည်။

"ဟေ့ကောင်၊ မင်းနဲ့စကားပြောနေတာ စော်ဘွားကတော်တစ်ယောက်ဆိုတာ မေ့နေသလား၊ မင်းကတို့ကို ဂရုမစိုက်တဲ့ သဘောလား၊ ဘာမဟုတ်တဲ့ ဓါးရေးတစ်ကွက်နှစ်ကွက်လောက် တတ်တာနဲ့ မင်းကိုယ်မင်းသိပ်အထင်ကြီးနေသလား၊ မင်းကို မှတ်လောက်အောင် ဆုံးမလိုက်ဦးမှဘဲ"

သူရထွန်းက ထိုသို့ပြောကာ နံရံထက်တွင် ချိတ်ဆွဲထားသော ဓါးတစ်လက်ကို ဖျတ်ကနဲဆွဲယူလိုက်လေသည်။

"ကိုသူရ... ရှင်လွန်မယ်နော်..."

နန်းကခိုင်က လှမ်းတားနေသည့်ကြားမှ သူရထွန်းသည် ဓါးကို ဖျတ်ကနဲ ဆွဲထုတ်ကာ ကျော်စွာ၏ ရင်ညွန့်ထံသို့ ဓါးတစ်ချက်ထိုးသွင်းလိုက်လေ၏။

ကျော်စွာက အသာကလေး တိမ်းရှောင်ပေးလိုက်သည်။

သူရထွန်းက ဆင့်ကာဆင့်ကာ ဓါးချက်များဆက်သွင်း



သော်လည်း ကျော်စွာက ဟန်မပျက်ကလေး ရှောင်ပေးပြီး၊ တစ်ချီတွင် တန်ပြန်ဓါးချက်ပြန်သွင်းလိုက်ရာ သူရထွန်းမှာ အလန့်တကြား ရှောင်ပေးလိုက်ရလေသည်။

ကျော်စွာကို သာမန်မြင်းထိန်းတစ်ဦးအဖြစ် အထင်သေး၍ မရမှန်း ကောင်းစွာသဘောပေါက်သွားခဲ့သည်။

သို့ကြောင့်သူရထွန်းလည်း သတိကြီးစွာထား၍ ဓါးကွက်ပေါင်းများစွာကို အသုံးချ၍ ထိုးနက်တိုက်ခိုက်သော်လည်း အရာမရောက်ဘဲ ရှိနေတော့သည်။

ကျော်စွာက သူ၏ဓါးချက်များကို အလွယ်တကူ ဖယ်ရှားပစ်လိုက်လေ၏။

သို့ကြောင့် နန်းကေခိုင်ရှေ့တွင် ထင်တိုင်းမပေါက်သောသူရထွန်းမှာ အရှက်ကြီးရှက်ပြီး သဲကြီးမဲကြီး ဖိတိုက်လေတော့သည်။

ကျော်စွာကမူ သက်တောင့်သက်သာ အနေအထားဖြင့် တစ်ခါတစ်ရံ ပြုံး၍ပင် နေလိုက်သေး၏။ တန်ပြန်ဓါးချက်များလှစ်ကနဲ လှစ်ကနဲ ပြန်သွင်းသည့်အခါတိုင်း အသည်းထဲမှာ အေးကနဲ အေးကနဲ ဖြစ်သွားမိလေသည်။

ကျော်စွာသည်မိမိအားအသေသတ်လိုပါက အလွယ်တကူ သတ်နိုင်သော်လည်း ကြောင်ကကြွက်ကို အသေမ

www.burmeseclassic.com

www.burmeseclassic.com



သတ်ဘဲ ကစားရုံကစားနေသည်မှန်း တဖြည်းဖြည်းရိပ်မိလာသည်။ သူရထွန်းသည် မျက်စေ့ပျက်မျက်နှာပျက်လာလေတော့သည်။

ထိုဓားပွဲကို မှောင်ရိပ်တစ်နေရာမှ ရပ်ကြည့်နေသော နန်းကေခိုင်က လှမ်းပြောလိုက်သည်။

''ကိုသူရ ... ရှင်သူ့ကို လုံးဝမနိုင်နိုင်ပါဘူးရှင်၊ သူ့ဓားကွက်တွေက ဆရာကြီးမဟိန္ဒိထက်တောင် ကောင်းနေသေးတယ်''

ထိုစကားကြောင့် ဓားပွဲကို အဆုံးသတ်ရန် သဲသဲမဲမဲ ဖိတိုက်ရင်း အသေသတ်ရန်အထိ ကြိုးစားလာရာ ထိုအကြောင်းကိုရိပ်မိသော ကျော်စွာကလည်း ပွဲသိမ်းရန်အတွက် သူရထွန်းမိုးခုတ်လာသော ဓားချက်ကိုကာ၍ ဝိုက်ဓားတစ်ချက်ရှပ်သွင်းလိုက်ရာ သူရထွန်းခါးပတ်ပြတ်ထွက်ပြီး ဘေးသို့လွင့်စင်ကျသွားလေတော့သည်။

သူရထွန်းသည် ရှမ်းဘောင်းဘီကိုဝတ်ထားရာ ခါးပတ်မရှိတော့သဖြင့် အခက်အခဲရှိသွားစဉ် ကျော်စွာက လက်ထဲမှ ဓားဖြင့်ပိုးကနဲ ခက်ထုတ်လိုက်ရာ သူရထွန်းလက်မှ ဓားလွတ်ကျသွားပြီး မြေပြင်တစ်နေရာတွင် စိုက်ဝင်ကာ ခါယမ်းနေ လျက်ရှိတော့သည်။



ထိုအခါလက်နက်မဲ့သွားသော သူရထွန်းသည် ခါးကြားမှ ဓားမြှောင်ကို ဖြတ်ကနဲဆွဲထုတ်ပြီး တိုက်ခိုက်ရန် ပြင်လေ၏။

''ကိုသူရ''

နန်းကေခိုင်က လှမ်းဟန့်တားလိုက်မှ ကိုယ်ရှိန်သတ်သွားလေပြီး စောစောကခါးပတ်ကို သွားကောက်ယူသည်။ ထိုအခါ ခါးပတ်အိတ်အတွင်းမှ ပစ္စည်းတစ်ခုထွက်ကျ ကျန်ခဲ့သည်ကို သတိမမူမိပေ။

နန်းကေခိုင်က ကျော်စွာအနီးသို့ နီးကပ်စွာလာရပ်ပြီး သူရထွန်းဘက်သို့လှည့်ကာ ဤသို့ပြောလေ၏။

''ကိုသူရ၊ ရှင်ရှူးနေသလား။ သူ့ကိုဓားမြှောင်နဲ့ ထိုးက်လို့ နိုင်မယ်ထင်သလားရှင်၊ သူဟာကျွန်မတို့ အလိုရှိတဲ့ ဓားသမားကောင်းတစ်ယောက် မဖြစ်နိုင်ဘူးလား''

''သူ့ကိုလွှတ်ရင် ပန်းချီဆရာဒေဝဟာ လုံးဝရိပ်မိမှာ မဟုတ်ဘူး။ ဒေဝဆီလွှတ်ဖို့ အသင့်လျော်ဆုံးပဲ''

''သူ့ကိုရွေးရင်မကောင်းဘူးလားရှင်''

ထိုအခါ သူရထွန်းက ဓားမြှောင်ကိုခပ်ဆောင့်ဆောင့် ပြန်သိမ်းရင်း။

''ဒီမြင်းထိန်းကောင်လား၊ ဓားသမားဒေဝလိုနိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဒေဝက ဒီနယ်တစ်ဝိုက်မှာ ပန်းချီဆွဲကောင်းသလောက် စားရေးလည်းကောင်းတယ်ဆိုတာ မမေ့နဲ့ဦးလေ''

''အခုကျုပ်ကိုတောင် ကဲကောင်းလို့နိုင်တာပါ၊ တော်ကြာခြေချော်လက်ချော်ဖြစ်သွားရင် ကျုပ်တို့လိုချင်တာ မရဘဲ၊ အကြံအစည်တွေပျက်ကုန်မယ်နန်း''

''မပျက်နိုင်ပါဘူး။ ကျွန်မသူ့ရဲ့အရည်အချင်းကို သဘောကျတယ်၊ ဒီတော့သူ့ကို ကျွန်မအလုပ်အတွက် အသုံးချဖို့ ခေါ်သွားမယ်ဆိုတဲ့အကြောင်း ရှင်ကဆရာကြီးဆီကို သွားပြောလိုက်ပါ ကိုသူရ''

''တကယ်လို့ ဆရာကြီးက မထည့်ဘူးဆိုရင်ရော ဘယ်နှယ်လုပ်မလဲ''

နန်းကေခိုင်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း၊

''ကျွန်မက အလိုရှိတယ်ဆိုရင် သူကငြင်းမယ်မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမငြင်းနိုင်မယ့် အကြောင်းတွေကို ကျွန်မက အားလုံးသိထားတယ်လေ၊ ရော့ ဒီမှာ ကျွန်မပေးလိုက်တယ်လို့ ပြောပြီး ဒီအိတ်ကိုသာပေးလိုက်၊ ကိုသူရပြောသမျှ သူအားလုံးလက်ခံပါလိမ့်မယ်''

နန်းကေခိုင်သည် အသင့်ဆောင်ယူလာသော



ငွေအိတ်ကို သူရထွန်းလက်သို့ပေးလိုက်သည်နှင့် လှမ်းယူပြီး မကျေမနပ်ဖြင့် လှမ်းထွက်သွားလေ၏။

ထိုအခါ နန်းကေခိုင်သည် ကျော်စွာအနီးသို့ကပ်လာပြီး ပြုံးရွှင်သောမျက်နှာပေးဖြင့် ဤသို့ပြောလေသည်။

''ရှင့်ရဲ့နာမည်လည်း ပြောပါဦး''

''ကျွန်တော့်နာမည် ကျော်စွာလို့ခေါ်ပါတယ် အစ်မလေး''

''အို ကျွန်မကို အစ်မလေးလို့ မခေါ်ပါနဲ့ရှင်၊ ရှင်နဲ့ ကျွန်မက သက်တူရွယ်တူလောက်ဘဲ ရှိကြမှာပါ၊ ကျွန်မ နာမည်က နန်းကေခိုင်လို့ ခေါ်ပါတယ်၊ ဒီတော့အများ ခေါ်သလို 'နန်း' လို့ခေါ်ရင်လည်း ရပါတယ်ရှင်''

''ကျေးဇူးတင်ပါတယ်ဗျာ''

''ဒီမှာ ကိုကျော်စွာ၊ ရှင်ဟာဆရာကြီးမဟိန္ဒရဲ့ မြင်းထိန်းဆိုပေမယ့် ရှင့်ရဲ့ရုပ်ဆင်းအင်္ဂါနဲ့ သွင်ပြင် လက္ခဏာက အောက်တန်းစားတစ်ယောက်နဲ့လုံးဝမတူဘူး၊ ရှင့်ရဲ့ မျိုးနွယ်ကို ကျွန်မကို ပြောပြနိုင်မလား''

(စိတ်မကောင်းစွာဖြင့်)

''အဲဒါတွေကို ကျွန်တော်ဘာတစ်ခုမှ မသိရပါဘူးဗျာ၊

www.burmeseclassic.com



ပိဘာဆိုတာလည်း မသိပါဘူး။ ငယ်ငယ်ကတည်းက ဆရာကြီး ဆီရောက်နေတာပဲ သိရပါတယ်၊ အခုလောလောဆယ် သေချာပေါက်ပြောပြနိုင်တာကတော့ ကျွန်တော်ဟာ သာမန် အညတြတစ်ယောက်ပါဗျာ"

နန်းကေခိုင်က သဘောကျစွာပြုံးလိုက်လေ၏။

"အင်းလေ၊ ရှင်က ရှင့်ရဲ့ဘဝအမှန်ကို မြှုပ်နှံထားတာ လည်းဖြစ်ချင်ဖြစ်မှာပေါ့၊ဒါပေမယ့် ကျွန်မတစ်ခုပြောရဲတာက ရှင်ဟာ ဂုဏ်နိမ့်တဲ့အတန်းစားထဲက မဟုတ်တာကတော့ သေချာပါတယ်၊ အဲဒါတွေဟာ အရေးမကြီးပါဘူး။ အရေးကြီး တာက လူတစ်ယောက်ရဲ့ အရည်အချင်းပါဘဲ၊ ရှင်ဟာ မဟာဆီမဟာသွေးပဲ ဖြစ်ဖြစ်၊ မြင်းထိန်းတစ်ယောက်ပဲ ဖြစ်ဖြစ်၊ အရည်အချင်းရှိရင်တော့ ဖုံးထားလို့မရပါဘူးရှင်၊

အခုကျွန်မမြင်သမျှ ပြောရရင်တော့ ရှင်မှာသူမတူတဲ့ ဓားရေးကျွမ်းကျင်မှုရှိနေတယ်၊ အဲဒါကြောင့် ရှင်ဟာ တစ်နေ့ မှာ နာမည်ကျော်လာမှာ သေချာပါတယ်ရှင်"

"အခုလို ကျွန်တော့်အတွက် သာသာထိုးထိုးစဉ်းစား ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

"သာသာထိုးထိုးစဉ်းစားပေးတာ မဟုတ်ပါဘူးရှင်၊



အမှန်တရားကို ပြောနေတာပါ၊ ကျွန်မဟာ မဟာဆီမဟာသွေး ပါတဲ့သူတွေတော်တော်များများနဲ့ ပေါင်းသင်းဆက်ဆံဖူးပါ တယ်၊လူကဲခတ်မညံ့လှပါဘူး"

"အဲဒါတွေထားပါတော့"

"အခု ကျွန်မအလုပ်တစ်ခုအတွက် ဆရာကြီးက မဟိန္ဒဆီက ရှင့်ကိုခေါ်သွားချင်တယ်၊ အဲဒါရှင်သဘောတူ သလား"

"ကျွန်တော်က ထားရာနေ စေရာသွားဘဝပါ၊ ဆရာကြီးကထည့်ရင် လိုက်ပါ့မယ်၊ ဒါပေမယ့် ကျွန်တော့် ဆရာကြီးက ကျွန်တော့်ထက်အရည်အချင်း အများကြီး သာပါတယ်"

နန်းကေခိုင်မျက်နှာပေါ်၌ အလိုမကျမှုကလေး ဖြစ်သွားသည်။

"ကျွန်မလာစဉ်တုန်းကတော့ အဲဒီရှင်ပြောတဲ့ အတိုင်း စိတ်ကူးလာခဲ့တာဘဲ၊ဒါပေမယ့်ဒီရောက်ပြီး ရှင့်ကိုလည်းတွေ့ လိုက်ရရော စိတ်ကူးကတစ်မျိုးပြောင်းသွားတာရှင့်၊ ကျွန်မရဲ့ အရေးကြီးတဲ့ကိစ္စမျိုးမှာ ဆရာကြီးမဟိန္ဒလို သက်ကြီးရွယ်အို ကို မခိုင်းချင်တော့ဘူး"

"ရှင့်လိုလျင်မြန်ဖြတ်လတ်တဲ့ လူငယ်လူရွယ်ကိုပဲ ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



ချင်တော့တယ်၊ ဘာလဲ ရှင်ကကျွန်မအတွက် အကူအညီမပေးချင်ဘူးလား၊ ပြောပါဦးရှင့်"

နန်းကေခိုင်က ရန်တွေ့သော အမူအယာဖြင့် နှုတ်ခမ်းခပ်စူစူပြောလိုက်သောအခါ ကျော်စွာမှာ ပျာပျာသလဲ တောင်းပန်လိုက်လေသည်။

"အို ... ဒီသဘောမျိုးမဟုတ်ရပါဘူးဗျာ၊ ကျွန်တော်ဆောင်ရွက်နိုင်တဲ့ကိစ္စမျိုးဆိုရင် ကူညီဆောင်ရွက်ပေးပါ့မယ်"

ထိုအခါစော်ဘွားကတော်ကလေး နန်းကေခိုင်က ကျော်စွာနှင့်အသားချင်းထိလုမတတ် တိုးကပ်လာပြီး ဤသို့ ပြောလေသည်။

"ကျွန်မကိစ္စက ရှင်ကူညီဆောင်ရွက်ပေးနိုင်တဲ့ အလွယ်တကူကိစ္စမျိုးပါ၊ ဒီလိုရှင့် ကျွန်မတို့ကဒီကနေ မဝေးလှတဲ့ ယောသန္တီမြို့မှာ နေပါတယ်၊ အဲဒီမြို့မှာ ဓားရေးလည်းကောင်းတဲ့ ပန်းချီကျော်တစ်ဦးရှိတယ်၊ သူ့နာမည်က 'ဒေဝ' လို့ခေါ်ပါတယ်"

"ကျွန်မက ပုံတူရေးဖို့သူ့ဆီမှာ အပ်ဖူးပါတယ်၊ ဒါပေမယ့် သူကလက်ခံရေးဆွဲပြီးမှ ပုံလည်းပြီးရော ကျွန်မကို ပြန်မပေးတော့ဘူး။ အကြောင်းတစ်ခုကြောင့် ပုံပျက်သွားတယ်လို့ ငြင်းနေတယ်၊



ကျွန်မရဲ့ပုံတူပန်းချီကားဟာ လုံးဝပျက်ဆီးတာ မဟုတ်ဘဲ အကောင်းအတိုင်းရှိနေတယ်၊ သူတမင် သိမ်းထားတယ် ဆိုတာလည်း ကျွန်မစုံစမ်းလို့သိထားပြီးပါပြီ။

သူဘယ်လို အကြံနဲ့သိမ်းထားတယ်ဆိုတာ မသိရပေမယ့် အကြောင်းတစ်ခုခုတော့ရှိရမယ်လို့ ထင်ပါတယ်၊ နယ်ချဲ့မျက်နှာဖြူတွေနဲ့များ တစ်စုံတစ်ခုပတ်သက်နေသလား ထင်စရာရှိတယ်။

ကျွန်မသူ့ကို ရွှေငွေအမြောက်အများပေးတယ်၊ မရောင်းဘူး၊ ခြိမ်းခြောက်တောင်းကြည့်တယ်၊ မရဘူး။ ဒါကြောင့် ကျွန်မဟာ ကျွန်မရဲ့ပုံတူပန်းချီကားကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရအောင်ပြန်လိုချင်တယ်၊ သူဟာဓါးရေးလည်း အတော်ကောင်းတယ်၊ တော်ရုံသင့်ရုံတတ်ရုံနဲ့တော့ သူ့ကိုနိုင်ဖို့မလွယ်ဘူး။ ပထမတော့ ဒီကိစ္စကို ဓါးရေးကျွမ်းကျင်တဲ့ ဆရာကြီးမဟိန္ဒကို သူတောင်းသလောက်ရွှေငွေအခကြေးငွေ ပေးပြီးစေခိုင်းဖို့ပါဘဲ၊

အခုတော့ သူ့ကိုမခိုင်းချင်တော့ဘူး။ ဒီတာဝန်ကို ရှင့်ကိုပေးချင်တယ်၊ ကျွန်မကိစ္စကို ရှင့်လိုဓါးကျွမ်းကျင်တဲ့သူ တစ်ယောက်က ဘယ်လိုနည်းနဲ့မဆို အောင်မြင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင် ရွက်နိုင်မယ်လို့ ကျွန်မထင်ပါတယ်၊

တကယ်လို့ အောင်မြင်လာရင် ရှင့်အတွက် မနစ်နာရအောင် ကျွန်မပေးပါ့မယ်၊အို ရှင်ဖြစ်စေချင်တာတွေ ဖြစ်အောင် ကျွန်မစီစဉ်ပေးနိုင်ပါတယ်၊ဘယ်နှယ်လဲ ဒီအစီအစဉ်ကို ရှင်သဘောကျရဲ့လား ပြောပါဦး''

နန်းကေခိုင်က ရှည်လျားစွာ ရှင်းပြလိုက်လေသည်။

ကျော်စွာက ခါးရှိုးပေါ်လက်တင်ရင်း စိတ်ဝင်စားစွာ နားထောင်နေပြီးမှ ''ကျွန်တော်က အခုချက်ခြင်း လိုက်ရမှာလားဗျာ'' ဟုပြန်မေးလိုက်လေသည်။

ထိုအခါ နန်းကေခိုင်က အသင့်ဆောင်ယူလာသော အိတ်တစ်လုံးကို ယူပြီးကျော်စွာလက်သို့ ကမ်းပေးလိုက်လေ၏။

ဒီအိတ်ထဲမှာ ရွှေဒင်္ဂါးတွေပါတယ်၊ဒီရွှေဒင်္ဂါးတွေကို ပေးပြီး ဆရာကြီးမဟိန္ဒဆီမှာ ကျွန်တဲ့ပညာတွေကို ရှင်ဆက်သင်ပါဦး'

မဟိန္ဒဟာ အရင်က ကျွန်မတို့ဆီမှာ တစ်မှုးလုပ်ခဲ့ဘူးတယ်၊ သူဟာ ပညာတော်သလောက် ငွေသိပ်မက်တယ်၊ လောဘကြီးတယ်၊ ငွေသာရရင် ဘာမဆိုအကုန်လုပ်တယ်



ဒီတော့ဒီရွှေဒင်္ဂါးတွေပေးပြီး သူ့ဆီက လျှို့ဝှက်ပညာရေတွေကို ရှင်ရအောင်ဆက်သင်ပေတော့ ဟုတ်လား၊ အော် ပြောရဦးမယ်၊ အခုအချိန်ကစပြီး ရှင်ဟာ ဆရာကြီးမဟိန္ဒရဲ့မြင်းထိန်း တစ်ယောက်မဟုတ်တော့ဘူးဆိုတာလဲ မေ့မထားနဲ့ဦး၊ ဒီနေ့ကစပြီး ရှင့်ကိုကျွန်မပိုင်သွားပြီဆိုတာ မြဲမြဲမှတ်ထားပါ''

''ဗျာ''

အထိတ်တလန့်ဖြစ်သွားသော ကျော်စွာအမူအယာကို ကြည့်ပြီး သဘောကျစွာဖြင့် 'တခစ်ခစ်' အသံထွက်အောင် ရယ်လိုက်လေသည်။

ထိုအချိန်တွင် သူရထွန်းပြန်ရောက်လာပြီး တစ်စုံတစ်ခုကာပ်ပြောလိုက်လေသည်။

''ကဲ၊ ကျွန်မပြောတာတွေ ရှင်အားလုံး မှတ်မိတယ်မဟုတ်လား၊ အခုကစပြီး ရှင်ဟာမဟိန္ဒရဲ့ မြင်းထိန်းမဟုတ်တော့ဘူးနော်၊ မဟိန္ဒဆီမှာ သူများတန်းတူ အခကြေးငွေပေးပြီး ပညာဆက်သင်ပေတော့၊

ရှင်ဘာကိစ္စကပြည့်စုံတဲ့အခါ ကျွန်မဆီကို ဆက်သွယ်ပေးရော့ ဟုတ်ပလား၊ ရှင့်ရဲ့ဘဝတိုးတက်အောင်မြင်ပါစေ ကိုကျော်စွာ''

ပြောပြောဆိုဆိုဖြင့် သူတို့သည် အမှောင်ရိပ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

သို့ ပြန်လည်ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါကျော်စွာသည် အဖြစ်အပျက်မြန်ဆန်လွန်းသော မိမိဘဝကိုတွေးရင်း အံ့ဩမဆုံးဖြစ်မိတော့သည်။

သူ၏အတွေးအိမ်၌ စော်ဘွားကတော်နန်းကေခိုင်အကြောင်းကိုလည်းကောင်း၊ အကြောင်းမဲ့ရန်ရှာ၍ ဓားချင်းယှဉ်ခုတ်သွားသူ သူရထွန်းအကြောင်းကိုလည်းကောင်း တွေးမိရင်း မျက်စေ့ထဲ၌ ပြန်လည်မြင်ယောင်နေမိတော့သည်။

ထိုအခါဓားချင်းယှဉ်ခုတ်စဉ် သူရထွန်းခါးပတ်ပြတ်ကျသောနေရာဆီမှ မီးရောင်ဖြင့် အရောင်တလက်လက်ဖြစ်နေသော အရာဝတ္ထုတစ်ခုကို လှမ်းမြင်သဖြင့်သွားကောက်ယူလိုက်သည်။

အသပ်ပုံငွေကျုတ်ဆွဲပြားလေးဖြစ်၏။

ကနုတ်ပန်းခက်များဖြင့် လှပစွာပြုလုပ်ထားပြီး ဖွင့်ကြည့်သောအခါ အတွင်း၌လွန်စွာလှပသော ရုပ်ပုံလွှာတစ်ခုကို တွေ့ရလေ၏။ ထိုမိန်းမပျိုလေး၏ ရုပ်သွင်ကိုမြင်လိုက်ရသောအခါမှာ လှပချောမွေ့လွန်းသောကြောင့် ရင်ထဲ၌ တဒိတ်ဒိတ်အခုန်မြန်သွားလေ၏။

ကျော်စွာသည်သက်ပြင်းတစ်ချက်ချကာ ငွေဆွဲပြား [illegible]



ထားလိုက်လေသည်။

ထိုအချိန်တွင် သူ့အနီးသို့အလွန်အရုပ်ဆိုးသောဆရာကြီးမဟိန္ဒရောက်လာတော့သည်။

သူ၏မျက်နှာပြင်ပေါ်၌ လောဘဇောကြောင့် ဇောချွေးများပြန်နေပြီး ကျော်စွာလက်တွင်းမှကိုင်ထားသော ငွေထုတ်ကို ကွက်ကနဲတစ်ချက်လှမ်းကြည့်ရင်း ဤသို့ပြော လိုက်လေသည်။

"ဟေ့ … ကျော်စွာမင်းကတော့ကံကောင်းလာပြီလို့ဆိုရမယ်ကွ၊ ဟိုစော်ဘွားကတော်လေး ရုပ်ချောသလောက်ဘယ်လိုစိတ်ကူးတွေ ပေါက်နေရော့သလဲ မသိဘူး ငါ့ဆီကမင်းကို လာတောင်းသွားလေရဲ့ဗျာ . . ."

ထိုစကားကြားရသောအခါ ကျော်စွာရင်ထဲတွင် . . .

"ခင်ဗျားကြီး ကျုပ်ကို ရောင်းစားလိုက်ပြီ မဟုတ်လား" ဟု မကျေမနပ်ဖြင့် ပံ့တင်သံများထပ်သွားလေတော့သည်။

"စော်ဘွားကတော်ကလေးက မုဆိုးမလေးဆိုတော့မင်းဒီထက်ကံကောင်းချင် ကောင်းနိုင်တယ်ကျော်စွာ၊ ဒါထက်မင်းဘယ်တော့သွားမှာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းတွင် လာထိုင်ရင်း မေးသည်။

"ကျွန်တော်မသွားသေးပါဘူး။ ဆရာကြီးဆီက ပညာ သင်ပြီးမှသွားမှာပါ"

"အလို မင်းစကားက အခွန်းပါလားကွ၊ ငါ့ဆီက ပညာသင်ရအောင် မင်းက ဘယ်လောက်တတ်နိုင်မှာတဲ့တုန်း။ ငါက ဘယ်သူ့ကိုမှ အလကား ပညာသင်မပေးတာ မင်း အသိဆုံး ဘဲ မဟုတ်လား"

"ကျွန်တော်က သူများတွေလို ငွေမပေးဘဲ ရွှေပေး ရင ကော ဆရာကြီးက ကျွန်တော်လိုချင်တာကို သင်ပေး မလား"

မဟိန္ဒမျက်ဝန်းများတွင် လောဘစိတ်ကြောင့် အရောင် တလက်လက်တောက်လာသည်။

သူသည် ကျော်စွာလက်ထဲမှ ကိုင်ထားသော အိတ် ကို စိတ်ဝင်တစား လှမ်းကြည့်နေလေသည်။

ကျော်စွာက ကတ္တီပါအိတ်ကလေးကို မြှောက်ပြရင် "ဒီကတ္တီပါအိတ်ကလေးထဲမှာ ရွှေဒင်္ဂါးတွေ ရှိနေတယ်၊ ကျွန်တော့်ကို ဆရာကြီးထက်သာတဲ့ လျှို့ဝှက်ပညာတွေ အကုန်သင်ပေးမယ်ဆိုရင်တော့ ဒီရွှေဒင်္ဂါးပြားတွေနဲ့ ဆရာကြီး ကို ပူဇော်ပါ့မယ်"



ဒါပေမယ့် ကျွန်တော်လိုချင်တဲ့ပညာက နေ့ဘက် တွေမှာ အခြားသူတွေကို သင်ပေးတဲ့ သာမာန်ရိုးရိုးပါးပညာ မျိုးမဟုတ်ဘူး။ ညဘက်မှာ ဆရာကြီးတစ်ဦးတည်းလျှို့ဝှက်ပြီး လေ့ကျင့်တဲ့ ပညာတွေကိုသာသင်ပေးပါ" ဟုပြောလိုက်လေ လျှင် မဟိန္ဒသည်ဆက်ကနဲ လန့်သွားပြီး ကျော်စွာကို စူးစူး ဝါးဝါး တစ်ချက်လှမ်းကြည့်လေ၏။

"အောင်မာ မင်းကငါ့ရဲ့လျှို့ဝှက်ပညာတွေကို ခိုးပြီး ချောင်းကြည့်နေတယ်ပေါ့၊ ဟုတ်လား"

စိတ်လွတ်လက်လွတ်ရိုက်နက်ရန် ဟန်ပြင်လိုက်သည် နှင့် ကျော်စွာကနောက်သို့ တစ်လှမ်းဆုတ်ပေးလိုက်သည်။

"အခုချိန်ကစပြီး ကျွန်တော်ဟာ ဆရာကြီးဆီက မြင်း ထိန်းတစ်ယောက် မဟုတ်ဘူးဆိုတာ မေ့မထားစေချင်ဘူး"

ထိုသို့ဆိုကာ ရွှေဒင်္ဂါးများကို အသံကြားအောင် ခုတ်ခတ်လိုက်ရာ 'တချွင်ချွင်' အသံများကြောင့် မဟိန္ဒခြေလှမ်း များ ရပ်တန့်သွားလေသည်။

စောစောက ဒေါသစိတ်ကြောင့် နီမြန်းနေသော မျက်နှာ ကြီးပေါ်တွင် အပြုံးရိပ်များပင်သန်းလာလေသည်။

"ဒီဒင်္ဂါးပြားတွေကို မင်းဘယ်ကရသလဲ၊ စော်ဘွား အတော်လေးပေးခဲ့တာဆိုရင်တော့ မင်းကံကောင်းတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



နန်းကေခိုင်က လှပသလောက် သိမ်မာနကြီးတာကွ၊ သူ့ခမြာ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဘဝရောက်ခဲ့ရတာ သနားစရာပါကွာ၊

ဒါပေမယ့်လိုချင်သူတွေကတော့ ဝိုင်းဝိုင်းလည်နေတာပေါ့ မောင်ရေ၊ မင်းကိုတော့ မြင်မြင်ချင်းပဲ အလွန်သဘောကျသွားပုံပဲကွ၊

ငါပြောခဲ့သလိုပေါ့ ... မင်းဒီထက်ပိုပြီး ကံကောင်းလာနိုင်တယ်ကွ''

အဲဒါတွေကို ထားပါလေ၊ ဆရာကြီးကျွန်တော့်ကို ပညာ သင်ပေးဖို့ သဘောတူပြီလား''

အေးပါကွာ၊ သင်ပေးပါ့မယ်၊ နန်းကေခိုင်ကလည်း မင်းကို ဂရုတစိုက်ပညာသင်ပေးစေချင်ပုံရတယ်၊ ဒါပေမယ့် မင်းအဲဒီလိုကံကောင်းလာတာကိုတော့ သူနဲ့တွဲနေတဲ့ သူရထွန်းဆိုတဲ့လူက သိပ်သဘောကျပုံ မပေါ်ဘူးကွ''

ထို့နောက်ဆရာကြီးမဟိန္ဒသည် ကျော်စွာ့ကို ခြေဆုံးခေါင်းဆုံးအကဲခတ် ကြည့်ရှုလိုက်လေသည်။

''အင်းငါကမင်းကို အခုမှပဲ သေသေချာချာကြည့်မိတော့တယ်၊ မင်းကခြေဆန့်လက်ဆန့်လည်းကောင်းတယ်၊ ကိုယ်ခန္ဓာကလည်း ကျစ်လစ်တောင့်တင်းတယ်၊ဒီတော့



ကြိုးစားရင် ဓားသမားကောင်း တစ်ယောက် ဖြစ်လာနိုင်တယ်ကွ''

''ဆရာကြီးညာဘက်တွေမှာ လျို့ဝှက်လေ့ကျင့်တဲ့ ဓားကွက်တွေကို နေ့စဉ်စောင့်ကြည့်ရင်းကျွန်တော် တော်တော်မှတ်မိနေတယ်၊ ဒါကြောင့်လည်းဒီည သူရထွန်းဆိုတဲ့လူက ရန်ရှာလာတဲ့ ဓါးပွဲမှာ ကျွန်တော်သူကို အသာကလေးအနိုင်ရခဲ့တာပေါ့၊ ကျွန်တော်သာ မညာရင် သူသက်သာမှာ မဟုတ်ဘူး''

''အင်း မင်းငါရဲ့ လျို့ဝှက်ပညာတွေကို ရထားတယ်ဆိုတာ ဟုတ်လောက်ပါတယ်၊ တော်ရုံလူဆိုရင် သူရထွန်းကို အနိုင်ယူနိုင်ဘို့မလွယ်ဘူး၊သူကငါ့ရဲ့ တပည့်ဟောင်းတစ်ယောက်ဘဲ၊ ဒါပေမယ့် နန်းကေခိုင်ရှေ့မှာ မင်းကသူ့ကို အရှက်ခွဲလိုက်တော့ ဒီကောင်ကတော့ တစ်သက်ကျေမှာ မဟုတ်ဘူး။မင်းသူ့ကိုတော့ အမြဲသတိထားပေတော့ပေါ့''

''ဒါထက်ဆရာကြီးက ကျွန်တော့်ကို ဓါးပညာ သင်ပေးမယ်လို့ သဘောတူတော့ ဘယ်တော့သင်ပေးမှာလဲ''

မင်းဒီလောက်စိတ်အားထက်သန်နေမှတော့ အခုဘဲ သင်ကြတာပေါ့ကွာ''

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုဖြင့် မဟိန္ဒသည် အရွယ်နှင့်မလိုက်အောင် ပေါ့ပါးလျင်မြန်စွာဖြင့် နံရံမှ ဓါးတစ်လက်ကို ယူလိုက်ပြီး။

"ဒါ မင်းလိုချင်နေတဲ့ ဓါးပညာရဲ့ အစဘဲဟေ့"

ဟုဆိုကာ ကျော်စွာကို မိုးခုတ်ချလိုက်လေသည်။ ကျော်စွာက သတိဖြင့်နေသူမို့ ဗိုးကနဲဝင်လာသော ဓါးချက်ကို လက်ထဲမှ ဓါးဖြင့်ခတ်ထုတ်လိုက်ပြီး နောက်သို့တစ်ကွက်ခုန်ဆုတ်သွားလေတော့သည်။

"အောင်မယ် မင်းကသတိလည်းကောင်း၊ မျက်စေ့လည်းအတော်ရှင်တာဘဲ၊ ကိုင်း ဆက်လိုက်ကြရအောင်ဟေ့"

ထိုသို့ပြောကာ မဟိန္ဒရဲ့ ဓါးချက်များက မိုးသီးမိုးပေါက်ပမာဆက်ကာဆက်ကာ ကျရောက်လာရာ လျှပ်တပြက်ဝင်လာသော ဓါးချက်များကို အထူးသတိထားကာ ဖယ်ရှားနေရတော့သည်။ ထိုသို့ အလူးအလဲ ခုခံကာကွယ်နေသည့်ကြားမှ အခွင့်သာလျှင် သာသလို မဟိန္ဒ၏ ပျော့ကွက်ဟာကွက်များကို တန်ပြန်ဓါးချက်များဖြင့် တုန့်ပြန်လေရာ မဟိန္ဒမှ သတိဖြင့် ရှောင်တိမ်းဆုတ်ဖယ်ရလေ၏။

ကျော်စွာကိုလည်း ယခင်ကလို မိမိထံမှ သာမန်



အလုပ်သမားလေးအဖြစ်သဘောမထားဝံ့တော့ဘဲ မိမိနှင့် ဓါးရေးယှဉ်ဘက်တစ်ဦးပမာ သတိကြီးစွာဖြင့် ထိုးခုတ်ဘိုက်ခိုက်ရလေသည်။ ဤသို့ဖြင့် ဓါးသိုင်းဆရာကြီး မဟိန္ဒသည် တစ်ညတာလုံးကျော်စွာအား လျှို့ဝှက်ဓါးရေး ဓါးကွက်များကို အဆက်မပြတ်မနားတမ်းသင်ကြားပေးရာ နံနက်အာရုဏ်တက်ချိန်သို့ပင် ရောက်လာလေတော့သည်။

တစ်ချိတွင် ဆရာကြီးမဟိန္ဒက "ကျော်စွာရေ ဟောဒီ ဓါးချက်ကတော့ ငါရဲ့ဓါးချက်ဘဲ၊ မင်းသိထားပေရောဟေ့"ဟု ဆိုကာ ပညာဓါးကွက် အသုံးပြုလာရာ ကျော်စွာမှာ မည်သို့မျှကာကွယ်တားဆီးခြင်းငှာ မတတ်နိုင်ခင်မှာ ဓါးချက်က သူ၏ ဝမ်းဗိုက်ဆီသို့ တန်တန်မတ်မတ်ဝင်လာလေတော့သည်။

ကျော်စွာအထိတ်တလန့်ဖြစ်သွားစဉ်မှာ ဓါးချက်က သူ၏ဝမ်းဗိုက်သားနှင့် တလက်မခန့် အကွာတွင် တုံ့ကနဲ ရပ်တန့်သွားလေတော့သည်။ ဒီတော့မှ ကျော်စွာမှာ သက်ပြင်းချနိုင်လေတော့သည်။

"ငါ ဒီလောက်မရက်စက်ပါဘူးကွာ၊ နန်းတော်ကို ကတိပေးထားတာကို တည်ရမှာပေါ့၊ ဒါပေမယ့် မင်းငါ့ရဲ့ လျှို့ဝှက်ဓါးကွက်တော်တော်များများကို ရထားတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ငါလက်ခံသွားပြီကျော်စွာ၊ တော်ရုံလူဆိုရင် ငါကို ဒီလောက် အချိန်ကြာအောင် ခံတိုက်နိုင်ဘို့မလွယ်ဘူး၊ မင်းကိုငါ သဘောကျသွားပြီ၊

ငါ့ရဲ့လှို့ဝှက်ပညာဓါးကွက်တွေကို မင်းကို ဆရာစား မချန်ဘဲ သင်ပေးဘို့ ငါဆုံးဖြတ်လိုက်ပြီ၊ ဒီပညာတွေနဲ့ ထိုက်တန်တဲ့ အရည်အချင်းတွေ မင်းမှာရှိတယ်လို့ ငါယုံကြည်ပါတယ်''

ဆရာကြီးမဟိန္ဒက ပြောပြောဆိုဆိုဖြင့် လက်ထဲမှ ဓါးကို မြှောက်ပြလိုက်ရာ ဓါးသွားမှာ မီးရောင်ကြောင့် 'လက်'ကနဲဖြစ်သွားလေ၏။

''ဒီမှာကြည့်စမ်းကျော်စွာ၊ မိမိကိုင်တဲ့ဓါးကို တစိမ်းတရံစာ တစ်ယောက်လို လုံးဝသဘောမထားရဘူးကွ၊ မင်းရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုလို သဘောထားရတယ်၊

ဓါးကိုမင်းရဲ့ကိုယ်က လက်ချောင်းတစ်ခုလို သဘောထားရတယ်ကွ၊ ဒီမှာကြည့်စမ်း''

ဆရာကြီးမဟိန္ဒက လှို့ဝှက်ဓါးကိုင်နည်းစနစ်များကို စတင်သင်ကြားပေးလေတော့သည်။

''တကယ်တော့ ဓါးသမားကောင်းတစ်ယောက်ဟာ



ဘယ်လိုခုတ်မယ်၊ ဘယ်လိုထိုးမယ်၊ ဘယ်လိုကာကွယ်မယ်၊ ဘယ်လိုရှောင်မယ်ဆိုပြီးတော့ ဘယ်တော့မှ ကြိုတွေးမထားရဘူးကွ''

တကယ့်ဓါးသမားကောင်းတစ်ယောက်ဟာ ဦးနှောက်ကတွေးပြီး လက်မောင်းနဲ့ လက်ကောက်ဝတ်ကတဆင့် လိုက်နာဆောင်ရွက်နေဖို့ အချိန်မရှိဘူး တကယ့်ဓါးသမားကောင်းကိုင်တဲ့ ဓါးကဘယ်လိုခုတ်မယ်၊ ဘယ်လိုထိုးမယ်၊ ဘယ်လိုကာကွယ်မယ်၊ ဘယ်လိုရှောင်ရမယ်ဆိုတာ အလိုလိုသိပြီး အလိုလိုဆောင်ရွက်သွားလေ့ရှိတယ်၊ ဒီအထိကျွမ်းကျင်လာဘို့ဆိုတာကတော့ မလွယ်လှဘူး၊ လှို့ဝှက်တဲ့ ဓါးပညာကိုလည်း သိဖို့လိုတယ်၊ အမြဲမပြတ်လေ့ကျင့်နေမှု ကြိုးစားမှုလည်း လိုတယ်ကွ''

''ဟုတ်ကဲ့ဆရာကြီး''

''ကဲ ဒီညတော့ သခ်န်းစာကို ဒီလောက်နဲ့ဘဲ နားကြဦးစို့ကွာ၊ လေ့ကျင့်မှုကတော့မင်ဖာသာ ဆက်လုပ်နိုင်တယ်၊ ငါတော့အိပ်ချင်လာပြီ၊ သွားအနားယူတော့မယ်ကွာ''

ကျော်စွာက ငွေဒါးကို ရှေ့ချပြီး ဆရာကြီးမဟိန္ဒကို ကန်တော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က မိမိအပေါ် အဘယ်မျှနှိပ်စက်ဆိုးရွားခဲ့စေကာမူ ယခုလေဟာလောဆယ် မိမိ၏ ဆရာဖြစ်နေခဲ့ပြီ မဟုတ်ပါလား။ ထို့နောက် ရွှေဒင်္ဂါးအိတ်ကို ဆရာကြီးမဟိန္ဒကို လှမ်းပေးလိုက်သည်။

ဆရာကြီးမဟိန္ဒသည် ရွှေဒင်္ဂါးထည့်ထားသော အိတ်ကို ကဗျာကယာလှမ်းယူပြီး စကြံန်လမ်းအတိုင်း ထွက်သွားလေတော့သည်။ သူသည်ရရှိသော ရွှေငွေများကို နတ်ကွန်းတစ်ဆောင်၏ အောက်တွင်လျှို့ဝှက်စွာ သွားရောက်သိမ်းဆည်း နေမှန်း ကျော်စွာသိလိုက်လေ၏။

မဟိန္ဒသည်လောဘကြီးပြီး ပစ္စည်းကို ခုံမင်တက်သူဖြစ်ရာ တပည့်များထံမှ ရရှိသောရွှေငွေများကိုကျောင်းထိပ်တွင်ကိုးကွယ်သော နတ်ရုပ်ကြီးနားတွင် သွားရောက်ဝှက်ထားလေ့ရှိ၏။

သူသည်လူခြေတိတ်ဆိတ်သည့် ညဦးအခါများတွင် တစ်ယောက်ထဲ ဓားသိုင်းဓားကွက်များကို လျှို့ဝှက်စွာကျင့်နေတတ်သကဲ့သို့ နတ်ရုပ်အောက်မှ ရရှိထားသော ရွှေငွေများကိုလည်း တိတ်တဆိတ် ရေတွက်နေတတ်သည်။

တစ်ကြိမ်တွင် နတ်ရုပ်ထုကြီးအနီးသို့ ရောက်နေခိုက်



မဟိန္ဒက ပစ္စည်းများလာရောက် ရေတွက်သည်နှင့်ကြုံ၍ ဖုန်း၍ကြည့်နေမိရာ ရွှေငွေအမြောက်အများနှင့်အတူ အလွန်လက်ရာမြောက်လှသော ‘ရွှေဒေါင်းခွက်’ ဆွဲပြားလေး တစ်ခုကိုတွေ့ရလေ၏။ သို့စေကာမူ သူသည်အမှတ်မထင်သာ နေခဲ့လေ၏။

ကျော်စွာအဖို့ လွန်စွာချို့တဲ့သောလည်း တစ်ပါးသူ၏ ပစ္စည်းကို မတရားယူဆောင်ရန်ကိုမူ လုံးဝစိတ်ဝင်စားသူ မဟုတ်ပေ။

သို့ကြောင့်လည်း ဆရာကြီးမဟိန္ဒလျှို့ဝှက်ထားသော ရတနာရွှေငွေထားသည့်နေရာကို သူတစ်ဦးတည်းသိထားသော်လည်း မည်သည့်အခါမျှယူရန်စိတ်မကူးမိခဲ့ပေ။

သူအလိုရှိသည်ကား ရတနာပစ္စည်းများ မဟုတ်ကြချေ။ ဆရာကြီးမဟိန္ဒထံမှ ဓားသိုင်းပညာများသာဖြစ်၏။

ယခုသူအလိုအပ်ဆုံးသော ဓားပညာများကို ဆရာကြီးမဟိန္ဒထံမှ သင်ယူခွင့်ရနေပြီဖြစ်သောကြောင့် ဝမ်းသာကျေနပ်မှုဖြစ်နေမိလေသည်။

ထိုအတွေးနှင့် အတူကျော်စွာသည် မိမိနေထိုင်ရာ နောက်ဖက်တန်းလျားဆီသို့ ပြန်လာပြီးအိပ်ယာထက်တွင် ကျောချလိုက်သောလည်း ရှတ်တရက်အိပ်မပျော်နိုင်သေးပဲ

www.burmeseclassic.com

www.burmeseclassic.com



အတွေးပုံရိပ်များက တရစ်ရစ်ဝဲဝဲပေါ်လာမိသည်။

မကြာသေးမီအချိန် ညဉ့်ဦးပိုင်းကမှ ယှဉ်ပြိုင်ခဲ့ရသော သူရထွန်းနှင့်စားပွဲများအကြောင်း၊ ငယ်ရွယ်ချောမောလှသော မုဆိုးမလေးနန်းကေခိုင်၏ မိမိအပေါ်ထားရှိသည့် စေတနာနှင့်ပေးကမ်းမှု ရက်ရောခဲ့ပုံများ၊ လောဘဒေါသကြီးသော ဆရာကြီးမဟိန္ဒနှင့် သူ၏စားချက်များအကြောင်းနှင့် မကြာသေးမီက ကောက်ရခဲ့သော အသဲပုံငွေကျုပ်ဆွဲပြားလေးကို သတိရ၍ကြည့်လိုက်သော် ရုပ်ပုံလွှာမိန်းမပျို၏ ဆွဲဆောင်မှုအပြည့်ရှိသော အပြုံးလေးက မေ့မရနိုင်အောင်ရှိပေတော့သည်။

ထိုညက ကျော်စွာအဖို့ စိတ်ကူးယဉ်အိပ်မက်များ မက်မဆုံးနိုင်အောင်ရှိတော့သည်။

♛ ♛ ♛ ♛ ♛ ♛ ♛



## ပန်းချီကားအိုး၏လျို့ဝှက်ချက်နှင့် စွန့်စားမှုများ

ထိုနောက်ပိုင်းရက်များတွင် ကျော်စွာသည် ဆရာကြီးမဟိန္ဒထံမှလျို့ဝှက်စားကွက်များကို ညစဉ်ညဆက်သင်ယူရလေသည်။

ဆရာကြီးမဟိန္ဒကလည်းကတိပေးထားသည့် အတိုင်း ကျော်စွာအားနေ့ဘက်တွင်အဲ့များနှင့် ရောနှောသင်ယူခြင်း မပြုစေဘဲ၊ ညဉ့်နက်၍လူသူရှင်းသောအခါမှ တစ်ဦးတည်းသီးသန့်သင်ကြားပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



''ဟော့ကောင်လေး၊ မင်းကလိုချင်တာကလည်း ငါ့ဆီက လျှို့ဝှက်ဓားပညာ၊ ညံ့လိုက်တာလည်း လွန်ပါရော ကွာ၊ ဒီပညာမျိုးဆိုတာ လွယ်လွယ်နဲ့မရဘူးကွ မှတ်ထား''

''ဒီမှာ ငါပြတဲ့ဓားကွက်တွေကို သေသေချာချာ ကြည့်စမ်း၊ ကိုင်းပြန်လုပ်ကြည့်စမ်း၊ ရပြီးသား ပညာတွေကိုလည်း မေ့မသွားအောင် ဆက်ကာဆက်ကာ လေ့ကျင့်စမ်းကွာ၊ ပညာဆိုတာ အဆင့်မြင့်လေ သင်ယူရတာ ခက်ခဲလေဘဲ၊ ဘယ်လို ပညာမျိုးမှ လွယ်လွယ် နဲ့မရဘူးဟေ့''

နှုတ်မှလည်း တရစပ်ပြောဆိုရင်း လက်တွေ့သင်ကြားမှုကိုလည်း ပြင်းပြင်းထန်ထန်သင်ကြားပေးလေ၏။

ထိုသို့သင်ကြားပေးရင်း ရက်အတန်ကြာလာသောအခါ ကျော်စွာသည် တကယ့်ဓါးသမားကောင်းတစ်ဦး ဖြစ်လာရာ ဆရာကြီးမဟိန္ဒမှာ ကျော်စွာ၏ အရည်အချင်းကို အသိအမှတ် မပြုဘဲမနေနိုင်ခဲ့ပေ။

စိတ်တွင်းမှလည်း ကျိတ်၍ချီးကျူးရင်း တစ်ခါတစ်ရံ တစ်ယောက်တည်း တီးတိုးရေရွတ်နေလေ၏။

''တကယ်တော့ မင်းရဲ့ဘဝနဲ့ ဒီလိုအဆင့်မြင့်တဲ့ ဓားပညာတွေနဲ့က လိုက်ဖက်လှပါတယ်ကွာ''



ထိုစကားကို မဟိန္ဒတစ်ဦးတည်း ရေရွတ်နေခြင်း ဖြစ်၏။

ဤသို့ဖြင့် ကာလအတန်ကြာလေလျှင် မဟိန္ဒက ကျော်စွာအား ဤသို့ ပြောလေသည်။

''ကဲကျော်စွာ ငါကတော့ ကတိအတိုင်း မင်းကို သင်ပေးရမယ့်လျှို့ဝှက်ဓါးကွက်တွေကို အားလုံးသင်ပေး လိုက်ပြီးပြီ၊ ကျန်တဲ့မမေ့အောင်၊ တိုးတက်အောင်ကတော့ မင်းကိုယ်တိုင် လုပ်ရမှာဘဲ''

''ဒီလိုနဲ့ကြာလာရင် မင်းဟာ ဟောဒီယောသန္ဓိနယ် တဝိုက်မှာသာမက မြန်မာပြည်အတွင်းမှာ အကောင်းဆုံး ဓါးသမားစာရင်းဝင်တစ်ဦး ဖြစ်လာနိုင်တယ်ကွ''

အေးဒါပေမယ့် မင်းဟာ အတော်ဆုံးဓါးသမားတစ်ယောက်ဆိုပေမယ့် မင်းထက်ပိုတော်တဲ့ မင်းဆရာငါ့ကိုတော့ မင်းမမေ့လေနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ချိန်ချိန်မှာ မင်းနဲ့ငါနဲ့က မဖြစ်မနေဆုံကို ပြန်ဆုံရဦးမယ်ဟေ့၊ အဲဒါကို မင်းမြဲမြဲမှတ်ထားပေရော့၊

တစ်ချိန်ကျရင် မင်းဘဝအတွက် အလိုအပ်ဆုံးအရာ တစ်ခုအတွက်နဲ့ ငါ့ဆီကို မလွဲမသွေရောက်လာရဦးမယ်လို့သာ ငါပြောရပါတယ်၊ အဲဒီအခါကျတော့ မင်းနဲ့ငါနဲ့ ထပ်ဆုံ

www.burmeseclassic.com

www.burmeseclassic.com



သေးတာပေါ့ကွာ၊ အခုတော့ ငါပေးထားတဲ့ ကတိအတိုင်း မင်းကို အတော်ဆုံးဓါးသမားတစ်ယောက်ဖြစ်အောင် သင်ပေးလိုက်ခဲ့ပြီးပြီ၊

ကိုယ့်ကိုယ်ကို ငါဟာ အတော်ဆုံးဓားသမားတစ်ယောက်လို့ ယုံကြည်စိတ်မွေးပြီး ဓါးတစ်စင်းနဲ့ တက်လမ်းရှာပေတော့၊ ဒီပညာနဲ့ တိုင်းပြည်နဲ့ လူမျိုးရဲ့ အကျိုးကို ဆောင်ရွက်နိုင်ပါစေကွာ''

ဤသို့ပြောဍ္ဍ နှုတ်ဆက်လေရာ ကျော်စွာမှာ ဆရာကြီး မဟိန္ဒ၏ စကားများကို သဘောမပေါက်နိုင်အောင် ရှိတော့လေသည်။

တစ်ခုသော နံနက်တွင်ကျော်စွာထံသို့ မြင်းသည်တော် တစ်ဦးရောက်လာပြီး၊ ကတ္တီပါအိတ်နှင့် စာတစ်စောင် လာပို့ပေးသည်။

ကတ္တီပါအိတ်အတွင်း၌ ငွေတွေတွေ့ရပြီး စာမှာ နန်းကေခိုင်ရေးလိုက်သော စာဖြစ်ပြီး အောက်ပါအတိုင်း ဖြစ်လေသည်။

မ.. ကိုကျော်စွာ ...

ကျွန်မစာရေးလိုက်ပါ၏။



သင်ယူလျက်ရှိသော ဓားပညာများ ပြည့်စုံပြီထင် လောက်၍ ဤစာရေးလိုက်ခြင်းဖြစ်သည်။

အကြောင်းမှာ ရှင့်ဘက်ကအဆင်သင့်ဖြစ်လျှင် ပန်းချီကျော်ဒေဝလက်တွင်းမှာ ရှိနေသော ပုံတူပန်းချီကားချပ်ကို အမြန်ယူပေးစေလိုပါသည်။

ဤကိစ္စအား အောင်မြင်အောင်ဆောင်ရွက်ပြီးပါက ကျွန်မပေးထားတဲ့ ကတိအတိုင်း ရှင်အလိုရှိတာကို ပြည့်စုံအောင် ဆောင်ရွက်ပေးပါမည်။ ပေးလိုက်သော ကတ္တီပါအိတ်တွင်းမှ ငွေများဖြင့် ရှင့်ခရီးအောင်မြင်ပါစေ။

နန်းကေခိုင်

ဟူ၍ဖြစ်ပါသည်။

ထို့နောက်အခြားစာရွက်တစ်ရွက်ဖြင့် ယောသန္တိမြို့တွင်းမှ ပန်းချီဆရာကြီးဒေဝ နေအိမ်ရှိရာသို့ လမ်းညွှန်မြေပုံတစ်ရွက်လည်းပါလာလေ၏။

ထို့ကြောင့်ကျော်စွာသည် ဆရာကြီးမဟိန္ဒထံမှ အကောင်းဆုံးဓားတစ်လက်နှင့် မြင်းတစ်စီးကို ဝယ်ယူကာ မြေပုံပါအညွှန်းအတိုင်း ခရီးစထွက်လေတော့သည်။

သူသည် ရှမ်းဘောင်းဘီ၊ ဘိနပ်၊ ကိုယ်ကျပ်အင်္ကျီ အနက်ရောင်ကို ဝတ်ဆင်ထားရာ အချိုးအဆ[illegible]ပုံသော

www.burmeseclassic.com

သူ၏ကိုယ်ခန္ဓာမှာပေါ်လွင်လျက်ရှိ၏။

လည်ဂုတ်အထိဝဲကျနေသော ဆံပင်ရှည်များကို နောက်သို့ သိမ်းတင်၍စည်းထားရာ ရုပ်ရည်သန့်ပြန့်ပြေပြစ်သော သူ့မျက်နှာမှာပေါ်လွင်လာတော့သည်။

ဓားကိုကျောဘက်တွင် လွယ်ထားလေသည်။

သူသည်တောတောင်များကို ခရီးပြင်းနှင်ခဲ့ရာ ညနေစောင်းသောအခါ ယောသန္တီမြို့တွင်းသို့ရောက်လေသည်။

တောတောင်ကြီးများဝန်းရံထားသော ယောသန္တီမြို့ကလေးမှာ နှင်းမှုံများအောက်ဝယ် မှုံဝါးဝါးရှိနေ၏။

မြန်မာနိုင်ငံအနှံ့အပြားတွင် တော်လှန်ရေးစစ်ပွဲများနေရာအနှံ့အပြားဖြစ်နေလေရာ သူငါမယုံ၊ ငါသူမယုံဖြင့် ကျီးလန့်စာစားဖြစ်နေချိန်လည်းဖြစ်သည်။

နေရာအချို့တွင် နယ်ချဲ့သမားများကို ပြင်းပြင်းထန်ထန်ခုခံလျက် နယ်ချဲ့တို့သိမ်းပိုက်ထားသော မြန်မာပြည်များကို ပြန်လည်တိုက်ယူရင်း အင်အားစုဆောင်းလျက်ရှိသော တပ်မှူး နေသူရိန်၏ တပ်သားများကို တွေ့ရလေ၏။

သူသည်သေနတ်များ၊ ဓားများလွယ်လျက် သွားလာနေကြသော တပ်သားများကို ကြည့်ရင်းအားကျမိလေ၏။

ဤသို့ဖြင့် ကျော်စွာသည် မြေပုံအတိုင်း



ခရီးဆက်လာရာ မကြာခင်လမ်းသွယ်တစ်ခုအတွင်းသို့ ရောက်လေ၏။

ထိုလမ်းသွယ်ကား လူသွားလူလာရှင်းပြီး အတွင်းဘက် ချောင်ကျကျနေရာတွင် ရှေးဟောင်းအိမ်ကြီးတစ်လုံးရှိပေ၏။

ထိုအိမ်ကား လမ်းညွှန်ထဲမှာပါသည့် အတိုင်း ပန်းချီဆရာဒေဝ၏ အိမ်ပင်ဖြစ်ပေတော့၏။

နှင်းများတဖွဲဖွဲ ကျဆင်းလျက်ရှိရာ နှင်းမှုံများအောက်တွင် ထိုအိမ်ကြီးမှာ မကောင်းဆိုးဝါးကြီးတစ်ကောင် ထိုင်နေသည်နှင့် တူလှပေ၏။

အတွင်းဘက်မှ မီးရောင်အချို့ကို တွေ့ရလေ၏။

ကျော်စွာသည် ဘေးဘီဝဲယာသို့ အကဲခတ်ကြည့်ပြီး လူသူရှင်းသည်နှင့် မြင်းပေါ်မှဆင်းကာ မြင်းကြီးကို ခြံကွယ်တစ်နေရာတွင် ဖက်၍ချည်ထားလိုက်သည်။

ထို့နောက် အခြေအနေကိုကြည့်ကာ ခြံဝင်းထဲသို့ ဝင်လိုက်သည်။

သူသည်ကိုယ်ခန္ဓာပေါ့ပါးလျှင်မြန်စွာဖြင့် ကြောင်နက်တစ်ကောင်ပမာ လှုပ်ရှားလျက်ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး အတွင်းမှစကားသံ အချို့ကို ကြားနေရလေ၏။

ထို့နောက်တံခါးတစ်ချပ်ကို ခက်ခက်ခဲခဲဖွင့်လိုက်ပြီး အိမ်တွင်းဝင်လိုက်သည်။ အိပ်ခန်းတွင်းဘက်မှ တီးတိုးပေါ် ထွက်နေသော မိန်းမသံနှင့် ယောကျ်ားသံအချို့ကို ကြားရလေရာ သူသည်အိပ်ခန်းကိုကျော်၍ မြေပုံထဲမှာ ပါသည့်အတိုင်း ပန်းချီဆရာဒေဝ၏ အိပ်ခန်းဘက်ဆီသို့ အသာလျှောက်လာခဲ့လေသည်။ သူသည် နန်းကေခိုင်ရေးသားပေးလိုက်သော လမ်းညွှန်မြေပုံကြောင့် အိမ်အတွင်းဘက်၌ ပန်းချီခန်းကို အလွယ်တကူ ရှာဖွေတွေ့ရလေသည်။

ပန်းချီကျော်ဒေဝကား ထီးသုံးနန်းသုံး၊ တော်ဝင်သုံး ပန်းချီကျော်တစ်ဦး ဖြစ်လေ၏။

ပန်းချီခန်းကား အတန်ငယ်ကျယ်ဝန်းပြီး အတွင်း၌ ဆီမီးတိုင်များ ထွန်းထားသောကြောင့် အလင်းရောင် ကောင်းစွာ ရရှိပေ၏။

အခန်းတွင်း၌ကား ဆေးပုလင်း၊ ဆေးခွက်များ စုတ်တန်များ၊ ဆေးစပ်ရန်ဗန်းများ၊ ပန်းချီဆွဲရန်ကျစ်ထားသော ကားချပ်အဖြူများ။



အချို့ကားချပ်များပေါ်တွင် ပုံကြမ်းလောင်းထားသည်။ အချို့ကားများပေါ်တွင် ရေးလက်စများကို တွေ့ရသည်။

နံရံထက်တွင်ရေးဆွဲထားသော ကားချပ်များကို ချိပ်ဆွဲထားသည်။ အခန်းထောင့်တစ်နေရာတွင် ရေးဆွဲပြီး ပန်းချီကားချပ်များ ထပ်ထားလေ၏။

ထိုနေရာသို့လျှောက်သွားပြီး ရေးဆွဲပြီး ပန်းချီကားများကို တစ်ခုချင်း ဖယ်ရှားကာ အလိုရှိအပ်သော နန်းကေခိုင်၏ပုံတူ ပန်းချီကားကို အလောတကြီးရှာဖွေနေလေ၏။

ပန်းချီကားအချို့ကို ဖယ်ရှားလိုက်သောအခါ နန်းကေခိုင်၏ ပုံတူပန်းချီကားကို တွေ့ရလေ၏။

ပန်းချီကျော်ဒေဝသည် ပန်းချီပညာတွင် လက်ရာမြောက်သူတစ်ဦးဖြစ်ရာ သူရေးဆွဲထားသော ပန်းချီကားမှာ တကယ့်သက်ရှိလူနှင့်မခြား အသက်ဝင်နေ၏။

ပန်းချီကားထဲမှ နန်းကေခိုင်အပြုံးသည် တကယ့်ကို အသက်ဝင်လှပြီး ညို့ဓါတ်အပြည့်အဝပါရှိလေသည်။ ကျော်စွာသည် အသက်ဝင်လှသော နန်းကေခိုင်၏ ပုံတူကို အတန်ကြာအောင် စိုက်ကြည့်နေပြီး ရင်ခုန်သံပင်မြန်လာပြီး လာရင်းကိစ္စကို ခေတ္တမျှမေ့လျော့သွားလေ၏။

ထိုအချိန်မှာ အပြင်ဘက်မှ စကားသံသဲ့သဲ့ကြားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသောကြောင့် အချိန်ဆွဲမနေတော့ဘဲ ခါးထဲမှဓါးမြှောင်ကို ထုတ်၍ ပန်းချီကားကို ဘောင်မှ ဖြိုယူလိုက်သည်။

ထို့နောက်ရှပ်ပုံလှသာပန်းချီကားကို ခေါက်၍အင်္ကျီတွင်း ထိုးထည့်၍ ပြန်ထွက်ရန် ပြင်ဆင်နေစဉ်မှာ အပြင်မှ စကားသံ ကို ကြားလိုက်ရသောကြောင့် တံခါးကြားတစ်ခုတွင် ဝင်ရောက်ပုန်းနေလိုက်ရသည်။

ထိုအချိန်တွင် အခန်းတွင်းသို့ ယောကျ်ား တစ်ယောက်နှင့် အမျိုးသမီးတို့ ဝင်လာကြသည်။ အမျိုးသမီး သည် အထက်တန်းစားအဝတ်အစား၊ လက်ဝတ် ရတနာများ ကို ဝတ်ဆင်ထားလေသည်။ သူတို့သည် တစ်ယောက်နှင့် တစ်ယောက် ပူးပူးကပ်ကပ် ဝင်လာကြခြင်း ဖြစ်သည်။

သူတို့သည် အခန်းအလယ်တွင် ရပ်လိုက်ကြလေ၏။

"မောင်ကသိပ်ဆိုးတာဘဲ၊ မဟေသီရဲ့ ပုံတူ ပန်းချီကားကို ဆွဲပေးမယ်ပြောပြီး ညာခေါ်ပြီး အခုလိုလုပ်တာ တော်ရော့လား။ တော်ကြာ ဦးရီးတော်သိသွားရင် အပြစ်ဖြစ် နေလိမ့်မယ်ရှင့်၊ သိရဲ့လား"

"မရိပ်မိပါဘူး မဟေသီရယ်၊ အခုလောက်ဆိုရင် နယ်စားကြီးလည်း တိုင်းရေးပြည်ရေးတွေရှုပ်ထွေးနေလေတော့ ဦးနှောက်ရှုပ်ပြီး မဟေသီဆိုတဲ့တူမချောလေးကို သတိရနိုင်



မယ်မထင်ပါဘူးဗျာ၊ မောင်က တိုင်းရေးပြည်ရေးတွေ ငြိမ်သက်သွားရင် မဟေသီကို လက်ထပ်ယူမှာဗျ"

ထိုစကားကို ချွဲချွဲနွဲ့နွဲ့ ပြောနေသူမှာ ပန်းချီကျော်ဒေဝ ဖြစ်လေ၏။ သူသည်အရုပ်အမောင်းကောင်းပြီး ကိုယ်ခန္ဓာ ထွားကျိုင်းလေ၏။ မျက်လုံးမျက်ခုံးကောင်းပြီး နှုတ်ခမ်းထူသူ ဖြစ်၏။အရုပ်ရှည်သဖြင့် ကိုယ်မှာ ခပ်ကိုင်းကိုင်း ဖြစ်နေလေ၏။

"တကယ်ယုံကြည်ရမှာလားမောင်ရယ်၊ ဒီလိုချွဲချွဲနွဲ့နွဲ့ စကားတွေပြောပြီး မိန်းကလေးဘယ်နှစ်ယောက်များ အယုံ သွင်းခဲ့ပြီလဲ ပြောပါဦးရှင့်"

"အမယ်လေးယုံပါဗျာ၊ ကျမ်းကျိန်ဆိုရင်ကျိန်ပါ့မယ်၊ မောင်ကခင်တစ်ယောက်သာ ချစ်တာပါဗျ ယုံပါ"

ထိုသို့ပြောပြီး ဒေဝကမဟေသီဆိုသော မိန်းကလေး အနီးသို့ ကပ်ကာလှမ်း၍ဖက်လိုက်ရာ မိန်းကလေးက အသာအယာရှောင်ထွက်ရင်း ... ။

"ကဲ ... ဆရာကြီး ... ပန်းချီဆွဲဖို့ ကိစ္စလည်းမမေ့နဲ့ ဦးလေ၊ ဒီညပုံကြမ်းပြီးအောင်ဆွဲပေးမယ်ဆို၊ သတိမရတော့ ဘူးလားရှင်၊ ဒီလောက်ချစ်ရလည်း ကျေနပ်ရောပေါ့"

ထိုသို့ပြောလိုက်ရာ ပန်းချီကျော်ဒေဝမှာ အချင့်မရဲ

www.burmeseclassic.com

www.burmeseclassic.com



အမှုအရာဖြင့် ပန်းချီဆွဲရန်အတွက်ဆေးများ၊ စုတ်တံများ၊ ကားချပ်များကို သွားရောက်ပြင်ဆင်လေတော့၏။

မဟေသီကတော့ ကျော်စွာထိုင်နေသော နေရာနှင့် မနီးမဝေးရှိ ကြေးမုံချပ်ရှေ့တွင် ဖရိုဖရဲဖြစ်နေသော ဆံပင်များ အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဖြစ်စေရန် ပြုပြင်နေစဉ် ကြေးမုံချပ်အတွင်းမှတဆင့် နောက်ဖက်မှောင်ရိပ်တွင် ရပ်နေသော ကျော်စွာကို တွေ့မြင်သွားလေ၏။ သူမသည် ရုတ်တရက် ကျော်စွာကို မြင်လိုက်သောအခါ အလွန်အံ့သြသောအမှုအယာဖြင့် အထိတ်တလန့်လှည့်ကြည့်လိုက်လေသည်။

သိပ်မဝေးသောကြောင့် မီးရောင်ဖြင့် ကျော်စွာမျက်နှာကို ကောင်းစွာမြင်သွားလေ၏။

''ဟင် ၊ မောင်လေး – မောင်လေးသူရဲ့ မဟုတ်လား''

မဟေသီသည် ကျော်စွာကို ခင်မင်ရင်းနှီးစွာခေါ်ရင်း အနီးသို့လျှောက်လာပြီး သေချာစွာကြည့်လေ၏။

သူမ၏ မျက်နှာပေါ်တွင် နှစ်ပေါင်းများစွာ ကွဲကွာနေသော ဆွေမျိုးရင်းချာတစ်ဦးကို တွေ့မြင်လိုက်ရသည့်အလား ရင်းရင်းနှီးနှီး အမူအယာများ ပေါ်လွင်လျက်ရှိနေတော့သည်။



မဟေသီ့အသံကြောင့် ဆေးများ၊ စုတ်တံများပြင်ဆင်နေသော ဒေဝက ဖျတ်ကနဲလှည့်ကြည့်လေရာ ကျော်စွာကို မြင်သောအခါ အနီးသို့ လျှောက်လာသည်။

ကျော်စွာအကျီအတွင်းမှ တစွန်းတစထွက်နေသော ပန်းချီကားကို တွေ့ရသောကြောင့်၊ အခြေအနေကို ရိပ်မိသွားလေတော့သည်။

''ဟော့ကောင်၊ မင်းကရာရာစစ အခန်းထဲဝင်ပြီး ငါ့ပန်းချီကားတွေကို ဝင်ခိုးတယ်ပေါ့လေ၊ ကိုင်းသေရအောင် မြင်ပေတော့''

နံရံတွင်ထောင်ထားသော ဓါးတစ်လက်ကို ယူပြီး ကျော်စွာကို ပြေးခုတ်လေရာ မဟေသီ၏ အထိတ်တလန့် အော်သံထွက်သွားလေ၏။

ကျော်စွာကမူ ဒေဝပြေးခုတ်လာသော ဓါးချက်ကို အသာအယာ ရှောင်တိမ်းပေးလိုက်ရာ ဓါးမှာခေါင်းမှ ဗိုးကနဲ ထွက်သွားလေတော့သည်။

ထိုအခါမှဒေဝသည် ကျော်စွာ၏ လျှင်မြန်ဖြတ်လတ်မှုကို အံ့အားသင့်သွားရာမှ ဒေါသကြီးစွာဖြင့် ဓားချက်များကို အဆက်မပြတ်ထိုးခုတ်လေတော့သည်။

ကျော်စွာလည်းဆက်ကာဆက်ကာ အဆက်မပြတ်ခင်

www.burmeseclassic.com

www.burmeseclassic.com



လာသောဓားချက်များကို အလွယ်တကူဖယ်ရှားပစ် လိုက်လေ၏။

ထိုအခါ ပန်းချီဆရာဓားသမားဒေဝသည် မိမိ၏အစွမ်းကုန်တိုက်ခိုက်နေသောဓားချက်များကို အလွယ်တကူဖယ်ရှားနေသောကျော်စွာ၏ ပညာကိုအံ့ဩလာရာမှ လေးစားလာလေတော့သည်။

ကျော်စွာသည် မိမိအားတန်ပြန်တိုက်ခိုက်ပါက မိမိအနေဖြင့်မကြာခင်အရေးနိမ့်သွားမည်ကို သိလေသောအခါ တရကြမ်းဖိတိုက်လေရာမှ နောက်ဆုံးမိမိတစ်ယောက်တည်းဖြင့်တော့ ဘယ်နည်းနှင့်မျှ ကျော်စွာကို ဖမ်းဆီးနိုင်မည် မဟုတ်မှန်းသိလေသောကြောင့် . . .

"လာကြပါဦးဗျို့၊လာကြပါဦး။ ဒီမှာသူခိုးတစ်ယောက် ရောက်နေတယ်၊လာဖမ်းကြပါဗျို့" ဟုအသံကျယ်ကျယ်ဖြင့် အော်ဟစ်အကူအညီတောင်းလေတော့သောကြောင့် ဒေဝဆီသို့ပြင်းထန်သောတိုက်စစ်ကို လျှပ်တပြက်ဝင်လိုက်ရာ ဒေဝလက်မှဓားလွတ်၍ စင်ထွက်သွားလေရာ မိန်းမချောလေး၏ အော်သံကိုကြားလိုက်ရလေ၏။

ထိုအခွင့်အရေးကို အရယူကာ ကျော်စွာသည်ပွင့်နေသော ပြတင်းပေါက်မှ တဆင့်အောက်ဆင့်အမိုးပေါ်



ထိုအမိုးပေါ်ကတဆင့် မြေပြင်သို့ခုန်ချလိုက်သည်။

ထို့နောက်ခြံကျယ်ကြီးကိုဖြတ်ကာ တံခါးမကြီးဆီသို့ ပြေးလာလေသည်။တံခါးဝရောက်လေလျှင် အရှိန်ဖြင့်အပြင်သို့ ခုန်ထွက်လေရာလမ်းမပေါ်သို့ ရောက်သွားလေတော့သည်။

ထိုသို့ရောက်သွားစဉ် သူ၏အနီးသို့မြင်းကိုယ်စီ စီးထားသောလူအချို့ ရောက်လာပြီး သူ့ကိုဝိုင်းထားလိုက်ကြလေ၏။သူတို့သည်တပ်မှူးနေသူရိန်၏ မျိုးချစ်တပ်သားများ ဖြစ်ကြလေ၏။

ထိုအခါပန်းချီဆရာဒေဝသည် ပြတင်းပေါက်မှ ခေါင်းပြူ ထွက်လာပြီး ထိုသို့လှမ်းအော်ပြောလေသည်။

"အဲဒါသူခိုးပဲဗျို့၊ ဒီကောင်ဟာ ကျုပ်အိမ်တွင်းကို ဝင်လာပြီးပန်းချီကားကို ဝင်ခိုးရုံမကဘူး။ ကျုပ်ကိုပါ အသေသတ်ဖို့ကြိုးစားတဲ့သူပဲဗျို့"

ထိုသို့ဟစ်အော်ပြောသည်ကို အာရုံရောက်သွားကြသောတပ်သားများသည် ကျော်စွာကို ခေတ္တမေ့လျော့သွားကြရာ ထိုအခွင့်အရေးကို အမိအရယူကာကျော်စွာသည် အနီးဆုံးမြင်းစီးသမားလက်ကို ဆောင့်ဆွဲချလိုက်ရာ မြေပေါ်သို့ကားရားလက်ကားရား ပြုတ်ကျလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသည်မြင်းပေါ်သို့ လွှားကနဲခုန်တက်ကာ အုံ့အားသင့်နေကြသော စစ်သည်များကို ဖောက်ထွက်ခဲ့လေ တော့သည်။

ကျော်စွာသည် ဆရာကြီးမဟိန္ဒထံတွင် နေစဉ်ကမြင်း များကို ကျွမ်းကျင်စွာထိန်းသိမ်းခဲ့ရသူမို့ မြင်းအကြောင်းကောင်း စွာသိကာ စီးလာသောမြင်းကြီးကို လိုအပ်သလို ခုန်းစိုင်းပြေ လေရာ စစ်သည်များမှာအတန်ကြာအောင် ငေးကြည့်နေကြ ရာမှ နောက်မှလိုက်ကြလေတော့သည်။

ကျော်စွာသည် အတန်ငယ်ဝေးသည်အထိနောက် တပ်သားများကို ကျော်ဖြတ်နိုင်ခဲ့ပေ၏။

တိတ်ဆိတ်နေသော ယောသန္တီမြို့ကလေးမှ မြင်းခွာသံများတဖြောင်းဖြောင်းဖြင့် အလန့်တကြား ဖြစ်သွာ လေတော့သည်။

ကျော်စွာသည်တစ်လမ်းဝင်တစ်လမ်းထွက် မြင်း လှည့်ပတ်စီးရင်း နောက်မှတပ်သားများကို မျက်ခြေပြတ်နို အောင် ကြိုးစားသော်လည်း မလွယ်ကူဘဲ မလှမ်းမကမ်း လိုက်မြဲလိုက်လာကြလေသည်။

တဖြည်းဖြည်းနှင့် မြို့စွန်ဘက် ရောက်လာပြီး သူ



သူမာလာရှိသော မူလရွာကြီးသို့ပင် ရောက်လာလေ၏ သူသည် ဒီအတိုင်းဆက်ပြေးနေတာနှင့်စာလျှင် တစ်ခုခုလုပ်ရန် ဆုံးဖြတ်ပြီး မာလာအိမ်နှင့်မလှမ်းမကမ်းရောက်လေလျှင် မြင်းကို အရှိန်မသပ်ဘဲ ခုန်ဆင်းလိုက်သည်။ မြင်းကဆက် ပြေးသွားသည်။

သူကမြေပေါ်တွင် တစ်ပတ်နှစ်ပတ်လိမ့်ပြီး ကျန်ရစ်ခဲ့ လေသည်။ သူသည်နေရာမှ ရုတ်တရက်ထကာ အမှောင်ရိပ် တွင်းပြေးဝင်လိုက်လေသည်။

နောက်မှ လိုက်လာသောတပ်သားများက မလှမ်း မကမ်းသို့ ရောက်လာကြလေသည်။

သူသည်မာလာတို့အိမ်အနီးသို့ တိုးကပ်သွားပြီး မာလာ အိမ်ခန်းရှိရာသို့ ကပ်သွားလေသည်။ သူ့ကိုယ်ပေါ်မှ ဝတ်ဆင် ထားသောအနက်ရောင်ဝတ်စုံက အမှောင်ထဲတွင် သူ့အား များစွာအကာအကွယ်ပေးထားလေသည်။

ရွာထဲမှ လူများမှာ မြင်းခွာသံများကြောင့် အလန့်တ ကြား ထွက်ကြည့်ကြလေသည်။ မာလာ၏အဖေလည်း အိမ်တံခါးဖွင့်ကာ အပြင်သို့ထွက်လာ၏။ ထိုအခွင့်အရေးကို အရယူကာ ကျော်စွာအိမ်တွင်းသို့ ဝင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်သူသည် မာလာ့အခန်းတွင်းသို့ ဝင်လိုက်လေသည်။ မာလာသည် သူ့အား ရုတ်တရက်မြင်လိုက်ရသောအခါ အလန့်တကြားဖြစ်သွားကာ အော်ဟစ်ရန်ပါးစပ်ဟလိုက်သည်နှင့် ကျော်စွာအနီးသို့သွားကာ ပါးစပ်ကိုပိတ်ထားလိုက်ရသည်။

"မာလာ - မာလာ သေသေချာချာကြည့်ပါဦး၊ အစ်ကိုကျော်စွာလေ၊ မမှတ်မိဘူးလား"

"ဟင်- အစ်ကို"

သည်တော့မှ မာလာငြိမ်ကျသွားလေတော့သည်။

"အစ်ကို ဒုက္ခရောက်လာလို့ အစ်ကို့ကို ကူညီပါဦး"

လေသံတိုးတိုးဖြင့် ကပ်ပြောလိုက်သည်။

မာလာကကျော်စွာ၏ ပြောင်းလဲနေသော ဟန်ပန်နှင့် အဝတ်အစားများကို ကြည့်ကာစိတ်ထင့်သွားလေသည်။

"အစ်ကို ဘာတွေလျှောက်လုပ်လာသလဲဟင်၊ အခုရော ဘာတွေဖြစ်နေတာလဲ၊ မာလာကို ပြောပြစမ်းပါ အစ်ကိုရယ်၊ မာလာရင်တွေတုန်လိုက်တာ"

"အခုလောလောဆယ်တော့ အစ်ကို့နောက်ကို တပ်မှူးနေသူရိန်ရဲ့ တပ်သားတွေလိုက်လာလို့ အစ်ကို့ကို



ဝှက်ထားပေးစမ်းပါမာလာ"

အပြင်မှာ ကြားနေရသော မြင်းခွာသံများက မာလာတို့ ခြံဝန်းရှေ့တဝိုက်တွင် ရပ်တန့်သွားလေသည်။

အော်ဟစ်ပြောဆိုနေသော စကားသံများကိုလည်း ဆူညံစွာကြားနေရသည်။ ထိုအခိုက် ခြံဝန်းထဲဝင်လာသော ခြေသံများကိုပါ ကြားရလျှင် မာလာသည် ကျော်စွာကို စောင်တစ်ထည်ဖြင့်ပတ်ကာ ခြင်ထောင်အတွင်း သွင်းထားလိုက်လေသည်။

ထိုအချိန်မှာပင် မာလာဖခင်နှင့် တပ်သားများအိမ်ပေါ် ရောက်လာကြသည်။ ခြံဝန်းထဲမှာလည်း အချို့ကလှည့်ပတ်ရှာနေကြလေသည်။

"သမီး- သမီး တံခါးဖွင့်စမ်းဟဲ့"

ဖခင့်အသံ ကြားလေသဖြင့် မာလာတံခါးဖွင့်ပေးလိုက်သည်။အခန်းဝတွင် ဓါးလွတ်ကိုင်ထားသော တပ်သား(၃)ယောက်ကို တွေ့ရလေသည်။

"ဒီအိမ်မှာ ကျုပ်ရယ်၊ ကျုပ်သမီးလေးရယ်ဘဲ ရှိပါတယ်၊ မောင်ရင်တို့ မသင်္ကာရင် အခန်းထဲအထိ ဝင်ရှာနိုင်ပါတယ်ကွယ်၊ အားမနာပါနဲ့"

ထိုအခါ ခေါင်းဆောင်လုပ်သူက အခန်းတွင်းသို့

www.burmeseclassic.com



မျက်စေ့တစ်ချက်စေ့ကြည့်ပြီး အားနာစွာဖြင့်၊

"မိန်းကလေးအခန်းထဲတော့ ဝင်မရှာတော့ပါဘူးဗျာ၊ သူခိုးကတော့ ဒီနေရာမှာတင်ပျောက်သွားလို့ မကျေမနပ်ဖြစ်ရတော့ အကောင်းသား။ ဒီကောင်က အတော့်ကိုလျင်တာ၊ ပန်းချီဆရာ ဒေဝအိမ်ကို ဝင်ခိုးမယ်ဆိုတာ သိလို့စောင့်ဖမ်းရင်းနဲ့ လွတ်အောင်ထွက်ပြေးသွားတာ၊

သူ့ကို တပ်မှူးက အလိုရှိနေတယ်လေ၊မိရင်တော့ လွယ်မယ်မထင်ဘူး။ ကဲ အခုလိုအနှောက်အယှက်ပေးရတာ အားနာပါရဲ့၊ သွားလိုက်ပါဦးမယ်ဦးကြီး"

"ကောင်းပါပြီကွယ်"

တပ်သားများ ပြန်ထွက်သွားသောခါ မာလာ့ဖခင်သည် ခြံတွင်းသို့ပြန်ဆင်းကာ ခြံနီးချင်းများနှင့် စကားပြောနေစဉ် မာလာက တံခါးကို ပြန်ပိတ်လိုက်သည်။

ကျော်စွာက ပုန်းနေရာမှ ထလာသည်။

"သိပ်လည်း အတင့်မရဲနဲ့ဦး။ တပ်သားတွေက ဒီနေရာတဝိုက်မှာ ရှိချင်ရှိနေဦးမှာ၊ ကဲ ဆိုပါဦး။ ပန်းချီဆရာရဲ့ အိမ်ကိုသက်စွန့်ကဆံဖျားဝင်ပြီး ခိုးတာ ဘာပစ္စည်းတွေများ ရခဲ့သလဲ"

ကျော်စွာက အိတ်ထဲမှ ပန်းချီကားချပ်ကို ထုတ်ပြ



လိုက်သည်။ မာလာက ပန်းချီကားကို ဖြန့်၍မီးရောင်ဖြင့် အသေအချာကြည့်လေ၏။

"အတော်လှတဲ့ချောတဲ့ မိန်းခလေးဘဲ၊ သူ့ကို မြင်ဖူးတယ်ထင်ပါရဲ့က၊ အော်မှတ်မိပြီ၊ သူဟာစော်ဘွားကတော် တစ်ဦးထင်ပါရဲ့၊ ဟုတ်ရဲ့လားအစ်ကို"

ကျော်စွာက ပြုံး၍ခေါင်းညိတ်ပြပြီး ပန်းချီကားချပ်ကို ပြန်ခေါက်ကာ ဇာတ်ကြောင်းအစအဆုံးကို မာလာအားပြန်ပြောပြလိုက်လေသည်။

မာလာကနားထောင်ရင်း တမဟုတ်ချင်း အပြောင်းအလဲ ဖြစ်သွားသော ကျော်စွာ့ဘဝကို တအံ့တဩဖြစ်နေမိလေသည်။ ကျော်စွာစကားဆုံးသောအခါ–

"အင်းလေ၊ အစ်ကိုရဲ့ဘဝအခုလို တိုးတက်ပြောင်းလဲသွားတာကတော့ မာလာဝမ်းသာပါတယ်၊ ဒါပေမယ့် အစ်ကိုက ဘဝအဆင့်မြင့်သွားရင် မာလာ့ကို မေ့သွားမှာကို စိုးရိမ်မိပါတယ်"

မျက်နှာကလေး ညှိုးငယ်စွာဖြင့် ပြောနေသော ချစ်သူကို ပခုံးလေးကိုင်ပြီး နှစ်သိမ့်ပေးလိုက်စဉ် မာလာက ရင်ခွင်တွင်းသို့ မှီဝင်လာလေ၏။

"ဒီအတွက်မစိုးရိမ်ပါနဲ့ အချစ်ရယ်၊ အစ်ကိုဘယ်ဘဝ

www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုပဲရောက်ရောက်၊ အဆင့်အတန်းဘယ်လောက်ပဲ မြင့်မြင့် မာလာ့ကို မမေ့ပါဘူးလို့ ကတိပေးပါတယ်ကွယ်''

''အစ်ကို့ကို မာလာယုံပါတယ်၊ ဒါပေမယ့် အစ်ကို့ကို အရင်ဘဝမျိုးနဲ့ပဲ မာလာချစ်နေချင်တယ်၊ အဲဒါက စိတ်အေးရတယ်၊ အခုလိုဘဝက ရင်မအေးရဘူး။

နောက်ပြီး အဲဒီနန်းကေခိုင်ဆိုတာကို မာလာစိတ်မချဘူး။ သူဟာ တစ်နေ့ကျရင် အစ်ကို့ကို ဒုက္ခကောင်းကောင်း ပေးလိမ့်မယ်လို့ မာလာထင်နေတယ်၊

ဘယ်အခါမဆို သတိဝီရိယထားပါ အစ်ကိုရယ်''

''စိတ်ချပါကွယ်''

ကျော်စွာသည် မာလာ၏ အိထွေးသောကိုယ်လေးကို ကြင်နာစွာ ထွေးပွေ့ရင်းနှစ်သိမ့်မှု ပေးလိုက်လေသည်။ မဆုံဖြစ်တာကြာပြီဖြစ်သော ချစ်သူနှစ်ဦးမှာ တွေ့ဆုံကြရိုက်တွင် အကြင်နာစကားလေးများ ပြောမဆုံးနိုင်အောင် ရှိနေကြတော့သည်။

အပြင်ဘက်၌မူ တစ်စတစ်စနှင့် ဆည်းသံများ ပြန်လည် တိတ်ဆိတ်သွားလေတော့သည်။

♛♛♛♛♛♛♛



## လျှို့ဝှက်ပန်းချီကားနှင့် မာယာညွှတ်ကွင်း

ယောသိန္နမြို့၏ မြောက်ဖက်များ တောင်တန်းများပေါ် င် စော်ဘွားကြီးစဝ်ခွန်သာ၏ စံအိမ်တော်ကြီးရှိပေသည်။ ံအိမ်တော်ကြီးမှာ အဝေးမှ လှမ်းကြည့်လိုက်လျှင် ရဲတိုက် ာတစ်ခုသဖွယ် ကြီးကျယ်ခန်းနားလှပေ၏။

ယခင်က ယောသိန္နနယ်တွင် စော်ဘွားကြီးစဝ်ခွန်သာ တန်ခိုးအာဏာများက ဘုန်းမီးနေလတောက်ပခဲ့သော် ည်း ယခုအခါ စဝ်ခွန်သာကံတော်ကုန်ပြီဖြစ်သောကြောင့် ငယ်ရွှယ်ရွယ်နှင့် မုဆိုးမဘဝရောက်ရရှာသော နန်းကေ တစ်ဦးတည်း အခြွေအရံလက်ပါးစေ အမြောက်အမြား စံနေလေ၏။

သို့စေကာမူ နန်းကေခိုင်မှာ တိုင်းရေးပြည်ရာ င်ရေး ပရိယာယ်များကို လာဘ်မြင်သူ၊ နှံစပ်ကြွယ်ဝသူ လေရာ နယ်ချဲ့အလိုတော်ရိများနှင့် သော်လည်းကောင်း၊ ချစ်တော် လှန်ရေးသမားများနှင့် သော်လည်းကောင်း၊ င်ပြေအောင် ပေါင်းသင်းကာ ကိုယ်ကျိုးစီးပွားရှာတတ်သူ ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့လက်ပါးစေများ အသိုင်းအဝန်းက သော်လည်း ကောင်း၊ မျိုးချစ်တော်လှန်ရေးသမားများ ဘက်ကသော် လည်းကောင်း၊ နန်းကေခိုင်သတင်းကို မသိသူမရှိကြပေ။

တပ်မှူးနေသူရိန်၏ တပ်သားများလက်တွင်းမှ လက်မ တင်လေးလွတ်အောင် ရှောင်တိမ်းနိုင်ခဲ့သော ကျော်စွာ သည် အခြေအနေရှင်းသည်နှင့် မာလာကိုနှုတ်ဆက်က နံနက်စောစောတွင် စံအိမ်တော်ကြီးဆီသို့ အရောက်လာခဲ့ လေသည်။

တံခါးဝမှ အစောင့်များကို အကျိုးအကြောင်းပြောပြီ နောက် သူတို့ခေါ်ဆောင်ရာသို့ လိုက်သွားပြီး မကြာမီ အခန်းကျယ်ကြီးတစ်ခုဆီသို့ ရောက်လာလေသည်။

ထိုအခါ မိန်းမပျိုတစ်ဦးက အတွင်းဆောင်သို့ဝင်ပြီ သတင်းပို့လေရာ မကြာမီ ထိုမိန်းမပျိုက ကျော်စွာကို အခန်းတွင်းသို့ ခေါ်ဆောင်သွားသည်။

နံရံထက်တွင် ဆီမီးတိုင်များ ထွန်းထားသော အခန် ပေါင်းများစွာကို ကျော်ဖြတ်ခဲ့ပြီးနောက် တစ်ခုသော အခန် ရှေ့ရောက်သောအခါ ရပ်တန့်လိုက်လေ၏။

"မောင်ကြီးရှင့်၊ ဒါကတော့ သခင်မလေးရဲ့ အခန်းပြ ပါတယ်၊ အတွင်းမှာ သူရှိနေပါတယ်၊ မောင်ကြီးကို အတွင်



ဆောင်အထိ ဝင်ခွဲ့ဖို့လည်း အမိန့်ပေးထားပါတယ်"

ကျော်စွာက ခေါင်းညိတ်ပြလိုက်လေ၏။

"အော် တစ်ခုတော့မှာလိုက်ပါရစေ၊ တကယ်လို့ သခင်မလေးနဲ့ တွေ့တဲ့အခါ သူ့ကိုစော်ဘွားကတော်ဆိုတာ မေ့ထားပြီး၊ သာမန်လူပတဲ့ မိန်းမသားအနေနဲ့သာ ဆက်ဆံ စေလိုပါတယ်၊

နောက်ပြီးသူနဲ့ ဆန့်ကျင်ဘက် ဘာတစ်ခုမှ မလုပ် ဖို့လည်း တလက်စထဲမှာလိုက်ပါရစေ"

ထိုသို့ လေသံတိုးတိုးဖြင့် မှာကြားပြီး မိန်းမပျိုလေးက အပြုံးလေးဖြင့် နှုတ်ဆက်ပြီး ပြန်လှည့်သွားလေတော့သည်။

ကျော်စွာအဖို့ ခါးပွဲပေါင်းများစွာကို ယှဉ်ပြိုင်ဖူးသော် လည်း တစ်ခါမှ တုန်လှုပ်မှုမဖြစ်မိသော်လည်း နန်းကေခိုင် ရှိရာအခန်းတွင်း ဝင်ခါနီးတွင် ရင်တုန်နေမိတော့သည်။

လှုပ်ရှားနေသောစိတ်ကို တင်းကာ "ငါက သူပေးတဲ့ တာဝန်တစ်ခုကို ဆောင်ရွက်ရသူပေပဲ၊ ဘာကြောက်စရာရှိ သလဲ" ဟု တစ်ကိုယ်ထဲ ရဲဆေးတင်ကာ တံခါးရွက်ကို အသာတွန်းဖွင့်ကာ အခန်းထဲ လှမ်းဝင်လိုက်သည်။

အခန်းမှာ အတော်ကျယ်ဝန်းပြီး ထွန်းညှိထားသော မီးတိုင်အလင်းရောင်များကြောင့် အဖိုးတန် ရွှေရွှေအသုံးအ

www.burmeseclassic.com



ဆောင်ပစ္စည်းများကို တွေ့မြင်ရလေ၏။ အခန်းထဲတွင် သင်းပျံ့သော ရနံ့တစ်မျိုးကလည်း ပျံ့လွင့်လျက်ရှိသည်။

နန်းကေခိုင်သည် ခရမ်းရောင်ညဝတ်အင်္ကျီဖြင့် ပြတင်းပေါက်မှ အဝေးသို့ ငေးကြည့်နေရာမှ ကျော်စွာဝင်လာ သည်ကိုမြင်သည်နှင့် နေရာမှ ထလာလေသည်။

မီးရောင်ဖြင့် ပါးလွှာသော ခရမ်းရောင်ဝတ်ရုံအောက် သူမ၏လှပကျော့ရှင်းသောခန္ဓာကိုယ် အချိုးအဆစ်ကျနပုံ မြင်ရသောအခါ ကျော်စွာမှာအသက်ရှူများမတတ် ဖြစ်သွား တော့သည်။

ကျော်စွာသည်နေရာတွင် ရပ်တန့်နေ၏။

နန်းကေခိုင်က မဲ့တရှိ အပြုံးဖြင့်အနီးသို့လျှော လာသည်။

"ကိုကျော်စွာတောင်ရောက်လာပြီပဲ၊ ရှင်က ကျွ ထင်တာထက်တောင်ပိုပြီးသောက်နေပါရော့လား။

အခု စားသမားအဝေကို အနိုင်တိုက်ပြီး ကျွန်မရဲ့ပ ပန်းချီကားကို အရယူနိုင်ခဲ့တယ် ထင်ပါရဲ့"

ကျော်စွာက အင်္ကျီအိတ်တွင်း၌ ခေါက်ထည့်ယူလာ သော ပန်းချီကားကို ထုတ်ယူကာ နန်းကေခိုင်လက်သို့ ကမ်းပေးလိုက်သည်။



ထို့နောက်ပန်းချီကားကို အခန်းထောင့်ရှိ စားပွဲ ပေါ်တွင် တင်ထားလိုက်ပြီး ကျော်စွာအနီးသို့ ပြန်လျှောက် လာသည်။

"ကဲ . . . ရောက်တုန်းအေးအေးဆေးဆေးပေါ့ ကိုကျော်စွာ၊ ထိုင်ပါဦးရှင်"

ကျော်စွာက ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ထိုင် သောအခါ နန်းကေခိုင်က စားသောက်စရာများ ယူလာပေးပြီး ည့်ခံကျွေးမွေးလေ၏။

"ရှင့်ရဲ့စွန့်စားခန်းလေးတွေကို ပြောပါဦးရှင်၊ ကျွန်မ က စွန့်စားခန်းဆိုရင် အလွန်ဝါသနာပါတာ၊ နောက်ပြီး စွန့်စားတိုက်ခိုက်တဲ့နေရာမှာ တော်တဲ့သူတွေကိုလည်း သဘောကျတယ်"

နန်းကေခိုင်ကကျော်စွာနှင့် အလွန်နီးကပ်သောနေရာ တွင်လာထိုင်ရင်း ကန္ဒဲ့ကလျမေးနေရာ ကျော်စွာဖြစ်ပျက်သမျှ အားလုံးကို ပြောပြလိုက်ရလေသည်။

စကားဆုံးသောအခါ နန်းကေခိုင်က အလွန်ကျေနပ်မှု ဖြစ်ဟန်ဖြင့် ပါးစပ်ကိုလက်ဝါးဖြင့် အုပ်ကာရယ်နေလေသည်။

"ကောင်းတယ်၊ ကောင်းတယ်၊ ရှင်ဒီနယ်မှာ အတော်ဆုံးစားသမားတွေချည်း စုထားတဲ့ နေသူရိန်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်ရွေးစင်တပ်သားတွေကိုတောင် အရှုံးလုပ်နိုင်ခဲ့သေးတာကိုး။

တပ်မှူးကြီးသိရင်တော့ ဆွေ့ဆွေ့ခုန်နေမှာ မြင်ယောင်သေးတယ်ရှင်၊ ရှင်ဟာကျွန်မထင်တာထက် အများကြီးပိုတော်တယ်ရှင်''

နန်းကေခိုင်ကကျော်စွာ၏ လက်မောင်းတစ်ဖက်ကို လှမ်းကိုင်ရင်း ရှုပ်ရည်ကို သေသေချာချာအကဲခပ်သည်။

''ကိုကျော်စွာရှင့်ကို ကျွန်မတွေ့စတုန်းက ဒီလောက်မထင်မိဘူး။ သာမန်စားရေးကောင်းတဲ့ လူတစ်ယောက်လို့ပဲထင်ထားခဲ့တာ၊ အခုမှသေသေချာချာကြည့်မိတော့မှ ရှင့်ရုပ်ရည်နဲ့သွင်ပြင်လက္ခဏာဟာ မျိုးရိုးညံ့တဲ့အထဲက ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ရှင်ဟာနေမျိုးနေနွယ်ဆက်တွေ ဖြစ်ကြတဲ့ မဏိပုတ္တရဘက်ကနယ်စားကြီး နေမိန္ဒရဲ့မျိုးနွယ်တွေနဲ့များ တနည်းတဖုံ ပတ်သက်နေရော့သလားရှင်''

''ကျွန်တော်အဲဒါတွေကို ဘာမှနားမလည်ပါဘူးခင်ဗျား''

''ဒါပေမယ့်ရှင် နယ်စားကြီးနေမိန္ဒရဲ့ အမည်ကိုတော့ ကြားဖူးမှာပါ''



''အင်း ... ဆရာကြီးမဟိန္ဒဆီမှာရှိစဉ်တုန်းကတော့ သူမကြာခဏပြောနေသံကြားရလို့ ဒီနာမည်နဲ့ရင်းနှီးနေသလိုရှိသား။ သူဟာနယ်ချဲ့လက်အောက်မခံပဲ တွန်းလှန်နေတဲ့ မျိုးချစ်နယ်စားကြီးတစ်ဦးပဲ''

''သေချာတာပေါ့ရှင်၊ နယ်စားကြီးနေမိန္ဒဟာ နယ်ချဲ့ကို လက်တုံ့ပြန်ဘို့ အင်အားအကြီးဆုံးနယ်ပယ်တစ်ခုပေါ့၊

ဒီကနေသူရိန်တပ်မှူးဟာ နယ်စားကြီးနဲ့မိတ်ဖက်ဖြစ်ဖို့ ပေါင်းစည်းဖို့ကြိုးစားနေတဲ့ ကာလမိုလည်းမများဘူးပေါ့၊ သူတို့ချင်းပေါင်းစည်းမိရင် မြန်မာ့နိုင်ငံမြောက်ဘက်ဖျားကို ကျူးကျော်လာတဲ့နယ်ချဲ့တွေကို အပြီးတိုင် မောင်းထုတ်နိုင်မယ်လို့ ထင်နေကြတယ်လေ''

''ကျွန်တော်အဲဒါတွေကို ဘာမှမသိပါဘူးဗျာ''

နန်းကေခိုင်က ကျော်စွာအမူအယာကိုကြည့်ပြီး သဘောကျစွာပြုံးလိုက်လေ၏။

''ဟုတ်တာပေါ့၊ အခုလောလောဆယ်အချိန်မှာ ရှင်ကဒါတွေကို သိဖို့မလိုသေးပါဘူး။ ဒါပေမယ့်ရှင့်ကို ဒုက္ခတွင်းက ကယ်ထုတ်ခဲ့တဲ့ ကျွန်မကိုတော့ သိဖို့လိုတာပေါ့၊ ကျွန်မရဲ့အကြောင်းကို 'ရှင်ဘယ်လောက်သိထားသလဲ ကိုကျော်စွာ''

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ... ကျွန်တော်... ကျွန်တော်"

အထစ်ထစ် အငေါ့ငေါ့ဖြစ်စဉ်မှာ နန်းကေခိုင်နေရာ ထလာပြီး ကျော်စွာရဲ့လက်မောင်းတစ်ဖက်ကို ဖက်ထာ လိုက်၏။ နူးညံ့သောအတွေ့အထိကြောင့် ကျော်စွာမှာသော တည်ရာမရအောင် တုန်လှုပ်သွားမိလေ၏။

"ကဲပါ... ကိုကျော်စွာရယ်၊ ရှင်လည်း အ လောလောဆယ် သိပ်ပင်ပန်းလာတယ်၊ အနားယူ ကောင်းနေပြီလေ၊ လာပါရှင်၊ သာယာလှတဲ့ အချိန်လေး ကို ဒီအတိုင်းဖြုန်း မနေကြရအောင်နော်"

ပြောပြောဆိုဆိုဖြင့် နန်းကေခိုင်သည် ကျော်စွာရင်ခွ တွင်းဝင်လာလေ၏။

ကျော်စွာမှာ အခန်းထဲဝင်ကာနီးတွင် "သခင်မလေး တွေ့တဲ့အခါ သူ့ကိုစော်ဘွားကတော်တစ်ယောက်ဆိုတာ မေ့ထားပြီး သာမန်လှပတဲ့ မိန်းမသားအနေနဲ့သာ ဆက်ဆံ နော်၊ သူနဲ့ဆန့်ကျင်ဘက်ဘာတစ်ခုမှလည်း မလုပ်ပါနဲ့ ဟု၍မှာလိုက်သော စကားသံများကနားထဲတွင် ပြန်လည်ကြာ ယောင်လာမိသည်။

သို့ကြောင့်နန်းကေခိုင်၏ ကျော့ရှင်းသော ကိုယ်



ကလေးကိုအသာအယာပွေ့ဖက်ထားရင်း သလွန်ရှိရာဘက်သို့ ပါတော့မည်ဆဲဆဲတွင် အခန်းတံခါးပွင့်လာပြီး အခန်းတွင်းသို့ လူတစ်ယောက်ဝင်လာသည်။

ထိုသူကား အရပ်ထောင်ထောင်မောင်းမောင်းနှင့် နက်မှောင်သောမျက်ခုံးမွေး၊ နှုတ်ခမ်းမွေးတို့ဖြင့်ခန့်ငြားလှ သော တပ်မှူးနေသူရိန် ဖြစ်ပေ၏။

တပ်မှူးဝင်လာသောအခါ လူချင်းခွာလိုက်ကြသည်။

"ခင်ဗျားဘယ်သူလဲ၊ ဒီအခန်းထဲ ဘာဝင်လုပ်တာလဲ"

ကျော်စွာက နေသူရိန်မှန်းမသိသောကြောင့် ခါးရိုးပေါ် ဘက်တင်ရင်း လှမ်းမေးလိုက်၏။

နန်းကေခိုင်က လက်ကာပြရလသည်။

"ကျုပ်အခုလို ဝင်ပြီး အနှောက်အယှက်ပေးရတာ စိတ်မကောင်းပါဘူးဗျာ၊ ဒါပေမယ့် ကိစ္စက သိပ်အရေးကြီး နေလို့ အခုလို ခွင့်မတောင်းပဲ ဝင်လာရတာ ခွင့်လွှတ်ကြပါ ဗျာ"

"ကဲ တပ်မှူးကြီး ထိုင်ပါဦးရှင်"

သည်တော့မှ ကျော်စွာမှာ မိမိရှေ့တွင်ရောက်နေသူက နာမည်ကြီး ထင်ရှားလှသော တော်လှန်ရေးခေါင်းဆောင်မျိုး ချစ်တပ်မှူး နေသူရိန်မှန်း ရိပ်မိသွားပြီး ပြောမိသမျှ

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာအားနာသွားလေ၏။

ကျူးလွန်ခဲ့သော ပြစ်မှုအတွက်လည်း စိုးရိမ်သွားမိလေ၏။

"ကျွန်တော်မသိလို့ ပြောမိတာ ခွင့်လွှတ်ပါတော်မူး"

နေသူရိန်က သဘောကျစွာပြုံးရင်း ကျော်စွာကို သေချာစွာအကဲခပ် ကြည့်လိုက်လေ၏။

"ဒီည စော်ဘွားကတော်လေးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့် ယောသိန္ဒိတစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့တာ သိလိုက်ရဲ့လား။

စော်ဘွားကတော်လေး လွှတ်လိုက်တဲ့သူက ပန်းချီဆရာဒေဝကို အနိုင်တိုက်ပြီး ပန်းချီကားတစ်ချပ်ကို ယူလာနိုင်ရုံမကဘူး၊ ကျုပ်ရဲ့ လက်ရွေးစင်တပ်သားတွေလက်က လွတ်အောင်ပြေးနိုင်ခဲ့တယ်"

ထိုသို့ပြောကာ ကျော်စွာကိုစေ့စေ့ကြည့်ကာ

"မောင်ရင်က ဒီနယ်တစ်ဝိုက်မှာတော့ အကောင်းဆုံးဓါးသမားပဲဖြစ်ဦးမယ်ပါရဲ့" ဟုမေးလိုက်သည်။

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်ဆရာ မဟိန္ဒက ကျွန်တော့်ထက် ပိုတော်ပါတယ်"

"အော် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်တုန်း



က နယ်စားကြီးနေမိန္ဒဆီမှာ အမှုထမ်းသွားတဲ့ ဓါးသမား မဟိန္ဒထင်ပါရဲ့၊ သူဟာ မန်ချူးစစ်သည်တွေ ဝင်ရောက်နှောက်ယှက်လို့ သူ့ရဲ့ယပြည့်နယ်ကြီး ကစဉ့်ကလျား ဖြစ်နေချိန်မှာ တိမ်မြုပ်သွားခဲ့တာဘဲ၊ သူ့ကို အားလုံးက သေပြီလို့ယူဆထားခဲ့ကြတာ၊ ဒါထက်မေးပါရစေဦးကွယ်"

"မေးပါခင်ဗျာ"

"မူလါရွာနားမှာရှိတဲ့ ဓါးပညာသင်ပေးနေတဲ့ နေရာတစ်ခုရှိတယ်၊ အဲဒါမဟိန္ဒရဲ့ကျောင်းလား"

"ဟုတ်ပါတယ် "

"မောင်ရင်က အဲဒီမှာသင်ခဲ့တာလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အံ့သြစရာဘဲဟော့ ... မဟိန္ဒရဲ့ ဓါးပညာသင်ပေးနေတဲ့ကျောင်းပေါ်တာလည်းကြာပြီ၊ တပည့်တွေလည်း ထွက်သွားတာများပြီ၊ ဒါပေမယ့် တစ်ယောက်မှ ထူးထူးချွန်ချွန် ထွက်မလာပါဘူး။ မောင်ရင်ကျကာမှ ဘာကြောင့် ဒီလောက် ဓါးရေးကောင်းနေရတာပါလိမ့်"

"ဒီလိုပါခင်ဗျား... ဆရာကြီးမဟိန္ဒဟာ တပည့်တွေကို သင်ပေးတာကတခြား၊ သူ့ရဲ့ ကိုယ်ပိုင်လျှို့ဝှက်အတည်ထွင်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ဓါးကွက်တွေကတခြား ရှိပါတယ်၊

သူဟာ အဲဒီဓါးကွက်တွေကို တပည့်တွေရှင်းတဲ့ လူခြေတိတ်ဆိတ်တဲ့ ညဘက်တွေမှာ ပြန်ပြီးလေ့ကျင့်လေ့ရှိပါတယ်၊ အဲဒါကို ကျွန်တော်က ညတိုင်းမှတ်သားခွင့်ရပါတယ်၊ နောက်တော့ ဒီကအစ်မလေးရဲ့ ကူညီပေးမှုကြောင့် သူလိုသလောက် အခကြေးငွေပေးပြီး အဲဒီလျှို့ဝှက်ဓါးကွက်တွေကို ကျွန်တော်သင်ခွင့်ရခဲ့ပါတယ်၊

ဒါကြောင့် ကျွန်တော်ဟာ အခြားသူတွေနဲ့ မတူတာဖြစ် ပါလိမ့်မယ်''

ထိုသို့ရှင်းပြလိုက်လေသည်။

''အင်းဒါကြောင့်ကိုး၊ ဒါဖြင့် မောင်ရင်ဟာ အခုချိန်မှာ မဟိန္ဒလက်ကလွတ်ပြီး နန်းကေခိုင်ရဲ့ လက်သုံးတော် တစ်ယောက်ဖြစ်လာပြီ မဟုတ်လား''

''ဟုတ်ပါတယ်ခင်ဗျာ၊ အခုအချိန်မှာတော့ ကျွန်တော် ဟာ ဟောဒီအစ်မလေးရဲ့ လူဖြစ်နေပါပြီ''

ကိစ္စမရှိပါဘူးလေ၊ ဒီညပဲ မောင်ရင့်ကို ကျုပ် ခေါ်သွားချင်ပေမယ့် သက်ညှာသောအားဖြင့် ထားခဲ့ပါဦးမယ်၊ ဒါပေမယ့် မကြာခင်မှာတော့ မောင်ရင် ကျုပ်ရှိတဲ့နေရာကို



ိက်လာရလိမ့်မယ်၊

ကျုပ်တို့ရဲ့ အရေးတော်ပုံကြီး အောင်မြင်ဖို့အတွက် ာင်ရင်လို တော်တဲ့ဓါးသမားတွေ အလိုရှိနေတယ်လေ၊ ဒီအ က်လည်း စော်ဘွားကတော်လေးအတွက် မနစ်နာရအောင် ျုပ်ကထိုက်ထိုက်တန်တန် ပြန်ပြီးချီးမြှင့်ပေးပါ့မယ်၊ ာ်ဘွားကတော်လေး ကျေနပ်ရဲ့ မဟုတ်လား''

''ကျေနပ်ပါတယ် တပ်မှူးကြီးရယ်''

နန်းကေခိုင်က မဲ့ပြုံးတစ်ချက်ပြုံးကာ ပြန်ပြောလိုက် ထို့နောက် တပ်မှူးနေသူရိန်သည် အခန်းထောင့်သို့ ျှောက်သွားပြီး စားပွဲပေါ်တင်ထားသော ပန်းချီကားကို ာက်ယူ၍ ပြန့်ကြည့်လိုက်သည်။

''အင်း စော်ဘွားကတော်လေးရဲ့ ရုပ်ပုံပန်းချီလက်ရာ ား ကတော့ တကယ့်ကို လက်ရာမြောက်လှတာဘဲ၊ ကယ် အသက်ဝင်လှတယ်၊ ဒီပန်းချီကားမျိုးကို ဖျက်ဆီးရ ာတော့ နှမြောစရာပဲ''

ထိုသို့ပြောပြီး ပန်းချီကားတစ်နေရာကို အသေအချာ ိရာင်ဖြင့်ကြည့်ပြီး ထောင့်စွန်းတစ်နေရာကို ဓားဖြင့်လှီးယူ ိက်လေသည်။ ကျန်ပန်းချီကားကို ပြန်တင်ထားလိုက်သည်။

''ကျုပ်ယူသွားတဲ့နေရာအတွက် အစားထိုးပြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင် အကောင်းအတိုင်းပြန်ဖြစ်သွားမှာပါ''

ထိုသို့ပြောပြီး လှီးဖြတ်ယူထားသော ပန်းချီကားအစလေးကို ကျေနပ်စွာအသေအချာကြည့်ရင်း ...

''ဒီညမှာ ပန်းချီဆရာဒေဝရဲ့ အခန်းကပန်းချီကားတစ်ချပ်လာခိုးလိမ့်မယ်၊ အဲဒီပန်းချီကားဟာလည်း အလွန်အဖိုးထိုက်တန်လိမ့်မယ်၊သတင်းတစ်ခုထွက်နေတာကြာပြီ၊

ဒါကြောင့် ကျုပ်လူတွေကို နေ့ရောညပါကိုယ်ယောင်ဖျောက်ပြီးစောင်းခိုင်းထားခဲ့တာပဲ၊

ဒါတောင်ကျုပ်လူတွေကို ဖောက်ထွက်ပြီး ရအောင်ယူသွားနိုင်တဲ့ အစွမ်းသတ္တိကတော့ မခေလှဘူး။

မောင်ရင်ရဲ့ အစွမ်းသတ္တိကိုတော့ ကျုပ်လေးစားပါတယ်''

တပ်မှူးနေသူရိန်က ကျော်စွာကိုတစ်ချက်စိုက်ကြည့်လိုက်သည်။နန်းကေခိုင်ကကျော်စွာကို တစ်စုံတစ်ခုအရေးယူတော့မည်ကို စိုးရိမ်သွားလေသည်။

''ကျုပ်အလိုရှိနေတဲ့ ဒီပန်းချီကားကို ဘယ်သူများအရင် ဝင်ယူပါလိမ့်လို့ စဉ်းစားနေတာ၊ နောက်မှစဉ်းစားမိပြီးဒီကို လိုက်လာခဲ့တာ၊

ဒီရောက်တော့ လူစွမ်းကောင်းရောပန်းချီကားပါ



အပြိုင်နက်တွေ့နိုင်အောင်စီစဉ်ပေးတဲ့ စော်ဘွားကတော်လေးကို လည်းအထူးကျေးဇူးတင်ပါတယ်ဗျာ''

ထိုအခါမှ နန်းကေခိုင်အဖို့သက်ပြင်းချနိုင်လေသည်။

''မှန်ပါတယ်တပ်မှူး၊ ဒီပန်းချီကျော်ဒေဝ ရေးဆွဲထားတဲ့ ပန်းချီကားချပ်ရဲ့ ဒေါင့်တစ်နေရာမှာ အလွန်အရေးကြီးပြီး တန်ဖိုးရှိလှတဲ့မြေပုံတစ်ချပ် ရှိနေတာကို ကျွန်မကြားခင်မှ သိရတာပါ''

ဒါကြောင့်ပန်းချီကားကို အခုလိုယူပြီးတပ်မှူးဆီကိုအပ်ဖို့ စီစဉ်ရတာပါရှင်''

ဟုချိုသာသော အသံဖြင့်ပြောလိုက်လေသည်။

ထိုအခါတပ်မှူးရင်ထဲ၌မှု ...

''မင်းရဲ့အကြံကို ငါမသိဘူးများထင်နေသလား နန်းကေခိုင်ရယ်၊ မင်းသာဒီမြေပုံကိုရသွားရင် နယ်ချဲ့အလိုတော်ရိတွေကို ရောင်းစားဖို့ကြံနေတာများ ငါတို့မသိဘူးထင်နေသလား''

ဟုကျိတ်တွေးလိုက်လေသည်။

''အခုလို ကျုပ်တို့အတွက်စေတနာထားတဲ့ စော်ဘွားကတော်လေးကို ကျေးဇူးတင်ပါတယ်၊ ဒီအတွက်လည်း စော်ဘွားကတော်လေးကို မနစ်နာရအောင် ထိုက်သိုက်

www.burmeseclassic.com

www.burmeseclassic.com



တန်တန် ဂုဏ်ပြုပါမယ်များ"

"ကျေးဇူးတင်ပါတယ် တပ်မှူး"

ထို့နောက်တပ်မှူးနေသူရိန်က ကျော်စွာဘက်သို့လှည့်ကာ . . .

"အခုအချိန်မှာ တို့ရဲ့မြန်မာနိုင်ငံမှာ ကိုယ့်ထီး ကိုယ့်နန်း ဆိုတာမရှိတော့ဘူး။ နေပြည်တော်ဟာ နယ်ချဲ့ အင်္ဂလိပ်တွေရဲ့ လက်အောက်ကို ရောက်သွားကြပြီကွယ့်၊

နယ်ချဲ့တွေဟာ အင်အားသုံးပြီး တို့ရဲ့မြို့ရွာတွေ အားလုံးကို အုပ်စိုးသိမ်းပိုက်ဖို့ ကြိုးစားနေကြတယ်၊ အချို့ လည်း ရတယ်၊ အချို့ကျတော့လည်း မရဘူး။

တို့မြန်မာနိုင်ငံရဲ့ မျိုးချစ်သူရဲကောင်းတွေဟာ သူ့ကျွန်မခံလိုတဲ့ စိတ်ဓါတ်နဲ့ နိုင်ငံအနှံ့အပြားမှာ နယ်ချဲ့တွေ ကို တွန်းလှန်တိုက်ခိုက်နေကြတယ်၊

နယ်ချဲ့တွေ သိမ်းပိုက်ထားတဲ့ မြို့ရွာတွေကို ပြန်ရ အောင် သက်စွန့်ကြိုးပမ်း တိုက်နေကြရတယ်၊ အခုမြန်မာ နိုင်ငံတစ်ဝှမ်းမှာ သူတလူ ငါတစ်မင်းနဲ့ ဗရမ်းဗတာ ဖြစ်နေ ချိန်ပေါ့ကွယ်၊ အဲဒီလို ဗရမ်းဗတာဖြစ်ပြီး အကွဲကွဲအပြားပြား ဖြစ်နေတဲ့ မြို့ရွာတွေကို တစုတစည်းတည်းပြန်ဖြစ်လာအောင်



. . .ဘတွေကြိုးစားကြရမယ်ကွ၊

အခုအချိန်မှာ မင်းတို့လူငယ်လူရွယ်တွေရဲ့ အားဟာ . . .စ်ယောက်ဆို တစ်ယောက်သိပ်တန်ဖိုးရှိတဲ့အချိန်ပဲပေါ့၊ . . .ပ်ဟာမင်းတို့လို စွမ်းရည်ရှိတဲ့လူငယ်တွေကို စုစည်းနေတဲ့ . . .ဖြစ်လို့ ကျုပ်ရဲ့မျိုးချစ်တော်လှန်ရေးတပ်မှာ အမှုထမ်းဖို့ . . .င်ရင့်ကို ဖိတ်ခေါ်ပါတယ်၊

စော်ဘွားကတော်လေးပေးမယ့် ဆုတော်လာဘ်တော် . . .ကို မောင်ရင်ကျေကျေနပ်နပ်ခံစားပြီးရင် ကျုပ်ရှိတဲ့ . . .ကောင်းတောင်ကြားကို မောင်ရင်အမြန်ဆုံးလိုက်လာခဲ့ . . .တော့ဟုတ်ပလား"

ထိုသို့ပြောပြီးနောက် တပ်မှူးနေသူရိန်သည် . . .န်းတွင်းမှ လျှင်မြန်စွာ ပြန်လည်ထွက်ခွာသွားလေတော့ . . .ည်။ ထိုအခါ နန်းကေခိုင်သည် စားပွဲပေါ်မှ ပန်းချီရှိရာသို့ . . .တ်မကောင်းစွာ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် . . .ကျော်စွာဘက်သို့ လှည့်လာလေသည်။

"ကိုကျော်စွာ ရှင့်အတွက်ကတော့ ကံဇာတာတွေ . . .က်ပြီးရင်းတက်နေတော့တာပါဘဲ၊ မမျှော်လင့်ဘဲ ကျွန်မ . . .တွေ့ရတယ်၊ အခုလည်း တပ်မှူးက သူ့ရဲ့လက်ရွေးစင် . . .ပ်မှာ အမှုထမ်းဖို့ ဖိတ်ခေါ်သွားပြန်ပြီ၊ ရှင့်ကိုသူအတော်

www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးသွားပုံရတယ်။ မကြာခင်မှာ မင်းဟာ အောင်မြင်ကျော်ကြားတဲ့ သူတစ်ယောက် မလွဲမသွေ ဖြစ်လာလိမ့်မယ်လို့ မမပြောခဲ့ပါတယ်''



## စက္ကောပါလ သံသေဝါး၏ လမ်းစရခြင်း

ထို့နောက် ကျော်စွာသည် တပ်မှူးနေသူရိန့်ထံတွင် ဝင်ရောက်အမှုထမ်းရန် စခန်းချရာ ဟူးကောင်းတောင်ကြားဖက်သို့ ခရီးဆက်ခဲ့လေတော့သည်။

ခရီးမှာ အတန်ငယ်ဝေးကွာလှပေရာ တစ်ယောက်တည်း ဓါးတစ်လက်၊ မြင်းတစ်စီးဖြင့် ခရီးဆက်ရသဖြင့် ပင်ပန်းလှသောကြောင့် အရိပ်ကောင်းသော သစ်ပင်ပိုတစ်ခုသို့ဝင်ကာ ခေတ္တအပန်းဖြေနားနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူစီးလာသော နီညိုရောင်မြင်းကြီးကိုမူ စားကျ
ကောင်းသော နေရာတစ်ခုတွင် ချည်ထားလေ၏။ ပင်ပ
သောကြောင့် မေ့မေ့ကနဲအိပ်ပျော်သွားခိုက် နားထဲတွင် ဆွဲလည
သံပမာ တချွင်ချွင်အသံများကို မသဲမကွဲကြားနေရသည
သို့သော် အာရုံမထားဘဲ ဆက်အိပ်မြဲအိပ်နေလေ၏။ သူ
အတွေးရိပ်၌မူ

ဆရာကြီးမဟိန္ဒရုပ်သွင်ကို သော်လည်းကောင်း။

ချစ်သူမာလာ၏ ရုပ်သွင်ကို သော်လည်းကောင်း

နန်းကေခိုင်၏ရုပ်သွင်ကို သော်လည်းကောင်း
အတွေး အိမ်၌ ပြန်လည်အမှတ်ရနေတော့သည်။

သူသည်ဝေးကွာသော နေရာတွင် ကျန်ရစ်ခဲ့သေ
မာလာ၏ သနားစဖွယ်ရုပ်သွင်နှင့် နန်းကေခိုင်၏ ရုပ်သွင်
နှိုင်းယှဉ်ကြည့်နေမိလေ၏။

ထိုအချိန်မှာပင် နားထဲမှ ကြားနေရသော တချွင်ချွ



အသံမှာ ပိုမိုပီပြင်လာပြီး ဆွဲလည်းသံမဟုတ်ဘဲ ဓါးချင်းထိ
သံများဖြစ်ကြောင်း သဲကွဲစွာသိလိုက်ရပြီးနောက် သူတစ်ကိုယ်
လုံးရှိ လေးလံထိုင်းမှိုင်းလျှက်ရှိသော သွေးများမှာ
ဘမဟုတ်ချင်း လန်းဆန်းတက်ကြွလာပြီး ဓါးကိုဆွဲ၍ ထိုအသံ
ကြားရာဘက်သို့ ပြေးထွက်ခဲ့လေတော့သည်။

ထိုအခါ သူအိပ်နေသောနေရာနှင့် မဝေးလှသော
လမ်းဘေးစားသောက်ဆိုင် တစ်ခုနှင့် မနီးမဝေး တောစပ်တစ်
နေရာတွင် လူနှစ်ဦးကို ကျန်သည့်လူ(၁၀)ယောက်ခန့်က
ဆွဲဖက်သပ် အနိုင်ကျင့်ကာ ဝိုင်းဝန်းအနိုင်ကျင့်နေကြသည်ကို
လှမ်းမြင်ရလေ၏။

သူသည် ရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ လူအုပ်
တွင်းသို့ ဓါးကိုဘယ်ပြန်ညာပြန်ဝှေ့၍ တရကြမ်းဝင်ရောက်
တိုက်ခိုက်ရာ သာမန်အဆင့်မျှရှိသော ဓါးသမားများမှာ
တစ်ယောက်ပြီးတစ်ယောက် ထိခိုက်ဒဏ်ရာရပြီး လဲကျ
ကုန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသည် လူရမ်းကားများကို အသေမသတ
မှတ်လောက်သားလောက်ရှိစေရန်အတွက် ခြေလက်ကို
ခန္ဓာအနံ့အပြားတွင် ဒဏ်ရာများအသီးသီးရစေလျက် အချို့
ဓားများအဝေးသို့ လွင့်ထွက်သွားအောင် အချို့တိုတို အ
မှာ တိုက်ခိုက်ပစ်လိုက်နိုင်၏။

ထိုအခါစောစောက အပိုင်းခံနေရသော လူ
နှစ်ယောက်မှာ ဘေးမှပွဲကြည့်ပရိသတ်ဖြစ်သွားကြလေ
သည်။

သူတို့သည်လူရွယ်၏ လျင်မြန်သွက်လက်
ဓားချက်များကိုကြည့်ပြီး လွန်စွာသဘောကျလျက်ရှိ နေ
သည်။

"ကျုပ်တို့ကိုကယ်ဖို့များ နတ်စစ်သည်တော်တ
ကောင်းကင်က ချပေးလိုက်သလား အောက်မေ့ရတ
မြန်လိုက်သွက်လိုက်တဲ့ဓားချက်တွေဗျာ ..."



"ဟုတ်ပါရဲ့ဗျား၊ သူ့ရဲ့ဓားချက်တွေက မိုးဦးကျအခါမှာ မြင်ရတဲ့ လျှပ်စီးလက်တဲ့အတိုင်းပဲ"

ထိုသို့ပြောဆိုနေကြစဉ်မှာ ဓားပွဲကအဆုံးသတ်သွားတော့သည်။ လူရမ်းကားများသည် တစ်ဦးနှင့်တစ်ဦး ဖေးမကာ နေရာမှ ထွက်ပြေးသွားကြလေတော့သည်။

ထိုအခါကျော်စွာက လူကြီးနှစ်ဦးထံ လျှောက်သွားလေတော့၏။

"ဦးကြီးတို့ ထိခိုက်ဒဏ်ရာများ ရကြပါသေးလား"

"မောင်ရင်ကျေးဇူးကြောင့် ကျုပ်တို့ဘာမှ မဖြစ်ကြပါဘူးကွယ်၊ အခုလိုကူတဲ့အတွက် မောင်ရင့်ကိုအထူးကျေးဇူးတင်ပါတယ်"

ရပါတယ်ခင်ဗျား။ ခရီးသွားဖော်ချင်း ကြုံကြိုက်လို့ ကူညီပေးရတာပါ၊ ဒါထက်ဒီလူဆိုးတွေက ဦးကြီးတို့ကို ဘာကြောင့် နှောက်ယှက်ကြရတာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်က ခေတ်ပျက်နေတဲ့ကာလကြီးဆိုတော့ ဒီဘက်တွေမှာ အုပ်ချုပ်မှုကလည်းမရှိလေတော့ လူတစ်ယောက် ဓားတစ်စင်းကိုင်ပြီး တစ်မိုလ်တစ်မင်းသောင်းကျန်း ချင်တိုင်း သောင်းကျန်းနေကြတာပေါ့ကွယ်၊

"ဦးကြီးတို့က ခရီးသွားတွေပါ၊ ခုနကထွက်ပြေးသွားကြတာကတော့၊ တောကြောင်တွေပဲပေါ့"

ထိုအခါမှ ခရီးသွားနှစ်ဦးကို အကဲခတ်ကြည့်လိုက်ရာ တစ်ဦးကပုပုဝဝဖြစ်ပြီး ကျန်တစ်ဦးကအရပ်မြင့်မြင့်နှင့် ဖြစ်ပေ၏။နှစ်ဦးစလုံးအသက်ငါးဆယ်ကျော်ဝန်းကျင် အရွယ် ရှိကြပေသည်။

"ဒါထက် မောင်ရင်လေးရဲ့အမည်က ဘယ်သူလို့ခေါ် ပါသလဲ"

"ကျွန်တော့်နာမည်ကျော်စွာလို့ခေါ်ပါတယ်ခင်ဗျာ၊ ဦးကြီးတို့ကရောဘယ်သူတွေပါလဲ"

ကျုပ်ရဲ့အမည်က ဦးသီလလို့ခေါ်ပါတယ်၊နန်းသုံးပစ္စည်းတွေကို ပြုလုပ်ပေးတဲ့ ပန်းပုဆရာကြီးပါကွယ်"

အရပ်မြင့်မြင့်ပုဂ္ဂိုလ်ကြီးက မိတ်ဆက်ရင်း အရပ်ပုပုလူကြီးဘက်သို့လှည့်ကာ မိတ်ဆက်ပေးလေ၏။

---



"သူ့ရဲ့အမည်ကတော့ ဦးစိုင်းနောင်တဲ့၊ သူကတော့ တိထွင်တဲ့ဘက်မှာပါရဂူတစ်ဆူပေါ့ကွယ်၊ ကဲလာကြလာကြ မိတ်ဆွေတွေဖြစ်ကြတဲ့ အထိမ်းအမှတ်အနေနဲ့ ဟိုဆိုင်မှာ တစ်ခုခုသွားစားကြရအောင်ဗျို့"

ကျော်စွာလည်း မိမိမြင်းကြီးပါဆောင်ယူလာပြီး ဆိုင်ရှေ့ တွင်ချည်ထားလိုက်သည်။

သုံးယောက်သားဆိုင်ထဲရောက်လေလျှင် ထမင်း၊ ဟင်း စသော စားသောက်စရာများ မှာယူစားသောက်ကြလေ၏။ မောပန်းလျက်ရှိသောကြောင့် အားလုံးအားရပါးရ စားသောက်ကြလေ၏။

"ကဲ ... ကျုပ်တို့ရဲ့ကျေးဇူးရှင်မောင်ရင်လေးရေ့ မင်းကဒို့အသက်ကိုကယ်ခဲ့တဲ့အတွက် ဒို့ကအခုလို ကျွေးမွေး တယ်လို့တော့ မဟုတ်ပါဘူး။ ဒို့တတွေချင်းမိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်အဖြစ် အားရအောင်သာ စားကြတော့ဟေ့"

ခဏချင်းမှာပင် ဦးသီလ၊ ဦးစိုင်းနောင်နှင့် ကျော်စွာ တို့သည် ရင်းနှီးသောမိတ်ဆွေများဖြစ်သွားကြလေတော့ သည်။

"ဒါထက် မောင်ရင်က နာမည်ဘယ်သူလဲ၊ ဘယ်က လာလို့ ဘယ်ကိုသွားမှာလဲကွယ်၊ ထပ်ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည်က ကျော်စွာလို့ ခေါ်ပါတယ် ဗု
ဟူးကောင်းတောင်ကြားဘက်က တနိုင်းမြို့ကို သွားမလို့ ပါ
"အလို ဒါဖြင့် ဒို့နဲ့ ခရီးလမ်းအတူတူဘဲကွယ်
ဒါထက်မောင်ကျော်စွာက တနိုင်းမြို့ကို ဘာသွားလုပ်မယ်
လဲကွယ်" ဟု ဦးစိုင်းနောင်က မေးလိုက်သည်။
"ကျွန်တော့်ရည်ရွယ်ချက်ကတော့ မျိုးချစ်တော်လှ
ရေးတပ်ဖွဲ့တစ်ဖွဲ့မှာ ဝင်ဘို့ စိတ်ကူးနဲ့ ထွက်လာတာပ
ဟူးကောင်းတောင်ကြားဘက်မှာ တပ်မှူးနေသူရိန်ခ
တော်လှန်ရေးတပ်တွေရှိတယ်လို့ ကြားပါတယ်"
ထိုစကားကို ဦးစိုင်းနောင်က လွန်စွာသဘောကျသွ
ပြီး ကျော်စွာကို ရင်းရင်းနှီးနှီး လက်ဆွဲနှုတ်ဆက်လိုက်လေ
သည်။
"မောင်ရင့်ကိုတွေ့ရတာ သိပ်ပြီး ဝမ်းသာတာဘဲ
ကျုပ်က မောင်ရင့်လိုတော့ ဓါးပညာသိပ်မကျွမ်းကျင်ဘူး
ဒါပေမယ့် ဓါးလုံ လက်နက်တွေကို ထုတ်လုပ်တဲ့နေရာ
တော့ ကျွမ်းကျင်တယ်၊ ရည်ရွယ်ချက်ကတော့ တနိုင်းမြို့
အခြေချလုပ်ကိုင်ဘို့ ထွက်လာတာပါ။ ဒီရောက်တဲ့အခါ
တော့ စိတ်ကူးတစ်မျိုးပြောင်းသွားပြီ၊ တစ်ခါက နေသူရိ
တပ်မှူးနဲ့ တွေ့တုန်းက ကျုပ်ကို ခေါ်ခဲ့ဖူးတာ ရှိတယ်



ခု မောင်ရင်နဲ့အတူ တပ်မှူးနေသူရိန်ဆီလိုက်ဘို့ ဆုံးဖြတ်
လိုက်ပြီပေါ့"
ဦးစိုင်းနောင် စကားကြောင့် ကျော်စွာ အလွန်ဝမ်းသာ
သွားမိလေသည်။
ထိုအခါ ဦးသီလကလည်း ဝင်ပြောလေ၏။
"ကျုပ်ကလည်း တနိုင်းမှာ အခြေချဘို့ ထွက်ခဲ့တာ
ပါ ဒါပေမယ့် ကျုပ်က ပန်းပုလက်ရာအနုပညာရှင်ဆိုပေမယ့်
အထူးခြားဆုံး အရည်အချင်းကတော့ ဓါးကောင်းကောင်း
လုပ်ဖို့ ဝါသနာပါတယ်၊ ကျုပ်လုပ်သမျှ ဓါးတွေဟာ မကောင်း
တာ တစ်လက်မှ မရှိသေးဘူး။ ကျုပ် ဓါးလုပ်တာကလည်း
ဆပေါင်းများစွာ ကြာမှလည်း တစ်လက်လောက် ပြီးချင်
ပြီးတာကွယ့်"
"ဟုတ်ကဲ့"
"ယောသဒ္ဒိစော်ဘွားကို ကျုပ် ဓါးတစ်လက် လုပ်
ပေးခဲ့ဘူးတယ်၊ သံကလည်းကောင်း၊ စိတ်ကြိုက်လုပ်ထား
တာဆိုတော့ စော်ဘွားကြီးရှိစဉ်က အမြဲကိုင်တယ်၊ နာမည်
ကိုတောင် ရန်မျိုးအောင်၊ ဓါးလို့ အမည်ပေးထားခဲ့တာကွယ်၊
အခု စော်ဘွားကြီးမရှိတော့ အဲဒီရန်မျိုးအောင်ဓါးက ပျောက်
နေတယ်၊ သူက ဓါးရိုးနဂါးရုပ် ပတ်ထားတာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရန်မျိုးအောင် ဓါးကြီးအကြောင်းကို ကြားဘူး ထားသဖြင့် အလွန်စိတ်ဝင်စားမိလေ၏။

"မောင်ကျော်စွာရေ ဓါးသမားကောင်းတစ်ယောက်ဆိုတာ ဓါးကောင်းရှိမှ တင့်တယ်တာကွ၊ ကျုပ်အသက်ကို ကယ်ခဲ့တဲ့အတွက် မောင့်ရင့်ကို ဓါးကောင်းတစ်လက် လုပ်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ၊ အဲဒီဓါးကို ကျုပ်လျှို့ဝှက်သိမ်းဆည်းထားတဲ့ "သံသေ" နဲ့ ပြုလုပ်ပေးမယ်၊ သံသေနဲ့ ပြုလုပ်ထားတဲ့ ဓါးဟာ ဘယ်ဓါးနဲ့မဆို ယှဉ်ခုတ်လို့ ရတယ်၊ သံသံချင်းတောင် တိကနဲပြတ်ကျသွားနိုင်တယ်ကွ"

ကျော်စွာ အလွန်စိတ်ဝင်စားသွားလေ၏။

ဓားကောင်းတစ်လက်ဆိုတာ သံရဲ့ကောင်းခြင်း၊ မီးရဲ့ကောင်းခြင်း၊ လက်ရာရဲ့ကောင်းခြင်း၊ ထုလုပ်မှုရဲ့ကောင်းခြင်း၊ အလေးချိန်ရဲ့ကောင်းခြင်း၊ အရိုးအရွက်အသွားအားလုံးကောင်းမှ ဓားကောင်းတစ်လက်ရဲ့ အရည်အချင်းကောင်းနဲ့ညီတယ်။

ကျုပ်အနေနဲ့ သံသေဓားလုပ်ဖို့အတွက် သံသေတွေကို တစ်ပြည်လုံးအနှံ့လိုက်ရှာပြီး စုထားရတာ၊

အထူးသဖြင့်တော့ ကိုးသချိုင်းကရတဲ့ သံတွေကို စုဆောင်းစီရင်ထားတယ်ဆိုရင် မမှားဘူး"

"ဗျာ… ကိုးသချိုင်းကသံ ဟုတ်လားဆရာကြီး"



"အေးဟုတ်တယ်ကွယ့်၊ ကိုးသချိုင်းက သံတွေကို …ပြီး သံသေဖြစ်အောင် အဓိဋ္ဌာန်အမျိုးမျိုးဝင်ပြီး စီရင်ထားခဲ့ …တာ၊ ဒီဓားကိုလုပ်တဲ့အခါမှာ လူသူမနီးတဲ့နေရာမှာ …ဓိဋ္ဌာန်ဝင်၊ ဥပုဒ်စောင့်သီလယူပြီး စီရင်လုပ်ကိုင်ရမှာကွယ်၊

ဓားရဲ့အမည်ကိုတော့ "စက္ကောပါလ သံသေဓား"လို့ …ည်ပေးရမယ်"

"စက္ကောပါလသံသေဓား"

ထိုအမည်ကိုကြားလိုက်ရသောအခါ ကျော်စွာ …ကိုယ်လုံး ကြက်သီးမွေးညှင်းထပြီး နားကြောစိမ့်သွားလေ …ာ့သည်။

မောင်ကျော်စွာရေမင်းကတော့ ကံထူးတဲ့သူတစ် …က်ပဲကွယ်၊ ဆရာကြီးဦးသီလက ဓားကိုလူတိုင်းလုပ်ပေး …မဟုတ်ဘူး၊ တစ်ခါတစ်လေလုပ်ပေးတဲ့ ဓားဆိုရင်လည်း …ယ်တော့မှမကောင်းတာမရှိဘူးကွယ့်၊ ဒီကိုးသချိုင်းသံသေ …ဟာ မင်းနဲ့ထိုက်တန်လို့ပဲလို့ ယူဆရမှာပဲပေါ့"

…ိုင်းနောင်ကပါဝင်ပြော လိုက်လေ၏။

ကျော်စွာမှာမထင်မှတ်ပဲ ဆရာကြီးဦးသီလထံမှ အထူး …်ဆောင်အဖြစ် ရရှိလာမည့် ကိုးသချိုင်းသံသေဓားကို …င်ကတည်းကတွေးကာ စိတ်ကူးယဉ်နေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုစားပညာ ကျွမ်းကျင်သူတစ်ယောက်သာ ဒီလို စားကောင်းတစ်လက်ရှိရင် တပြည်လုံးမှာ အကောင်းဆုံး စားသမားကောင်းတစ်ယောက်ဖြစ်လာမှာ မလွဲဘူးပေါ့၊ ငါပြောခဲ့တယ် မင်းဟာမကြာခင်မှာ အကောင်းဆုံး၊ အကျော်ကြားဆုံး စားသမားတစ်ယောက်ဖြစ်လာစေရမယ်"

ဦးသီလက မှတ်ချက်ချလိုက်လေ၏။

* * * * * * *



## အိပ်မက်ထဲက ရုပ်ပုံလွှာရှင်

တနိုင်းမြို့အနီး ဟူးကောင်းတောင်ကြားတစ်နေရာမှ တပ်မှူးနေသူရိန်စခန်းသို့ ရောက်ကြသောအခါ နေသူရိန်က သူတို့အားဝမ်းသာအားရကြိုဆိုလေ၏။ တပ်စခန်းမှာ တပ်သားအင်အားများစွာရှိပြီး ဓား၊ လှံ၊ လေးမြှား၊ သေနတ်များစွာတို့လည်း အတောင့်အတင်းရှိသည်ကို တွေ့မြင်ရသည်။

စစ်ဆင်ရေး၊ တိုက်ပွဲများတွင် အသုံးပြုသော ဆင်များ၊ မြင်းများလည်းများစွာရှိ၏။

တပ်မှူးနေသူရိန်သည် သူ၏တပ်တွင် လက်ရွေးစင် စစ်သည်များ၊ တပ်သားများဖြင့်စနစ်တကျ ဖွဲ့စည်းထားရာ တိုက်ပွဲများတွင်အောင်မြင်မှုရကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည်နယ်ချဲ့တို့မတရားသိမ်းပိုက်ထားသော နယ်မြေများ၊ မြို့ရွာများကို တစ်ခုချင်း ပြန်လည် သိမ်းပိုက်လျှက်ရှိသော ကာလလည်းဖြစ်ပေ၏။

တပ်မှူးနေသူရိန်ဟူသော အသံကိုကြားလိုက်ရုံမျှဖြင့် နယ်ချဲ့သစ္စာဖောက်များ ဖိန့်ဖိန့်တုန်အောင် ကြောက်ရသော အချိန်အခါလည်း ဖြစ်တော့သည်။

တပ်မှူးနေသူရိန်သည် ဦးသီလ၊ ဦးစိုင်းနောင်နှင့် ကျော်စွာတို့ကို အကောင်းဆုံးအစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးလေ၏။

ဆရာကြီးဦးသီလအားလည်း သူ့ကအတွက် ဓားကောင်း တစ်လက်ပြုလုပ်ပေးရန် တောင်းပန်နေလေ၏။

ကျော်စွာသည် တမဟုတ်ချင်း ဆင့်ကဲဆင့်ကဲ တိုးတက်ပြောင်းလဲနေသော မိမိဘဝကိုပြန်တွေးကာ အံ့ပ်မက်ပေလောဟု ထင်မှားနေမိသည်။

မကြာသေးမီကာလကသူသည် မဟိန္ဒာ၏မြင်းစောင်းတန်းလျားတွင် ဆင်းဆင်းရဲရဲနေထိုင်ခဲ့ရသော်လည်း မကြာသေးပဲ ယခုအခါတွင် တစ်နိုင်ငံလုံးကလေးစားအသိအမှတ်ပြုနေကြရသော တပ်မှူးဟာစ်ဦးနှင့် ရင်းနှီးမှုရပြီး မကြာခင်ဓားကောင်းတစ်လက်လည်းရရှိတော့မည် ဖြစ်ပေ၏။



သူသည်စဉ်းစားမိရင်း အစာကိုဆက်မစားဖြစ်လောက်အောင် ငိုင်နေမိတော့သည်။

ထိုအခါတပ်မှူးက ...

''မောင်ကျော်စွာ ဘာတွေစဉ်းစားနေတာလည်း။ ကောင်း လည်းနည်းလှပါလား၊ ဘာလည်းကျန်ရစ်ခဲ့တဲ့ မနန်းကေခိုင် ကိုများ သတိရနေရော့သလားကွယ်''

ထိုစကားကြောင့် လူကြီးများက နားလည်စွာလိုက်ကြလေ၏။

ကျော်စွာလည်း ရောယောင်ပြုံးကာ ...

''မ . . . မဟုတ်ပါဘူးတပ်မှူး၊ အပြောင်းအလဲမြန်ဆန်လွန်းတဲ့ ကိုယ့်ဘဝကို ပြန်စဉ်းစားကြည့်နေတာပါ၊ နောက်ကိုဘာတွေများဆက်ဖြစ်ဦးမလည်းလို့ စဉ်းစားနေမိတာပါ''

တပ်မှူးကသဘောကျစွာရယ်လိုက်လေ၏။

''အေး၊ ငါကအဲဒီလို ပွင့်ပွင့်လင်းလင်းပြောတာကို ကြိုက်ခံပါတယ်၊ လူဟာအခုလို ကိုယ့်ဘဝကို ကိုယ်အမြဲဆန်းသပ်နေရင် အမှားမရှိနိုင်ဘူးပေါ့၊

ကျုပ်က ကြီးကျယ်ထင်ရှားတဲ့ သူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် အကဲခတ်နိုင်တဲ့ အရည်အသွေးတော့ ရှိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သင့်တော်တဲ့ သူတွေကို လူမှန်နေရာမှန်အသုံးချတတ်တယ်၊ နေရာပေးတတ်တာကြောင့်လည်း အောင်မြင်မှုတွေ ရခဲ့တာဖြစ်ပါတယ်၊

ကျုပ်ဟာ အခုချိန်မှာ မြန်မာတစ်ပြည်လုံး အနှံ့အပြား မှာရှိနေတဲ့ အရည်ချင်းရှိတဲ့သူတွေကို သူ့နေရာနဲ့သူ အသုံး ချနိုင်ဖို့ လူသူစုဆောင်းနေချိန်လည်း ဖြစ်ပါတယ်၊

အားလုံးစုဆောင်းမိတဲ့အခါ ကျုပ်တို့အင်အား စုဆောင်းမိတဲ့အခါမှာ သူ့ကျွန်ဘဝကို ရောက်နေတဲ့ ကျုပ်တို့ မြန်မာပြည်ကို နယ်ချဲ့တွေလက်ထဲက တစ်ဆင့်ချင်း တစ်ရှိန် ချင်း ပြန်တိုက်ယူကြရမှာပဲ''

တပ်မှူးစကားကို အားလုံးစိတ်ဝင်စားကြလေ၏။

''မောင်ရင့်ကိုဒီမှာရှိတဲ့ အကျော်အမော်တွေ မြန်မာပြည်မှာရှိတဲ့ အကျော်အမော်တွေနဲ့ ဘာဖြစ်လို့ တစ်တန်း ထဲထားပြီး ရွေးချယ်ရသလည်းဆိုတော့ မောင်ရင်ဟာ စာရေး ပညာမှာ သူမတူအောင်ကျွမ်းကျင်လို့ပဲ ဖြစ်တယ်''

ထိုစကားကို ဦးသီလနှင့် ဦးစိုင်းနောင်တို့လည်း ဝင်ရောက်ထောက်ခံကြလေ၏။

''မောင်ရင့်လိုစာသမားကောင်း တစ်ယောက်ကို အသုံးချဖို့ အကြောင်းကလည်း ဒီမှာရှိနေတယ်လေ''



ထိုစကားရောက်သောအခါ အားလုံးတိတ်ဆိတ်ငြိမ်သက်စွာ စောင့်ရှုနားထောင်ကြလေ၏။

''ဒီကနေ သိပ်မဝေးလှတဲ့ 'မိုင်းပွန်'မြို့ဟာ နယ်ချဲ့အင်္ဂလိပ်တွေရဲ့ လက်အောက်ကို ကျရောက်နေတယ်လေ၊ အဲဒီမြို့ရဲ့ ရဲတိုက်ကြီးတစ်ခုထဲမှာ ကျုပ်တို့ရဲ့လျို့ဝှက်အထောက်တော် (၃)ယောက်ဟာ အကျဉ်းကျနေတယ်၊

အဲဒီအထောက်တော်(၃)ဦးဆီမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ တော်လှန်ရေးအတွက် အဖိုးမဖြတ်နိုင်တဲ့ သတင်းတွေ ရှိနေတယ်လေ၊

ဒီအကြောင်းကိုတော့ မကြာခင်ကမှစုံစမ်းလို့ သိရတာပါ

နန်းကေသိုင်ရဲ့ပုံတူပန်းချီကားကို ကျုပ်တို့စားနဲ့ လိုးဖြတ်ယူခဲ့တာ မောင်ရင်မှတ်မိမှာပေါ့၊

အဲဒီပန်းချီကားရဲ့ ပိတ်သားပေါ်မှာ သူတို့ရဲ့သတင်းစကားနဲ့ သူတို့ရှိတဲ့နေရာကို မြေပုံရေးထားတယ်လေ၊

ကျုပ်အထင်ပြောရရင်တော့ မျိုးချစ် လျို့ဝှက် [illegible] သတင်း [illegible] လျို့ဝှက် [illegible]အဝယ်လှုပ်ကြတယ်

ရှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါလိမ့်မယ်၊

အဲဒီကတဆင့် ပန်းချီကျော်ဒေဝထံ ရောက်တာ ဖြစ်မယ် ပန်းချီကျော်ဒေဝက ဒီသတင်းကို ရောင်းဖို့ နန်းကေခိုင်ရဲ့ ပုံကိုဆွဲပြီး အသုံးချခဲ့တာဘဲ၊ ဒါကို နန်းကေခိုင်ကသိပြီး မောင်ရင့်ကို အသုံးချပြီး ပြန်ရ အောင်ယူခဲ့တာဘဲ၊ သူ့ အကြံအစည်က ဒီမြေပုံကို ကြိုက်ဈေး နဲ့ရောင်းဖို့ အစီအစဉ် လုပ်မယ်ထင်တာဘဲ။

ဒီအတွက်လည်း မောင်ရင့်ကို ကျေးဇူးတင်ခဲ့တာပါ ကျုပ်တို့ရဲ့ လူသုံးဦးကို ကယ်တင်ဖို့အတွက် မိုင်းပွန်မြို့ကို အလုံးအရင်းနဲ့ ဝင်တိုက်ယူဖို့ဆိုတာကလည်း၊ အခုအချိန် မှာ မသင့်လျော်သေးဘူး။

ဒါကြောင့် အခုအချိန်မှာ မိုင်းပွန်ရဲ့ တိုက်ကြီးထဲမှာ ရောက်နေတဲ့ ကျုပ်တို့ရဲ့ လျှို့ဝှက်ရဲဘော်သုံးဦးကို ဝင်ရောက် ကယ်တင်ဘို့ လူနှစ်ယောက် ကျုပ်လွှတ်မယ်။ ဒီလူနှစ် ယောက်က မောင်ရင်နဲ့ ဦးစိုင်းနောင်ဘဲ။

ကျော်စွာ အံ့သြသွားမိလေသည်။

"သိပ်အံ့သြသွားသလား။ ဒီ ဘာဝန်ကိုပေးဖို့အတွက် ဦးစိုင်းနောင်ကို သီးသန့်မှာထားတာလေ . . .၊ ဒီမှာ မောင်ကျော်စွာ အခုပြောတဲ့ အထူး တာဝန်ကို ရယ်ခံဆောင်





ရွက်တဲ့သူက သေမင်းရဲ့ ခံတွင်းကို ဝင်ရတာနဲ့ အတူတူဘဲ၊ ဒီအခြေအနေမှန်ကိုသိရင် 'မောင်ရင်ဆောင်ရွက်နိုင်ပါ့မလား"

ထိုအခါ ကျော်စွာသည် အလွန်တက်ကြွတည်ကြည် သော အမူအယာဖြင့်

"ကျွန်တော်ဟာ တိုင်းပြည်လွတ်လပ်ရေးအတွက် ဦးလည်မသုန် ဆောင်ရွက်ဖို့အတွက် တပ်မှူးဆီကို ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်၊ ပေးချင်တဲ့တာဝန်သာပေးပါ၊ အသက်ရှင်နေသရွေ့ အောင်မြင်အောင် ဆောင်ရွက်ပါ့မယ် လို့ ကတိပေးပါတယ်"ဟု ရဲရဲဝံ့ဝံ့ပြောလိုက်လေ၏။

ထိုအခါ တပ်မှူးလည်းနေရာမှ ထလာပြီး ကျော်စွာ့ ပခုံးကို ရင်းရင်းနှီးနှီးဖက်လိုက်လေ၏။

"လူငယ်ဆိုတာ. အဲဒီလိုစိတ်ဓာတ်မျိုးရှိမှ ငါက ကြိုက်တာ၊ ငါလူရွေးတာ ဒီတစ်ခါလည်းမှန်ပြန်ပြီပေါ့၊ တို့ ဘစ်တွေ အခုလိုမျိုးချစ်စိတ်နဲ့ စည်းလုံးညီညွတ်စွာနဲ့ ကိုယ့် တာဝန်ကိုယ်ကြေကြရင် မကြာခင်မှာ တို့ရဲ့နိုင်ငံကြီးဟာ သူ့ကျွန်ဘဝ လွတ်မြောက်ရမယ်ပေါ့"

သုံးယောက်သား လက်ရုံးဆန့်တန်း၍ ကျူးဝါးလိုက် ကြသည်။

"ကဲ ဒါဖြင့်ရင် မောင်ရင်တို့ ဒီတစ်ရက် နှစ်ရက်

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ကောင်းကောင်းအနားယူလိုက်ကြဦးပေါ့။ ကျုပ် စီစဉ်စရာရှိတာတွေ အသေးစိတ် စီစဉ်လိုက်ဦးမယ်၊ လိုအပ်တဲ့အခါ အဆင်သင့် ဖြစ်အောင် ပြင်ဆင်ထားကြပေရော့"

ထိုအခါ ကျော်စွာသည် နေရာမှထကာ ထွက်သွားရန် ပြင်လိုက်သည်နှင့် တပ်မှူးနေသူရိန်က လှမ်းပြောလိုက်လေ၏။

"ကျော်စွာရေ ဒီတစ်ခါမင်းကိုပေးမယ့် တာဝန်က တိုင်းပြည်အတွက် သိပ်အရေးကြီးသလို၊ တို့တစ်မျိုးသားလုံးအတွက်လည်း သိပ်အရေးကြီးတယ်၊ တာဝန်ထမ်းဆောင်တဲ့အခါ အမှားအယွင်းမဖြစ်အောင် အထူးဂရုစိုက်ပါကွယ်၊

ဒီတာဝန်ကို ထမ်းရွက်နေတဲ့အခါမှာ မင်းရဲ့ပုခုံးပေါ်မှာ မြန်မာပြည်တစ်ခုလုံးရောက်နေတယ်လို့ သဘောထားရမယ်၊ မင်းရဲ့ အောင်မြင်ခြင်းဟာ တိုင်းပြည်ရဲ့အောင်မြင်ခြင်းပါပဲ၊ ရဲတိုက်ထဲကို ရောက်နေတဲ့ လျှို့ဝှက်ရဲဘော်သုံးဦးကို ကယ်ထုတ်နိုင်ရင်၊ ကို့ဆောင်ရွက်နေတဲ့ တော်လှန်ရေးကြီး တစ်ဝက် အောင်မြင်ပြီလို့ ပြောလို့ရနိုင်တယ်၊

အောင်မြင်သောနေ့ရောက်ရင်တော့ မောင်ရင့်ကို လိုက်ထိုက်တန် တန် ဂုဏ်ပြုပါမယ်ကွယ်"



အပြင်သို့ရောက်လာသောအခါ ဦးသီလနှင့် စိုင်းနောင်တို့က ဝမ်းသာဂုဏ်ယူစွာ လက်ဆွဲနှုတ်ဆက်ကြလေ၏။

"မောင်ရင့်အတွက် ဂုဏ်ယူပါတယ်၊ ဒီလောက်အရေးကြီးပြီး သက်စွန့်ဆံဖျားလုပ်ငန်းကြီးကို မောင်ရင့်ကို ရွေးပြီး တာဝန်ပေးတာတော့ ဘိုမှူးရဲ့ စိတ်ကူးမှန်မြန်ပြီလို့ ဆိုရမယ်၊ ဘာဖြစ်လို့လည်းဆိုတော့ မောင်ရင်ဟာ ဒီတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ကျုပ်တို့က ယုံကြည်နေမိပါ တယ်"

"ကျွန်တော်အတွက် အခုလို အားပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်နဲ့အတူ တာဝန်ထမ်းဆောင်ခွင့်ရတဲ့ ဦးစိုင်းနောင်အတွက်လည်း ဂုဏ်ယူပါတယ်"

ကျုပ်အတွက်ကတော့ စိတ်ချထားပေတော့ မောင်ကျော်စွာရေ၊ ကျုပ်ကတိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ပေးထားပြီးသားဗျ၊ လွတ်လပ်ရေးအတွက်၊ နယ်ချဲ့တွေကို တွန်းလှန်တိုက်ထုတ်ဖို့အတွက် အရိုးကြေကြေ၊ အရေခန်းခန်း ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားတာပဲ"

ကျော်ယောက်ျားတစ်ယောက် လက်ဆွဲနှုတ်ဆက် လိုက်ကြလေ၏။ သူတို့သည် တစ်ဦးနှင့်တစ်ဦး လေးစားရယ်

www.burmeseclassic.com

www.burmeseclassic.com



မောမော စကားပြောရင်း လျှောက်လာကြရာ ရွက်ဖျင်တဲ၊ ယာယီတဲများထဲမှာ တပ်သားအမြောက်အမြားကို တွေ့မြင်ကြရလေ၏။

ရွက်ဖျင်တဲတစ်လုံးအနီးသို့ ရောက်အလာတွင် တဲအတွင်းမှ ငုံ့ထွက်လာသော လူတစ်ယောက်နှင့် ပက်ပင်းတိုးလေတော့သည်။ အလင်းရောင်ဖြင့် ထိုသူမျက်နှာကို မြင်လိုက်ရသောအခါ ကျော်စွာသည် အလွန်အံ့သြသွားမိလေတော့သည်။

ထိုသူကား အခြားမဟုတ်၊ ဆရာကြီးမဟိန္ဒ ကျောင်းဝင်းထဲတွင် သူနှင့်ဓါးချင်းယှဉ်ပြိုင်ရင်း အရေးနိမ့်သွားသော 'သူရထွန်း' ပင်ဖြစ်ပေ၏။

သူရထွန်းကလည်း မမျှော်လင့်သော နေရာတွင် ကျော်စွာကို မြင်လိုက်ရသောကြောင့် အံ့သြစွာကြည့်နေလေ၏။ ထို့နောက် ဘာမျှမပြောဘဲ မျက်နှာလွှဲ၍ ဆက်လျှောက်သွားလေသည်။

သူ၏ မျက်နှာပြင်ပေါ်၌ မနာလိုဝန်တိုမှု၊ ကျော်စွာအပေါ် စက်ဆုပ်မုန်းတီးမှုများက အထင်းသားပေါ်လွင်နေပေ၏။



နောက်ရက်များတွင် စခန်းတွင် ရောက်နေကြသော ကျော်စွာနှင့် ဦးစိုင်းနောင်တို့သည် တပ်စခန်းအသီးသီးတွင် ရှိနေကြသော တပ်သားများကို ဓါးရေးလှံရေးများကို လေ့ကျင့်သင်ကြားပေးရလေ၏။

ဦးစိုင်းနောင်ကလည်း သူတတ်ကျွမ်းသော သေနတ်ပစ်ခတ်မှုများ၊ ယမ်းဖောက်ခွဲမှုများကို လေ့ကျင့်သင်ကြားပေးရုံမက၊ စခန်းတွင်ရှိသော သေနတ်များ၊ အမြောက်ကြီးများ၊ ခဲယမ်းလက်နက်များကို ပျက်စီးချို့ယွင်းမှုများမရှိစေရန် ပြုပြင်ပေးရလေ၏။

လက်နက်များ၊ အမြောက်ကြီးများကို လေ့ကျင့်စမ်းသပ်ရာတွင် ဟူးကောင်းတော်ကြားတဝိုက်သည် လုံခြုံမှုနှင့် စိတ်အချရဆုံး ဖြစ်ပေတော့သည်။

တစ်နေ့သောအခါ ကျော်စွာရှိရာသို့ ဦးစိုင်းနောင် ရောက်လာလေသည်။ သူ၏ အမူအယာမှာ ရွှင်လန်းတက်ကြွလျက်ရှိနေလေသည်။

"အလို၊ ဦးစိုင်းပါလား။ အမူအယာကလည်း ရွှင်လန်းတက်ကြွနေပါလား။ တစ်ခုခုတော့ အခြေအနေထူးပြီထင်ပါ့၊"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တာပေါ့ မောင်ကျော်စွာရာ၊ အခုတစ်မှူးက ကျုပ်တို့နှစ်ယောက်ကို အပန်းလည်းဖြေရင်း သီးသန့်တာဝန်တစ်ခုပေးမလို့ ခေါ်ခိုင်းလိုက်သဗျ"

ဘယ်တော့လဲ ဦးစိုင်း"

"အခုပဲ သူနဲ့လာတွေ့ရမတဲ့ဗျား"

သို့ကြောင့် ကျော်စွာသည် လုပ်လက်စအလုပ်များကို ရပ်တန့်ကာ ဦးစိုင်းနောင်နှင့် အတူထွက်လာခဲ့လေသည်။

တစ်မှူးနေသူရိန်က ရှက်ဖျင်တဲတစ်လုံးအတွင်းမှ သူတို့ အားစောင့်ကြိုနေလေ၏။

"ကိုင်း ၊ထိုင်ကြပေရော့၊ မင်းကိုခေါ်ရတာ အကြောင်းရှိတယ် မောင်ကျော်စွာ၊ မင်းတို့နှစ်ယောက် ဗိုင်းပွန်ရဲတိုက်က အကျဉ်းသားတွေကို သွားရောက်မကယ်ခင်မှာ အခုအရေးပေါ်ခရီးတစ်ခု သွားရမယ်ကွယ့်"

"ဟုတ်ကဲ့ပြောပါတစ်မှူး"

" ဒီနေ့ညမှာ စပ်ဖလုံနယ်စားကြီး တစ်ဦးဟာ ကြီးကျယ်ခမ်းနားတဲ့ ဧည့်ခံပွဲကြီးတစ်ခု ကျင်းပပြုလုပ်လိမ့်မယ်၊ အခုလို ထိုင်းရေပြည်ခရ၊ ရှယ်ဇဗွားရေချိန်မှာ နယ်စားကြီးဟာ အကြောင်းမဲ့ကော့ ဒီလိုလုပ်လိမ့်မယ်လို့ ကျွန်တော်



ဘူး၊ သူ့မှာ တစ်စုံတစ်ခုအကြောင်းတော့ ရှိလိမ့်မယ်၊

အဲဒီပွဲကို နေရာအနှံ့အပြားက နယ်စားတွေ၊ စော်ဘွားတွေ၊ နယ်ချဲ့လက်ပါးစေတွေ၊ သူလျှိုတွေ၊ မျိုးချစ်တပ်သားတွေဟာ နည်းအမျိုးမျိုး၊ အသွင်သဏ္ဌာန်အမျိုးနဲ့ ရောက်လာကြလိမ့်မယ်"

ကျော်စွာနှင့် ဦးစိုင်းနောင်တို့မှာ စိတ်ဝင်စားစွာဖြင့် နားထောင်နေကြလေ၏။

"ဒီပွဲကို [illegible]ဆိုက အတွင်းလူတွေလည်း တက်ကြလိမ့်မယ်၊ ဒီလိုသိရတာလည်း၊ သူတို့ဆီကသတင်းတိတိကျကျ ရထားလို့ အခုလို စီစဉ်ရတာဘဲ၊

ဒီပွဲကို တက်ရောက်ဖို့ ဒီကလွှတ်ထားတဲ့လူတစ်ယောက် လည်းရှိတယ်၊ သူကတော့ ဒို့ဆီမှာရောက်နေတဲ့ အဲဒီနယ်စားကြီးရဲ့ သားတစ်ယောက်ဘဲ"

ထိုစကားကို ကြားရသော်လည်း မည်သူမည်ဝါဖြစ်မည် ကို မခန့်မှန်းနိုင်ကြပေ။

"မောင်ရင်တို့က မထင်မရှားအသွင်နဲ့ ဒီပွဲကို အရောက်သွားပြီး ရနိုင်သမျှ သတင်းအချက်အလက်တွေကို စုံစမ်းယူရမယ်၊ အဲဒီမှာ လူစုံရောက်ကြမှာဆိုတော့ သတင်း

www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံကြားရနိုင်တယ်၊ တို့တစ်တွေအတွက် တန်ဘိုးမဖြတ်နိုင်တဲ့ သတင်းတွေ အဲဒီက ရနိုင်တယ်၊

ဒီထွေ့ဏ်ကံကောင်းရင်တော့ မိုင်းပွန်က အကျဉ်းသားတွေနဲ့ ပက်သက်တဲ့ လျှို့ဝှက်သတင်းတွေ ရနိုင်တယ်၊ နောက်တစ်ချက်က အဲဒီစော်ဘွားကြီးဆီမှာ အလွန်ချောမောလှပတဲ့ သမီးတော်တစ်ပါးရှိတယ်၊ ကံကောင်းရင်တော့ မောင်ရင်တို့ စော်ဘွားကြီးရဲ့ သမီးတော်ကို တွေ့ခွင့်ရနိုင်မယ်"

တပ်မှူးပြောပြသော စကားများအနက် ထိုစကားသည်လည်း လွန်စွာစိတ်ဝင်စားဖွယ်ရာ ကောင်းသောအကြောင်းတစ်ခုဖြစ်ပေတော့သည်။

"ပွဲက ဘယ်တော့မှာလဲ တပ်မှူး ကျွန်တော်တို့က ဘယ်အချိန် ခရီးဆက်ကြရမလဲ"

"ပွဲက ဒီနေ့ညမှာ မင်းတို့က စီစဉ်စရာရှိတာတွေကို ချက်ချင်းစီစဉ်ပြီး ထွက်ကြပေရော့၊ အစစအရာရာ ပိပိရိရိတော့ ရှိပစေနော် မောင်ကျော်စွာ"

"စိတ်ချပါတပ်မှူး"

ကျော်စွာနှင့် ဦးစိုင်းနောင်တို့သည် တပ်မှူးရှေ့မှ ထွက်လာခဲ့ကြပြီး ခရီးထွက်ရန် ပြင်ဆင်ကြလေသည်။



ထိုသို့ပြင်ဆင်နေစဉ် ကျော်စွာသည် သူ၏အိတ်အတွင်း၌ တရိုတသေ သိမ်းဆည်းထားခဲ့သော အသည်းပုံငွေကျုတ်ဆွဲပြားလေးကို ထုတ်ကြည့်မိလေ၏။

အတွင်းမှ လှပချောမွေ့သော မိန်းမပျို၏ ရုပ်ပုံလွှာက တစ်ကြိမ်ကြည့်မိရုံဖြင့် တစ်သက်မမေ့နိုင်အောင် ရှိပြီး အပြုံးလေးများကလည်း ဆွဲဆောင်မှုရှိလှပေသည်။

ထိုငွေကျုတ်ကလေးကား ဆရာကြီးမဲဟိန္ဒမြိုင်းထဲတွင် သူရထွန်းနှင့် ဓါးချင်းယှဉ်ခဲ့စဉ်က အမှတ်မထင်ရရှိခဲ့ခြင်း ဖြစ်ပေသည်။

ကျော်စွာသည် ရုပ်ပုံလွှာပါသော အသည်းပုံငွေကျုတ်အလေးကို ကတ္တီပါအိတ်ကလေးထဲထည့်ကာ မိမိအိတ်ထောင့်တွင်းထည့်ထားလိုက်လေသည်။

သူသည် ရှမ်းဘောင်းဘီ၊ ကိုယ်ကျပ်အင်္ကျီကိုဝတ်ကာ. လည်ကုပ်အထိဝဲကျနေသော ဆံပင်များကိုနောက်တွင် စည်းနှောင်ထားလေရာ ဖြူဝင်းသော အသားနှင့်ယောကျ်ားပီသသော မျက်နှာပြင်မှာ အထင်းသားပေါ်လွင်နေတော့သည်။

ကြက်သွေးရောင် ကိုယ်ကျပ်အင်္ကျီနှင့် ဘောင်းဘီကိုဝတ်ဆင်ထားရာ ယောကျ်ားတစ်ဦး၏ ကြံ့ခိုင်သန်စွမ်းမှု၊

www.burmeseclassic.com

www.burmeseclassic.com



ကျစ်လစ်သော ခန္ဓာကိုယ်အချိုးအစားမှာ တင့်တယ်စွာ ပေါ်လွင်လျက်ရှိလေသည်။

ခါးတွင် ပုဝါအနက်စတစ်ထည်ကို စည်းထားပြီး ကျောတွင် အလျားကောင်းသော ဓါးတစ်လက်ကို လွယ်ထား လေသည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ နှစ်ဦးသား မြင်းကိုယ်စီနှင့် စစ်ဖလုံနယ်ဘက်သို့ ဦးတည်၍ ထွက်ခဲ့ကြ လေသည်။ စစ်ဖလုံနယ်ကား ဖွားကောင်းတောင်ကြား ဒေသနှင့် မဝေးလှတဲ့ စစ်ဖွေယ်လုံတောင်တန်းကြီး၏ တောင် ခြေတစ်နေရာတွင် ရှိလေသည်။

သူတို့နှစ်ဦးမှာ မြင်းများကို အသားကျစီးလာကြရင်း မကြာခင် စစ်ဖလုံနယ်တွင်းသို့ ရောက်လာကြလေရာ တစ်နေရာတွင် ရပ်လိုက်ကြလေသည်။

"ဦးစိုင်းရေ တပ်မှူးပြောလိုက်တဲ့ စကားထဲမှာ ကျွန်တော်တို့ဆီက လူတစ်ယောက် အဲဒီကိုကြိုလွှတ်ထား တယ်လို့ ပြောလိုက်တယ်၊ အဲဒါဘယ်သူများ ဖြစ်မလဲ မသိ ဘူးဗျနော်"

"ဒါလည်းဘယ်သိပါ့မလဲ မောင်ကျော်စွာရဲ တပ်မှူး က အလုပ်လုပ်တဲ့နေရာမှာ အစစအရာရာ စေ့စပ်သေချာတာ မင်းလည်းအသိဘဲဟာ၊ ကိုင်း... အချိန်မရှိဘူး။ မြို့ထဲဝင်ကြ



ရအောင်ဟေ့"

နှစ်ယောက်သား မြို့တွင်းသို့ ဝင်လာကြလေသည်။ မြို့တွင်းအနှံ့အပြားတွင် လူမျိုးစုံတို့ ဥဒဟိုသွားလာ လှုပ်ရှား လျက်ရှိနေကြသည်။

လူအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုးနှင့် တွေ့နေရသော် လည်း မူလရုပ်သွင်များမဟုတ်ကြောင်းကို အကဲခတ်ကြည့် ရှင်းသိနိုင်လေ၏။

ထိုအထဲတွင် မျက်နှာဖြူအမျိုးကိုပါ တွေ့ရလေလျှင် အံ့သြကြရလေသည်။ ညည်ခံပွဲများကျင်းပရာမှာ နယ်စားကြီး၏ ဟော်နန်းအနီးတွင်ဖြစ်လေရာ မြင်းများကို တစ်နေရာတွင်လျှို ဝှက်သိမ်းဆည်းခဲ့ပြီး ထိုနေရာရောက်အောင်သွားကြလေ သည်။ ဟော်နန်းအနီးတွင် မီးတိုင်များထွန်းညှိထားရာ နေ့နှင့် မခြား အလင်းရောင်များရှိနေသောကြောင့် ပတ်ဝန်းကျင်ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။

ထိုနေရာရောက်လျှင် ကျော်စွာနှင့်ဦးစိုင်းနောင် တို့သည် လူစုခွဲလိုက်ကြလေသည်။

ကျော်စွာသည် ခါးမှ ပုဝါကိုဖြုတ်၍ နဖူးတွင်အုပ်စည်း ကာ ရုပ်ဖျက်လိုက်လေသည်။ ပြီးနောက် ဟော်နန်းရှိရာဘက် သို့ ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော်နန်းအနီးဟဝိုက်မှာ လူအစည်ကားဆုံ
ဖြစ်သည်။ သူသည်လူအုပ်ထဲတွင် ထူးခြားမှုများ
သတိထားလျှောက်ရင်း ဟော်နန်းနောက်ဖက်ရှိ ရေကန်ရှိ
ဘက်သို့ ရောက်လာလေသည်။ ထိုနေရာတဝိုက်တွ
မီးရောင်ရှိသော်လည်း အမှောင်ရိပ်တချို့က ဖုံးအုပ်ထ
လေသည်။

လူသွားလူလာ အတန်ငယ်ရှင်းသော နေရာလည်
ဖြစ်ပေ၏။ ကန်ဘောင်၏ တစ်ဘက်ကုန်းမြင့်တစ်နေရာတွ
မိမိချစ်သူများနှင့် လွတ်လွတ်လပ်လပ် လောကကြီးကို မေ့
သူအချို့ကို လှမ်းမြင်နေရလေရာ သက်ပြင်းတစ်ချက်ချ
ထိုနေရာမှ လှည့်ထွက်လာလေရာ ကန်တစ်ဖက် လမ်းကျ
တစ်နေရာသို့ ရောက်လေလျှင် မျက်နှာချင်းဆိုင်မှ လျှော
လာသော မိန်းမပျိုတစ်ဦးကို မြင်ရသဖြင့် အနီးသို့ရောက်သေ
အခါ ကျော်စွာက သွားသာရန် လမ်းဖယ်ပေးလိုက်လေ
သို့စေကာမူ ထိုအမျိုးသမီးက ရှေ့ဆက်မသွား
ကျော်စွာအနီးတွင် ရပ်တန့်လိုက်သောကြောင့် မော့ကြည်
လိုက်သည်။ သို့စေကာမူ အမှောင်ရိပ်ဖုံးကွယ်ထားသေ
ကြောင့်သော်လည်းကောင်း။



အမျိုးသမီး၏ မျက်နှာပေါ်၌ ဇာပုဝါတစ်ခု ဖုံးထား သောကြောင့် မည်သူမည်ဝါမှန်း အကဲခပ်မရနိုင်အောင် ရှိနေတော့သည်။

ကျော်စွာက အမျိုးသမီးကို ရှောင်၍ ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်သောအခါ . . .

"မောင်ကျော်စွာ"

"ဟင်"

ကြားဖူးခဲ့သော အသံပေမို့ အံ့သြစွာလှည့်ကြည့်လိုက် လေ၏။ အမျိုးသမီးက မျက်နှာပြင်ပေါ်မှ ဖုံးထားသော ဇာပုဝါကို အသာဖယ်ပစ်လိုက်လေသည်။

"အလို မမနန်းကေခိုင်ပါလား"

"ဟုတ်ပါသတဲ့ရှင်၊ မောင်လေးက မမကိုတော့မှတ်မိ နေသေးသားဘဲ၊ တော်သေးတာပေါ့ကွယ်၊ မမကမေ့ပစ်လိုက် ပြီတောင်ထင်နေတာ"

"ကျွန်တော့်ဘဝရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ မမနန်းကေခိုင် ကို ဘယ်တော့မှ မမေ့ပါဘူးဗျာ"

"ဒီလိုဆိုတော့လည်း ဝမ်းသာစရာပေါ့ကွယ်"

နန်းကေခိုင်က ကျေနပ်စွာပြုံးရင်း ကျော်စွာလက်ကို ဆွတ်ကာနဲ ဖမ်းလိုက်ပြီး နီးကပ်စွာ ရပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့မမကြားမှာ မမေ့နိုင်စရာကောင်းတဲ့ အကြောင်းလေးတွေရှိနေတာကို မင်းလည်း သတိရနေမှာပါ။ မမကတော့ မင်းကိုတစ်နေ့မှ မမေ့ပါဘူး။ မင်းရဲ့ တိုးတက် အောင်မြင်တဲ့ သတင်းကောင်းတွေကို အမြဲစုံစမ်းနားစွင့် နေတယ်ဆိုရင် မင်းယုံမလား မောင်ကျော်စွာ"

ကျော်စွာမှာ ယခုထက်တိုင်ကြောင်၍ ရပ်ကြည့်နေဆဲ ဖြစ်၏။ ယခုလိုနေရာမျိုးတွင် နန်းကေခိုင်ကို တွေ့မြင်ရ သောကြောင့် စိတ်တွင်းမှ အံ့သြနေမိလေသည်။

နန်းကေခိုင်ကတော့ ကျော်စွာ၏ လက်မောင်း တစ်ဖက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားလေ၏။

"ကျွန်တော်လည်း မမကို သတိရပေမယ့် တာဝန် တွေနဲ့ မအားလပ်လို့ မမဆီကို မရောက်နိုင်တာပါ၊ လူက မရောက်ပေမယ့် စိတ်ကတော့ အမြဲသတိရနေပါတယ်"

နန်းကေခိုင်ထံမှ ကြည်နူးသာယာဘွယ်ကောင်းသော ရယ်မောသံကလေးများ ထွက်ပေါ်လာလေသည်။

"မမကတော့ မင်းကို အမြဲအမှတ်ရနေတာဘဲ၊ ဟဲ တွေ့တဲ့အခိုက်လေး ပျော်ပျော်ပါးပါးလေး နေလိုက်ကြ အောင်၊ တာဝန်တွေကို ခဏလေးဘေးမှာ ထားလိုက်ကြ အောင်နော်၊ မမရဲ့ အထီးကျန်ဆန်တဲ့ ဘဝတွေကို မင်းညှာ



ဘော့ဘူးလားဟင်"

ထိုသို့ပြောရင်း နန်းကေခိုင်က ကျော်စွာရင်ခွင်ထဲ တိုးဝင်လာရင်း သိုင်းဖက်ထားလေရာ ကျော်စွာအဖို့ မလှုပ်သာ အောင်ရှိနေတော့သည်။

သူတို့နှစ်ဦး ရပ်နေရာမှာ ချောင်ကျ၍ အမှောင်ရိပ် သန်းနေသဖြင့် လူသွားလူလာ နည်းနေပေ၏။ ပတ်ဝန်းကျင်မှ ဆူညံမှုများက လေနှင့်အတူ ဝေ့ပါလာတတ်သေး၏။ တစ်ခါ တစ်ရံ ထိုနေရာသို့ ရောက်လာကြသူများမှာလည်း ကိုယ့်အတွဲ နှင့်ကိုယ်ပေမို့ တစ်ဦးနှင့်တစ်ဦး သတိမပြုမိဘဲ ရှိနေတော့ သည်။

ကျော်စွာအဖို့ နန်းကေခိုင်နှင့် တွေ့ရပြီးနောက် သူမ ၏ မာယာညှတ်ကွင်းထဲ၌ တိုးဝင်မိရင်း စွဲမက်ဖွယ်ရာကောင်း သောအနမ်းများ၊ အတွေ့အထိများကြောင့် တစ်ခါတစ်ခါ သတိလက်လွှတ်ဖြစ်လုမတတ် ရှိလေတော့သည်။ သို့စေကာ မူ မျက်စေ့နှင့် နားကိုဖွင့်၍ သတိကြီးစွာ ထားနေရလေ၏။

ယခုလိုအချိန်မျိုးတွင်၊ သည်နေရာမျိုးတွင် နန်းကေခိုင် နှင့် ဆုံတွေ့ရခြင်းမှာ မိမိတာဝန်အတွက် တစ်စုံတစ်ခုအနှောင့် အယှက်ဖြစ်နိုင်သည်ဟုတော့ တွေးမိသဖြင့် ထိုသို့သတိထား

www.burmeseclassic.com

www.burmeseclassic.com

နေခြင်းဖြစ်ပေသည်။

ထိုအချိန်တွင် ပန်းခြံအတွင်းသို့ ခေါင်းကိုပုဝါဖြင့် ဖုံးထားသော မိန်းကလေးတစ်ဦး ဝင်လာသည်ကို တွေ့လိုက်ရသဖြင့် နန်းကေခိုင်သည် ကျော်စွာရင်ခွင်တွင်းမှ လူးလဲထကာ ''မောင်လေး ခဏနေဦးနော်'' ဟုဆိုကာ ထိုအမျိုးသမီးရှိရာသို့ ခပ်သုတ်သုတ်ထွက်သွားလေတော့သည်။

သူတို့နှစ်ယောက်သည် မှောင်ရိပ်ကွယ်တစ်နေရာတွင် ရပ်၍ တစ်စုံတစ်ခုကို ပြောဆိုနေကြသည်ကို ကျော်စွာ လှမ်းမြင်နေရလေရာ အခွင့်အရေးကို လက်လွှတ်မခံတော့ဘဲ ထိုနေရာမှ အသာထွက်ခဲ့လေတော့သည်။

စိတ်တွင်းမှလည်း ''ပဟေဠိဆန်လွန်းလှပါလား မမနန်းကေခိုင်ရယ်'' ဟု ရေရွတ်နေမိလေသည်။

သူထွက်သွားပြီးမကြာမီ ပန်းခြံတွင်းသို့ လက်နက်ကိုင်ထားသော မျက်နှာဖြူစစ်သားအချို့ ဝင်ရောက်လာသည်ကိုတော့ ကျော်စွာ မသိလိုက်တော့ပေ။

ကျော်စွာသည် ရေကန်အနောက်ဖက် အမှောင်ရိပ်များ အတိုင်းပတ်ကာ ဟော်နန်းအနောက်ဖက်သို့ ရောက်အောင် လျှောက်လာခဲ့လေသည်။ ထိုနေရာတွင် မီးရောင်



ချို့ရှိသော်လည်း လူသွားလူလာရှင်းနေသည်။

အစောင့်အချို့ရှိသော်ငြားလည်း သေရည်သောက်စားဟန်ဖြင့် ခေါင်းငိုက်စိုက်ကျနေကြလေသည်။

ထိုအချိန်တွင် ပန်းခြံဘက်မှ နယ်ချဲ့စစ်သားအချို့ ရှိ ရာဘက်သို့ လျှောက်လာသည်ကို တွေ့လိုက်ရသဖြင့် ချိန်ဆွဲမနေတော့ဘဲ ဟော်နန်းကြီးအတွင်းသို့ ဝင်ရောက်ခဲ့ရလေသည်။

စပ်ဖလုံနယ်စားကြီး၏ ဟော်နန်းခန်းမဆောင်ကြီးမှာ ပြင်ဘက်မှ ကြည့်သည်ထက် အတွင်းရောက်သောအခါမှ ကြီးကျယ်ခမ်းနားသည်ကို တွေ့ရလေသည်။

အဖိုးတန် အသုံးအဆောင်ပစ္စည်းများဖြင့် တန်ဆာဆင် ချယ်မှုန်းထားလေ၏။ မီးရောင်များဖြင့် တဖိတ်ဖိတ် လက်လက်တောက်ပနေတော့သည်။

သူသည် သေရည်မူးနေကြသော အစောင့်များကို မ်းရှောင်ရင်း အတွင်းပိုင်းဆီသို့ ရောက်လာလေတော့သည်။ ထိုအချိန်မှာ နယ်စားကြီးနှင့်အတူ အခြားဧည့်သည်များမှာ ဟော်နန်း၏ စကြံအတိုင်း လျှောက်လာကြသည်ကို မြင်သော အခါ သူသည်ပုန်းနေသော တံခါးပေါက်တစ်ခုထဲသို့ ဝင်သော

www.burmeseclassic.com

www.burmeseclassic.com



ကွေ့ဝင်လိုက်သည်။

ထိုအခန်းသည် အတန်ငယ်မှောင်နေသော်လည်း နံ့သာရနံ့များ ကြိုင်လှိုင်လျက်ရှိနေတော့သည်။ ကျော်စွာသည် အမှောင်ရိပ်ရှိသော ဒေါင့်ကွယ်တစ်နေရာတွင် အသာငြိမ်၍ နေလိုက်သည်။ လျှောက်လာသော ခြေသံများ၊ စကားသံများ ရပ်တန့်သွားလေ၏။ ကျော်စွာသည် ဓါးရှိုးပေါ်ကို လက်တင်ကာ သတိဖြင့် ငြိမ်နေလိုက်သည်။

မကြာမီတံခါးပွင့်လာပြီး လူရိပ်သဏ္ဍာန်တစ်ခု ဝင်လာပြီး တံခါးကို အတွင်းမှ ပိတ်လိုက်ရာ အခြားသူများက စကားပြောရင်း ရှေ့သို့ဆက်လျှောက်သွားကြလေသည်။

ခဏအကြာ မီးတိုင်တစ်ခုကို ထွန်းညှိလိုက်သောအခါ အခန်းတွင်းမှာ လင်းသွားလေတော့သည်။

ထိုအခါမှ အခန်းတွင်းဝင်လာသူမှာ မိန်းမပျိုတစ်ဦးမှန်း သိရပြီး တစ်ကိုယ်လုံးအဖိုးတန်ရတနာများ၊ အဝတ်တန်ဆာများ ဝတ်ဆင်ထားပြီး ဦးခေါင်းထက်တွင် ပုဝါပါးတစ်ခုကို လွှမ်းခြုံထားလေ၏။

မိန်းခလေးသည် မီးရောင်ဖြင့် တံခါးနားတွင် ရပ်နေသော ကျော်စွာကို မြင်တွေ့သွားသောအခါ အလန့်



တကြားအမူအယာဖြင့် ပါးစပ်ကို လက်ဝါးဖြင့်အုပ်ထား လိုက်သည်။

သူမ၏ မျက်လုံးများကမူ အံ့သြသော အမူအယာဖြင့် စူးစူးဝါးဝါးစိုက်ကြည့်နေလေသည်။

“မကြောက်ပါနဲ့၊ ကျွန်တော်လူကောင်း တစ်ယောက်ပါ၊ မျက်စေ့လည်ပြီး ဒီအထဲရောက်လာရင်း လူတွေဝင်လာတာတွေ့တာနဲ့ ဒီအခန်းထဲ ဝင်ပုန်းနေမိတာ ကျွန်တော့်ကို ခွင့်လွှတ်ပါ”

မိန်းကလေးက ကျော်စွာအမူအယာနှင့် ဟန်ပန်ကို အသေအချာ အကဲခပ်ကြည့်နေသည်။

“ရှင်ဘယ်သူလဲ”

“ကျွန်တော့်နာမည် ကျော်စွာပါ”

“ရှင်ဘယ်ကလာတာလဲ”

“ကျွန်တော် ဟူးကောင်းတောင်ကြားဘက်က ရွာတစ် ရွာကလာခဲ့တာပါ၊ ဒီကို တစ်ခေါက်မှ မရောက်ဘူးလို့ သာကြည့်တာပါဗျာ”

“ရှင်ဘာလုပ်စားသလဲ၊ ပြောပါဦး”

မိန်းကလေးက ချိုသာသောအသံဖြင့် တစ်ခွန်းချင်း မေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



''အဲ - ကျွန်တော့်အလုပ်ကတော့ သာမန်တောင်ယာ အလုပ်သမားတစ်ယောက်ပါ ခင်ဗျာ''

ထိုစကားကြောင့် မိန်းကလေးထံမှ 'ခစ်' ကနဲ ရယ်သံ တစ်ချက် ထွက်ပေါ်လာလေသည်။

''ရှင်က သာမန်အလုပ်သမားတစ်ယောက်လို့ ပြောပေမယ့် ရှင့်ပုံက အဲဒီလိုမတူဘူး၊ ကျွန်မကြားဖူး တာကတော့ ယောသိန္နီနယ်ဘက်မှာ အတော်ဆုံးဓါးသမား တစ်ယောက်ရှိတယ်လို့ သတင်းကြားရတယ်၊ ပြောပုံအရ ကတော့ ရှင့်ပုံနဲ့ အတော်တူတယ်၊

ရှင်ဟာ ဆရာကြီးမဟိန္ဒဆီကထွက်သွားတဲ့ အကောင်းဆုံးဓားသမား ကိုကျော်စွာတော့ မဟုတ်ပါဘူးနော်''

''မ... မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က တခြားပါ၊ ဒါထက်မိန်းကလေးက ဘယ်သူများလဲဗျာ''

မိန်းကလေးဆီက မပွင့်တပွင့်ပြုံးရင်း ...

''ကျွန်မနာမည် 'နန်းကလျာ' လို့ခေါ်တယ်၊ နယ်စား ကြီးရဲ့တစ်ဦးတည်းသော သမီးပေါ့''

''ဗျာ... နယ်စားကြီးရဲ့သမီးနန်းကလျာ ဟုတ်လား''

''ဟုတ်ပါတယ်ရှင်''

ထိုသို့ပြောပြီး မိန်းကလေးက ဦးခေါင်းထက်မှ



ပ်စကို အသာဖယ်ရှားလိုက်လေရာ ထိုအခါမှ လှပကျော့ရှင်း သော မျက်နှာလေးကို မြင်ရလေတော့သည်။

''အလိုတယ်လှတဲ့မိန်းကလေးပါလား၊ ငါသူ့ကိုဘယ် နေရာမှာတွေ့ဖူးပါလိမ့်''

ကျော်စွာ အပြေးအလွှားစဉ်းစားကြည့်သောအခါ အိတ်ဆောင်ထဲ၌လပေါင်းများစွာ တရိုတသေသိမ်းထား သော ငွေကျုပ်အတွင်းမှ ရုပ်ပုံလွှာကို မြင်ယောင်မိသော ကြောင့် ကဗျာကယာထုတ်၍ တိုက်ကြည့်လိုက်သည်။

ထိုအခါ အသည်းပုံကြုပ်အတွင်းမှ ရုပ်ပုံလွှာပိုင်ရှင်မှာ ခုမိမိရှေ့တွင် ရပ်နေသောမိန်းကလေးမှန်း သိရလေလျှင် ည်ဝမ်းသာစိတ်နှင့်အတူ စိုက်ကြည့်နေမိလေသည်။

နန်းကလျာက ကျော်စွာ့လက်တွင်းမှ အသည်းပုံငွေ ပြားလေးကိုမြင်လျှင် ကျော်စွာ့အနီးသို့ လျှောက်လာ သည်။

''ဒီပစ္စည်းလေးကို ရှင်ဘယ်ကရတာလဲဟင်''

ကျော်စွာမှာ သူရထွန်းနဲ့တွေ့ခဲ့ပုံမှ အစပြု၍ ထိုငွေပြား းကို အမှတ်မထင်ရရှိခဲ့ပုံကို ပြောပြလိုက်လေသည်။

နန်းကလျာက သူရထွန်းဟူသောအမည်ကို ားလိုက်ရသည်နှင့် ကျော်စွာ့ကို တစ်ချက်မော့ကြည့်

www.burmeseclassic.com



လိုက်သည်။

''ဒါဖြင့်ရှင်ဟာ ကျွန်မတို့ကြားဖူးထားတဲ့ ဓားသမား ကျော်စွာဆိုတာငြင်းဦးမလို့လား ကဲပြောစမ်းပါဦး''

''မငြင်းတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာနန်းကလျာနဲ့ အကြောက်အကန်ငြင်းခုံဖို့ မလိုလားပါဘူး။ အိမ်မက်ကိုအပြင်မှာ တွေ့ရသလိုပဲဗျာ''

''အို''

နန်းကလျာ၏ မျက်နှာနုနုလေးပေါ်မှာ ပန်းနုရောင်သန်း သွားလေတော့သည်။ ရှက်စနိုးအမူအရာဖြင့် ခေါင်းကိုငုံထားလေသည်။

''တကယ်တော့ ကျွန်တော့်ရင်ထဲမှာရှိတဲ့ စကားကို ဖွင့်ပြောလိုက်မိပေမယ့် ကျွန်တော့်လို အညာတြတစ်ဦး အနေနဲ့ အခုလိုစကားမပြောသင့်မှန်း နားလည်ပါတယ်၊

ဒါပေမယ့် အခုလို မမျှော်လင့်ပဲ ကျွန်တော့်ပြောချင်တဲ့ စကားကို ပြောခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်''

နန်းကလျာက ခေါင်းတစ်ချက် ပြန်မော့လာသည်။

''ကျွန်မကို ရှင်တွေ့ဖူးခဲ့တဲ့ မိန်းမတွေနဲ့ တတန်းထဲ မထားရင်တော်လှပါပြီရှင်၊ ရှင်ပြောတာတွေကို ကျွန်မကြားနေရတာ ဇာတ်လမ်းတစ်ပုဒ် နားထောင်နေရသလိုပါပဲ၊



တိုက်ဆိုင်တယ် ဆိုရင်တောင်မှ အလွန်တိုက်ဆိုင်ခဲ့တဲ့ အကြောင်းအရာတွေ ဖြစ်မှာပါပဲရှင်''

''ဟုတ်ပါတယ်၊ နန်းကလျာကို အခုလိုအပြင်မှာ တွေ့လိုက်ရတော့ အိမ်မက်ကိုအပြင်မှာ တွေ့လိုက်ရသလိုပါပဲ၊ အခုလိုဆုံတွေ့ရအောင် ဖန်တီးပေးတဲ့ 'သူရထွန်း' ကိုတောင် ကျေးဇူးတင်ရဦးမယ်''

''ဒါထက်သူရထွန်းက နန်းကလျာနဲ့ဘယ်လိုများ ပက်သက်နေပါလိမ့်၊ သိချင်လိုက်တာဗျာ''

''သိရပါတယ်ရှင်၊ ကိုသူရထွန်းက ကလျာတို့နဲ့ မောင်နှမ တစ်ဝမ်းကွဲတွေ တော်ကြပါတယ်၊

ဒါပေမယ့် သူကကလျာ့အပေါ်မှာ စိတ်ထား မမှန်ဘူးလေ၊ ဒါကြောင့်သူနဲ့ကင်းကင်းနေခဲ့တာပါ၊ ဒီရုပ်ပုံလွှာကိုလည်း သူ့ဆီကိုဘယ်လိုရောက်နေမှန်းတောင် မသိခဲ့ပါဘူး ခိုးယူထားတာဖြစ်မှာပါလေ''

သည်တော့မှ ကျော်စွာသက်ပြင်းတစ်ချက် ချလိုက်လေသည်။ ထို့နောက်ကျော်စွာက ငွေဆွဲပြားလေးကို နန်းကလျာဆီသို့ ပြန်ပေးလိုက်သည်။

''ကျွန်မပြန်မယူချင်တော့ပါဘူး၊ ရှင်နဲ့ထိုက်လို့ ရှင်ရခဲ့တာ၊ ရှင်ပဲ သိမ်းထားလိုက်ပါတော့ ကိုကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ချင်း ခင်မင်ကြတဲ့ အထိမ်းအမှတ် အဖြစ်ပေါ့"

"ကျေးဇူးတင်ပါတယ်ကလျာ"

"နောက်တစ်ကြိမ် ကလျာနဲ့ ပြန်တွေ့နိုင်ဘို့ ကျွန်တော် ကြိုးစားပါ့မယ်၊ ကဲကျွန်တော်သွားတော့မယ် ကလျာ"

ကျော်စွာကအနီးတွင် ရပ်နေသော နန်းကလျာ ဖြူသွယ်သော လက်ချောင်းကလေးတစ်ဖက်ကို ဖမ်းဆုပ်က မြတ်နိုးစွာနမ်းပြီးမှ အပြင်သို့ထွက်သွားလေသည်။

အခန်းတွင်း၌ ကျန်ရစ်ခဲ့သော နန်းကလျာအဖို့ မ စဖူးတုန်လှုပ်သောရင်ဖြင့် တစ်ကိုယ်တည်းလိုက်ဖိုစွာကျန် ခဲ့လေသည်။



အမှောင်ရိပ်တွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားသော ကျော်စွာအနောက်သို့ မျှော်ကြည့်ရင်းသက်ပြင်း လေး တစ်ချက် ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဧရာကောက်ရန်သူများ

စခန်းသို့ ပြန်ရောက်ခဲ့ပြီးနောက်တွင် ကျော်စွာမှာ မင်းသမီးလေး နန်းကလျာနှင့် ပက်သက်သော အကြောင်းများ ကို အတွေးမဆုံးအောင် ရှိနေတော့သည်။

နန်းကလျာ အကြောင်းနှင့်တဆက်တည်း စဖလုံနယ် စားကြီး အကြောင်းကိုသော်လည်းကောင်း၊ နန်းကလျာနှ အစ်ကိုတစ်ဝမ်းကွဲတော်ပြီး နန်းကေခိုင်နှင့် အဆက်အသွယ် ရှိပြီး ဗိုဗိုတို့စခန်းတွင်ရောက်ရှိနေသော သူရထွန်းအကြောင် များကို ဆက်စပ်၍ တွေးမဆုံးနိုင်အောင်ရှိတော့သည်။

သူရထွန်းသည် နယ်ချဲ့ဆန့်ကျင်ရေးအတွ တပ်မှူးနေသူရိန်နှင့် လာရောက်နေခြင်းမှာ သွေးရိုးသာမျ ဟုတ်ပါလေစဟု တွေးတောနေမိလေသည်။

မည်သို့ပင်ဆိုစေ ဗိုဗိုအားနန်းကလျာနှင့် ဆုံတွေ ရန် အစပျိုးပေးခဲ့သော သူရထွန်းကိုတော့ စိတ်တွင်



ကျေးဇူးတင်နေမိပေသည်။

ထိုအချိန်မှာ ဦးစိုင်းနောင်ရောက်လာလေသည်။

"ဘာတွေများ ဒီလောက်အစဉ်းစားလွန်နေတာလည်း ကောင်လေး၊ သိပ်လည်းတွေးမနေနဲ့ဦး။ တော်ကြာခေါင်းက အပင်တွေ ပေါက်ထွက်လာဦးမယ်၊

ကဲ... အဲဒီအတွေးတွေကို ဒီနေရာမှာ ခဏရပ်ထားခဲ့ ပေတော့၊လက်တွေ့လုပ်ရမယ့် အလုပ်တွေ လုပ်ကြစို့၊တပ်မှူး ကခေါ်နိုင်းလိုက်သဗျ၊

ကိုင်းအမြန်သွားကြရအောင်"

နှစ်ယောက်သား အလျင်အမြန်ထွက်လာခဲ့ကြသည်။

တပ်မှူးနေသူရိန် ရွက်ဖျင်တဲအတွင်းသို့ ရောက်လေ လျှင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော တပ်မှူးကို တွေ့မြင်ကြရလေသည်။

တပ်မှူးသည် အရေးကြီးသောကိစ္စအတွက် လေးလေး နက်နက်စဉ်းစားနေဟန်ရှိသည်။

သူတို့ကိုမြင်လျှင်ထိုင်နိုင်းပြီး တပ်မှူးကစားပွဲနောက် တွင် ဝင်ထိုင်လေသည်။

"အရေးတော်ပုံကခုတော့ ပေါ်လာပြီ မောင်ရှေ့ကျော်စွာ၊ မိုင်းပွန်ရဲတိုက်ထဲမှာ ဖမ်းဆီးခံထားရတဲ့ တို့လူ(၃) ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



မကြာခင် နေရာပြောင်းပစ်တော့မယ်လို့ နိုင်လုံတဲ့ အထောက်တော်တွေဆီက သတင်းရလာတယ်"

တပ်မှူးက စာရွက်လိပ်တစ်လိပ်ကို ထောင်ပြလေ၏။

"တို့က သတင်းရသွားတာကို သူတို့တန်ပြန်သတင်းရသွားတာလည်းဖြစ်နိုင်တယ်၊ ဒါမှမဟုတ် အတွင်းသစ္စာဖောက် တစ်ယောက်အတွက်ကြောင့်လည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ်လေ ဒီကိစ္စမှာတို့အက်က လက်ဦးဖို့က အရေးကြီးတယ်၊ ဒီတော့မင်းတို့ အခုချက်ချင်းပဲ ခရီးထွက်ကြရလိမ့်မယ်၊ ဘယ့်နှယ်လဲ မောင်ကျော်စွာ"

"ကောင်းပါတယ် တပ်မှူး"

အရေးတော်ပုံ အောင်မြင်ဖို့ ကျွန်တော်တို့အတွက် အချိန်အကန့်အသတ်မရှိပါဘူး။ တပ်မှူးခိုင်းတဲ့အတိုင်း ဆောင်ရွက်ဖို့ အဆင်သင့်ပါဘဲ"

"ကောင်းပြီ ...

အခုချက်ချင်းဘဲ စီစဉ်စရာရှိတာ စီစဉ်ပြီး မောင်ရင်တို့နှစ်ယောက်ခရီးစထွက်ကြရလိမ့်မယ်၊ အခုသွားရမယ့် ခရီးဟာ ပန်းခင်းထားတဲ့လမ်းကို လျှောက်ရတဲ့လမ်းမျိုး မဟုတ်ဘူး။

အလွန်ဘေးအန္တရာယ်များလိမ့်မယ်၊

မောင်ရင်တို့နှစ်ယောက်ဟာ ကျုပ်အလိုရှိတဲ့



အထောက်တော်သုံးဦးကို အကျဉ်းခန်းက ကယ်ထုတ်ပြီး ဘေးမသီရန်မခ ဒီကိုရောက်အောင်ခေါ်လာခဲ့ရမယ် ကြားလား"

"စိတ်ချပါ တပ်မှူး။ ကျွန်တော်တို့ကြိုးစားပြီး အောင်မြင် အောင်ဆောင်ရွက်ပါ့မယ်"

"အေးကွယ်၊ ဝမ်းသာစရာပေါ့ ... ကဲခရီးစဉ်အတွက် အသေးစိပ် တိုင်ပင်ကြရအောင်"

ထိုသို့တိုင်ပင်နေစဉ် လူရိပ်တစ်ခုသည် ရွက်ဖျင်တဲအနီးတွင် လျှို့ဝှက်စွာရပ်တန့်နားထောင်နေသည်ကို တပ်မှူးနှသူရိန်သတိထားမိလိုက်သည်။

ထူးခြားသောအကြည့်ကြောင့် ကျော်စွာကလည်း နောက်သို့ ဖျတ်ကနဲလှမ်းကြည့်လိုက်ရာ ရွက်ဖျင်တဲအနီးမှ ရုတ်တရက် လှည့်ထွက်သွားသော သဏ္ဍာန်တစ်ခုကို မသဲမကွဲ သတိထားလိုက်မိသည်။

ထို့နောက်တပ်မှူးက ပန်းချီကားဒေါင့်တွင် ရေးဆွဲထားသော လမ်းညွှန်မြေပုံနှင့် လိုအပ်သော ရိက္ခာ ငွေကြေးများကို ထုတ်ပေးလေသည်။

"မြန်မာနိုင်ငံ အလယ်ပိုင်းမှာရှိတဲ့ တော်လှန်ရေးအဖွဲ့ အထောက်တော်တစ်ယောက်ရောက် လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်မှာလည်း နယ်ချဲ့တော်လှန်ရေးတပ်ဖွဲ့ တွေဟာ အခြေအနေကောင်းနေကြတယ်၊

နယ်ချဲ့တွေဟာ ချင်းတွင်းနဲ့ စစ်တောင်းမြစ်တွေ အထက်ကိုမတက်နိုင်အောင် တားဆီးထားနိုင်ကြတယ် တက်လာသမျှအဖွဲ့တွေဟာလည်း အသေအကြေ အပျ အဆီးနဲ့ အထိနာနေကြတယ်၊

ဒီတော့ အဲဒီက အထောက်တော်တွေဆီက သတင်း အချက်အလက်တွေနဲ့ အထက်မြန်မာပြည်တစ်ပိုက်မှာလည် တော်လှန်ရေးတွေစလို့ရပြီ၊ ဒါကြောင့် ဒီအထောက်တေ သုံးဦးကို အသက်နဲ့ ကယ်လို့ရမှဖြစ်မယ်၊ သူတို့ဆီ အဖိုးတန်သတင်းစကား တွေဟာ တိုင်းပြည်အတွက် တော်လှန်ရေးအတွက်၊ ကျုပ်တို့ တမျိုးသားလုံးအတွက် အလွန်အရေးကြီးတယ်၊ ကိုင်း... ခရီးထွက်ဖို့ပြင်ကြပေတော့

ကျော်စွာနှင့် ဦးစိုင်းနောင်တို့ နှစ်ဦးသည် ခရီးထွက် ရာတွင်လိုအပ်သောပစ္စည်းများ၊ လက်နက်ရိက္ခာများ ယူဆောင်၍ လက်ရွေးစင်မြင်းနက်ကြီးများကို ရွေးချယ်ယူ မိုင်းပွန်မြို့ဘက်သို့ ဦးတည်၍ခရီးထွက်ကြလေသည်။

ထိုအချင်းအရာအားလုံးကို စောင့်ကြည့်နေသူနှစ်ဦး ကျော်စွာတို့နှစ်ဦး ထွက်သွားသည်နှင့် တစ်ဦးမှာ မခံချိမခံသာ



နှင့် တောက်တစ်ချက်ခေါက်လိုက်သည်။

"တောက် ရှိုင်းလိုက်လေကွာ"

ကျော်စွာဟာတို့ထင်တာထက်တောင် ပိုပြီးခြေသွက် နေသေးတယ်၊ အခုလည်းတပ်မှူးက အရေးကြီးတဲ့တာဝန် ပေးလိုက်တာဖြစ်မယ်၊

ဒီကောင်အတော်လူတွင်ကျယ်ကျနေတယ်၊

တစ်နေ့ကလည်း စစ်ဖလုံဟော်နန်း အတွင်းဆောင် ထဲပြီး သမီးတော်နန်းကလျာကို နှစ်ယောက်ချင်း ဝင်တွေ့သွား တယ်လို့ သတင်းကြားရတယ်၊

တောက်ရှိုင်းလိုက်လေကွာ၊

ငါချွဲလမ်းနှစ်သက်တဲ့ နန်းကလျာကိုများ ဒီကောင်က နာရာစစ စော်ကားသွားခဲ့တာ ငါလုံးဝမကျေနပ်နိုင်ဘူး။

"ယက္ခ"

ထိုအခါ ယက္ခဆိုသော လူကြမ်းကြီးက တားအိမ်မှ ဘေးရှိ ကိုဖြတ်ကနဲ ဆုပ်ကိုင်ရင်း မာန်ပါပါပြောလိုက်သည်။

"ဆရာ မုန်းတီးနေတဲ့ ဒီကောင်စုတ်ကို ကျုပ်ရှင်းပစ် ပေးပါမယ်၊ မပူပါနဲ့ အခုချက်ချင်းသူ့နောက်ကို ချက်ချင်း လိုက်ပြီး ဒီကောင်နဲ့ သူ့အဖော်ကိုသတ်ပြီး သူတို့ဆီပါသွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒိုက္ခာ၊ ရွှေ ငွေတွေကို ပြန်ယူလာပါ့မယ်၊ နောက်ပြီးတော့ ပုန်းအားပြဲတွေရဲ့ လက်ချက်လို့ ထင်အောင် ထင်ယောင် ထင်မှား လုပ်ပစ်ခဲ့ပါမယ်၊ မကောင်းဘူးလားဆရာ…''

ယက္ခက အားရပါးရပြောလိုက်သည်။

''ယက္ခရယ် . မင်းပြောတာကတော့ လွယ်လိုက်တာကွာ၊ မင်းကကျော်စွာကို အထင်သေးနေတာကိုး၊ ကျော်စွာဟာမင်း ထင်သလို သာမန်တားသမားတစ်ယောက် မဟုတ်ဘူးကွ၊ ဆရာကြီးမဟိန္ဒရဲ့ လျှို့ဝှက်တားကွက်တွေကို အကုန်ရထားခဲ့တဲ့သူသိရဲ့လားကွ၊ တားရေးမှာ အတော်ကျွမ်းကျင်တယ်၊ မပိုင်ပဲနဲ့ သွားစရင်မင်းခံလာရမှာပေါ့'' ဟုပြောရင်း တစ်စုံတစ်ခုကို စဉ်းစားနေလေ၏။

''ငါစဉ်းစားနေတာက တပ်မှူးက ဒီနှစ်ယောက်ကို ဘယ်လိုအထူးတာဝန်တွေ ပေးလိုက်တယ်ဆိုတာ ငါသိချင်နေတယ်၊အဲဒါကိုမင်းသိရဲ့လား''

ငါ့အထင်ပြောရရင်တော့ နန်းကေခိုင်ဆီက ရတဲ့သတင်း နဲ့ ဆက်စပ်ကြည့်ရင်တော့ ဒီကောင်တွေကို မိုင်းပွန်ကို လွှတ်တာလို့ငါထင်တယ်''

''မိုင်းပွန်ကို ဘာကိစ္စသွားကြတာလဲ ဆရာသမား''

''မိုင်းပွန်ရဲတိုက်ကြီးထဲမှာ အဖမ်းခံထားရတဲ့



အထောက်တော်သုံးယောက်ကို သွားကယ်ခိုင်းတယ်လို့ထင်တယ်၊ ဒါပဲဖြစ်ရမယ်၊ ဒါပဲဖြစ်ရမယ်ကွ၊ ဒီတော့ မိုင်းပွန်မြို့ရဲတိုက်ကြီးထဲမှာရှိတဲ့ အရေးကြီးတဲ့ အထောက်တော်တွေကို ကယ်တင်ဖို့ တပ်မှူးနေသူရိန်က လူနှစ်ယောက်လွှတ်လိုက်တယ်ဆိုတဲ့ သတင်းကို မိုင်းပွန်မှာ ရှိတဲ့ ဒို့လူတွေဆီကို ကြိုတင်အကြောင်းကြားရင်ကောင်းမယ်''

''ဒါမှဒီကောင်တွေ မြို့ထဲဝင်တာနဲ့ ဆီးဖမ်းလိုက်ကြမှာကွ''

''ဒီနည်းနဲ့ဒီကောင်တွေ ကောင်းကောင်းဒုက္ခရောက်သွားနိုင်တယ်၊ မျက်နှာဖြူစစ်သားတွေက ဖမ်းမိသွားရင်ရှေ့မလှ ညှင်းပန်းနှိပ်စက်တာကို ခံရပြီးသတ်ပစ်မှာ သေချာတယ်၊ ကဲ ယက္ခ …မင်းငါပြောတာကို သေသေချာချာနားထောင်စမ်းပေါ့''

''ဟုတ်ကဲ့ပြောပါဆရာ''

''မင်း အခုချက်ချင်း မိုင်းပွန်ကို အရောက်သွားပြီး ဒီသတင်းကို မိုင်းပွန်ကတပ်တွေကို အမြန်ဆုံး အကြောင်းကြားပေတော့၊

ဒီသတင်းကို အကြောင်းကြားရင် မင်းကိုဟိုကလူတွေ ဆုငွေကောင်းကောင်းပေးမှာ သေချာတယ်၊ ဘာကယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အရေးတော်ပုံ အောင်မြင်လာရင် ငါကလည်းဆုငွေကောင်းကောင်းပေးမယ်ဟေ့၊ ဘယ်နှယ့်လဲ"

"စိတ်ချစမ်းပါ။ ဆရာ့တပည့်ဘယ်လောက် လက်စွမ်းထက်တယ်ဆိုတာ ဆရာလည်းအသိသားနဲ့၊ အခွင့်အရေးသာရင်လမ်းမှာ အပြတ်ရှင်းခဲ့ပါ့မယ်၊ စိတ်အေးအေးသာနေခဲ့ပေတော့"

ထို့နောက်ယက္ခသည် လက်ရွေးစင်တပည့် အချို့ကိုခေါ်ဆောင်ပြီး ကျော်စွာတို့နောက်သို့ ထပ်ချပ်မခွာလိုက်ကြလေတော့သည်။

ရှေ့မှ ခရီးဆက်သွားခဲ့ကြသော ကျော်စွာနှင့်ဦးစိုင်းနောင်တို့ တောလမ်းတောင်လမ်းများကို ကျော်ဖြတ်ကာခရီးပြင်းနှင်လာခဲ့ရာ လမ်းခုလပ်တစ်နေရာသို့ ရောက်လျှင်လမ်းဘေးတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်ကို မြင်ရလေသည်။

ထိုဆိုင်ကလေး၏ နောက်ဖက်တွင် မြင်းစောင်းတစ်ခုလည်းရှိလေသည်။

လမ်းခုလပ်နေရာတွင် ဖွင့်လှစ်ထားသောကြောင့်ဆိုင်မှာအတော်ကြီးမားပြီး ဝင်ရောက်စားသောကသူများလှပေသည်။



ကျော်စွာတို့နှစ်ယောက် မြင်းပေါ်မှဆင်းလိုက်သည်နှင့်ဆိုင်တွင်းမှ အသက်နှစ်ဆယ်ဝန်းကျင် ချောမောသောမိန်းကလေးတစ်ဦး ထွက်လာပြီး ပျူငှာစွာကြိုဆိုလေ၏။

"လာကြပါရှင်၊ အထဲဝင်ကြပါ။ ဆိုင်တွင်းမှာမောင်ကြီး တို့လိုချင်တာ အကုန်ရနိုင်ပါတယ်ရှင်"

"အလို . . . တယ်ဟုတ်ပါလားကွ၊ အခုတို့ခရီးပြင်းနှင်လာရင်း မြင်းတစ်ကောင်က ခြေခေါက်နာသွားလိုကအဲဒါ မြင်းတစ်ကောင်လောက်လဲပေးနိုင်မလား၊ မင်းတို့ကောင်းသလောက်ပေးပါ့မယ်"

ကျော်စွာက ခါးတွင်ချိတ်ဆွဲထားသော ရွှေဒင်္ဂါးအိတ်ကို လက်ဖြင့် အသံမြည်အောင်ပုတ်ပြရင်း ပြောလိုက်သည်။

ညို့ကြိုမိန်းကလေး အိတ်တွင်းမှရွှေဒင်္ဂါးအသံကိုကြားလိုက်လျှင် မျက်နှာလေးမှာ ဝင်းလက်တောက်ပသွားလေတော့သည်။

အလွန်ဖော်ရွေသောအပြုံးဖြင့်၊

"ရနိုင်ပါတယ်ရှင်၊ ရွှေငွေပေးလို့ကတော့ ဆိုင်ထဲမှာလိုရာအကုန်ရနိုင်ပါတယ်၊ဆိုင်ထဲမှာ အရက်ကောင်းကောင်းအစားအသောက်ကောင်းကောင်းနဲ့ နောက်ပြီး . . . "

မိန်းကလေးက ညုတုတုအမူအယာဖြင့် မြူဆွယ်

www.burmeseclassic.com

www.burmeseclassic.com



နေပြန်ရာ ကျော်စွာမှာ စိတ်မရှည်နိုင်တော့ဘဲ ခတ်ပြတ်ပြတ် ပြောလိုက်သည်။

“ကဲ… မိန်းကလေး မင်းရဲ့အဓိကအလုပ်ကငွေရဖို့ ဘဲ မဟုတ်လား။ တို့မှာ ပျော်ဘို့ပါးဘို့ခရီးထွက်လာကြတာ မဟုတ်ဘူး။ အချိန်မရှိလို့ မင်းရောင်းမယ့် မြင်းကိုသာကြည့် ပါရစေ…”

ထိုအခါ မိန်းကလေးမှာ မျက်နှာစူပုပ်ပုပ်ဖြစ်သွားပြီး မြင်းစောင်းရှိရာဘက်သို့ လက်ညှိုးထိုးပြပြီး ခတ်ဆောင့်ဆောင့် လှည့်ထွက်သွားလေသည်။

ထိုအခါမှကျော်စွာနှင့် ဦးစိုင်းနောင်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးတူသက်ပြင်းချ လိုက်ကြပြီး စားသောက်ဆိုင်နောက်ဖက်မှ မြင်းစောင်းရှိရာ သို့ထွက် လာကြသည်။

မြင်းစောင်းသို့ရောက်သောအခါ အတွင်း၌မြင်းသုံး ကောင်ရှိသော်လည်း၊ မြင်းအကြောင်းကောင်းကောင်း ကျွမ်းကျင်သော ကျော်စွာကအရပ်မြင့်၍ ဒေါက်ကောင်းသော မြင်းနက်ကြီးတစ်ကောင်ကိုသာ သဘောကျပြီး ကျန်သည့်မြင်း နှစ်ကောင်ကိုတော့ သဘောမကျပေ။

ထို့နောက်ကျော်စွာသည် ဆိုင်ဗွင်းပြန်ဝင်သွားပြီး



ဆိုင်ရှင်အားမြင်းစောင်းတွင်းမှ မြင်းနက်ကြီးကို မိမိမြင်းနှင့်လဲ ပေးပါရန် ပြောဆိုပြီး အိတ်တွင်းမှ ရွှေဒင်္ဂါးအချို့ကို ထုတ် ယူကာ စားပွဲပေါ်တင်ပေးလိုက်သည်။

ဆိုင်ရှင်အဘိုးကြီးမှာ ရွှေဒင်္ဂါးများကို မြင်သောအခါ နှစ်သက်ရွှင်လန်းသောမျက်နှာဖြင့် မြင်းကိုရောင်းရန် သဘောတူပြီး စားပွဲပေါ်မှ ရွှေဒင်္ဂါးပြားများကို ကောက်ယူရန် ဘက်လှမ်းလိုက်စဉ် ထိုရွှေဒင်္ဂါးပြားများပေါ်သို့ အိတ်တစ်အိတ် ဘုတ်ကနဲ ကျလာသည်။ တဆက်တည်း အသံတစ်သံ ပေါ်လာ၏။

“အဲဒီအိတ်ထဲမှာ ရွှေဒင်္ဂါးတွေအပြည့်ပါတယ်၊ ခင်ဗျား မြင်းစောင်းထဲမှာရှိတဲ့ မြင်းအားလုံးကို ကျုပ်လိုချင်တယ် အဘိုးကြီး”

ထိုအသံကြောင့် ကျော်စွာကဖျက်ကနဲ လှည့်ကြည့် လိုက်ရာ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးဗရပျစ်နှင့် နဖူးတွင် ဓါးဒဏ်ရာ/ရှုံ့နေ (?) စည်းထားသော လူထွားကြီးတစ်ဦးကို မြင်ရလေသည်။

သူ၏ခါးတွင်လည်းကြီးမားသော ဓားရှည်တစ်လက်ကို ချိတ်ဆွဲထားရာ အရောင်တစ်လက်လက် တောက်ပနေ တော့သည်။ သူ၏နောက်တွင်လည်း ဓားသမားနှစ်ယောက် ပါလာလေသည်။

www.burmeseclassic.com



ကျော်စွာသည် မိမိကိစ္စအား ဝင်ရောက်နှောက်ယှက်သည်ဟု ထင်ကာ အချိုသာဆုံးမျက်နှာဖြင့် တောင်းပန်လိုက်လေသည်။

“ကျွန်တော်တို့မှာ အရေးကြီးတဲ့ကိစ္စရှိလို့ ဒီမြင်းကိုတော့ ကျွန်တော်ပဲယူသွားပါရစေ၊ နောင်ကြီးတို့ မြင်းလိုချင်တယ်ဆိုရင် မြင်းစောင်းထဲမှာ မြင်းနှစ်ကောင်ကျန်ပါသေးတယ် အဲဒါကိုပဲ ယူပါဗျာ”

ကျော်စွာကတောင်းပန်ပြောဆိုသော်လည်း ဓားသမားယက္ခနှင့် နောက်လိုက်များက မခိုးမခန့် ရယ်လိုက်ကြလေသည်။

“အဲဒါတော့ တို့မသိဘူး၊ ငါတို့လိုချင်တာက မြင်းစောင်းထဲက မြင်းအကုန်ပဲ၊ ထမင်းစားပြီးတာနဲ့ မြင်းတွေကျုပ်တို့ ယူသွားမယ်၊ ဒါမှ မဟုတ်ရင်တော့ ခင်ဗျားရဲ့မြင်းတွေရဲ့ ခြေထောက်တွေကို ရိုက်ချိုးထားခဲ့ရ မယ်အို့ ကြိုက်ရာကို ရွေးပေတော့၊ ရွှေယူမလား၊ မြင်းတွေရဲ့ခြေထောက် အဖြတ်ခံမလား၊ ဟား ဟား ဟား ဟား”

ထိုအခါ ကျော်စွာသည် စားအပွဲပေါ်မှ ရွှေအိတ်ကလေးကို ကောက်ယူကာ မိမိတို့အား အဘယ်ကြောင့်



အကြောင်းမဲ့ ရန်ရှာသလဲ၊ ထိုသူကိုဘယ်မှာ မြင်ဖူးပါလိမ့်ဟု စဉ်းစားကြည့်သော်လည်း အဖြေမရနိုင်ပေ။

ယခုအခြေအနေမှာ မိမိတို့ဘက်မှလည်း လုံးဝအလျှော့ပေး၍ မဖြစ်ပေ။

မြင်းမရှိပါက မိုင်းပွန်မြို့ကို မည်သည့်နည်းနှင့်မျှ အချိန်မီ မရောက်နိုင်ပေ။

သည်အခြေအနေကတော့ မေတ္တာဖြင့်ရှင်း၍ရမည်မဟုတ်ဘဲ ဓားဖြင့်ရှင်းမှရမည်ဟု သဘောပေါက်လိုက်သဖြင့် အချိန်ဆွဲမနေတော့ပဲ လက်ထဲမှ ရွှေအိတ်ဖြင့် ယက္ခမျက်နှာကို ပစ်ပေါက်လိုက်ရာ ယက္ခမှာ ရှုတ်တရက်ရှောင်ချိန်မရတော့ဘဲ ဖရိုဖရဲဖြစ်သွားလေသည်။

ထိုအခါ ဒေါသထွက်လာပြီး သူရထွန်းမှာကြားလိုက်သောစကားများကို မေ့လျော့သွားကာ ခါးမှဓားကို ဖြတ်ကနဲဆွဲထုတ်လိုက်သည်။

ကျော်စွာကလည်း ကျောမှလွယ်ထားသောဓားကို အေးအေးဆေးဆေးဆွဲထုတ်လိုက်ရင်း “ကျုပ်တို့နှစ်ယောက်ရဲ့စရင်းက ဓားနဲ့ရှင်းမှ ရမှာဆိုတော့လည်း ရှင်းကြတာပေါ့ဗျာ” ဟုပြောလိုက်သည်။

ဆိုင်ရှင် အဘိုးကြီးကတော့ ဆိုင်တွင်းမှာ ရန်မဖြစ်ရန်

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်တောင်းပန်နေ၏။

ညှော်ကြိုမိန်းကလေးများနှင့် ဆိုင်တွင်းမှ စားသောက်နေသူများကတော့ ကြောက်လန့်တကြားအဝေးသို့ ရှောင်နေကြရလေ၏။

တစ်ဦးနှင့်တစ်ဦး အကွက်ချောင်းရင်း တိုက်ကွက်ရှာနေကြရာ မြင်ရသူတို့မှာ သည်းထိတ်ရင်ဖိုဖြစ်နေကြ ရတော့သည်။

ယက္ခသည် ကျော်စွာ၏ ရွှံ့တွန့်တွန့် အမူအရာကို ကြည့်ရင်း ဆရာသမားပြောသလောက်လည်း မဟုတ်ပါလား ဟု အထင်သေးကာ ကျော်စွာကို လှမ်းခုတ်လေသည်။

ကျော်စွာက ကဗျာကယာ ရှောင်ပေးလိုက်သောကြောင့် မွတ်သီကလေး လွဲသွားလေ၏။ ထိုအခါယက္ခသည် အားတက်လာပြီး ဓားချက်များကို ဆက်ကာဆက်ကာသွင်းရင်း တိုက်စစ်ဆင်လာတော့သည်။

ကျော်စွာမှာ ထိုဓားချက်များကို မခံနိုင်သည့်အလား နောက်ဖက်သို့ တဖြည်းဖြည်းဆုတ်ပေးနေလေရာ ဦးစိုင်းနောင်ကပင် ကျော်စွာဓားကွက်များကိုကြည့်ရင်း ဇဝေဇဝါဖြစ်မိတော့သည်။

သူသည်အံ့ဩစွာကြည့်နေသည်။ ကျော်စွာ၏



ကြောက်ရွံ့စွာဖြင့် ပျက်နေသောဓားကွက်များကိုကြည့်ပြီး ယက္ခမှာ အားတက်လာကာ တရကြမ်းဖိတိုက်လေတော့သည်။

"ဘယ်လိုလဲကွကျော်စွာရ အခုမှသိပ်ကြောက်နေသလား။ ဒါထက်မင်းကိုယ်မင်း တပ်မှူးရဲ့ လက်ရုံးတစ်ဆူ ဓားသမားဘွဲ့ခံထားတဲ့ အရည်အချင်းတွေခုတော့ ဘယ်ရောက်ကုန်ပြီလဲကွ ပြောစမ်းပါဦး။ ငါကမင်းကို အသေမသတ်ပါဘူးကွ၊ ဒီကနေ မိုင်းပွန်ရောက်အောင် ခရီးမဆက်နိုင်ရုံလောက်တလေး ပညာပေးပါမှာပါကွ၊ သိပ်လည်း ကြောက်မနေပါနဲ့"

"ခင်ဗျားညာနေတာ၊ ခင်ဗျားဓားချက်တွေက ကျုပ်ကို အသေသတ်ဖို့ ကြိုးစားနေတာ မသိဘူးထင်နေသလားဗျ။ ခင်ဗျားက ကျုပ်ကိုသတ်ချင်ရလောက်အောင် ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ၊ ခင်ဗျားနဲ့ကျုပ်နဲ့ ဘယ်လိုရန်ငြိုးရှိလို့လဲဗျ"

"အေး သိချင်ရင်တော့ ပြောရတာပေါ့ကွာ။ ဘာဖြစ်လို့လဲဆိုတော့ မင်းကငါအချိန်မရွေးသတ်ပစ်လို့ရတဲ့ သေလူဖြစ်နေလို့ပဲကွ၊ ငါ့ရဲ့ အဓိကတာဝန်ကတော့ မင်းကို မိုင်းပွန်

www.burmeseclassic.com

www.burmeseclassic.com



မရောက်အောင် တားဆီးနိုင်ဘို့ပဲကွ၊ ဒီလိုတားဆီးနိုင်ဘို
ဇါ့ကို ရွှေငွေ အမြောက်အမြားပေးပြီး တာဝန်ပေးလို့ပဲဖေ
သိပြီလား"

"ခင်ဗျားကို ဘယ်သူက နိုင်းတာလဲ"

"မင်းကဒါတွေသိလို့ ဘာထူးမှာတဲ့လဲကွ"

"ဒီလိုသိမှလည်း ကျုပ်ရန်သူကို သိရတော့မပေ
ပြောစမ်းပါဗျ"

"အေး မင်းတို့နှစ်ယောက်ကို မိုင်းပွန်မရောက်အောင်
တားဆီးနိုင်းတဲ့ သူကတော့ သူရထွန်းဆိုတဲ့ ဇါ့ဆရာပဲကဲ
သိပြီးရင်တော့ သေဖို့သာပြင်ပေတော့ဟေ့"

ကဲ . . . ဦးစိုင်းရေ ကျုပ်တို့ကို သတ်နိုင်းခဲ့တာ
သူရထွန်း တဲ့ဗျ ခင်ဗျားမှတ်ထားပေတော့ဗျို့၊ သူက ကျုပ်ကို
သတ်ပြီးရင် ခင်ဗျားကိုပါဆက်သတ်မှဗျ"

"အသေအချာပေါ့ ကောင်လေးရာ"

ဦးစိုင်းနောင်က အေးအေးဆေးဆေး ပြန်ပြော
လိုက်လေသည်။

"ကဲ ဒါဖြင့်လည်း ခင်ဗျားကို သနားလို့ ကျုပ်ပွဲသိမ်း
လိုက်ပါ့မယ်၊ ခရီးဆက်ဖို့မြင်းတွေပြင်ထားပေရော့ဗျို့"

ထိုသို့ပြောဆိုပြီး စောစောပိုင်းက ကြောက်ရွံ့



ထိတ်လန့်သော အမူအယာဖြင့် ခံစစ်တိုက်နေသော ကျော်စွာ
မှာ တမဟုတ်ချင်းအသွင်ပြောင်းကာ တိုက်စစ်ဆင်လေရာ
ယက္ခမှာ အံ့ဩစွာဖြင့် နောက်သို့ပြန်ဆုတ်ပေးရ လေတော့
သည်။

ကျော်စွာ၏ဓါးကွက်များမှာ လျှပ်စီးလက်သည့်နှယ်
လျင်မြန်သွက်လက်ပြီး ပြင်းထန်လေရာ စောစောက မိမိ
အလှည့်ခံစားလိုက်ရမှန်း ယခုအခါမှ ရိပ်မိလေတော့သည်။
ထိုအခါမှ ယက္ခက သူ့လူများကို အော်ဟစ်ပြောဆိုလိုက်
သည်။

"ဟေ့ကောင်တွေ ဝင်တိုက်ကြပါတော့လား၊ ဘာငိုင်
ကြည့်နေတာလဲကွ"

ထိုအခါ နောက်ထပ်ဓါးသမားနှစ်ယောက် ထပ်ဝင်
လာရာ သုံးယောက်တစ်ယောက်ဖြစ်စေကာမူ ကျော်စွာက
အပေါ်စီးမှ ရှောင်တိမ်းတိုက်ခိုက်ရင်း အချိန်အနည်းငယ်
အတွင်းမှာ ယက္ခ၏ တပည့်နှစ်ယောက်ကို ဒဏ်ရာများ
အသီးသီးရစေကာ ပွဲသိမ်းပေးလိုက်နိုင်သည်။

ထိုအခါမှ ယက္ခသည် သူရထွန်းမှာကြားလိုက်သော
စကားများကို သတိရကာ မိမိအသက်ဘေးအတွက် နှီးရိမ်
လာမိတော့သည်။

www.burmeseclassic.com



"ကျုပ်ကို ခင်ဗျားကြီးက အသေသတ်တို့ ကြိုးစားပေမယ့် ကျုပ်က ခင်ဗျားကို အသေမသတ်ပါဘူး။ ကျုပ်တို့ရဲ့ ခရီးစဉ်ကို လိုက်မနှောက်ယှက်နိုင်အောင် ဒဏ်ရာလောက်ဘဲ ပေးထားခဲ့မှာပါ"

ထိုသို့ပြောကာ လျှပ်တပြက်ဓါးပြင်းပြင်းတစ်ချက်ထိုးသွင်းလိုက်ရာ ယကွ္ခ၏လက်မောင်းနှင့် ပခုံးသားတဝိုက်မှာ သွေးချင်းချင်းနီလျက် ဒဏ်ရာများပြင်းထန်စွာ ရသွားလေတော့သည်။

ထိုအခါမှ ယကွ္ခမှာ တုန်လှုပ်ချောက်ခြားလျက် ရှိနေတော့သည်။ ကျော်စွာက ယကွ္ခကိုဓါးပြားဖြင့် "ဖျန်း"ကနဲ တစ်ချက်ရိုက်လိုက်ပြီး ဤသို့ ပြောလိုက်သည်။

"ကဲ... မိတ်ဆွေကြီးရေ ခင်ဗျားကသာ ကျုပ်အပေါ်မှာ ရန်စမရှိဘဲနဲ့ မစ္ဆရိယစိတ်ထားကြပေမယ့် ကျုပ်ကတော့ လူလူချင်း အကြောင်းမဲ့ ရန်မရှာချင်ပါဘူး။ အခုအချိန်မှာ ခင်ဗျားကို ကျုပ်သတ်မယ်ဆိုရင် သတ်လို့ရပေမယ့် အကြောင်းမဲ့ မသတ်လိုပါဘူး"

အခုလို ကျုပ်တို့တိုင်းပြည် သူတစ်ပါးလက်အောက်ရောက်နေတဲ့အချိန်မှာ ကိုယ့်လူမျိုးအချင်းချင်း စိတ်ဝမ်းမကွဲသင့်ပါဘူး။ ခင်ဗျားကတော့ ကျုပ်ပေးခဲ့တဲ့ ဒဏ်ရာတွေ



ပျောက်တဲ့အထိ ဒီမှာ အနားယူရင်း ဆေးကုသပေဦးတော့၊ ဒဏ်ရာပျောက်မှ ကျုပ်တို့ နောက်လိုက်ချင်လိုက်ခဲ့ပေါ့ဗျာ၊ ဒါပေမယ့် နောက်တစ်ခါ ကျုပ်နောက်ကို လိုက်ပြီး နှောက်ယှက်ဦးမယ်ဆိုရင်တော့ ကျုပ်က စိတ်ထိန်းနိုင်ပေမယ့် ကျုပ်ရဲ့ဓါးကိုတော့ တာဝန်မယူနိုင်ဘူး။ သူက အကြောင်းမဲ့ ရန်ရှာတဲ့သူမျိုးဆိုရင် သိပ်ပြီး သည်းမခံဘူးဗျ။ အဲဒါ မြဲမြဲ မှတ်သားထားပေရော့ဗျို့"

ထို့နောက် ယကွ္ခနှင့် အဖော်နှစ်ယောက်တို့သည် ရရှိထားသော ဒဏ်ရာဒဏ်ချက်များကို ဆေးကုသရန်အတွက် မိန်းကလေးများအကူအညီဖြင့် အခန်းတွင်းသို့ ဝင်သွားကြလေ၏။

"ဦးစိုင်းရေ စောစောက ကျုပ်ဟန်ဆောင်လိုက်တာ မိုင်ဘူးလားဗျို့၊ ယကွ္ခဆိုက သတင်းစကားတွေ သိလိုက်ရတာ ဟန်မကျဘူးလား"

"ဟန်ကျတာပေါ့ဗျာ၊ ဒါပေမယ့် မင်းဟန်ဆောင်တာ ဓါတောင် လန့်သွားတယ်ကွာ..."

ကျော်စွာက ရယ်ရယ်မောမောဖြင့် ကျုပ်တို့ကို ဒုံရထွန်းဆိုတဲ့လူက ဘာကြောင့်များ ဒီလောက်ရန်ရှာချင်

www.burmeseclassic.com

www.burmeseclassic.com



နေရာသလဲ မသိပါဘူးဗျာ"ဟု ငြီးတွားရင်း ထမင်းဆိုင်ရှင် ထံမှ မြင်းနက်ကြီးကို အလိုက်ပေးလဲလှယ်ယူကာ ခရီးဆက် ကြပြန်လေ၏။

"နေရစ်ခဲ့ပေဦးတော့ ယက္ခရေ. . . ."



## ရဲတိုက်တွင်းမှ သက်စွန့်ဆံဖျားလှုပ်ရှားမှုများ

ဤသို့ဖြင့် ကျော်စွာနှင့် ဦးစိုင်းနောင်တို့သည် ခရီးပြင်း နှင်လာကြရာ မကြာမီမိုင်းပွန်နယ်စပ်သို့ ရောက်လာကြသည်။ ထိုဒေသကား အင်္ဂလိပ်တို့လက်အောက်ကျရောက်ခဲ့ပြီး ဖြစ်၍ နယ်ချဲ့လက်ပါးစေများ အုပ်စိုးနေချိန်လည်း ဖြစ်၏။ ထိုနေ့ ကား မိုင်းပွန်မြို့၌ ငါးရက်တစ်ဈေးနေ့ဖြစ်သောကြောင့် မြို့တွင်းမြို့ပြင် စည်ကားလျှက် ရှိသည်။

လူအများ ပျားပန်းခပ်မျှ သွားလာလှုပ်ရှားလျှက် ရှိပေ၏။ ကျော်စွာတို့လည်း အများနှင့်ရောကာ မြို့တွင်းသို့ ဝင်ရောက်သွားကာ ရဲတိုက်ကြီးရှိရာဘက်သို့ မယောင် မလည် သွားရောက် အကဲခတ်ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်ကြီးမှာ မြို့၏ တောင်ဘက်နယ်နမိတ်အခမ်းအနားတွင် အုတ်တံတိုင်းများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်၏။ အဝေးမှ ကြည့်လျှင် မကောင်းဆိုးဝါးကြီးတစ်ကောင် ထိုင်နေသည်နှင့် တူတော့သည်။ သေးပတ်လည်တစ်နေရာတွင် ကျုံးရှိသည်။ ကျုံးတွင်း၌ ရေများ ပြည့်နေလေ၏။ ရဲတိုက်ကြီးအဝင်တံခါးဝမှာ လက်နက်ကိုင်အစောင့်များ မပြတ်ကင်းလှည့်နေသည်ကို တွေ့ရသည်။

"အင်း ... ရဲတိုက်ကြီးကတော့ အတော့်ကို ကြီးတာဘဲ၊ လုံခြုံရေးအစောင့်တွေလည်း အတော်များတယ်၊ အကျဉ်းသားတွေကို ဒီနေရာမှာ ထားမှာ သေချာတယ်"

ဒါပေမယ့် အကျဉ်းသားတွေကို ဝင်ကယ်တို့နေနေ သာသာ အထဲရောက်အောင် ဝင်ဖို့တောင် မလွယ်ဘူးကွ"

ဦးစိုင်းနောင်က ပြောလိုက်သည်။

"ဒီလောက်လည်း စိတ်ပျက်မနေစမ်းပါနဲ့ ဦးစိုင်းနောင်ရယ်၊ ဘယ်အရာမဆို ထွက်ပေါက်တစ်ခုတော့ ရှိစမြဲ မဟုတ်လားဗျ။

ဒီနေ့က ဈေးနေ့ဆိုတော့ ရဲတိုက်ကြီးထဲက လူတွေ အပြင်ဘက်ကို ဈေးဝယ်ထွက်ရောအကြောင်းရှိတယ်၊ အဲဒါ ကျွန်တော်တို့တွက် အသုံးချရမယ့် အခွင့်အရေးပဲဗျ။ မျက်စိကို



ဖွင့်၊ နားကိုစွင့်ထားပေရော့ဗျို့"

ရဲတိုက်ကြီးရဲ့ မျက်စောင်းထိုးတစ်နေရာတွင် စားသောက်ဆိုင်တစ်ဆိုင်ရှိလေရာ နှစ်ယောက်သား ထိုစားသောက်ဆိုင်သို့ဝင်ကာ ရဲတိုက်ကြီးကိုဘက်သို့ မြင်ရသောနေရာတစ်ခုကို ရွေးချယ်ကာ နေရာယူလိုက်ကြသည်။

ထို့နောက်စားသောက်စရာများကို မှာကြားလိုက်သည်။

ထိုအချိန်တွင် ဆိုင်အတွင်းသို့ လူဝကြီးတစ်ယောက် ဝင်လာပြီး ဆိုင်ရှင်လူကြီးနှင့် စကားပြောနေ၏။

"ခင်ဗျား ကျုပ်မှာထားတဲ့ အရက်ကောင်းကောင်းတွေရပြီလား"

"ရပါတယ်၊ ဗိုလ်မင်းလိုသလောက် ရပါစေမယ်၊ အခြား ဘာများလိုပါသေးလဲ"

"မလိုဘူးကျုပ်တို့ရဲတိုက်ထဲမှာ အခြားပစ္စည်းတွေ အကုန်လုံလောက်တယ်၊ အဲ . . . အမြဲလိုနေတာကတော့ အရက်ပဲဗျ။ ခင်ဗျားတာဝန်က အရက်လုံလောက်အောင် ရှာပေးဖို့ပဲ၊ ငွေကြေးအတွက်တော့ မပူနဲ့၊ ရွှေဆိုရွှေ ငွေဆိုငွေပဲ၊ ကဲအရက်တွေကိုပုံးတွေနဲ့ ရသမျှထည့်ထားပေတော့၊ ကျုပ်အတွက် အရက်နဲ့စားသောက်စရာတွေ စီစဉ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူဝကြီးသည် ခပ်ထွေထွေအမူအယာဖြင့် ထိုင်စရာ နေရာလိုက်ရှာနေရာ ဈေးနေ့ဖြစ်သောကြောင့် ဆိုင်တွင်းရှိ စားပွဲနှင့်ထိုင်ခုံ အားလုံးနေရာမလပ်ဖြစ်နေရာ ထိုအခွင့်အရေး ကိုကျော်စွာက အမိအရအသုံးချလိုက်သည်။

အနီးသို့ရောက်လာသော လူဝကြီးကိုထ၍ နေရာပေးလိုက်သည်။

"အစ်ကို ဒီမှာထိုင်ပါ၊ ကျွန်တော်တို့နှင့်အတူ စားကြသောက်ကြတာပေါ့ဗျာ"

"အေးကွာ... ကျေးဇူးပါပဲ၊ တစ်ဆိုင်လုံးအလကား ကျွေးနေသလို ထိုင်စရာနေရာတောင် မရှိဘူး။ ဈေးနေ့ဆိုတော့ ဒီလိုပဲကွ"

ပြောပြောဆိုဆိုနှင့် လူဝကြီးက ကျော်စွာတို့စားပွဲတွင် ဝင်ထိုင်ရာ ကျော်စွာက အရက်နှင့်စားသောက်စရာများကို ထိုးပေးလိုက်သည်။

"အစ်ကိုမှာထားတာတွေက လူသိပ်များတော့ တော်တော်နဲ့ရောက်လာဦးမှာ မဟုတ်ဘူး။ ဒီတော့ဒီမှာ ရောက်ပြီးသား အရက်နဲ့စားသောက်စရာတွေကိုသာ အရင်စားသောက်ပေတော့ဗျာ။မိတ်ဖြစ်ဆွေဖြစ်ပေါ့"

ကျော်စွာက အရက်တစ်ခွက်ကို ငှဲ့ထည့်ပြီး ကမ်းပေး



လိုက်ရာ...

"ကျေးဇူးပါပဲ" ဟုဝလုံးပထွေးပြောရင်း တစ်ကျိုက်တည်းမော့သောက်လိုက်သည်။

ကျော်စွာမှာ နောက်ထပ်အရက်များကို ဆက်တိုက်ငှဲ့ပေးရာ လူဝကြီးမှာ အရက်ကိုအလွန်ကြိုက်သူ ဖြစ်ဟန်တူသည်။ ပေးသမျှအရက်ခွက်များကို မငြင်းပဲရယ်ရယ်မောမောနှင့် အကုန်သောက်ပစ်နေတော့သည်။

မကြာမီမှာကြားထားသော အရက်နှင့်စားသောက်ဖွယ်ရာများထပ်မံရောက်ရှိလာရာ သူတို့ဝိုင်းမှာ အတော်ကိုစည်ကားသွားပြီး အချိန်တိုတိုအတွင်း မိတ်ဆွေများ ဖြစ်သွားကြလေတော့သည်။

"ကျုပ်နာမည်က 'ဦးစံကဲ' လို့ခေါ်တယ်၊ အလုပ်ကတော့ဟိုမှာ မြင်နေရတဲ့ ရဲတိုက်ကြီးရဲ့ စားဖိုဆောင်ကိုတာဝန်ယူနေရတဲ့ သူပေါ့ကွာ။ ဒါထက်မောင်ရင်တို့ကလည်း ဘယ်သူဘယ်ဝါတွေဖြစ်တယ်ဆိုတာ ပြောပြအုံးမှပေါ့"

ဦးစံကဲဆိုသူ လျှာလေးအာလေးနှင့် မေးလေ၏။

"အဲ ဟုတ်သားပဲ၊ ကျွန်တော်တို့က ချင်းတွင်းမြစ်ဘေးက ရွာလေးတစ်ရွာက လာခဲ့ကြတာပါ၊ ကျွန်တော့်ကဘိုးထောင်ပါ၊ သူကတော့ ကျွန်တော့်ရဲ့ ဦးလေးဦးသိရှည်လို့

www.burmeseclassic.com



ခေါ်ပါတယ်၊ မိုင်းပွန်မြို့ကြီး အလွန်စည်ကားတယ်ဆိုလို့ မရောက်ဖူးလို့ လာကြည့်တာပါ"

"ဟား၊ ဟား မင်းတို့နှမည်တွေက အဆန်းပါလား။ ဘိုးထောင်နဲ့ သံရှည်ဆိုတော့ တစ်ယောက်မှ တိုတဲ့သူမပါပါလား။ ကိုင်း ထားပါတော့၊ အခုမိုင်းပွန်မြို့ထဲကို ရောက်လည်ပြီးကြပြီလား။ မင်းတို့မြို့ထဲမှာ လည်ပတ်ရင်း အခက်အခဲရှိရင် ငါ့နာမည်သာပြောလိုက်၊ အားလုံးအဆင်ပြေစေရမယ်၊ ရဲတိုက်ကြီးက စားတော်ကဲ စံကဲ ဆိုရင် တစ်မြို့လုံး မသိတဲ့ လူမရှိဘူး။ ရဲတိုက်ကြီးထဲကို ဝင်ကြည့်ချင်တယ်ဆိုရင် လည်း ငါခေါ်ပြပါမယ်ကွာ၊ ခုတော့ သောက်လိုက်ကြအုံးစို့ဟေ့"

စားဖိုမှူးဦးစံကဲ ဆိုသူမှာ အရက်အလွန်ကြိုက်သူဖြစ်ရကား ကျော်စွာနှင့်ဦးစိုင်းနောင်တို့ တလှည့်စီထည့်ပေးသော အရက်ခွက်များကို ဆက်တိုက်သောက်လေရာ နောက်ဆုံး ကိုယ့်ကိုယ်ကို အနိုင်နိုင်ထိန်းရသည့် အခြေအနေကို ရောက်သွားလေတော့သည်။

ညနေစောင်းပြန်ကာနီးသောအခါ ဦးစံကဲမှာ ယိုင်နေပြီ ဖြစ်သောကြောင့် သူတို့တွဲရင်း ဆိုင်မှမှာကြားထားသော အရက်ပုံးများကို ကျော်စွာနှင့် ဦးစိုင်းနောင်တို့က လိုက်ပို့ပေး



ရလေသည်။

ရဲတိုက်အနီးသို့ သီချင်းတကြော်ကြော်ဟစ်အော်ဆိုရင်း ဒယိမ်းဒယိုင်လျှောက်လာပြီး အရက်ပုံးများဆွဲ၍ ဝင်လာသော သူတို့ကို မြင်လေလျှင် တံခါးစောင့်က နေရာမှ ထလာပြီးကြည့်သည်။

စားဖိုမှူးဦးစံကဲနှင့် အပေါင်းအဖော်နှစ်ယောက်ဖြစ်ကြောင်း သိရသောအခါ တစ်စုံတစ်ရာ စစ်ဆေးမေးမြန်းခြင်း မပြုဘဲ ရဲတိုက်တံခါးမကို ဖွင့်ပေးလိုက်သည်။

ဦးစံကဲမူးလာသည်ကို မြင်လိုက်သည်နှင့် စိတ်ပျက် လက်ပျက်အမူအယာဖြင့် ပါလာသော အပေါင်းအဖော်နှစ်ယောက်ကို တောင်စစ်ဆေးမေးမြန်းခြင်း မပြုဘဲ စားဖိုမှူးဦးစံကဲကိုသာ ကြိမ်းမောင်းနေတော့သည်။

"အပြင်ကို ဈေးဝယ်ထွက်လိုက်တာနဲ့ စောင်းကမြင်းကို လွှတ်လိုက်ရတဲ့ အတိုင်းပဲ မူးဘဲပြန်လာတာ ဘယ်တော့မှ မရှိဘူး။ ဗိုလ်မင်းသိရင် အပြစ်ပေးခံရပါစေဗျာ"

တံခါးမှူးဖွင့်ထားသော တံခါးပေါက်မှ ကျော်စွာနှင့် ဦးစိုင်းနောင်တို့သည် အတွင်းသို့ ဝင်ရောက်ကြသည်။

သူတို့သည် ဦးစံကဲကို တွဲရင်းအရက်ပုံးများကို နိုင်မနိုင်းဆွဲ၍ ဝင်ရောက်ကြခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ရောက်လျှင် . . .

"သဟ့ နေကြအုံး"

နောက်မှတံခါးမှူးအသံကြားလိုက်ရသဖြင့် ကျော်စွာရင်မှာ 'ဒိတ်'ကနဲ အခုန်မြန်လိုက်သည်။ ရင်တွင်းသို့ စိုးရိမ်မှုများဝင်လာလေတော့သည်။

သို့သော်ဟန်မပျက်စေရန် ထိန်း၍ချုပ်လိုက်သည်။ တံခါးမှူးက အနီးသို့ လျှောက်လာသည်။

"မင်းတို့သယ်လာတာ အရက်တွေ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"အတော်ပဲကွာ ဦးစံကဲကြီး လူမှန်းမသိအောင် မူးနေ့တုန်း ဒို့ကိုအရက်နည်းနည်းလောက် ပေးခဲ့စမ်းပါ"

သည်တော့မှ သက်ပြင်းချနိုင်တော့သည်။

"ရပါတယ် ဗိုလ်မင်း။ လိုချင်ရင်ပုံးသေးတစ်လုံး ယူထားလိုက်ပါ။ ဦးစံကဲကို ကျွန်တော်တို့ကြည့်လိုက်လိုက်ပါမယ်"

ကျော်စွာက အရက်ပုံးသေးတစ်လုံးကို ကမ်းပေးလိုက်သည်။ တံခါးမှူးက ဝမ်းသာအားရ လှမ်းယူသည်။

"ကျေးဇူးပါပဲကွာ။ ဒီလူကြီးသီတောင်းလို့ကတော့ ဘယ်တော့မှ ရတယ်မရှိဘူး။ အရက်ခွဲတမ်းတွေလည်း



သူတစ်ယောက်တည်း သောက်ပစ်တာနဲ့ ကုန်တယ်ထင်ပါရဲ့၊ တဲ့ သွားကြ၊ သွားကြ၊ အချိန်မရှိတော့ဘူး

တော်ကြာ ရဲတိုက်ထဲကို ဗိုလ်မင်းတွေ ကင်းလှည့်ကြတော့မှာ အမြန်သွားကြ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ"

သူတို့သည် အတွင်းဘက်သို့ ရောက်လာသောအခါ ဦးစံကဲနှင့် အရက်ပုံးများကို တစ်နေရာတွင် ဝှက်ထားလိုက်ကြသည်။

ထိုအခါ ဒယိမ်းဒယိုင်ဖြစ်နေသော ဦးစိုင်းနောင်ကို ကျော်စွာက သတိပေးလိုက်သည်။

"ဦးစိုင်း ဘယ်လိုဖြစ်ပြီး ဒီလောက်မူးနေတာလဲ၊ ဟန်ဆောင်သောက်ပါဆို၊ တကယ်သောက်တာကိုး။ သတိထားပါဦး။ တော်ကြာဒုက္ခတွေ ရောက်ကုန်ပါ့မယ်"

"ဒို့အတွက် ဒီလောက်လည်း စိုးရိမ်မနေစမ်းပါနဲ့ကွာ။ ငါကအရှိန်နဲ့ ဆက်ပြီးဟန်ဆောင်နေတာပါ"

ဦးစိုင်းနောင်၏ လေသံမှာ ပကတိတည်ငြိမ်လျက်ရှိသောကြောင့် ကျော်စွာမင် ဟန်ဆောင်ကောင်းလှသော ဦးစိုင်းနောင်ကို အံ့ဩရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးစိုင်းဟန်ဆောင်နေတာကလည်း တကယ် အမူးလွန်နေတဲ့အတိုင်းဆိုတော့ တကယ်ထင်တာပေါ့"

"ကိုင်း ဒါဖြင့်လည်း လုပ်ငန်းလေးစလိုက်ကြရအောင် လားဗျို့"

သူတို့နှစ်ယောက်သည် အမူးလွန်နေသော စားဖိုမှူး ဦးစံကဲနှင့် အရက်ပုံးများကို ထားရစ်ခဲ့ပြီးနောက် ရဲတိုက်ကြီး၏ မြေတိုက်ခန်းဆင်းသက်ရာ လှေခါးရှိရာသို့ ပြေးလာကြသည်။

လှေခါးရင်းရောက်သည့်တိုင် သူတို့သည် ကင်းလှည့် နေသူများနှင့် မတွေ့ကြရပေ။

မှောင်ရိုပျိုးစအချိန် ဖြစ်သောကြောင့် အစောင့်တော် တော်များများ စားဖိုဆောင်သို့ရောက် နေကြခြင်းဖြစ်ပေ၏။

သို့ကြောင့်နှစ်ယောက်သားမြေတိုက်တွင်းသို့ အလွယ်တကူ ဆင်းသက်ခဲ့ကြလေ၏။

မြေအောက်အခန်းသို့ ရောက်လေလျှင် အကျဉ်းသား များကို ဖမ်းဆီးချုပ်နှောင်ထားသော အချုပ်ခန်းအမြောက် အများကို တွေ့ရလေရာ မိမိတို့ကယ်တင်ရမည့် လူသုံး ယောက်ကို အရေးတကြီး ရှာဖွေကြလေ၏။

မြေအောက်ခန်း၌ မီးအလင်းရောင် နည်းနေလေရာ အမှောင်ရိပ်ကြောင့် သွားလာလှုပ်ရှားရတာ ပိုမိုလွယ်ကူသော်



လည်း ရှာဖွေရတာအတော်ကို ခက်ခဲလှသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် မြေအောက်ရှိ အချုပ်ခန်းများအနှံ့ လိုက်လံရှာဖွေကြသော်လည်း မိမိတို့ တွေ့လိုသူများကို ရှာဖွေမတွေ့ဘဲ ရှိနေတော့သည်။

"အရေးကြီးတဲ့ အကျဉ်းသားတွေကို အခုလိုသာမန် အကျဉ်းသားတွေနဲ့ ရောနှောပြီး ချုပ်ထားလိမ့်မယ်လို့ မထင် ဘူး၊ သူတို့ကို သီးသန့်ထားလိမ့်မယ်ထင်တယ်"

ဦးစိုင်းနောင်ကလေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒါဖြင့် ဘယ်နေရာမှာ ရှိမယ်ထင်လဲ"

"ငါ့အထင်ပြောရရင် ဒီမြေအောက်ခန်းမှာ မထားရင် ရဲတိုက်အပေါ်ထပ်အခန်းတစ်ခန်းမှာ ထားမယ်ထင်တယ်"

"ဒါဖြင့် အပေါ်ပြန်တက်ကြတာပေါ့"

နှစ်ယောက်သား အမှောင်ရိပ်ခိုကာ ရဲတိုက်အပေါ်ထပ် သို့တက်ခဲ့ကြရလေသည်။

အပေါ်ရောက်သောအခါ ညဉ့်ဦးယံအချိန် အရက်ရှိန် ကလေးနှင့် ခပ်ထွေထွေဖြစ်ကာ ဝတ်ကျေတန်းကျေ ကင်းလှည့်နေကြသော အစောင့်အချို့ကို ပုံမှားရိုက် လှည့်စား ကာ အပေါ်ခန်းများသို့ လိုက်လံရှာဖွေကြရလေ၏။

ဤသို့ဖြင့် အချိန်အတော်ကြာသောအခါ အခန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းထဲတွင် ချပ်နှောင်ထားသောလူသုံးယောက်ကို တွေ့ရလေ၏။ အကျဉ်းသားသုံးဦးမှာ ကောက်ရိုးများ ခင်းထားသော ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေကြလေ၏။

ကျော်စွာကသံတိုင်ကြားမှ လေသံတိုးတိုးဖြင့် အသံပေးလိုက်ရာ ထလာကြလေ၏။

ထိုအခါ ဦးစိုင်းနောင်သည် အချုပ်ခန်းခတ်ထားသော သော့ကို စစ်ဆေးပြီး သစ်သားတန်တစ်ခုဖြင့် သော့တူတစ်ခုကို အလျင်အမြန်လုပ်နေလေ၏။

အခန်းကျဉ်းနေရာမှာ အလင်းရောင်မှုဝါးလျက်ရှိသောကြောင့် ဦးစိုင်းနောင်မှာ ဓားမြောင်ဖြင့် သော့တူကို ခက်ခက်ခဲခဲ ပြုလုပ်နေရသောကြောင့် ခရီးတွင်သင့်သလောက်မတွင်ပေ။

သော့တူပြီးကာနီး အချိန်လောက်တွင် ရဲတိုက်၏ သူရဲ့ဆီ စကြိုန်တစ်လျှောက် ကင်းလှည့်လာသောခြေသံအချို့ကို ကြားရလေလျှင် ကျော်စွာက ကျောမှလွယ်ထားသောဓားကို အသာဆွဲထုတ်လိုက်လေသည်။

"ဦးစိုင်း ခင်ဗျားအလုပ်ကို ပြီးအောင်သာ ဆက်လုပ်ပေတော့။ ဒီကောင်တွေကို ကျွန်တော် ထိန်းထားပေးမယ်"

ထိုသို့ပြောပြီး မှောင်ရိပ်မှ စကြိုလမ်းပေါ် ပြေးတတ်



ကာ ကိုယ်ယောင်ပြလိုက်လေ၏။

လှံရှည်များ ဓားများကိုင်ဆောင်ထားသော အစောင့်များမှာ မှုဝါးဝါး အလင်းရောင်အောက်တွင် ဓားကိုင်ပြီးပြေးထွက်လာသော ကျော်စွာကို ရုတ်တရက်မြင်လိုက်ရသောအခါ တစ္ဆေသူရဲတစ်ကောင်ကို မြင်လိုက်ရသည့် ပမာကြက်သေသေကာ ကြောင်၍ရပ်တန့်ကြည့်ရှုနေကြပြီးမှ ခေါင်းကြီးမှ တစ်ဦးက

"ဟေ့ . . . ဒါတစ္ဆေသူရဲမဟုတ်ဘူး။ လူပဲကွ၊ နေသူရိုန်တပ်က အကျဉ်းသားတွေကို လာကယ်တာ ဖြစ်ရမယ်၊ မလွတ်စေနဲ့ကွ"

ထိုသို့အော်ဟစ်ပြောဆိုပြီး အနီးသို့ပြေးလာကာ လှံရှည်ကြီးဖြင့် ထိုးစိုက်ချလိုက်လေသည်။

ထိုအခါ သတိဖြင့် ပြေးဝင်လာသောကျော်စွာက လှံချက်ကိုလွတ်ရုံရှောင်ပြီး လက်ထဲမှ ဓါးဖြင့်ထွက်လိုက်ရာ "အား" ကနဲ အော်ပြီး တစ်ယောက်လဲကျသွားသည်။

ထိုအခါ ကျန်လေးယောက်က လှံရှည်ကြီးများဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြရာ ကျော်စွာသည် ကြောင်တစ်ကောင်အလား လျင်မြန်စွာတိမ်း၍ လျှပ်တပြက်တိုက်ခိုက်လေတော့သည်။

စကြိုန်လမ်းမှာ အလွန်ကျဉ်းနေသဖြင့် အစောင့်နှစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



သာ ဝင်လာနိုင်သောကြောင့် ကျော်စွာဘက်မှ တပန်းသာနေတော့သည်။

လုံ့ရှည်ကြီးများ ဒဏ်ချက်ကြောင့် လက်မောင်းနှင့် ပေါင် တွင်ဒဏ်ရာအနည်းငယ်ရထားရုံမျှဖြင့် ကျန်သော စစ်သားလေးယောက်ကို အနိုင်တိုက်နိုင်သော်လည်း တသံလှသံများကြောင့် အခြားအစောင့်များ ပြေးလာကြရာ ကျော်စွာမှာ အများနှင့်တစ်ယောက်ဖြစ်လင့်ကစား ကြေနိုလင်းအတွင်း ဝင်မလာနိုင်ကြသောကြောင့် အချိန်အတော်ကြာအောင် ဟန့်တားထားနိုင်လေ၏။

သို့စေကာမူ အများနှင့်တစ်ယောက်မို့ နောက်သို့ဆုတ်ရင်း ခုခံနေရရာ အကျဉ်းစခန်းအနီးသို့ပင် ပြန်ရောက်လာလေ၏။

ထိုအခါ သစ်သားသော့တုံး ပြုလုပ်နေသော ဦးစိုင်းနောင်မှာ သော့တူပြီးသွား၍ သော့ပေါက်တွင်းသွင်း၍ ခတ်ကြည့်ရာ အတန်ငယ်ကြီးနေရာ မတော်ပဲဖြစ်နေပြန်၏။

"အရေးထဲကွာ သော့တန်ကကြီးနေရသေးတယ်"

ကျောကယာသော့တန်ကို ဓားမြှောင်ဖြင့် လှီးဖြတ်ပြီး သော့ခလောက်တွင်းတည့်ကာ လှည့်ခတ်လိုက်သောအခါ



တို့ ကနဲ အသံမြည်ကာ၊ သော့ပွင့်သွားလေတော့သည်။

ထိုသို့ပွင့်သွားသည်နှင့် ဦးစိုင်းနောင်သည် အခန်းထဲသို့ ရှန်းကန်ပြေးဝင်သွားပြီး အကျဉ်းသားများကို အနှောင်အဖွဲ့မှ ပြေပေးလိုက်သည်။

ထို့နောက်အကျီများကို အသီးသီးဆုပ်ဖြဲကာ ကြိုးသွယ် ဆက်လိုက်ကြသည်။

"ကိုင်း အချိန်မရှိဘူး။ ကင်းစောင့်စစ်သားတွေကို ကျော်စွာတားထားတဲ့အချိန်မှာ ကျုပ်တို့က ဒီကြိုးကို အသုံးပြု ကျုံးထဲရောက်အောင် ဆင်းကြမယ်၊ ကဲလာကြ"

ထို့နောက်အခန်းထောင့်တစ်နေရာတွင် ကြိုးကို ခိုင်ခံ့အောင် ချည်ထားလိုက်ပြီး မြတင်းပေါက်မှ တဆင့် ကျုံးထဲရောက်အောင် တစ်ယောက်ပြီးတစ်ယောက် ဆင်းကြသည်။

အကျဉ်းသားသုံးယောက်မှာ ကြိုးရှည်မှတဆင့် ကျုံးထဲရောက်အောင်ခက်ခက်ခဲခဲ ဆင်းကြလေရာ ခဏကြာ သုံးယောက်စလုံး အောက်သို့ရောက်သွားလေတော့သည်။

ထိုအခါ ဦးစိုင်းနောင်က ...

"ကျော်စွာရေ မင်းသိပ်ပင်ပန်းနေပြီ မင်းအရင်ဆင်း

www.burmeseclassic.com



တော့ ဒီကောင်တွေကို ငါထိန်းထားပေးမယ်ကွ"

"ရတယ်ဦးစိုင်း၊ ခင်များသာအရင်ဆင်းသွား
အကျဉ်းသားတွေကို လွှတ်အောင်ခေါ်သွား ကျုပ်လိုက်ခဲ့မယ်"

ထိုသို့ပြောရင်း ရှေ့သို့သဲကြီးမဲကြီးဆင်တိုးလာသေ
အစောင့်များကို ပြင်းပြင်းထန်ထန်တားဆီးနေရလေသည်။

ဦးစိုင်းနောင်မှာ ဓားရေးကျွမ်းကျင်သူမဟုတ်ရကား
အများနှင့်တစ်ယောက်ဖြစ်နေသော အစောင့်များကို ကျော်
လို အချိန်ကြာမြင့်စွာ ခုခံတားဆီးနိုင်မည် မဟုတ်မှ
သဘောပေါက်သွားကာမည်သို့မျှ ထပ်မပြောတော့ပဲ ကြီ
ခိုဆင်းသွားလေတော့သည်။

ဦးစိုင်းနောင်မှာလွတ်သွားလေလျှင် ကျော်စွာသ
ခြေကုန်လက်ပန်းကျဟန်ဖြင့် နေ့ကျွေးစွာဖြင့် ပြတင်းပေါက်
သို့ ဆုတ်ပေးလေရာ ကျော်စွာ၏ ဓားစွမ်းကို ကြောက်၍
သိပ်မတိုးဝံ့ကြသော အစောင့်များမှာအားတက်လာကာ ရှေ
ရှေ့တိုးလာကြရာ ကျော်စွာသည် လျှပ်တပြက်ခုန်ဝင်သွား
ဓားဖြင့် ဘယ်ပြန်ညာပြန်ပိုင်းလေရာ ရှေ့မှလူသုံးလေးယော
အတုံးအရုံးလဲကျသွားသည်ကို မြင်သောအခါ နောက်လူ
လည်း နောက်သို့ဆုတ်ပေးကြလေ၏။

ထိုအခွင့်ကောင်းကိုယူကာ ပြတင်းပေါက်



ပြေးသွားကာ အောက်သို့ခိုဆင်းသွားလေတော့သည်။

တစ်ဝက်လောက်ရောက်မှ နံရံကို ခြေကန်၍
ကျုံးတွင်းသို့ ခုန်ချလိုက်လေသည်။

တစ်ကိုယ်လုံးဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နေသော
ကျော်စွာသည် ကျုံးရေထဲသို့ နစ်ကျသွားသည်။

မှမ်းသွားသောကြောင့် သတိလစ်မတတ် ဖြစ်သွားပင်
သည်။ နောက်မှရေပြင်ပေါ်ပြန်တက်ကာ ကန်တစ်ဖက်သို့
အားတင်းကာ ကူးသွားလေ၏။

ကျုံးတစ်ဖက်သို့ ရောက်သောအခါ သူ့အားကမ်းပေါ်
မှ ဆွဲတင်လိုက်သည်ကိုသာသတိရပြီး သတိလစ် သွားလေ
တော့သည်။

ကျုံးတစ်ဖက်သို့ရောက်နေကြသော ဦးစိုင်းနောင်တို့
သည် ကျော်စွာကိုလုံခြုံစိတ်ချရမိုက်သော နေရာသို့ ရောက်
အောင်ပွေ့ခေါ်လာကြသည်။

ထိုအချိန်အထိ ကျော်စွာမှာ သတိလစ်နေဆဲပင်။

"အသက်မှ ရှိသေးရဲ့လားမသိဘူး"

"မျက်နှာကို ခပ်ဆတ်ဆတ်လေး တစ်ချက်လောက်
ရိုက်ကြည့်လိုက်ပါလား။ ဒါမှ သတိရလာမှာ"

တစ်ယောက်က အကြံပေးလိုက်သဖြင့် မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်လောက်ရိုက်လိုက်မှ ကျော်စွာသတိပြန်ရလာသည်။

ထိုအခါ အကျဉ်းသားသုံးယောက်အနက် တစ်ယောက်မှာ ကျော်စွာမျက်နှာကို သေသေချာချာ ကြည့်နေလေသည်။

"အလို ဒါ... နယ်စားကြီးနေမိန္ဒရဲ့ သားတော်လေး ဥက္ကမှား ဖြစ်နေရော့သလား ဘုရား။ ဘုရား"

"ခင်ဗျား ဘာကိုပြောတာလဲ"

ဦးစိုင်းနောင်က နားမလည်စွာ မေးလိုက်သည်။

"ဟာ... ပြောရင်တော့ အရှည်ကြီးပေါ့ဗျ၊ မထီပုတ္တရနယ် သူရိယ ပြည်နယ်က နယ်စားကြီး နေမိန္ဒမှာ သားတော်လေးတစ်ပါး ရှိတယ်၊ ငယ်စဉ်ကတည်းက ပျောက်သွားခဲ့တာ ကျုပ်ကောင်းကောင်းသိတယ်၊ သူနဲ့ အတော်ကိုရုပ်ချင်းဆင်တယ်"

"ကဲ ဒါဖြင့်လည်း နောက်မှ ပြောကြတာပေါ့၊ ခုတော့ ကျုပ်တို့ ခြောက်ခြောက်သွေ့သွေ့နဲ့ အန္တရာယ်ကင်းမယ့် နေရာကို ရှာကြဦးစို့ရဲ့ မကောင်းဘူးလား"

ကျွန်းတစ်ဖက်သို့ ရောက်ခဲ့ပြီးသော သူတို့လှေမှာ မိုင်းပွန်ရဲတိုက်ကြီးကို လှမ်းကြည့်လိုက်ကြသည်။

ရဲတိုက်ကြီးမှာ အမှောင်ထဲတွင် ထိုင်နေသော



မကောင်း ဆိုးဝါးကြီးတစ်ကောင် ထိုင်နေသည့်အလား ထီးထီးမားမား တွေ့မြင်နေရသည်။

မိမိတို့လှေမှာ မိုင်းပွန်မြို့တော်တိုင်း၏ အပြင်ဘက်တွင် ရောက်ရှိနေပြီး မိမိတို့ဖြတ်သန်းလာသော ကျွန်းမှာ အရှေ့ဘက်ကျွန်းဖြစ်ကြောင်း သိရပေသည်။

ထို့ပြင် သူတို့ရောက်နေသော နေရာမှ သစ်ပင်ချုံနွယ်များ ထူထပ်နေသောကြောင့် အလွယ်တကူ ရှာဖွေမတွေ့နိုင်မှန်း သိရလေရာ အတန်ငယ်စိတ်သက်သာမှု ရကြလေ၏။

သို့သော် ဦးစိုင်းနောင်က –

"ကျုပ်တို့ တစ်နေရာထဲမှာ ကြာကြာနေလို့ မကောင်းဘူး၊ ဒီကောင်တွေ တောနင်းရှာရင် တွေ့သွားနိုင်တယ်"

ထိုသို့ သတိပေးပြောကြားလေသောကြောင့် အားလုံး သဘောတူပြီး ခရီးဆက်ကြလေ၏။

ညဘက်ခရီးဖြစ်သောကြောင့် သူတို့အတွက် များစွာ အထောက်အကူဖြစ်လေ၏။ အမှောင်ထုက အကာအကွယ်ပေးထားသကဲ့သို့ ရှိပေ၏။

ဤသို့ဖြင့် တစ်ညလုံး ခရီးဆက်ကြရာ မိုင်းပွန်မြို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဝေးသောတောရှုပ်တစ်ခုသို့ ရောက်ကြလေ၏။ ထိုနေရာတွင် ခေတ္တနားကြရန် သဘောတူကြလေ၏။ တစ်ညလုံးခရီးပြင်း ဆက်ကြရာ ရေစိုနေသော အဝတ်အစားများပင် ကိုယ်ငွေ့ဖြင့် ပြန်လည်ခြောက်သွေ့စ ပြုနေချေပြီ။ သစ်ပင်အောက်တွင် အသီးသီးနားကြလေသောအခါ ဦးစိုင်းနောင်က စကား စလာသည်။

“ကဲ မိတ်ဆွေကြီး ခင်ဗျားခုနက ပြောခဲ့တဲ့ သူရဿဆိုတဲ့ မင်းသားလေးအကြောင်းကို ဆက်ပါဦးဗျာ”

“ဒီလိုဗျ... မထီမုတ္တရနယ်မှာ သုရိယပြည်နယ် ဆိုတာ ရှိတယ်၊ အဲဒီပြည်နယ်ကို နယ်စားကြီးနေမိန္ဒဆိုတာ အုပ်ချုပ်တယ်၊ အင်မတန် တန်ခိုးအာဏာကြီးလို့ နေမျိုး နေနွယ်တွေ လို့ သတ်မှတ်ထားကြတယ်၊ အဲဒီနယ်စားကြီးမှာ သားတော်တစ်ပါးရှိတယ်၊ သူရဿလို့ အမည်ပေးထားတယ်”

တစ်ချိန်မှာ နယ်စားကြီးရဲ့ လူယုံတစ်ဦးက သားတော် လေးကို ခိုးယူပြီး ထွက်ပြေးသွားတာ အခုထိ သတင်းအစအန ပျောက်နေတယ်၊ အခုဆိုရင် အနှစ်နှစ်ဆယ်လောက်ကြာပြီ ထင်ပါရဲ့၊

သားတော်လေးနဲ့အတူ နန်းသုံးရွှေခေါင်းခွက် တစ်ခု တော့ အပျောက်အထားအဖြစ်ပါသွားလေရဲ့၊



နယ်စားကြီးဟာ သားတော်လေးကို ချစ်ရှာလွန်းလို့ ဒီနေ့အထိ အနယ်နယ် အရပ်ရပ်ကို လူတွေလွှတ်ပြီး ရှာခိုင်း ထားတယ်၊ ရှာတွေ့တဲ့သူကတော့ တစ်သက်စားမကုန်အောင် ဆုတော်လာဘ်တော်တွေရမှာ သေချာတယ်”

“ဒါထက်မိတ်ဆွေကြီးက မင်းသားလေးကို မြင်ဖူးလို့ လား”

“မြင်ဖူးတာပေါ့ဗျာ၊ သူရဿမင်းသားလေး ငယ်ငယ်က ကျုပ်က အဲဒီနယ်စားကြီးဆီမှာ အမှုထမ်းနေတဲ့ အချိန်ပေါ့၊ ဒါကြောင့် သူ့ကို မြင်မြင်ချင်း မင်းသားလေးလို့ ထင်လိုက် မိတာ၊ ငယ်တာနဲ့ကြီးတာမဲကွာတယ်၊ ရုပ်ရည်ကတော့ နယ်စားကြီးနေမိန္ဒရဲ့ရုပ်နဲ့ တထေရာထဲပါပဲဗျာ”

ထိုစကားကြားရသောအခါ ကျော်စွာသည် ဆရာကြီး မဟိန္ဒနတ်ရုပ်ကြီးအောက်တွင် လျှို့ဝှက်သိမ်းထား သော ရွှေ ငွေပစ္စည်းများထဲမှ ထူးခြားသော ရွှေခေါင်းခွက်ကြီးကို ပြန်လည် သတိရမိလေ၏။

“အင်း... ထူးခြားတာတော့ အမှန်ဘဲ”

ကျုပ်ကိုလည်း မကြာခဏ မင်းသားလေးသူရဿနဲ့မှား

www.burmeseclassic.com

www.burmeseclassic.com



နေကြတယ်၊ ကျုပ်ကလည်း အဖေအမေကို မမှတ်မိတဲ့ အညာကြထဲင်ဦးဆိုတော့လည်း အခက်သားပေါ့ဗျာ။

"အင်းလေ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရဘူးပါဘူး။ တစ်နေ့ကျတော့ အဖြေမှန် ပေါ်လာရမှာပါပဲ"

"အေးဗျာ . . . ကျုပ်တို့ရဲ့ အသက်သခင်ဖြစ်တဲ့ ခင်ဗျားကိုယ်တိုင်က မဟုတ်ဘူးလို့ ငြင်းလို့သာ လက်ခံလိုက်ရတယ်၊ ကျုပ်ကတော့ ခင်ဗျားကို ပျောက်ဆုံးသွားတဲ့ မင်းသားလေး သူရဋ္ဌလို့ဘဲ တစ်ထစ်ချထင်နေတော့တာပါဘဲ"

"ကိုင်း . . . ကိုင်း မင်းသားလေးသူရဋ္ဌအကြောင်းကို ခဏမေ့ထားလိုက်ကြပြီး ရဲတိုက်ကြီးက စစ်သားတွေ လိုက်မလာခင် ဒီနေရာကခရီးဆက်ကြရအောင်ဗျို့"

တစ်ယောက်ကသတိပေးလိုက်မှ လက်ရှိအခြေအနေကို သတိရသွားကြတော့သည်။

"ဟုတ်တယ်ဗျို့၊ ကျုပ်တို့လည်းစကားကောင်းနေလိုက်ကြတာ၊ လက်ရှိအခြေအနေကိုတောင် မေ့သွားတယ်ဗျ မိုင်းပွန်မြို့ကို လာစဉ်ကလမ်းအနေအထား။ ဝန်းကျင် အနေအထားတွေကို ကျုပ်ကောင်းကောင်းမှတ်မိခဲ့တယ်၊ ဒီကနေ တောင်ဘက်ကို သုံးမိုင်လောက် ခရီးဆက်ရင် ကျုပ်တို့တတွေ သေးကောင်းရာကို ရောက်ကြမယ်၊ ကိုင်း အချိန်ရှိ တုန်း ခရီးဆက်ကြဦးစို့ရဲ့"

အားလုံးကြိုးစားပြီး ခရီးဆက်ခဲ့ကြရာ အာရုဏ်တက်



ခါနီး အချိန်တွင် လူသွားလမ်းမကြီးတစ်ခုအနီးသို့ ရောက်ခဲ့ကြလေသည်။

ထိုအချိန်မှာ လမ်းမကြီးအတိုင်း တက်ြွကြွမောင်းလာသော လှည်းနှစ်စီးကို တွေ့သဖြင့် အကျိုးအကြောင်းပြောပြ ကာအကူအညီတောင်း၍ လိုက်လာကြသည်။

ကောက်ရိုးများ ခင်းထားသောလှည်းပေါ် ရောက်သောအခါ ဦးစိုင်းနောင်မှလွဲ၍ ကျန်လေးယောက်မှာ ပင်ပန်းမှု ဒဏ်ကြောင့် အသီးသီး အိပ်ပျော်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## စစ်မြေပြင်မှ ရုပ်ပုံလွှာ

တပ်မှူးနေသူရိန်ရှိရာ ဟူးကောင်းတောင်ကြားသို့ ပြန်ရောက်ကြသောအခါ မျိုးချစ်တော်လှန်ရေးသမားသုံးဦးတို့ကို ကယ်လာခဲ့သော ကျော်စွာနှင့် ဦးစိုင်းနောင်တို့အား ဝမ်းသာအားရ ကြိုဆိုကြလေ၏။

တစ်ကိုယ်လုံးအထိရာများရလာခဲ့သော ကျော်စွာကိုလည်းသမားတော်ကြီးများဖြင့် ကုသစေသည်။

ထို့နောက်ကျော်စွာနှင့် ဦးစိုင်းနောင်တို့၏ သက်စွန့်ဆံဖျားစွန့်စားခန်းများကို အသေးစိပ်မေးမြန်းနေပြန်ရာ ဦးစိုင်းနောင်က ကျော်စွာ၏ဖြတ်ထိုးဉာဏ်ကောင်းပုံ၊ တိုက်ရည်ခိုက်ရည်ကောင်းပုံ၊ စွန့်စားရဲသော သတ္တိရှိပုံ၊ လျင်မြန်



ဖျတ်လတ်ပုံနှင့် မိုင်းပွန်ရဲတိုက်ကြီးအတွင်းမှ တိုက်ပွဲများအကြောင်းကို အသေးစိပ်ပြန်လည်ပြောပြလေ၏။

တပ်မှူးကလည်း ဦးစိုင်းနောင်ပြောပြသမျှကို အသေးစိပ် နားထောင်ပြီး အလွန်သဘောကျနေလေ၏။

ဦးစိုင်းနောင်စကားဆုံးသောအခါတွင် ...

"ကျုပ်ဟာ သူတစ်ပါးရဲ့ အကျိုးကျေးဇူးကို ဘယ်တော့မှ မမေ့တတ်ပါဘူး။ အခုကျုပ်တို့ဆောင်ရွက်နေကြတာဟာ ကိုယ်ကျိုးအတွက်မဟုတ်ဘဲ၊ တိုင်းပြည်လွတ်လပ်ရေးအတွက် တပေါင်းတစည်းထဲဖြစ်ဖို့အတွက် ကြိုးစားဆောင်ရွက်နေကြတယ် ဖြစ်ပေမယ့်၊ အရေးတော်ပုံမှာ သက်စွန့်ဆံဖျားကြိုးစား ဆောင်ရွက်တဲ့ သူတွေကိုတွေ့တော့ တိုက်ထိုက်တန်တန် ချီးမြှင့်ပေးရမှာပဲ၊

အခုလောလောဆယ်တော့ မောင်ရင်တို့ကောင်းကောင်း အနားယူကြပါဦး။ တနိုင်းမြို့အထိ သွားရောက်လည်ပတ်ကြဦးပေါ့။ စပ်ဖလုံဖက်လည်း သွားချင်သွားကြပေါ့"

ထိုစကားကို ပြောလိုက်လေရာ ဦးစိုင်းနောင်က အိပ်ယာထဲတွင် လဲနေသောကျော်စွာကို လှမ်းကြည့်လိုက်ရာ ကျော်စွာက ဦးစိုင်းနောင်ကို မသိမသာမျက်စေ့တစ်ဖက်မှိတ်ပြလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ တပ်မှူးက စကားပြန်ဆက်သည်။

"မောင်ကျော်စွာ လောလောဆယ်မောင်ရင် ကျန်းမာရေးကောင်းလာရင် ကျုပ်ဗိုလ်မှူးအဖြစ် တာဝန်ပေးချင်တယ်၊ ဆောင်ရွက်နိုင်ပါ့မလား"

"တပ်မှူးပေးတဲ့တာဝန်ကို ကျွန်တော်အသက်နဲ့လဲပြီး ဆောင်ရွက်ပါ့မယ်"

"အေး . . . ကောင်းပြီ၊ လောလောဆယ်မှာတော့ မောင်ရင်ကျန်းမာရေးကောင်းလာရင် မောင်ရင်သင်ယူစရာ ကျန်သေးတဲ့ ပညာတွေကို ဆက်သင်ရဦးမယ်"

"ဟုတ်ကဲ့ တပ်မှူး"

တပ်မှူးက အတန်ကြာသည်အထိ စဉ်းစားနေပြီးမှ စကားဆက်ပြန်လေသည်။

"အခုမင်းတို့ကယ်တင်လာတဲ့ အဘောက်တော်တွေဆီက တော်လှန်ရေးနဲ့ ပက်သက်ပြီးတော့ တန်ဖိုးမဖြတ်နိုင်တဲ့သတင်းတွေ အများကြီးရခဲ့တယ်၊

ကျုပ်တို့ တော်လှန်ရေးတပ်တွေဟာ မကြာခင်မှာ မိုင်းပွန်ကို နယ်ချဲ့လက်ပါးစေတွေရဲ့ လက်ကပြန်တိုက်ယူဖို့ စီစဉ်ရတော့မယ်၊

ဒီတော့ မောင်ရင်တို့က လေ့ကျင့်စရာရှိတဲ့ သေနတ်



စ်၊ ဓားပညာ၊ လှံပညာတွေကို ထပ်ပြီးသင်ယူထား ပေတော့၊ အခုစစ်ပွဲမှာ မောင်ကျော်စွာက လှံကိုင်တပ်ဖွဲ့ကို ဦးဆောင် တိုက်ခိုက်ရမယ်ကြားလား"

"ဟုတ်ကဲ့ တပ်မှူး"

"ကဲ . . . ကဲ ၊ အနားယူကြပေအုံးတော့"

တပ်မှူးက သူတို့နှစ်ယောက်အတွက် လိုအပ်သော ရွှေ ငွေများကို ထုတ်ပေးစေသည်။

တပ်မှူးထွက်သွားသောအခါ ဦးစိုင်းနောင်က ဝမ်းသာ အားရစကားဆိုလေသည်။

"မောင်ကျော်စွာရေ မင်းကတော့ ကံဇာတာ တက်ပြီးရင်း တက်နေတော့တာပဲကွ၊ အခုသာမန်စစ်သား ဘဝက ချက်ခြင်းဗိုလ်မှူးဖြစ်လာတော့မယ်၊ တပ်မှူးနေသူရိန် ဆီမှာ ဗိုလ်မှူးဆိုတဲ့ အဖြစ်ဟာ ရတောင့်ရခဲ အခွင့်အရေး ဘဲကွ၊ ငါတော့မင်းအတွက် ဝမ်းသာပါတယ်"

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ကျန်းမာရေး ကောင်းလာသောအခါ သွားလာလည်ပတ်ကာ အနားယူ ကြလေ၏။

ပြီးနောင်တပ်မှူးပြောသည့်အတိုင်း သေနတ်ပစ်၊

www.burmeseclassic.com

www.burmeseclassic.com



တဆည္ပာ၊ လုံပညာ၊ လေးမြားအတတ်ပညာများပါ မကျန်ဓ
ကျင့်သင်ကြားရလေရာ တစ်ရက်လေးမှ မနားရအောင်မှ
တော့သည်။

ထိုသို့ သင်ကြားခဲ့လေရာ လအတန်ငယ်ကြာသေ
အခါ ကျော်စွာသည် တတ်သင့်တတ်အပ်သော ပညာသ
များကို ထပ်မံရရှိ ပြန်လေရာ ထူးချွန်သော တသမားကော
တစ်ဦး ဖြစ်လာလေတော့သည်။

နောက်တွင်တပ်မှူးနေသူရိန်၏ အင်အားတောင့်တ
သော မျိုးချစ်တော်လှန်ရေးတပ်များသည် လက်နက်အင်အ
လူအင်အား အပြည့်အစုံဖြင့် နယ်ချဲ့လက်ပါးစေတ
သိမ်းပိုက်ထားသော မိုင်းပွန်မြို့ကို ပြန်လည်သိမ်းပိုက်ရ
ချီတက်ကြလေတော့သည်။

ကျော်စွာက လုံ့ရှည်ကိုင်တပ်ဖွဲ့ကို ဦးဆောင်ချီတ
ရလေသည်။

မိုင်းပွန်မြို့ကို သိမ်းပိုက်ထားသော နယ်ချဲ့လက်ပါး
များကလည်း မြို့တံခါးများကို အလုံပိတ်ကာ ကြံ့ကြံ့ခံက
ခုခံကြသော်လည်းတပ်မှူးနေသူရိန်၏ စီမံကွပ်ကဲမှု လက်ရွေ
စင်တပ်သားများ၏ တိုက်ရည်ခိုက်ရည်ကောင်းမှု ၄င်း၏



ခဲ့သော သတ္တိများကြောင့် အသာယံမှုပင် ကြံ့ကြံ့ခံစေကာမူ
ရက်အနည်းငယ် အတွင်းမှာ မိုင်းပွန်မြို့တံခါးပေါက်ပြီး မျိုးချစ်
တပ်သားများက မြို့တွင်းသို့ ဝင်ရောက်တိုက်ခိုက် နိုင်ကြ
လေသည်။

လူအင်အားတူစေကာမူ ...

လက်နက်အင်အား တူစေကာမူ ...

တစ်ဖက်က ကျူးကျော်စော်ကားသူ ...

ကျန်တစ်ဖက်က မိမိတိုင်းပြည်လွတ်လပ်ရေးအတွက်
ရှန့်တားကြသူများ ဖြစ်လေရာ စိတ်ဓာတ်အင်အားချင်းက
အကွာကြီးကွာနေလေရာ မကြာမီ နယ်ချဲ့လက်ပါးစေများ
တစ်စတစ်စ ဆုတ်ခွာပြေးရပြီး မျိုးချစ်တပ်သားများက
အောင်ပွဲခံနိုင်လေတော့သည်။

ထိုအခါ မျိုးချစ်တပ်သားများက မြို့တွင်းသို့
တရကြမ်း ဖောက်ဝင်ကာ နယ်ချဲ့လက်ပါးစေ ပုသိမ်ရှိမှုန်သမျှ
တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းကြလေရာ မိုင်းပွန်
တစ်မြို့လုံး သွေးချောင်းစီးလုမတတ် အလောင်းချင်းထပ်
ဟုန်တော့သည်။

ထိုပြင်မြို့ကို သိမ်းပိုက်သောအခါ ရဲတိုက်ကြီး ဖွင့်ကာ
ထောင်ချုပ်နှောင်ဖမ်းဆီးထားသောသူများကို လွှတ်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာ ထိုသူများအားလုံးတို့မှာ ရရာလက်နက်ကို ကောက်ကိုင်၍နယ်ချဲ့လက်ပါးစေများကို တိုက်ခိုက်ကြရာ အားလုံးမျိုးချစ်တပ်သားများ ဖြစ်ကုန်ကြတော့သည်။

ကျော်စွာမှာ လုံ့ရှည်ကိုင်တပ်ဦးမှ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ရင်း ခြေချစရာမရှိလောက်အောင် အလောင်းချင်းထပ်နေသည်ကို ကြည့်ရင်းစိတ်မကောင်းဖြစ်မိသည်။

နယ်ချဲ့လက်ပါးစေများ၏ သွေးထိုးပေးမှုကြောင့် ကိုယ့်လူမျိုးများ အချင်းချင်းသွေးချောင်းစီးလုမတတ် ပြန်လည်တိုက်ခိုက်ရခြင်းအတွက် စိတ်ထဲမှာ နာနေမိသည်။

"သေလိုက်တဲ့လူတွေ ရေတောင်မရေနိုင်ဘူး၊ မိုင်းပွန်မြို့တော့ နလံထူဖို့ အတော်ခဲယဉ်းသွားပြီ၊ စိတ်မကောင်းစရာပဲ"

"မင်းဉာဏ်လေးတစ်ထွာတစ်မိုက်နဲ့ စိတ်မကောင်းဖြစ်မနေပါနဲ့ကွာ၊ သတ်ဖြတ်မှုတွေ၊ သေကြေပျက်စီးမှုတွေဆိုတာ ဘယ်စစ်ပွဲမှာမဆို တွေ့ရမှာပဲကွ၊ တရားသောစစ်နဲ့ မတရားတဲ့စစ် ဒါပဲကွာမယ်၊ တပ်မှူးက ဒီမိုင်းပွန်မြို့ကို ဒီလောက်စေ့စေ့စပ်စပ် ကျအောင်ဘာကြောင့် တိုက်သလဲဆိုတာ မင်းသိရဲ့လား"



ကျော်စွာက နားမလည်စွာခေါင်းခါပြလိုက်သည်။

"ဒါဟာ စစ်ရေးပရိယာယ်တစ်ခု ဆိုရင်မမှားဘူး။ အခုလို မိုင်းပွန်တစ်မြို့လုံး စေ့စေ့စပ်စပ်ကျအောင် ချေမှုန်းလိုက်တဲ့သတင်းဟာ အထက်တခွင်မှာရှိတဲ့ မြို့တွေအမက အောက်မြန်မာတစ်နိုင်ငံလုံး ပြန့်နှံ့သွားမှာ သေချာတယ်ပေါ့၊"

"ဒီသတင်းကိုကြားတော့နဲ့ လက်ရှိသစ္စာဖောက်ဆိုင်ရှိုးတွေ ဘယ်လောက်ကြောက်ကြမလဲ၊ နယ်ချဲ့တွေကိုလည်း တစ်နည်းအားဖြင့်တော့ ဟန့်တားလိုက်တာပဲကွ"

ဘယ်နည်းနဲ့မဆို နယ်ချဲ့တွေဟာ တပ်မှူးနေသူရှိန်ဆိုတာနဲ့ လန့်နေကြမှာအမှန်ပဲ၊ အထက်ကိုတက်ဖို့ လှုပ်နေတဲ့ ခြေလှမ်းတွေကို တန့်သွားစေနိုင်တယ်ကွ၊

ဒါဟာစစ်ရေးပရိယာယ်တစ်ခု ဆိုရင်မမှားဘူးပေါ့၊

ဒါကြောင့် 'တိမ်တောင်သဖွယ် မင်းအရေးကျယ်၏' ဆိုတဲ့ စကားပုံလို လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်တဲ့ ပရိယာယ်ပညာတွေ ဆိုတာ မှတ်ထားပေရော့"

"အင်း. . .ခင်ဗျား ရှင်းပြတော့လည်း အဟုတ်ပေါ့လား၊ ဘာပဲဖြစ်ဖြစ် အထက်ကိုတက်ဖို့ ခြေလှမ်းပြင်နေတဲ့ နယ်ချဲ့တွေရဲ့ ခြေဖဝါးတွေကို ဟန့်တားနိုင်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲဗျ၊ နောက်ပြီး အခြားမြို့တွေမှာရှိတဲ့ ပုဆိန်မိုး သစ္စာဖောက်တွေလည်း လှုပ်ဝံ့မှာ မဟုတ်တော့ဘူးဗျို့"

"သေချာတာပေါ့ ကောင်လေးရေ။ ဒါထက်တပ်မှူးက ငါ့ကို အထူးတာဝန်တစ်ရပ် ပေးထားတယ်ကွ"

"အလို စကားက အဆန်းပါလား။ ဘာတာဝန်လဲဗျ ပြောပါအုံး"

"တာဝန်ကတော့ တပ်မှူးက မောင်ရင့်ရဲ့ ပုံဖ ပန်းချီကားတစ်ချပ်လိုချင်သတဲ့ဗျား"

"ဘုရားရေ ထူးဆန်းလှချည်လား"

"ဟုတ်တယ်၊ အဲဒီအတွက် ကျုပ်ကိုဆုလာဘ်ငွေ ကောင်းကောင်းလဲ ချီးမြှင့်ထားလေရဲ့၊ ဘာအတွက်ကြောင့် အခုလိုလုပ်ရသလဲ ဆိုတာတော့ မသိနိုင်ဘူး။ ဒါပေမယ့် တပ်မှူးဟာအကြောင်းတစ်စုံတစ်ရာ မရှိဘဲနဲ့တော့ အလုပ် တစ်ခုကို အကြောင်းမဲ့ မနိုင်းတတ်ဘူး။ နောက်ပြီး ပန်းချီကား ရဲ့ နောက်ခံကိုလည်း အခုလိုစစ်ပွဲအောင်မြင်ခြင်း အထိမ်း အမှတ်အဖြစ်နဲ့ စစ်မြေပြင်ကို နောက်ခံထားရမယ်တဲ့ဗျား"

"အလို ကျုပ်ကထင်ရှားတဲ့ သူရဲကောင်းကြီး မဟုတ်တာဗျာ၊ စစ်သူကြီး မဟာဗန္ဓုလဆိုရင်လည်း ဟုတ် သေးရဲ့၊ တပ်မှူးဘာတွေလုပ်နေလဲ ဆိုတာတော့ နားမလည်



နိုင်အောင် ဖြစ်နေပြီဗျာ"

"ကဲ . . . အဲဒါတွေထားလိုက်၊ ကျုပ်ကတော့ တာဝန်အရ ဆောင်ရွက်ရလိမ့်မယ်၊ အဲဒီတော့ မောင်ရင်က ကျုံးဝိုးနေတဲ့ နယ်ချဲ့တွေရဲ့ အလောင်းတွေရှေ့မှာ ဓားကိုကိုင် ပြီး ဟန်ပါပါ ခဏလေးရပ်ပေးစမ်းပါ၊ ကျုပ်ပုံကြမ်းလေး လောင်းချင်လို့ပါ"

"ဟာဗျာ ဦးစိုင်းကလည်း ပုံဆွဲရင် ကောင်းကောင်း ဆွဲပါဗျ၊ ဘယ်နှယ့်အနိဋ္ဌာရုံတွေ နောက်ခံနဲ့ ဆွဲချင်ရတာလဲ"

"ဒါတော့ငါလည်းမသိဘူး။ မိုင်းပွန်မြို့ကို အောင်မြင် တဲ့ အထိမ်းအမှတ် အမှတ်တရ ဖြစ်စေချင်လို့ နေမှာပေါ့၊ မောင်ရင်က တပ်မှူးရဲ့လက်ရွေးစင်တစ်ယောက်မဟုတ်လား"

ရယ်ရယ်မောမော ပြောဆိုပြီး အသင့်ဆောင်ယူလာ သော ဝိတ်ဖျဉ်စကိုထုတ်ကာ ပုံဆွဲရန် ပြင်ဆင်လေရာ ကျော်စွာလည်း နားမလည်စွာဖြင့် ရေကန်အနီးရှိတိုက်ကြီးကို နောက်ခံထား၍ လူသေများ အနီးတွင် ဓားကိုင်ကာရပ်ပေး လိုက်ရာ ဦးစိုင်းနောင်က ကျွမ်းကျင်စွာ ပုံကြမ်းလောင်းယူ လေ၏။

ကျော်စွာ၏ စိတ်ထဲတွင် ဦးစိုင်းနောင်အား နွယ်စုံ ပညာရှင်တစ်ဦးဟု ကျိတ်၍ချီးမွမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲပြီးစ မိုင်းပွန်မြို့တစ်ခုလုံး မီးခိုးများ လူသေများ
အသွေးများ ရှုတ်ရှတ်သဲသဲ ပြေးလွှားနေကြသော လူအများကြား
တွင်သူတို့အမှုအယာကို ကြည့်ကာ အထူးအဆန်းသဖွယ်
လှည့်ကြည့်သွားကြလေသည်။

အမှန်တော့ အနုပညာရှင်တစ်ဦးအဖို့ ယခုလို
အချိန်မျိုးတွင် အလုပ်ထဲတွင်ရှာနှစ်ဝင်ရန် မလွယ်ကူသော်
လည်း ဦးစိုင်းနောင်ကတော့ ပတ်ဝန်းကျင်ကို ဥပေက္ခာပြု
ထားကာ သူ့အလုပ်ထဲတွင် စိတ်နှစ်မြှုတ်ကာ စိတ်ရှည်
လက်ရှည် အမှုအယာဖြင့် ပုံကြမ်းကိုပြီးအောင် လောင်းလှု
လိုက်လေတော့သည်။

မကြာမီ ပိတ်ရှည်အဖြူပေါ်တွင် စစ်ဖ်အနိဋ္ဌာရုံများ
ရှေ့တွင် ဖိန့်ဖိန့်ကြီး တားကိုင်၍လက်ပိုက်ရပ်နေသော
ကျော်စွာ၏ ခန့်ငြားသောသွင်ပြင် ပုံကြမ်းမှာ တစ်စတစ်စ
ရုပ်ဆွင်ပီပြင်လာလေတော့သည်။

❦ ❦ ❦ ❦ ❦ ❦



## နှစ်ကိုယ်တူကြည်ဖြူပါချက်

တပ်မှူးနေသူရိန်ခေါင်းဆောင်သော မိုးချစ်တော်လှန်
ရေး တပ်ဖွဲ့များကနယ်ချဲ့လက်ပါးစေများ သိမ်းပိုက်ထားသော
မိုင်းပွန်မြို့ကို စေ့စေ့ညက်ညက်ကြအောင် တိုက်ခိုက်သိမ်း
ပိုက်လိုက်သော သတင်းကား တောမီးပျံ့သည့်ပမာ အနီးဝန်း
ကျင်မြို့များသို့ ပြန့်နှံ့သွားလေတော့သည်။

တစ်ဆက်တည်း ကချင်တောင်တန်းများဆီသို့
တပ်ဖြန့်လာသော ဗြိတိသျှတို့ကို ပြန်လည်ခုခံတိုက်ခိုက်ရန်
အတွက် ဖုံကန်ဒုဝါဦးဆောင်သော ကချင်အမျိုးသားများသည်
ဓာဝတီးကို ပြန်လည်တိုက်ခိုက်ရန် ဗန်းမော်အနီး စုသု
စုဆောင်းနေကြရာ ယင်းနယ်ချဲ့ဆန့်ကျင်ရေး အင်အားစု

www.burmeseclassic.com

www.burmeseclassic.com



များကို ဖြိုခွင်းရန်အတွက် ဗြိတိသျှတို့သည် ၁၈၈၆ခုနှစ် ဧပြီလ ၁၂ရက်နေ့တွင် တပ်များကို စေလွှတ်ခဲ့လေ၏။

တိုက်ပွဲဖြစ်ပွားပြီး ဒဏ်ရာရသူများကို သယ်ယူပို့ဆောင်ရန် အခက်အခဲကြောင့် ဖန်းမော်မှ ပြန်လည် ဆုတ်ခွာခဲ့ကြရသည်။

ထို့နောက် မေလ (၂၂)ရက်နေ့တွင် အမြောက်ကြီးလေးလက်အပါအဝင် လက်နက်အပြည့်အစုံဖြင့် တပ်သားအင်အား (၅၀၀)ကို ထပ်မံချီတက်စေပြန်သည်။

ထိုသို့ ချီတက်လာသော ဗြိတိသျှတပ်များ၏ ချောင်းဒေါက်ရွာမှ အထွက်တွင် ဖုကန်ဒူဝါခေါင်းဆောင်သော ကချင်အမျိုးသားများက ပိုင်းဝန်းတိုက်ခိုက်ကြရာ ကပ္ပတိန်ဝေနင်ဆာကျင်တစ်ဦး ဒဏ်ရာရသွားလေ၏။

ဂရားရွာမှအထွက်တွင်လည်း တိုက်ပွဲဖြစ်ပွားကြပြန်ရာ ကပ္ပတိန်လိုင်း(စ်) အပါအဝင် တပ်သား ငါးယောက်ဒဏ်ရာရရှိ၍ ဗြိတိသျှတို့ ပြန်လည်ဆုတ်ခွာခဲ့ရပြန်၏။

၁၈၈၆ ခုနှစ် ဧပြီလ (၁၃)ရက် သင်္ကြန်ကျသောနေ့တွင် အထက်မြန်မာနိုင်ငံရှိ ဗြိတိသျှတို့ သိမ်းပိုက်ထားသော စစ်စခန်းအားလုံး အတိုက်အခိုက်ခံခဲ့ကြရသည်။

ထိုနှင့် တပြိုင်နက် နောက်တစ်နေ့ အာရုဏ်တက်ချိန်



တွင် မန္တလေးနန်းမြို့တော်ကို နန်းတော်တွင်းရှိ အချို့လူများနှင့် ဖူးပေါင်းကာ ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်ခဲ့ကြလေ၏။

ဧပြီလ (၁၂)ရက်နေ့က ကချင်အမျိုးသားများကို ဖြိုခွင်းရန်တက်လာသော ဗြိတိသျှတပ်များကို မြို့သစ်နှင့် ဆင်ကန်တောင်ကြားတဝိုက်တွင် နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများက တိုက်ခိုက်ခဲ့ကြသည်။

ဆင်ကန်တောင်ကြားဒေသသည် ဂရားနယ်ရှိ ကချင်အမျိုးသားများ ခိုအောင်းလှုပ်ရှားရာ အရပ်ဒေသတစ်ခုလည်း ဖြစ်ပေသည်။

ဤသို့ဖြင့် ပို၍ပြင်းထန်သော တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများသည်၊ တစ်နိုင်ငံလုံးတွင် အုပ်အုပ်ကျက်ကျက် ဖြစ်နေပြီး တိုင်းရင်းသားခေါင်းဆောင်များကလည်း အများအပြား ပေါ်ပေါက်လာခဲ့ပေ၏။

ရှမ်းနှင့် ကယားဒေသမှ နယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင်ထွက်လူမှာလည်း ထင်ရှားသော ခေါင်းဆောင် တစ်ဦးဖြစ်သည်။

တခေါက်တည်းမှာပင် တစ်နိုင်ငံလုံးတွင် တော်လှန်ရေး အရှိန်အဟုန်ပြင်းမားနေစဉ် ရှမ်းခေါင်းဆောင်စော်ဘွားနယ်စား

www.burmeseclassic.com

www.burmeseclassic.com



များသည် ရှမ်းတောင်တန်း သုံးဆယ်ဒေသတွင် ရသ
အင်အားစုများဖြင့် လှုပ်ရှားလာကြလေ၏။

ဗြိတိသျှတို့သည် စော်ဘွားများ၊ နယ်စားများကို
ခေါ်ယူစေ့စပ်ရန် စီစဉ်ကြပြန်သည်။

တောင်ပိုင်စော်ဘွားဦးဆောင်သော အင်အားစုများက
လည်း ခြေကုတ်စခန်းများယူကာ ပြန်လည်တိုက်ခိုက်ကြပြန်
ရာ ဗြိတိသျှတို့ဘက်မှ လက်ဖတင်နင်လိုင်ကို ဦးဆောင်
သော တပ်များပင် ချီတက်တိုက်ခိုက်ကြပြန်လေ၏။

ထိုအချိန်များအတွင်း ဗြိတိသျှတို့ကို ဆန့်ကျင်
တိုက်ခိုက်ခဲ့သော စော်ဘွား၊ နယ်စားခေါင်းဆောင်များစွာ
တို့ ပေါ်ပေါက်ခဲ့ပေသည်။

ဟူးကောင်းတောင်ကြားတဝိုက်နှင့် ရှမ်း၊ ချင်း၊ ကချင်
ရှမ်းနယ်များတဝိုက်တွင်လည်း အင်အားတောင့်တင်းခိုင်မာ
သော မြန်မာ့မျိုးချစ်တပ်မှူး နေသူရိန်လည်း တစ်ဦးအပါအဝင်
ဖြစ်ခဲ့ပေရာ သူ၏ နာမည်ကြားရုံမျှဖြင့် နယ်ချဲ့လက်ပါးစေတို့
သွေးပျက်လုခမန်း ကြောက်ရွံ့တုန်လှုပ်ခဲ့ကြရသည်။

ထိုလှုပ်ရှားမှုများကြောင့် ဗြိတိသျှအရာရှိ မစ္စတာ
အေအိတ်ချ်ပီရိဘရင်း'' က သူ၏တပ်များကို ညွှန်ကြား
ရာ၌ အထက်နိုင်ငံမြို့များတွင် တလှုလှု လှုပ်နေသော ဗြိတိသျှ



အလံတော်ကို ''နေသူရိန်'' ကြောင့် အကျမခံနင့်ဟု
ထည့်သွင်းညွှန်ကြားရလေသည်။

အခြားမြို့ရွာများရှိ စော်ဘွားများ၊ နယ်စားများက
လည်း တပ်မှူးနေသူရိန်နှင့် ပူးပေါင်းကာ နယ်ချဲ့လက်ပါးစေ
များကို ညီညွတ်စွာ တိုက်ခိုက်ကြလေရာ အထက်မြန်မာနိုင်ငံ
မြို့ရွာ အတော်တော်များများကို ပြန်လည်သိမ်းပိုက်မိကြ
လေတော့သည်။

မိုင်းပွန်မြို့ကို အောင်မြင်ပြီးသော တပ်မှူးနေသူရိန်
သည်မြို့ရွာနယ်ပယ်အသီးသီးရှိ စော်ဘွားများ၊ နယ်စားကြီး
များကို ဖိတ်ကြား၍ တိုင်ပင်ဆွေးနွေးကြလေ၏။ ပြီးလျှင်
အောင်ပွဲ အထိမ်းအမှတ်ပွဲကို ကျင်းပပေးလေရာ ထိုပွဲသို့
တက်ရောက်ရန် ကျော်စွာနှင့် ဦးစိုင်းနောင်တို့ကို သီးသန့်
ဖိတ်ကြားခဲ့လေသည်။

ထိုအခါ ကျော်စွာ၏ ပုံတူပန်းချီကားကို စိတ်ပါ
လက်ပါ ရေးဆွဲလျက်ရှိသော ဦးစိုင်းနောင်က ဤသို့ ပြောလေ
သည်။

''မောင်ကျော်စွာရေ့ တို့နှစ်ယောက်စလုံးတော့ တဖြည်း
ဖြည်း အရေးပါအရာရောက်တဲ့နေရာကို ရောက်လာပြီနဲ့
တူတယ်၊ စော်ဘွားတွေနယ်စားကြီးတွေ သီးသန့်ဖိတ်ပေးတဲ့

www.burmeseclassic.com



ပွဲမှာ အခုလို တက်ခွင့်ရတာ နည်းတဲ့ကုသိုလ်မထင်နဲ့ဟေ့"

"တစ်မှုူးက စော်ဘွားတွေ၊ နယ်စားတွေကို၊ အခုလို ဘာဖြစ်လို့ လုပ်ပေးတာလဲဗျ"

"ဒါ တော်လှန်ရေးအတွက် စည်းရုံးရေးအတွက် ဖြစ်တာတော့ သေချာပါတယ်"

"ကျွန်တော်ကတော့ အဲဒီလိုပွဲမျိုးတက်ရတာ စိတ်မပါ လှပါဘူး"

"မင်း နောက်တော့ စိတ်ပါလာမှာပါကွာ"

"ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ ဦးစိုင်း"

ဦးစိုင်းနောင်က လက်တွင်းမှ စုတ်တံကို ရေခွက်ထဲ နှစ်ရင်း အသာပြုံးလိုက်သည်။

"အခုပွဲမှာ စပ်ဖလုံနယ်စားကြီးလည်း ရောက်လာ တာ မင်းသိရဲ့လား"

"အဲဒါ ဘာဖြစ်လဲဗျ"

"သူနဲ့အတူပါလာမယ့် မင်းသမီးလေး နန်းကလျာ ကို ရော မင်း စိတ်မဝင်စားဘူးလား"

"ဟင် နန်းကလျာ ဟုတ်လား"

ထိုအမည်ကို ကြားလိုက်ရသောအခါ ကျော်စွာမှာ ထခုန်လုမတတ် ဝမ်းသာသွားလေတော့သည်။



အဝတ်ထဲတွင် အမြဲတစေ သိမ်းဆည်းထားသော ငွေဆွဲပြားလေးကို သတိရကာ ထုတ်ကြည့်လိုက်ရာ ဦးစိုင်းနောင်က "အခုတော့လည်း တစ်မျိုးပါလား"ဟု မှတ်ချက် ချလေသည်။

"မင်းဥစ္စာ အဖြူအမည်းမသဲကွဲခင်ကတည်းက အဖြစ်သည်းနေလိုက်တာကွာ၊ မင်းသူ့ကို တကယ် ချစ်တာ ရော ဟုတ်ရဲ့လား။ စော်ဘွားကတော်လေး နန်းကေနိုင်တို့နဲ့ တော့ တတန်းထဲ ထားတွက်လို့တော့ရမယ်မထင်ဘူး မောင်ရေ့"

"ကျွန်တော် နန်းကလျာကို လူမမြင်ခင်ကတည်းက စွဲလန်းနှစ်သက်ခဲ့ရတာပါ၊ လူကို မြင်ရပြန်တော့လည်း တကယ့်ကို ရင်ထဲအသည်းထဲကလာတဲ့ မေတ္တာစစ်မှန်နဲ့ ချစ်မိပါတယ်၊ ဒါပေမယ့် ဦးစိုင်းရယ် ...သူ့ဘဝက မိုးလို မြင့်နေတော့၊ ကျွန်တော့်လို မြေပြင်က အညာတြတစ်ယောက် အချစ်နဲ့တော့ တန်မယ်မထင်ပါဘူး"

"မင်းကလည်း စတောင် မစရသေးဘူး၊ စိတ်လျှော့ ချင်တာက အရင်ဘဲကိုးကွ၊ ဒီမှာ မောင်ကျော်စွာ တကယ် မေတ္တာစစ်နဲ့ချစ်ကြတဲ့သူတွေအဖို့ ပကာသနမလိုဘူး၊ အဆင့် အတန်းမလိုဘူး၊ အရှုံးအမြတ် တွက်တယ်ဆိုတာလည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ ဒါကို မင်းသဘောပေါက်ရဲ့လား"

ထိုစကားကြားရသော ကျော်စွာအဖို့ အတန်ငယ် အားတက်စရာ ဖြစ်လာပြန်သည်။

"အင်း ...ဘာပဲဖြစ်ဖြစ် ဦးစိုင်းစကားကြားရတာ ရင်ထဲမှာ အားတက်လာတာတော့ အမှန်ပဲ၊ ဘာပဲဖြစ်ဖြစ် ဒီတခါ နန်းကလျာကိုတွေ့ရင်၊ ရင်ထဲမှာရှိတဲ့ အကြောင်းတွေ ဖွင့်ပြောလိုက်ရင်ကောင်းမလား ဦးစိုင်း"

"အဲဒါမင်းလုပ်ရမယ့် အလုပ်ပဲ၊ ရင်ထဲရှိတာ အရင်ဖွင့်ပြောရမှာက ကိုယ့်အလုပ်။ စဉ်းစားချင့်ချိန်ပြီး အဖြေပေးရမှာက သူ့အလုပ်ပဲမဟုတ်လား။ မင်းကစမပြောပဲနဲ့တော့ သူက ဘယ်သိနိုင်မှာတဲ့လဲ"

"အား... ဟုတ်ပြီ၊ ဒီတစ်ခါတွေ့ရင်တော့ ဦးစိုင်းပြောတဲ့အတိုင်း ဖွင့်ပြောလိုက်တော့မယ်ဗျာ"

"အင်း ...ကျော်စွာ၊ ကျော်စွာ မင်းကတားရေကောင်း သလောက် အချစ်ရေးကျတော့လည်း ငါ့ခြေဖျားကိုတောင် နည်းနည်းလေးမှ မမီပါလားကွာ။ နေရာချင်းသာ လဲလိုက်ချင် ပါရဲ့"

"ကျွန်တော်က တကယ့်မေတ္တာစစ်ကို တန်ဖိုး



ားတာပါဗျာ"

"အင်း မင်းကလူပျိုလူရွယ် အသက်အရွယ်ကလည်း ယ်သေးတော့ မေတ္တာနဲ့ပက်သက်ပြီး စိတ်ကူးရင်နေတာပါ။ ဆိုးအောက်မှာ မေ့တစ်ယောက်ကိုပဲ ချစ်တာပါ။ ဘာညာ တဲ့ စကားတွေဟာ အခုလို အတွေ့အကြုံနုနယ်သေးတဲ့ ချိန်မှာ ပြောကြတာပါကွာ၊ အသက်အရွယ်ကြီးပြီး အတွေ့ ကြုံရင့်ကျက်လာတော့လည်း အချစ်နဲ့ပတ်သက်ပြီး အနီးစပ် ုံး နားလည်သဘောပေါက်လာပါလိမ့်မယ်"

ထိုသို့ အေးအေးဆေးဆေးပြောရင်း ဦးစိုင်းနောင်က ရှေ့ခက်အတွင်းမှ စုတ်တံကို ပြန်ယူရင်း စိတ်ရှည်လက်ရှည် ယ်မှုန်းနေလေသည်။

အတွေ့အကြုံ မရင့်ကျက်သေးသော ကျော်စွာအဖို့ ဦးစိုင်းနောင်၏ စကားများကို အဓိပ္ပာယ်ပြည့်နားမလည် သော်လည်း ဦးစိုင်းနောင်ရေးဆွဲနေသော မိမိရုပ်တူ ပန်းချီကား မှာ တကယ့်ကို သက်ရှိလူနှင့်မခြား သရုပ်တူလှကြောင်းတွေ့ ရလေသည်။

"အဝ်မှူးက မောင်ရင်ရဲ့ ရုပ်ရည်ဟန်ပန်နဲ့ အတူဆုံး ဖြစ်အောင်ရေးဆွဲပေးဖို့ မှာထားတာကွ၊ တပ်မှူးက အကြောင်း ဲ့တော့ အလုပ်တစ်ခုကို လုပ်မှာမဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်လေ ကျုပ်ရဲ့အရင်းနှီးဆုံးမိတ်ဆွေရဲ့ ရုပ်ပုံလွှာကို ရေးဆွဲခွင့်ရတဲ့အတွက်တော့ အကောင်းဆုံးဖြစ် အောင် ကြိုးစားထားပါတယ်၊ သဘောကျရဲ့ မဟုတ်လား"

"ပန်းချီနဲ့ ပက်သက်လို့တော့ ဘာမှမသိပါဘူး ဒါပေမယ့် ဦးစိုင်းရေးတဲ့ပုံကတော့ ကိုယ်ရုပ်ကိုမှန်ထဲ ပြန်ကြည့် နေရသလိုပါပဲဗျာ"

"သိပ်လည်းမြှောက်မနေပါနဲ့ဟာ၊ အခုတော့ ဘယ် မြင့်ပြီး ခေါင်မိုးတက်ကပ်ချင်နေတာ"

နှစ်ယောက်သား ရယ်ရယ်မောမောဖြင့် စကား ပြောနေချိန်ဝယ် ခြင်းတစ်ခြင်းဆွဲထားသော မိန်းမချောလေး တစ်ဦး ရှက်ဖျင်ထဲ အတင်းဝင်လာသည်။

"ဘာကိစ္စရှိလို့လဲ မိန်းကလေး"

"အစ်ကိုကြီးအတွက် တပ်မှူးက စားသောက်စရာတွေ ပို့ခိုင်းလိုက်လို့ပါ၊ နောက်ပြီးလိုအပ်တာ ဆောင်ရွက်ပေးဖို့ အနားမှာနေဖို့လည်း မှာလိုက်သေးတယ်"

"ဟော ဒီလိုဖြင့် ကောင်းတာပေါ့ကွာ"

ပြောပြောဆိုဆို ဦးစိုင်းနောင်က ပန်းချီကားကို အဝတ်စ တစ်စဖြင့်ဖုံးထားရင်း

"ကဲ မင်းလည်းသွားတော့လေ တော်ကြာနန်းကလာ



သာလို့မတွေ့လိုက်ရဘဲ ရှိနေဦးမယ်"

ဟုနှင်လေရာ ကျော်စွာမှာ သဘောကျစွာပြုံးရင်း ရှက်ဖျင်တဲ အတွင်းမှထွက်ခဲ့လေသည်။

မိုင်းပွန်မြို့၏ အချက်အချာကျသော ရဲတိုက်ကြီး အပေါ်တွင် အနယ်နယ်မှ ရောက်လာကြသော စော်ဘွားများ၊ နယ်စားကြီးများ၊ 'တော်လှန်ရေးခေါင်းဆောင်များ၊ အရပ် ဒေသအသီးသီးမှ မျိုးချစ်တော်လှန်ရေး ရဲဘော်များကို အကောင်းဆုံး ညှိခံကျွေးမွေးလေရာ မီးရောင်များအောက် တွင် တကယ့်မင်္ဂလာပွဲကြီးသဖွယ်ရှိနေတော့သည်။ ကျော်စွာသည် ခွဲခင်းတပိုက်တွင် ချောမောလှပသော အမျိုးသမီးများ၊ တိုင်းရင်းသူ များစွာတို့ကို မြင်ရသော်လည်း စိတ်မဝင်စားပဲ မိမိ တွေ့လိုသူကိုများ တွေ့ရလေမလားဟု လိုက်လံရှာဖွေနေမိ လေသည်။

ထိုအချိန်တွင် စားသောက်ဆိုင်တစ်ဆိုင်ရှေ့ ရောက်သာအခါ မိမိတို့ အကျဉ်းသားများ လာရောက်ကယ် တင်စဉ်က အဖြစ်အပျက်များကို ပြန်လည်သတိရကာ ပြုံးလိုက် မိလေသည်။

လှည့်ထွက်ရန်ပြင်လိုက်သောအခါ စားသောက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ လူတစ်ယောက်က သူ့ကိုလှမ်းခေါ်နေသဖြင့် ရုတ်
ကြည့်လိုက်ရာ စားဖိုမှူးဦးစံကဲ ဖြစ်ကြောင်းတွေ့ရလေသည်

"မင်းကို ပြန်တွေ့ရပြန်ပြီ၊ တစ်ခါက ကျုပ်
အရက်မူး အောင်တိုက်ပြီး ရဲတိုက်ကြီးထဲ လိုက်ပို့တဲ့ သူ
ဟုတ်လား"

"ဟုတ်ပါတယ်၊ ခင်ဗျားက ဘာမှမဖြစ်ဘူးလာ
ဦးစံကဲ"

ကျော်စွာက ရယ်ရယ်မောမော မေးလိုက်လေသည်

"ကျုပ်က ဘာဖြစ်မှာလဲ၊ အရက်မူးပြီး ချောင်ထဲ
အိပ်ပျော်နေတာ စစ်ပွဲပြီးတာတောင် မသိလိုက်ပါဘူးကွာ"

ကျော်စွာက သဘောကျစွာရယ်လိုက်ရင်း ...

"ခင်ဗျား အခုဘာလုပ်နေတာလဲ"

အခု စားဖိုမှူးအလုပ်ကလည်း မရှိတော့၊ သူများ
အရက်ကပ်သောက် နေရတဲ့ ဘဝပေါ့ကွာ၊ ကြုံတုန်းကျုပ်
အရင်တစ်ခါကလို အရက်အဝတိုက်ဘို့ အစီအစဉ်လေးများ
မရှိဘူးလား မောင်ရင်ရာ၊ အခုနေများ အဲဒီလို စေတနာပေါ်
သိပ်ပြီး ကျေးဇူးတင်ရမှာဘဲ"

ကျော်စွာစိတ်မကောင်းစွာဖြင့် အိတ်တွင်းမှ ရွှေဒင်္ဂါး
ပြားကို ထုတ်ယူပြီး ဦးစံကဲလက်တွင်းသို့ ထည့်ပေး



လိုက်သည်။

"ကဲ ကျွန်တော်ကတော့ ခင်ဗျားနဲ့ အတူ ထိုင်မသောက် နိုင်သေးဘူး၊ လူတစ်ယောက်ကို ရှာရဦးမယ်၊ ခင်ဗျား တစ်ယောက်ထဲ စိတ်ကြိုက်သောက်ပေရော့ ဟုတ်လား"

ဦးစံကဲလက်ထဲမှ ရွှေဒင်္ဂါးပြားများကို တုံ့ရင်စွာ ကြည့်ရင်း

"ကျေးဇူးပါပဲ မောင်ရင်ရာ၊ မင်းကျေးဇူးကို မမေ့ပါဘူး၊ ကျုပ်အခုနေတာက မြို့အရှေ့ဘက်က တောင်ကြားတစ်ခုမှာ ပါ၊ကျုပ်ဆီကို ရောက်အောင်လာခဲ့စမ်း ပါ၊ ထိုက်တန်တဲ့ လက်ဆောင်တစ်ခု ပြန်ပေးလိုက်ချင်လို့ပါ"

"ကောင်းပြီလေ၊ ကျွန်တော်အားရင် လာခဲ့ပါ့မယ်၊ ကဲ သွားဦးမယ်ဗျာ"

ကျော်စွာသည် ဦးစံကဲကို ထားရစ်ကာ လှည့်ထွက် လာခဲ့လေသည်။

မကြာသေးမီကာလအတွင်းမှ သေနတ်သံ၊ ဓားခုတ်သံများဖြင့် ဆူညံနေခဲ့သော မိုင်းပွန်မြို့အတွင်းမှ ယခုအခါတွင် လရောင်အောက်တွင် သာယာကြည်နူးဖွယ်ရာ ကောင်းပြန်တော့သည်။

www.burmeseclassic.com



ကျော်စွာသည် ရဲတိုက်ကြီးအနီးရှိ ကျုံးထိပ်ဘက်သို့ လျှောက်လာခဲ့သည်။

လရောင်သည် ကျုံးရေပြင်ပေါ်သို့ ဖြာဆင်းနေလေရာ ငွေရောင်သင်းဖြူးတစ်ချပ်ခင်းထားသည့်နှယ် တူတော့သည်။

သည်နေရာဘက်တွင်လည်း အပန်းဖြေရင်းလာနေကြသော မိန်းမလှကလေးများ၊ အမျိုးသားလေးများ အသီးသီးရှိ နေကြလေ၏။

ကျော်စွာသည် စိတ်လက်ပေါ့ပါးစွာ လျှောက်လာစဉ် တစ်နေရာအရောက်တွင် ကျုံးရေစပ်တွင် ထိုင်နေသော မိန်းကလေးတစ်ယောက်ကို တွေ့မြင်ရသဖြင့် အမှတ်မထင် လှည့်ကြည့်လိုက်ရာ ရင်ထဲမှာ ထိတ်ကနဲအခုန်မြန်သွားလေသည်။

လရောင်သည်မိန်းကလေး၏ မျက်နှာကို တစွန်းတစ ကျရောက်နေရာ ကျော်စွာသည် စိတ်လှုပ်ရှားစွာဖြင့် အနီးသို့ လျှောက်သွားလေသည်။

ထိုမိန်းကလေးက အခြားမဟုတ် . . .

တွေ့နိုးနိုးဖြင့် လိုက်လံရှာဖွေနေသော မိန်းမချောလေး နန်းကလျာပင် ဖြစ်ပေတော့သည်။

နန်းကလျာကလည်း အနီးသို့ရောက်လာသော



ခြေသံကြားရဟန်ဖြင့် မော့ကြည့်လေရာ နှစ်ဦးသား အကြည့်ချင်း ဆုံသွားကြလေသည်။

ကျော်စွာက ပြုံး၍နှုတ်ဆက်လိုက်သောအခါ နန်းကလျာကလည်းကောင်းစွာ မှတ်မိသွားဟန်ဖြင့် ပြန်လည်ပြုံးပြလေသည်။

"ကျွန်တော် ခဏလေးထိုင်မယ်နော်"

"ထိုင်ပါ ကိုကျော်စွာ"

မိမိနာမည်ကိုတောင် မှတ်မိနေသောကြောင့် ကျေနပ်စွာပြုံး၍ နန်းကလျာနှင့် မလှမ်းမကမ်းတွင် ဝင်ထိုင်လိုက်လေသည်။

"အဖော်မပါဘူးလား ကလျာ"

"အတွင်းမှာ ငြီးစီးစီးဖြစ်နေတာနဲ့ အပြင်ခဏထွက်လာတာ၊ အခုလိုသာယာတဲ့ ရှုခင်းလေးကြည့်ရတာ စိတ်ချမ်းသာလိုက်တာ ကိုကျော်စွာရယ်၊ သဘာဝကြီးက သိပ်ပြီး အပြစ်ကင်းစင်တာပဲ၊ လူသားတွေကြောင့်သာ အခုလို စစ်ပွဲတွေ၊ အနိဋ္ဌာရုံတွေ ဖြစ်နေကြတာနော် . . . "

"ဟုတ်ပါတယ် ကလျာ၊ အားလုံးသာ လောဘ ဒေါသတွေ မရှိကြရင် လောကကြီးဟာ အမြဲသာယာနေမှာပါ၊ တကယ်ဆိုရင် မေတ္တာတရားနဲ့သာ လောကကြီးကို အလှဆင်

www.burmeseclassic.com



သင့်ပါတယ်''

အဟင်း...ကိုကျော်စွာက လူကသာ ဓားသမားဖြစ်နေပေမယ့်၊စိတ်ကတော့ နူးညံ့မှုရှိပါလား''

တကယ်ဆိုရင် စစ်တိုက်တဲ့ အလုပ်တွေကို ကျွန်တော်မလုပ်ချင်ပါဘူး။ ဒါပေမယ့် ကိုယ့်တိုင်းပြည်ရဲ့ လွတ်လပ်ရေးအတွက်ဆိုပြန်တော့လည်း ခေါင်းမရှောင်သင့်ဘူး မဟုတ်လား။ ခံစားမှုတွေအစား ဓားကိုင်နေရပေမယ့် ကျွန်တော့်စိတ်ထဲမှာ အမြဲရှိနေတာက တခြားပါကလျာ''

နန်းကလျာ မျက်လွှာကလေးချ၍ နားထောင်နေလေ၏။ ကျော်စွာမှာ ရသည့်အခွင့်အရေးကို လက်လွှတ်မပေးလိုဟန်ဖြင့် ဖွင့်ဟပြောဆိုရန် အစပျိုးလိုက်လေသည်။

''ကျွန်တော် ကလျာ့ရုပ်ပုံကလေးကို မြင် ကတည်းက စွဲလန်းနေခဲ့ရတာ၊ အဲဒီအချိန်ကစပြီး ကလျာ့ကို အမြဲသတိရနေမိတယ်''

ထိုစကား ကြားရသောအခါ နန်းကလျာက ပြုံးလိုက်လေသည်။

''ဒီစကားမျိုးကို ကိုကျော်စွာဘယ်နှစ်ယောက်များပြောခဲ့ပြီးပြီလဲ၊ နန်းကေခိုင်နဲ့ တွေ့တုန်းကများ ဒီလိုပြောခဲ့ဘူးလား။ ပြန်စဉ်းစားကြည့်ပါဦးရှင်''



နန်းကလျာက ပြုံးပြုံးလေးပြောလိုက်သော်လည်း ကျော်စွာရင်ထဲမှာ အရှိက်ကို အထိုးခံရသလို အောင့်သွားလေသည်။ထိုအကြောင်းများကို နန်းကလျာတစ်ယောက် ဘယ်လိုများသိနေပါလိမ့်ဟု တွေးမိရင်း စိတ်မကောင်းဖြစ်သည်။

''အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်ဘဝမှာ ချစ်စစ်ကို ကလျာနဲ့တွေ့မှ ဖြစ်ခဲ့တယ်လို့ ကျိန်ပြောဝံ့ပါ ယ်၊ ကျွန်တော်ကလျာ့ကို ချစ်ခဲ့တာ တကယ့်ဖြူစင်တဲ့ တ္တာစစ်၊ မေတ္တာမှန်နဲ့ပါ၊ ဒါပေမယ့် ဘဝချင်းက မိုးနဲ့မြေလို ာခြားနေမှန်းကျွန်တော်နားလည်ပါတယ်၊ ကျွန်တော် င်ထဲက ပြောချင်တဲ့စကားတွေကို ကလျာသိအောင်ပြောခွင့် တဲ့အတွက် ကျွန်တော်ကျေနပ်မိပါတယ်''

နန်းကလျာထံ တိုးညှင်းသော သက်ပြင်းချသံလေး စ်ချက်ထွက်ပေါ်လာသည်။

''ကိုကျော်စွာသာ ယောကျ်ားကောင်းတစ်ယောက် တ်တာဝန်ရှိတယ်ဆိုရင် ဒီလိုစကားမျိုးကို မပြောသင့်ပါဘူး တကယ့်မေတ္တာစစ်နဲ့ ချစ်ကြတဲ့ သူတွေအဖို့ အဆင့် တန်းကွာခြားမှု မရှိနိုင်ပါဘူးရှင်...''

ထိုစကားကြားရသောကျော်စွာမှာ ဝမ်းသာအား

www.burmeseclassic.com



ဘက်လာပြီး နန်းကလျာ၏ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း . . .

"ကလျာ တကယ်ပြောတာနော်၊ ဒီလိုဆိုရင် ကျွန်ုပ်ကော့အတွက် မျှော်လင့်ချက်ရှိသေးတာပေါ့။ ဝမ်းသာ လိုက်တာ ကလျာရယ်"

ဤသို့ တုန်ရင်လှုပ်လှဲစွာ ပြောလိုက်လေသည်။

ထိုအခါ နန်းကလျာက သူမ၏ဦးခေါင်းတွင် စည်း ထားသော နှင်းသာရောင်ပိုးပုဝါလေးကို အသာဖြုတ်ယူရင်း ကျော်စွာကို ကမ်းပေးလိုက်သည်။

"ရှေးအခါကတည်းက စစ်မြေပြင်ကို ထွက်ရ သူရဲကောင်းတွေကို သူတို့ရဲ့ ချစ်သူတွေက ပိုးပု လက်ဆောင်ပေးလေ့ကြတယ်၊ အခုလည်းဒီပုဝါလေးကို [illegible] အတွက်ရည်စူးပြီး ယူလာခဲ့တာပါ ကိုကျော်စွာ"

ကျော်စွာသည် နှင်းသာနှင့်သင်းလျက်ရှိသော နှင်းသာ ရောင် ပိုးပုဝါလေးကို တုံ့ရင်သော လက်ဖြင့်ကမ်းယူရင်း ဒါဟာမိမိအတွက် ကလျာပေးတဲ့ အဖြေဖြစ်ကြောင်း ကောင်းစွာသဘောပေါက်သွားလေရာ ရင်တွင်းမှာ လှိုက် ဝမ်းသာသွားလေသည်။

"ဝမ်းသာလိုက်တာကလျာရယ်၊ အခုမှပဲနှစ်ရှည်



လမျှား မျှော်လင့်ခဲ့ရတဲ့ ရင်တွင်းက ဆန္ဒတွေ ပြည့်ဝရတော့ တယ်၊ ဒါပေမယ့် လက်ရှိအခြေအနေကို တွေးမိပြန်တော့ လည်း ရင်ထဲမှာ စိုးရိမ်နေရသေးတယ် ကလျာရယ် . ."

"ကိုကျော်စွာကလည်း အားငယ်စရာမရှိကြပြီး အားငယ်နေတာကို။ ယောကျ်ားဘုန်းကား အသုံးမနိုင် အခေါင် တိုင် ဆိုတဲ့စကား ရှိရဲ့မဟုတ်လား။ ရှုံးရဲ့ကြိုးစားမှုတွေ ဟာ တစ်နေ့မှာ ကြီးကျယ်မြင့်မြတ်တဲ့ ဘဝကိုရောက်မှာ သေချာ ပါတယ်"

ဒါပေမယ့် ကလျာရယ်၊ စိတ်ကူးဆိုတာက လက်တွေ့ နဲ့ တခြားစီ မဟုတ်လား။ ကိုယ်က သာမန်အညတြ စစ်သား တစ်ဦး၊ ကလျာက နယ်စားကြီးရဲ့ သမီးတော်တစ်ပါး မဟုတ် လား။ လက်တွေ့ပေါင်းစပ်ကြတော့မယ်ဆိုရင် အခက်အခဲတွေ အများကြီးရင်ဆိုင်ကြုံတွေ့ရနိုင်တယ်လေ၊ ဒါပေမယ့်လေ ကလျာ့ကိုချစ်တဲ့စိတ်၊ မြတ်နိုးတဲ့စိတ်နဲ့ နီးစပ်ရအောင် ကိုယ်အစွမ်းကုန် ကြိုးစားပါမယ်၊ ကိုယ်ကတိပေးပါတယ် ကလျာ . . ."

ထိုအချိန်မှာ သူတို့ရှိရာဘက်သို့ လူတစ်ယောက် လျှောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူရထွန်းပင်ဖြစ်တော့သည်။

"ညီမလေးကလည်း တစ်ယောက်ထဲ လျှောက်သွားနေတာကိုး။ ဦးရိုးတော်က မေးနေတယ်၊ ကဲ အထဲသွားကြရအောင်"

ထိုသို့လာခေါ်သဖြင့် ကျော်စွာနှင့် နန်းကလျာတို့မှာ မခွဲချင်ခွဲချင် ခွဲလိုက်ကြရတော့သည်။

သူရထွန်းနှင့် တရွေ့ရွေ့ မြင်ကွင်းမှ ဝေးကွာသွားသော နန်းကလျာရှိရာသို့ငေးကြည့်ရင်း နံ့သာနံ့သင်းနေသော နံ့သာရောင် ပိုးပုဝါလေးကို မြတ်နိုးစွာ ငုံ၍ နမ်းလိုက်လေသည်။

♛ ♛ ♛ ♛ ♛



## အသက်ဖြင့် ရင်းရသောတာဝန်

ရွှန်းမြသောလရောင်သည် ရွက်ဖျဉ်တဲအပေါက်မှ အဆင့်အတွင်းသို ဖြာဆင်းနေလေရာ အခန်းတွင်း၌ အတန်ငယ် အလင်းရောင်ရနေလေ၏။

ထိုအချိန်တွင် အတွင်းဘက်ကွတ်ပျစ်တစ်လုံးပေါ်၌ ဦးစိုင်းနောင်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။

သူ၏နံဘေးတွင် ညဦးပိုင်းက စားသောက်စရာများလာပို့သော မိန်းကလေးလည်း ရှိနေ၏။

ထိုမိန်းကလေးသည် ဦးစိုင်းနောင် အိပ်မောကျသွားသောအခါ နေရာမှ ထလာသည်။ ဖရိုဖရဲဖြစ်နေသော အဝတ်အစားများကို ပြုပြင်ကာ အသံမမည်အောင် ဂရုစိုက်

www.burmeseclassic.com

www.burmeseclassic.com

ကာ ကွင်းပျစ်ပေါ်မှ ဆင်းလာသည်။

သူမသည်ခြေသံမကြားအောင် ခြေဖွ၍လျှောက်ထ
ဦးစိုင်းနောင်ဆွဲလက်စ ပန်းချီကားရှိရာသို့ လျှောက်ထ
လေသည်။

ထိုနောက်ပုံအုပ်ထားသော ပန်းချီကားကို လှစ်ကြ
လိုက်လေသည်။

"အလို ပုံတူပန်းချီကားပါလား၊ ဒီပန်းချီကာ
ထဲကလူဟာ ဦးစိုင်းနောင်ရဲ့မိတ်ဆွေပါလား။ သူ့နာမည်
ကျော်စွာ ကိုကျော်စွာ ဟုတ်တယ်၊ ဒါကိုကျော်စွာရဲ့ ပုံ
ပန်းချီကားပဲ လက်ရာကလည်း မြောက်လိုက်တာ၊ အပြင်မှ
တကယ့်လူရပ်နေတဲ့အတိုင်းပါပဲ၊ ဦးစိုင်းနောင်ဟာ တခြားဘ
မှာ ဆိုးသလောက် ပန်းချီရေးတဲ့နေရာမှာတော့ အတော်
လက်ရာမြောက်တယ်"

မိန်းကလေးသည် ပြုံး၍မှတ်ချက်ချကာ ပန်းချီကား
ခြေရာလက်ရာမပြတ်အောင် ပြန်အုပ်ထားလိုက်လေ တော
သည်။

ထို့နောက်ပုဝါကို ဦးခေါင်းမှခြုံကာ အပြင်ဘက်သို့
ထွက်လာလေတော့သည်။

ရဲတိုက်ကြီး အနောက်ဖက်ရောက်သောအခါ



မှောင်ရိပ်တွင်းမှ အသင့်စောင့်နေသူတစ်ဦးနှင့် တွေ့လေ၏။

ထိုသူက တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစား
များ ဝတ်ထားကာ ဦးခေါင်းတွင် ခမောက်တစ်လုံးကို ခပ်စိုက်
စိုက် ဆောင်းထားသည်။

"ဘယ့်နှယ့်လဲဟေ့၊ အဆင်ပြေခဲ့ရဲ့လား၊ မင်းက
လည်း ကြာလိုက်တာ၊ စောင့်ရတာ အတော်ကြာနေပြီ"

"ပန်းချီဆရာ အိပ်ပျော်တဲ့အထိ စောင့်နေရလို့
ကြာသွားတာပါ"

"မင်းသူရေးထားတဲ့ ပန်းချီကားကို သေသေချာချာ
တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့ပါတယ်၊ သေသေချာချာကြည့်ခဲ့ပါတယ်"

"ပန်းချီကားက ဘာရေးထားတာလဲ"

ပန်းချီကားက ပုံတူပန်းချီကားပါ။ အဲဒီအထဲက ရုပ်ပုံ
ရှင်ကတော့ ဦးစိုင်းနောင်ရဲ့ မိတ်ဆွေလေး မားသမား
ကိုကျော်စွာရဲ့ ရုပ်ပုံလွှာပါ"

"အလို ကျော်စွာရဲ့ပုံဟုတ်လား"

"ရေးဆွဲထားတာ လက်ရာမြောက်လွန်းလို့ တကယ့်
သက်ရှိလူတစ်ယောက်လို တူလွန်းပါတယ်"

ထိုအခါ အမှောင်ထဲမှလူသည် အတန်ကြာအောင်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေလေ၏။

"ကျော်စွာဟာ ဦးစိုင်းနောင်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေ
ပဲ၊ သူ့မိတ်ဆွေရဲ့ပုံကိုရေးတာ မဆန်းပါဘူး၊ ဒါပေမယ့်
အဲဒီပန်းချီ ကားကို တပ်မှူးက လျှို့ဝှက်ရေးဆွဲခိုင်းတယ်
သတင်းကြားတာကတော့ဆန်းနေတယ်၊ တပ်မှူးဟာ
အကြောင်းမဲ့တော့ ဘာမှလုပ်မှာ မဟုတ်ဘူး၊ ထူးခြားလေးနေ
တဲ့ အကြောင်းတစ်ခုတော့ ရှိပေလိမ့်မယ်"

ထို့နောက်ထိုလူက မိန်းကလေးကို ငွေအိတ်တစ်ခု
လှမ်းပေးလိုက်သည်။

"မင်းဟာ ငါ့အတွက်အတော့်ကို အသုံးဝင်တဲ့
မိန်းကလေးပဲ၊ ရှေ့ဆက်ပြီးလည်း ကျော်စွာနဲ့ ပက်သက်တဲ့
သတင်း၊ လျှို့ဝှက်ပန်းချီကားနဲ့ ပက်သက်တဲ့ သတင်းတွေကို
ဆက်ပြီး စုံစမ်းပေးပါအုံး၊ ကျုပ်တို့ရဲ့ အကြံအစည်တွေ
အောင်မြင်လာတဲ့တစ်နေ့မှာ မင်းကိုကောင်းကောင်း ဂုဏ်ပြု
မယ်၊ ကဲ မင်းသွားပေတော့"

မိန်းကလေးက ငွေထုပ်ကို ပုဝါဖြင့် လုံမြုံစွာထုပ်ကာ
အမှောင်ရိပ်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသောအခါ
အမှောင်ရိပ်တွင်းမှ လူသည်အဖြေကို စဉ်းစားမရနိုင်ဟန်ဖြင့်



သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ထို့နောက် သူသည် အမှောင်ရိပ်ထဲမှာပင် ကိုယ်ယောင်ဖျောက်ကာ အရက်ဆိုင်တစ်ဆိုင်ရှိရာသို့ ထွက်လာခဲ့သည်။ အရက်ရောင်းသော ဆိုင်တွင်း၌ လူများစွာရှိနေ၏။ ပွဲလမ်းသဘင်ရှိသောရက်ပေမို့ စားသောက်ဆိုင်ကို ညဥ့်လုံးပေါက် ဖွင့်ထားလေရာ တစ်ညလုံး သောက်စားမူးယစ်သူတို့နှင့် ပြည့်နေတော့သည်။

ခမောက်နှင့်လူသည် ဆိုင်တွင်းသို့ ရောက်လေလျှင် တစ်စုံတစ်ဦးကို လိုက်လံရှာဖွေနေလေ၏။

ထိုအခါ အခန်းဒေါင့်နေရာတွင် ဓါးသမားယက္ခတို့အဖွဲ့မှာ အရက်သောက်ရင်း တဝါးဝါး ပွဲကျနေလေသည်။

ခမောက်နှင့်လူသည် ယက္ခရှိရာသို့ လျှောက်သွားလေသည်။ ယက္ခသည် ထိုလူ၏ မျက်နှာကို မြင်လိုက်ရသောအခါ တအံ့တသြဖြစ်သွားလေသည်။

"ဟာ ဆရာပါလား"

"ငါ မင်းနဲ့ စကားပြောစရာ ရှိတယ်ယက္ခ"

"ရပါတယ်ဆရာ... ရပါတယ်"

ဓါးသမားယက္ခသည် သောက်လက်စသပ်လိုက်ပြီး အဖော်များကို ထားခဲ့ကာ ခမောက်နှင့်လူရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်လာလေသည်။

သူတို့နှစ်ဦးသည် အမှောင်ရိပ်တစ်နေရာ လူသူ ရှင်းသော နေရာရောက်အောင် လျှောက်လာကြသည်။

"ကိစ္စအရေးကြီးလို့လား ဆရာ"

"မင်းဟာ အတော့်ကို အသုံးမကျတဲ့တစ်ယောက်ဘဲ ယကွ၊ အရင်တစ်ခါ ကိစ္စတုန်းကလဲ လမ်းခရီးမှာ ကျော်စွာနဲ့ ထိပ်တိုက်မတွေ့ဘို့ အတန်တန်မှာလိုက်ပါရက်နဲ့ သွားတွေ့ တော့ မရှုမလှခံလိုက်ရတယ် မဟုတ်လား၊ ငါနိုင်းတာ မအောင်မြင်တော့ ကျော်စွာက မိုင်းပွန်ကို အရောက်သွားပြီး အကျဉ်းသားတွေကို ကယ်ထုတ်သွားနိုင်ခဲ့ပြီးတဲ့နောက်မှာ နောက်ပိုင်းဘာတွေဆက်ဖြစ်လာတယ်ဆိုတာ မင်းအမြင်ပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်မှားသွားပါတယ်"

"အင်း မင်းမှားတာက အရေးမကြီးဘူး အကြံအစည် တွေပျက်တာက အရေးကြီးတယ်၊ မင်းလည်း ဒဏ်ရာ ဒဏ်ချက်တွေ မရှုမလှရခဲ့တယ်၊ ရှေ့ကိုဆက်ပြီး နိုင်းဘို့ တောင် ငါ့မှာအတော်စဉ်းစားနေရတယ်၊ အရေးကြီးတဲ့ ကိစ္စ တွေဆိုတာ နည်းနည်းလေးမှ အမှားမခံဝံ့ဘူး၊တစ်ချက်မှားတာ နဲ့ ပေးရတာ အသက်ဆိုတာရော မင်းနားလည်ရဲ့လားယကွ"



"နားလည်ပါတယ်ဆရာ၊ ဒီတစ်ခါ မမှားရအောင် ဂရုစိုက်ပါ့မယ်၊ ကျော်စွာကို အပြတ်ရှင်းဘို့ ကျုပ်တာဝန်ယူပါ တယ်"

"အင်း၊ မင်းကတော့ ကတိပေးတဲ့နေရာမှာတော့ အတော့်ကို လွယ်တဲ့သူပဲ၊ လုပ်ရင်သာ တစ်ခြားဖြစ်နေတာ၊ ဒီမှာယကွ ငါပြောတဲ့စကားတွေကို သေသေချာချာ နားထောင်စမ်း၊ တို့အတွက် အရေးကြီးဆုံးက ကျော်စွာကို အသက်ရှင်လျက်နဲ့ရှိမနေဘို့ဟာ အရေးကြီးဆုံးပဲကွ ဒါကို မင်းသိရဲ့လား"

"ဟုတ်ကဲ့"

"အဲဒီလိုဘာကြောင့် စိစဉ်ရသလဲဆိုတော့ဘို့အတွင်း မှာ သိပ်အရေးကြီးတဲ့အကြောင်းတွေရှိနေတယ်ကွ၊ ကျော်စွာ အသက်ရှင်နေရက်နဲ့ ရှိနေသမျှကာလပတ်လုံး တို့ရဲ့လျှို့ဝှက် ကိစ္စတွေဟာ တစ်နေ့မဟုတ် တစ်နေ့ပေါ်မှာလာတော့မှာဘဲ၊ ဒီမှာ ယကွ... အခုဆိုရင်တိုင်းပြည်ကြီးရဲ့ အခြေအနေကြီး ဟာ အတော့်ကို ယိမ်းယိုင်နေပြီ၊ ဗြိတိသျှ အင်ပါယာနဲ့ ဖြန့်ကျက်ထားတဲ့ နယ်မြေအတော်များများဟာ မျိုးချစ်တော် လှန်ရေးသမားတွေ လက်ချက်ကြောင့် တစစဆုတ်ပေး နေရတယ်၊ ဗြိတိသျှ အင်ပါယာတွင်းကိုဝင်ဘို့ပြင်နေကြတဲ့

www.burmeseclassic.com



တော်ဘွားတွေ၊ နယ်စားတွေတောင် အခုတော့ စိတ်ပြောင်းပြီး မျိုးချစ်တပ်တွေနဲ့ ပေါင်းဘို့စီစဉ်နေကြပြီ၊ အခုဆိုရင် တပ်မှူး နေသူရိန်နဲ့ ပူးပေါင်းဘို့ ကမ်းလှမ်းလာကြတဲ့ စော်ဘွားတွေ၊ နယ်စားတွေများ လာပြီလေ၊ အမှန်တော့ တပ်မှူးနေသူရိန် ရဲ့ ဩဇာအာဏာထက်မြတ်လာတယ်လို့ ပြောရင်လည်း ရပါတယ်၊ အဲဒါဘာကြောင့်လည်း မင်းသိရဲ့လား၊ တပ်မှူးဟာ လူတော်လူကောင်းတွေကို လူမှန်နေရာမှန်အသုံးချပေးနေတာ ကြောင့်ဘဲလို့ ငါယူဆတယ်''

''ဆရာပြောတာ ဟုတ်ပါတယ်''

''အမှန်တော့ ဒါဟာခေါင်းဆောင်ကောင်းတို့ရဲ့ ရှိသင့်ရှိအပ်တဲ့ အရည်အချင်းကောင်းတစ်ခုပဲ၊ ဒီလို ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အချင်းနဲ့ ပြည့်စုံ တဲ့ တပ်မှူးက ကျော်စွာကို သိပ်ပြီးအရေးပေးမြှောက်စားလွန်း နေတယ်၊ ကျော်စွာတော်လို့ အရေးပေးမြှောက်စားတာ မှန်ပေမယ့် ဒီထက်ပိုတဲ့ အကြောင်းတစ်ခုတော့ ရှိရမယ် လို့ငါထင်တယ်၊ ကျော်စွာဟာ 'အရှင်မွေးတော့ နေ့ချင်းကြီး' ဆိုသလို ကြည့်ရင်းနဲ့ ရှေ့ကိုတိုးတက်လာတယ်ကွ၊ အခုဆိုရင် သူ့ရဲ့ ပုံတူရေးဆွဲနိုင်းထားတယ်လို့ ငါစုံစမ်းလို့ရထားတယ် ဒီရည်ရွယ်ချက်ဟာ သာမန်ရည်ရွယ်ချက်တော့ ဟုတ်ဟန်



...း ပော်သုလှန်ရေးကြီးအောင်မြင်ဖို့အတွက် အင်အားပေါင်း ည်းရေးမှာ တစ်စုံတစ်ခုအတိုင်းအတာ တစ်ခုအထိတော့ ကျိုးသက်ရောက်မှုရှိနိုင်တယ်၊ ရုပ်ပုံလွှာကို မဏိပုတ္တရနယ် နယ်စားကြီးနေမိန္ဒဆီ ပို့ပေးလိမ့်မယ်လို့ ငါယူဆတယ်''

''အဲဒါဘာကြောင့်လည်းဆရာ၊ ကျော်စွာရဲ့ ပုံတူ ဆိုကားကို ပို့တော့ရော ဘာထူးမှာမို့လဲ''

''ဒါဟာ မင်းတို့လို လူမိုက်တွေရဲ့ တစ်ထွာတစ်မိုက် ဉာဏ်လေးနဲ့ လှမ်းကြည့်တာကိုးကွ၊ ဒါဟာတို့အတွက်သိပ် ရေးကြီးတဲ့ ကိစ္စဖြစ်နေတယ်လေ၊ ဒါကြောင့် ဒီအကြောင်း လျှို့ဝှက်ချက်ကို သိရလေအောင် ယောသန္ဒီက ...ကဒိုင်ဆီကို ပုလွှတ်အကြောင်းကြားနိုင်းထားတယ်၊ ကြာမီ နန်းကေခိုင်ဒီကိုရောက်လာလိမ့်မယ်၊ သူ့ဆီမှာ တင်းကစုံတော့ တို့ ... တဲ့ လျှို့ဝှက်အကြောင်းတွေကို ရနိုင်တယ်၊ မင်းပြုံ့အဝင်ကသွားစောင့်ချေ၊ နန်းကေခိုင် ...က်လာတာနဲ့ ငါ့ဆီကို အမြန်ခေါ်လာခဲ့ပေတော့''

ယက္ခသည် အလျင်အမြန်ထွက်သွားလေသည်။

အတန်ကြာသောအခါ မြင်းရထားတစ်စီး ရောက်လာ ရထားပေါ်မှ နန်းကေခိုင်ဆင်းလာလေသည်။

သူ့နောက်မှာ ယက္ခဆင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



''နေကောင်းပါရဲ့လား ကိုသူရထွန်း၊ နန်းကို အရေ တကြီး လူလွှတ်ခေါ်ခိုင်းပုံထောက်တော့၊ ဒီမှာ အကြောင်းထူ တစ်ခုပေါ်နေပြီထင်ပါရဲ့ ဟုတ်ရဲ့လားရှင်''

ခရီးရောက်မဆိုက် နန်းကေခိုင်က အသံလွင်လွင် ကလေးဖြင့် မေးလေ၏။

''ဟုတ်ပါတယ်၊ နန်းဆီက လိုု့ဂုက်သတင်းတွေကို သိချင်လို့မှာလိုက်တာပါ''

ထိုအခါ နန်းကေခိုင်က နံဘေးနားတွင်ရပ်နေသော ယက္ခကို အကဲခပ်ကြည့်လိုက်သည်။

''ဒါ ရှင်တစ်ခါ ခိုင်းတဲ့လူမဟုတ်လား၊ နောက်တစ်ခါ ဆက်ခိုင်းရင်ရော အောင်မြင်အောင်လုပ်နိုင်ပါ့မလား၊ သေသေ ချာချာရော မေးထားပြီးပြီလားရှင်''

''မေးထားပါတယ်၊ ဒီတစ်ခါတော့ အောင်မြင်အောင် ဆောင်ရွက်ပါ့မယ်လို့ ကတိပေးထားပါတယ်''

ယက္ခက သွာဖြဲ၍ခေါင်းညိတ်ပြလေသည်။

''ကောင်းပြီလေ၊ စမ်းကြည့်ကြသေးတာပေါ့ ဒါပေမယ့် ကျော်စွာ့ကို လျော့တွက်လို့ မရဘူးဆိုတာ သတိထားရမယ်၊ ကဲ ရှင်ကဘာသိချင်တာလဲ မေးလေ''

''ကိုယ် ကျော်စွာ့အကြောင်းကို ပြည့်ပြည့်စုံစုံသိချင်

www.burmeseclassic.com



တယ် နန်း''

ထိုအခါ နန်းကေခိုင်ကလည်း အတန်ကြာအောင် စဉ်းစားနေလေတော့သည်။

သူမအနေဖြင့် ကျော်စွာကို မရည်ရွယ်ဘဲ သံယောဇဉ် စတွယ်ခဲ့လေသည်။ သို့ကြောင့်လည်း ကျော်စွာ့အတွက် အန္တရာယ် အရိပ်နမိတ်များကို ကြိုတင်ပြောကြား၍ သတိပေး ခဲ့ခြင်းဖြစ်ပေသည်။

သို့စေကာမူ မိမိနှင့် လုပ်ငန်းဆောင်ရွက်မှုချင်း ဆက်စပ်မှုရှိနေသော သူရထွန်းက အကြောင်းကြား၍ အကူ အညီတောင်းပြန်သောအခါ သူမမှာ မနေသာ ပြန်တော့ပေ။

ထို့ပြင် သူရထွန်းက သကြံအစည်များ အောင်မြင် ပါက ရွှေ ငွေ အမြောက်အများပေးမည်ဟု ကတိပေးထား ပြန်ရာ ကျော်စွာနှင့် ပက်သက်၍ ဆက်စပ်စုံစမ်းခဲ့ပြန်လေ၏။

ရွှေ ငွေ၊ရတနာကို အလွန်မက်သော နန်းကေခိုင် သည် နှလုံးသားတစ်ဝိုက်တွင် အရိပ်ထင်လျက်ရှိသော ကျော်စွာ၏ ရုပ်ပုံလွှာကို ဥပေက္ခာပြုကာ ရွှေ ငွေ မျက်နှာကို ကြည့်ကာ ဖွတ်မိုတ်ဆောင်ရွက်ပေးခဲ့လေသည်။

ထို့ကြောင့်လည်း ယခုလို သူရထွန်းချိန်းဆိုရာသို့ ရောက်လာခဲ့ခြင်းဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှင်က ဒီအကြောင်းတွေကို သိချင်နေတာကို သတင်း တစ်ခုဆိုတာ ဘယ်လောက်အရေးကြီးတယ်ဆို ရှင်သိတယ် မဟုတ်လား၊ ထိုက်ထိုက်တန်တန်ရရင်ဒေ ကျွန်မသိထားတာတွေကို ပြောဘို့ဂန်မလေးပါဘူး''

ထိုအခါသူရဋ္ဌက ရွှေဒင်္ဂါးများထည့်ထားသေ အိတ်တစ်လုံးကို နန်းကေ့ခိုင်လက်ထဲသို့ ထည့်ပေးလို သည်။

ရွှေဒင်္ဂါးအိတ်ကို ပြုံးရွှင်စွာ ငုံ့ကြည့်ပြီးမှ စကားဆ လေသည်။

''ကျော်စွာဟာ တပ်မှူးနေသူရိန်ရဲ့ စစ်ဆင်ရေး အရေးပါ အရာရောက်နေတယ်ဆိုတာ ရှင်အသိပဲ မဟု လား''

''သိတယ်လေ၊ ဒီကောင်ကို ဓားရေးကောင်းတ ဆိုပြီး တပ်မှူးက နေရာပေးထားခဲ့တာ''

နန်းကေ့ခိုင်ပြုံး၍ ခေါင်းခါပြလေသည်။

''အဲဒီလို နေရာပေးတာထက်ပိုပြီးစိတ်ဝင်စား ကောင်းတဲ့ အကြောင်းရှိတယ် ရှင်သိရဲ့လား။ သူ့ရဲ့ပုံတူပန် ကားပြီရင် သူရိယ ပြည်နယ်က နယ်စားကြီးနေမိန္ဒဆီ ပို့လိမ့်မယ်လို့ ကျွန်မထင်တယ်၊ သူဟာဒါကို အကြောင်း



ပြီး နယ်စားကြီးနေမိန္ဒနဲ့ မိတ်ဖွဲ့လိမ့်မယ်၊ အထက်နယ်တစ် ဝိုက်မှာ အင်အားအကြီးမားဆုံးဖြစ်တဲ့ နယ်စားကြီးနေမိန္ဒ နဲ့သာ ပေါင်းမိသွားရင် ကျန်တဲ့ နယ်စားတွေလည်း နေစုံကြ မှာ မဟုတ်ဘူး။ ဒါစစ်ရေးပရိယာယ်တစ်ခုဖြစ်တယ်လေ''

''အင်း နန်းပြောတာကို လက်ခံပါတယ်၊ အခုမှ ဒီအကြောင်းကို စဉ်းစားမိတော့တယ်၊ ဒီကိစ္စဟာပျောက်ဆုံး နေတဲ့ မင်းသားလေး သူရဋ္ဌနဲ့ ကွင်းဆက်ကော မဖြစ်နိုင် ဘူးလား''

''ကျော်စွာဟာ သာမန်လူတစ်ယောက်နဲ့ မတူတာ တော့ အမှန်ပဲ၊ မင်းသားလေး သူရဋ္ဌ ဖြစ်မဖြစ်တော့ တပ်အပ် မသိနိုင်ဘူး''

''ရှင့်ရဲ့ အဓိက လုပ်ငန်းက ကျော်စွာကို ရှင်းပစ် ချင်တာ မဟုတ်လား''

''ကိုယ်သူ့ကို တစ်ကြိမ်ရှင်းပစ်ဖို့ စီစဉ်ခဲ့ပါသေးတယ်၊ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒီအကြောင်းတွေကို ယက္ခကို သာ မေးကြည့်ပါတော့ဗျာ''

ထိုအခါယက္ခက ကျော်စွာကို မိုင်းပွန်မြို့သို့ အသွား တွင် လိုက်လံရှင်းဘို့ကြိုးစားရင်း မိမိတို့ အနာတရ ဖြစ်ခဲ့ ကြရပုံကို ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့က ကျော်စွာကို လျှော့တွက်ခဲ့ကြတာကိုး ကျော်စွာဟာ ဓားသိုင်းဆရာကြီး မဟိန္ဒဆီက လျှို့ဝှက်ဓား ကွက်တွေကို သင်ယူတတ်မြောက်ခဲ့သူရှင့်၊ ဒီပညာတွေကို ကျွန်မကိုယ်တိုင်ရွှေဒင်္ဂါးတွေပေးပြီး သင်ခိုင်းထားခဲ့တာ မမေ့နဲ့ဦး"

ထိုအခါ ဓားသမားယက္ခက . . .

ဒီကျော်စွာဆိုတဲ့ကောင်ကို အပြတ်ရှင်းဖို့ ကျုပ် တာဝန်ယူပါတယ်၊ အရင်တစ်ခါက ကျုပ်မှားသွားလို့ ခံခဲ့ရတာ ပါ၊ ဒီတစ်ခါ အမှားအယွင်း လုံးဝမရှိစေရပါဘူး"

"ကျုပ်ဆီမှာ ထိုက်သင့်တဲ့ငွေကြေးပေးရင် လူ တစ်ယောက်ကို လွယ်လွယ်နဲ့ သတ်ပစ်နိုင်တဲ့ ဓားသမား မိတ်ဆွေတွေ ရှိပါတယ်၊ ဒီတစ်ပွဲမှာတော့ ကျုပ်သူတို့နဲ့ပေါင်း ပြီး ပေးတဲ့တာဝန်ကို အောင်မြင်အောင်ဆောင်ရွက်ခဲ့ပါ့မယ်"

ထိုသို့ရဲရဲဝံ့ဝံ့ တာဝန်ယူစကားပြောလိုက်လေ၏

"ကောင်းပြီလေ၊ ရှင်လိုချင်တဲ့ ရွှေ ငွေလိုသလောက် ရ ပါ့စေမယ်၊ကိစ္စကိုသာ အောင်မြင်အောင်ဆောင်ရွက်ပါ အခုအချိန်မှာ ကျွန်မတို့က တပ်မှူးနေသူရိန်ထက် ခြေ တစ်လှမ်းဦးအောင် ဆောင်ရွက်မှ ဖြစ်တော့မယ်၊ အဒေ တော်ပုံကလည်း အတော့်ကို အရေးကြီးလာပြီ၊ ဒီတစ်ခါတော့



အရင်လိုမဖြစ်အောင်ကြိုးစားပါ၊ အရင်တစ်ခါလို မဖြစ်အောင် ကြိုးစားပါ၊ အရင်တစ်ခါလို အတိမ်းအစောင်း အမှားအယွင်း ဖြစ်ရင်တော့ 'ရှင့်ဆီက ငွေပြန်မလိုချင်ဘူး ဒါပဲ"

ထိုသို့ပြောပြီး နန်းကေခိုင်ပြန်လှည့်ထွက် သွားလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်စားကွက်များ ထပ်မံရရှိခြင်း

ကျော်စွာသည် အလုပ်အားသော တစ်နေ့တွ
ဘယ်ကိုသွားရင်ကောင်းမလဲဟု တွေးနေခိုက် သူ၏စိတ်ကူ
၌ စားဖိုမှူးကြီးဦးစံကဲ အကြောင်းကို စဉ်းစားနေမိသောကြေ
ထိုနေရာသို့သွားရန် ဆုံးဖြတ်ခဲ့လေသည်။

ထို့ကြောင့်လက်စွဲတော်ဓားကိုယူကာ မဟူရာဆေ
ထနေသော မြင်းနက်ကြီးကို စီး၍ထွက်လာခဲ့လေသည်။

သူသည် ရှမ်းဘောင်းဘီ၊ ရှမ်းအင်္ကျီကို ဝတ်ဆင်ထ
လေရာ အချိုးအဆစ်ကျနသော ခန္ဓာကိုယ်မှာ ပေါ်လွင်သ
ရှိပေသည်။



လည်ဂုတ်အထိ ဝဲကျနေသော ဆံပင်များကို နောက်သို့ သိမ်းတင်ကာထားသဖြင့် ကျယ်ပြန့်သော နဖူးနှင့် ယောကျ်ားပီသသော မျက်နှာကို တွေ့ရလေသည်။

သူမြို့ပြင်ရောက်သည်နှင့် တောလမ်းအတိုင်း မြင်းကို အသာအယာကျစီးလာခဲ့လေသည်။

လယ်ကွင်းများ၊ တောင်စောင်းထက်ရှိ ယာခင်းများနှင့် ထန်းတောအချို့ကို မြင်ရသောအခါ စိတ်မှာကြည်လင်လန်းဆန်းလျက် ဖြစ်လာလေသည်။

အတန်ငယ်လာမိသောအခါ တောင်ကုန်းတစ်ခုထက် တဲအိမ်တစ်လုံးကို လှမ်းမြင်ရလေသည်။ ထိုနေရာနှင့် မလှမ်းမကမ်းတွင် ထန်းတောတစ်တောကိုလည်း တွေ့ရသည်။

သူသည် တဲအနီးတွင် မြင်းကိုရပ်ကာ အခြေအနေကို အကဲခပ်ကြည့်လေသော် ထူးခြားမှု မရှိသဖြင့် ဝင်ကြည့်သောအခါ လူတစ်ဦးမှ မတွေ့ရပေ။

ကြမ်းပြင်တစ်နေရာ၌ ဖရိုဖရဲဖြစ်နေသော စားအိုး စားခွက် အချို့ကိုလည်း တွေ့ရသည်။ နံရံထက်၌ချိတ်ဆွဲထားသော ဓားရှည်တစ်လက်ကို ကျော်စွာစိတ်ဝင်စားမိသည်။

သူသည်တစ်စုံတစ်ခုကို တွေးမိသဖြင့် ထန်းတောဘက်သို့ ထွက်ခဲ့လေသည်။

www.burmeseclassic.com



ထန်းပင်များထက်တွင် မြူအိုးများ ချိတ်ဆွဲထားလေသည်။ ထင်သည့်အတိုင်းပင် ထန်းပင်တစ်ပင်အောက်၌ အမှုးလွန်၍ အိပ်ပျော်နေသော ဦးစံကဲကို တွေ့ရလေသည်။ အနားသွားပြီး နှိုးလိုက်သောအခါမှ နိုးလာလေသည်။

"ဦးစံကဲ၊ ဦးစံကဲ"

ဦးစံကဲက မျက်စေ့ဖွင့်ကြည့်ပြီး ကျော်စွာကို မြင်လျှင် အံ့သြသွားလေသည်။ ထို့နောက် နေရာမှ ထလာသည်။

"ဩော်.... မောင်ရင် ရောက်လာပြီကိုး။ ကျုပ်က မလာတော့ဘူးထင်နေတာ"

"ပြောထားပြီး လာမှပေါ့ဗျူ.. ဒီမှာ ခင်ဗျားအတွက်တောင် လက်ဆောင်ယူလာခဲ့သေးတယ်"

ကျော်စွာက အသင့်ယူဆောင်လာသော အရက်ပုလင်းကို ပေးလိုက်သောအခါ ဦးစံကဲက ဝမ်းသာအားရ လှမ်းယူလေသည်။

"အေးကွာ ... ကျေးဇူးပါဘဲ၊ ကျုပ်မလဲ စားဖိုမှူးအလုပ်က ပြုတ်ကတည်းက အရက်ကောင်းကောင်း မသောက်ရတော့တာ ကြာပါပြီ၊ ဝယ်သောက်ဘို့ကလည်း ငွေက မရှိဘူး။ အခုလို ယူလာမှဘဲ သောက်ရတော့တယ်၊ ကျေးဇူးပါပဲ ဟဲ ... ဟဲ...ဟဲ"



ဦးစံကဲက ကျေနပ်စွာ ရယ်မောရင်း အရက်ကို တလှိုက် မော့သောက်လိုက်သည်။

"အရက်ဝယ် မသောက်နိုင်လို့ အပင်ကထွက်တဲ့ ထန်းရည်ခါးလေးနဲ့ပဲ ကျေနပ်နေရတာ ကြာပြီ၊ အခုလို အရက်ကောင်းကို သောက်လိုက်မှပဲ နေသာထိုင်သာ ရှိသွားတော့တယ်၊ မောင်ရင့်ကျေးဇူးကို မမေ့ပါဘူး။ ဒါထက် မောင်ရင် ကျုပ်ဆီကို ဘာကိစ္စရှိလို့ လာတာလဲပြောပါဦး"

ကျော်စွာက သဘောကျစွာ ရယ်မောရင်း။

"ဦးစံကဲ မှာထားလို့ လာတာပဲလေ . . .ကျွန်တော့်ကို ထိုက်ထိုက်တန်တန် လက်ဆောင်ပေးမယ်ဆိုတာလေ၊ ဘာပေးမှာလဲ ပြောပါဦး"ဟု မေးလိုက်သောအခါမှ ဦးစံကဲမှာ အမှတ်ရသွားဟန် ရှိသည်။

"အေးကွာ... ငါလဲ ထန်းရည်မူးနေတာနဲ့ သတိက မေ့သွားတယ်၊ ဒါထက် မောင်ရင့်ကို ကျုပ်ပေးမယ့် လက်ဆောင်ကတော့ တခြားမဟုတ်ပါဘူး။ အလွန်ထက်မြက်တဲ့ ခါးပညာရဲ့ လျှို့ဝှက်ချက်တွေပါ"

"ဗျာ ... ခါးပညာရဲ့ လျှို့ဝှက်ချက်တွေ ဟုတ်လား"

ကျော်စွာမှာ ဦးစံကဲ၏ ပုံပန်းသဏ္ဍာန်ကိုကြည့်ပြီး ယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျုပ်ဟာ အရင်က ထူးချွန်တဲ့ ဓါးသမား တစ်ယောက်ပါ၊ အရက်ရဲ့ ကျေးကျွန်ဘဝ ရောက်ခဲ့ ရမှ အခုလို ပျက်စီးခဲ့ရတာပါ..."

မောင်ရင့်ကို စမြင်ကတည်းက ဓါးသမားကောင်း တစ်ယောက်ဆိုတာ ချက်ခြင်းပဲ ကျုပ်အကဲခပ်မိပါတယ်၊ နောက်ပြီး တပ်မှူးနေသူရှိန်ဆီက ဓါးသမားနှစ်ယောက် ရောက်လာမှာကိုလည်း အဲဒီတုန်းက ကျုပ်တို့ သတင်းကြိုရ ထားပါတယ်"

"ဟင်"

ဟုတ်တယ်၊ အရက်ဆိုင်မှာ မောင်ရင့်ကို စတွေ့တော့ တပ်မှူးနေသူရှိန်ဆီကလာတဲ့ ဓါးသမားတွေဆိုတာ ကျုပ် အကဲခတ်မိပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ကျုပ်က ဓါးသမားတစ်ယောက်ဖြစ်လေတော့ ဓါးသမားချင်း မြွေမြွေချင်း ခြေမြင်တဲ့ သဘောပါဘဲ"

ခြော်ံ အခုမှ သိရတော့တယ်၊ အဲဒီတုန်းက ဦးစံကဲ ဖမ်းရင် ကျွန်တော်တို့ လွတ်မှာ မဟုတ်ဘူး"

ဦးစံကဲက ခေါင်းကို ဖြေးလေးစွာ ခါးယမ်းလိုက်သည်။ ကျုပ်ဟာ အခြေအနေကြောင့်သာ နယ်ချဲ့လက်ပါးစေ တွေရဲ့ လက်အောက်မှာ ရောက်နေရပေမယ့် ရင်ထဲက မျိုးချစ်စိတ်



တော့ မပျောက်ပါဘူး"

ဒါကြောင့်လည်း မောင်ရင်တို့ကို တမင်မသိချင်ယောင်ဆောင်ပြီး အကူအညီပေးခဲ့တာပါ" ၂

ထိုအခါမှ ဦးစံကဲ၏ မျိုးချစ်စိတ်ရှိပုံကို သိရလေမွှေန်စွာမှ ခါ လေးစားစွာဖြင့် နှုတ်ဆက်လိုက်လေသည်။ ။ တစ်

"လေးစားပါတယ် ဦးစံကဲ..." နှင့်လှပေရာ

ဦးစံကဲက ကျေနပ်စွာပြုံးရင်း နေရာမှထလေ၏။ တခါ

"ကျုပ်ဆီမှာ ဘိုးဘွားလက်ထက်ကဆို သင်ကြား ပ်းဆည်းလာခဲ့တဲ့ လျှို့ဝှက်ဓားသိုင်းပညာကျမ်းရှိ

ာင်ရင့်ကို ပေးပါ့မယ်၊ ဒါကျုပ်ရဲ့ ထူးခြားတဲ့ရန်ကဲ လျှို့ဝှက် ပေါ့၊ ဒါပေမယ့် မောင်ရင်ကျုပ်ဆီမှာ လာပြီးဝမှ သင်ယူခဲ့ င်ကြားရမယ်၊ ဘာကြောင့်လည်းဆိုတော့ ဒီပညာကဲ့ရလေ၏။ ူလည်းအမြင်မခံစေချင်ဘူး။ နောက်တစ်ချက်ကျုပ်ကလဲ အချိန်ရ ိုအပ် တာပြပေးလို့ရတယ်၊ ဒီမှာ ခဏစောင့်နေပါ"

ထိုသို့ပြောပြီး ဦးစံကဲ တဲဘက်သို့ ထွက်သွားသည်။

ခဏအကြာတွင် ဓားတစ်လက်နှင့် ပေရွက်တစ်ထပ်ပါ ာလေသည်။ ယူလာသောဓားမှာ နံရံထက်တွင် ချိတ်ဆွဲထား သော ဓားပင်ဖြစ်လေ၏။

ပေရွက်ထပ်များကို ပိတ်ဖျင်အနီအိတ်နှင့် ထည့်ထား

www.burmeseclassic.com



ပြီး ပိုးကြိုးဖြင့် ပတ်ချည်ထားလေသည်။

ဓါးသ    ဖြေလိုက်သောအခါ ပေရွက်ချပ်များ၌ ကကြီး ခခွေး

ရမှ အ ၄ အက္ခရာအစဉ်အတိုင်း တပ်ထားလေရာ 'အ' အထိ

    က် ရှိလေသည်။

တစ်ယောက်ပေရွက်ပေါ်တွင် ကညစ်ဖြင့် ရှေးလက်ရေးကြီးများကို

နောက်ပြီး ယေ၏။

ရောက်လာမှာ့်ဟာ အလွန်ရှေးကျတဲ့ ဓာပညာကျမ်းပဲ လူတိုင်း

ထားပါတယ်'' ကိုင်းမရနိုင်တဲ့ကျမ်းပဲ၊ ဒီကျမ်းကို ဝိဇ္ဇာဓရ ပုဂ္ဂိုလ်

''ဟင်'' ဥက်ကြတယ်၊ မထိုက်တဲ့သူဆိုရင် ပေးဖို့မဆို

ဟုတ်တုန်ပြည့်လို့တောင် မရနိုင်ဘူး။ အခုဟာကတော့

တပ်မှူးနေသူရဲ့ထိုက်လို့ ရတယ်လို့ပဲ အောက်မေ့ပါတယ်

အကဲခတ်မိဟဲ့က ပညာတွေကိုသာ ကုန်အောင်သင်ယူနိုင်ရင်

ဓါးသမားရင်ဟာ အတုမဲ့ ဓားသမားတစ်ယောက်ဖြစ်လာမှာ

ခေါ်မလွဲဘူး''

ဤသို့ဖြင့် ကျော်စွာသည် ဦးစံကဲထံမှ ရရှိသော

လျှို့ဝှက်ဓားပညာများကို စာတွေ့ရောလက်တွေ့ပါ သင်ယူခွင့်

ရလေ၏။

ဦးစံကဲ၏ ထန်းတော၌သာ လေ့ကျင့်သင်ကြား



လေ၏။ တခါတရံဦးစံကဲက ကိုယ်တိုင်သင်ကြားပေး၏။ ထိုသို့သင်ကြားပေးသောအခါ ဦးစံကဲသည် အရက်သမား တစ်ယောက်လို လေးလံထိုင်းမှိုင်းခြင်း အလျဉ်းမရှိဘဲ၊ လွန်စွာမှ လျင်မြန်သွက်လက်လေ၏။

သူ၏ ဓားကွက်များမှာ လွန်စွာမှ အဆင့်မြင့်လှပေရာ ကျော်စွာအဖို့ အတော်ကြီးကို ကြိုးစားသင်ယူရလေ၏။ တခါတရံ အမှားအယွင်းဖြစ်လျှင် ပြင်းထန်စွာ ပြောဆို သင်ကြားပေးလေ၏။

ရက်အတန်ကြာသင်ယူသောအခါ ဦးစံကဲ လျှို့ဝှက်မှတ်တမ်းမှ ဓားပညာများသည် ဆရာကြီးမဟိန္ဒထံမှ သင်ယူခဲ့သောပညာများထက် ပို၍အဆင့်မြင့်ကြောင်း သိရလေ၏။

ဤသို့ဖြင့် ရက်ပေါင်းများစွာကြာသည်အထိ အချိန်ရတိုင်း ဦးစံကဲထံသို့ကာ လျှို့ဝှက်ဓားပညာများကို သင်ယူလေရာကျော်စွာသည် ကျွမ်းကျင်စွာတတ်မြောက်လေတော့သည်။ သူသည် အခြေခံပညာ ပြည့်ဝသူဖြစ်ခဲ့သောကြောင့် ထိုမျှ အချိန်တိုတိုဖြင့် သင်ကြားတတ်မြောက်ခြင်းဖြစ်သည်ဟု ဦးစံကဲက မှတ်ချက်ချလေသည်။

သူသည် သင်ယူမှုပြီးမြောက်သောအခါ ဦးစံကဲအား ထိုက်တန်စွာ ကန်တော့ခဲ့ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## မဏိပူတ္တရသို့ ခရီးထွက်ခြင်း

နောက်ပိုင်းတွင် အထက်မြန်မာနိုင်ငံအနှံ့အပြား
တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလေတော့သည်။

တပ်မှူးနေသူရိန် ဦးဆောင်သော တော်လှန်
တပ်မတော်ကြီးမှာလည်း အမြို့မြို့အနယ်နယ်မှ နယ်
အုပ်ချုပ်သိမ်းပိုက်ထားသော မြို့၊ နယ်များကို ပြန်လည်
ယူကြလေ၏။

ဗြိတိသျှတို့ဘက်မှလည်း တိုင်းရင်းသား
ပိုပိုတိုးချဲ့ လာသော နယ်မြေများကို ခံတပ်များ၊ ခံကတုတ်
ဆောက်လုပ်ကာ နယ်ချဲ့သမားများကို ပြန်မပေးရအော
နည်းအမျိုးမျိုးဖြင့် ကာကွယ်တားဆီးကြလေ၏။



(၁၈၈၇) ခုနှစ် ဦးပိုင်းတွင် ရှမ်းပြည်၊ အင်းလေးကန်
အနီး၌ ခံတပ်များကို အခိုင်အမာ ဆောက်လုပ်ထားသော
ရှမ်းအမျိုးသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများကို
ဟန့်တားကြလေသည်။

အင်းလေးကန် အရှေ့ဘက်တွင် ဆောက်လုပ်ထား
သော ခံတပ်များမှာ 'ကာနယ်စတက်မန်း' ကို အစွဲပြုကာ
နောင်တွင် 'ဗိုလ်စတက်မန်း' ဟုပင် အမည်တွင်ခဲ့လေ၏။

၁၈၈၇ ခုနှစ် ဇန်နဝါရီလပိုင်းတွင် 'ကာနယ်
စတက်မန်း' နှင့် 'မစ္စတာ အေအိတ်ချ်တီဒီဘရင်း' ကို
ဦးဆောင်သော ဗြိတိသျှတပ်တို့သည် လွိုင်းတက်သို့ ချီတက်
လာကြလေသည်။

ချီတက်လာသော ဗြိတိသျှ တပ်တို့အား တော်လှန်
ရေး တပ်သားများက နန်းဆန်းနှင့် ကူကျိုးတို့မှ ဆီးကြို
တိုက်ခိုက်ခဲ့ကြလေသည်။

ရပ်စောက်စော်ဘွား စောဝိုင်းဦးဆောင်သော ရှမ်း
အမျိုးသားများကလည်း ရပ်စောက်နယ်မှ ခိုင်မာစွာ တပ်ဖြန့်
ခုခံကြလေသည်။

၁၈၈၆ ခုနှစ် ဒီဇင်ဘာလတွင် ကာနယ်စတက်မန်း
ဦးဆောင်သော တပ်ဖွဲ့ကြီးတစ်ဖွဲ့သည် လွိုင်းတက်သို့ ချီတက်

www.burmeseclassic.com

www.burmeseclassic.com



တပ်စွဲ ခဲ့ကြလေသည်။ လမ်းတလျှောက်တွင် တော်လှန်ရေ
တတ်သားများက လမ်းများကို ပိတ်ဆို့ကာ ဗြိတိသျှတပ်ဖ
ရှေ့သို့ မတိုးနိုင်အောင် ဟန့်တားတိုက်ခိုက်ကြသည်။

ထိုကဲ့သို့ ပိတ်ဆို့ခုခံမှုများကြားမှ ဗြိတိသျှနယ်ချဲ့မ
က ပြည်ညောင်ကို တက်ရောက်သိမ်းပိုက်ကြလေသည်။

ထို့နောက် ပြည်ညောင်မှ တဆင့် ကျိုက်စက
ထိုမှ တဆင့် ပျဉ်းထိပ်တောင်ကြားတို့သို့ ဆက်လက်ချီတ
ကြလေသည်။

ထိုအချိန်တွင် မေဂျာမိန်းဝါရင်းနှင့် ကပ္ပတိ
ပောစတိန်းတို့ ဦးဆောင်သော ဗြိတိသျှတပ်သားတို့သည
ယင်းတို့၏ အလိုတော်ရိတစ်ဦး အကူအညီဖြင့် ကချ
ဒေသများ ဖြစ်ကြသော ဆင်ဘိုနှင့် မိုးကောင်းသို့ရောက်လ
ကြသည်။

မကြာမီပင် ထိုအလိုတော်ရိ သစ္စာဖောက်သည
မျိုးချစ် တပ်သားများ၏ ရန်ကို ကြောက်သောကြော
ဇန်းမော်ကို ပြန်ပြေးလေ၏။

ထိုအလိုတော်ရိမရှိသောအခါ ဗြိတိသျှတို့ထ
ထိုနေရာကို မောင်ဘိုးစောဆိုသူအား ခန့်အပ်လေသည်။

သို့စေကာမူ မောင်ဘိုးစောသည် မျိုးချစ်စိတ်ရှိ



တစ်ဦးဖြစ်သောကြောင့် ရာထူးကို မမက်ပဲ နယ်ချဲ့တို့အား
တော်လှန်တိုက်ခိုက်ခဲ့လေ၏။

ထိုပြင်ကယားတောင်တန်းများပေါ်၌လည်း ဗြိတိသျှ
တို့သည် အကြမ်းနည်းရော၊ အနုနည်းပါ အသုံးပြု၍ မိမိတို့
လက်ပါအောင် သိမ်းသွင်းနေစဉ် ၁၈၈၇ခုနှစ်၌ ကန္တရဝတီ
များကို ယင်းတို့၏ လက်အောက်သို့ အသာတကြည်နှင့်
ရောက်စေရန် ကြိုးစားသော်လည်း မအောင်မြင်ကြချေ။
ဗြိတိသျှတပ်များကလည်း တော်လှန်ရေးတပ်သားများ တိုက်
ခိုက်နေသည့်ကြားမှပင် နေရာအနှံ့အပြားတို့ကို သိမ်းပိုက်
ကြရန်ကြိုးစားကြလေသည်။

၁၈၈၇ ခုနှစ်တွင် ကချင်တောင်တန်းများပေါ်တွင်
ခေါင်းဆောင်ဖြစ်လာခဲ့သော ပိုလ်ဘိုးစော၏ နယ်ချဲ့တော်လှန်
ရေးများမှာလည်း တစ်စတစ်စအင်အားတောင့်တင်းလာကာ
ကြီးထန်လာလေတော့သည်။

ထို့ကြောင့် ဗြိတိသျှစစ်ဗိုလ် ကပ္ပတိန်အမ်းစရောင်း
ဦးစီးသော တပ်ဖွဲ့များက ပိုလ်ဘိုးစော နေရာများသို့ လိုက်လံ
တိုက်ခိုက်ကြလေ၏။

ထိုအချိန်က ပိုလ်ဘိုးစောမှာ မိုးကောင်ဘက်တွင်
နေလေ၏။ ထိုပြင်နေပြည်တော် ကျစဉ်က နေပြည်တော်မှ

www.burmeseclassic.com

www.burmeseclassic.com

တပ်ဆုတ်ကိုယ်ရှောင်ရောက်ခဲ့သော မကွေးရာမင်းသား၏ သားတော်ကြီး 'စောရန်ပိုင်' သည် အောက်မြန်မာနိုင်ငံထက် သာဘာဝ အခြေအနေပိုကောင်းသော ကချင်တောင်တန်းဒေသ ရှိ မိမိတို့၏ မျိုးချစ်အင်အားစုများကို စုစည်း၍ တပ်မှူးနေသူ ရိန်နှင့် ပူးပေါင်းကာ ကြီးကျယ်သော တော်လှန်ရေးအင်အား စုကြီးကို ဖွဲ့စည်းကြလေသည်။

အထက်မြန်မာနိုင်ငံတောင်တန်းဒေသများတွင် တော်လှန်ရေးဒီရေမြင့်တက်နေချိန်တွင်–

ရခိုင်နယ်၌ ပုသိမ်သား ဇော်ဂျီဗိုလ်၊ သံတွဲသား ကျောက်ဆင်းဗိုလ်၊ မျက်ကန်းဗိုလ်စသည်တို့ကလည်း ကိုယ့်နေရာနှင့်ကိုယ် လှုပ်ရှားနေကြလေသည်။ ထိုအချိန်တွင် အင်အားတောင့်တင်းလျက်ရှိသော မင်းသားကြီးစောရန်ပိုင်နှင့် တပ်မှူးနေသူရိန်တို့၏ တော်လှန်ရေးအင်အားများမှာ နေရာအနှံ့အပြားတွင် အောင်ပွဲများဆက်ကာဆက်ကာ ရလျက်ရှိနေသည်။

သို့ရာတွင် နယ်ချဲ့များအား အမြစ်ဖြတ်တိုက်ထုတ်နိုင်ရေးအတွက် မဏိပုရနယ်မှ သူရိယနယ်စားကြီး နေမိန္ဒနှင့် ဆက်သွယ်ရန်မှာလည်း လွန်စွာအရေးကြီးသော ကိစ္စဖြစ်လေတော့သည်။



...ထွားပါလေသတည်း။

ထိုအချိန်တွင် နယ်စားကြီးထံမှ လျှို့ဝှက်ဆက်သွယ် ...အသောစာချွန်တော် တစ်စောင်ရောက်လာရာ နယ်စားကြီး ...နှင့် တွေ့ဆုံဆွေးနွေးရန် မင်းသားကြီးစောရန်ပိုင်သွားရန် ...ခဲ့သောအခါ လက်ရွေးစင်တပ်သားအဖြစ်လိုက်ပါရန် ...င်းသားကြီးက ကျော်စွာကို ရွေးချယ်လေသည်။ ထို့နောက် ...တပ်မှူးနေသူရိန်က မင်းသားကြီးအား ဤသို့ပြောကြားလေ ...သည်။

"အဆွေတော် အရေးကြီးတဲ့ မဏိပုရခရီးစဉ်မှာ ...ဆွေတော်နဲ့အတူ ဒီပန်းချီကားကိုပါ တပါတည်းသယ် ...ဆောင်သွားပါ။

ဒီပန်းချီကားကိုမြင်ရင် နယ်စားကြီးအနေနဲ့ တစ်စုံ ...တစ်ခုထူးခြားလာလိမ့်မယ်လို့ ကျွန်ုပ် မျှော်လင့်ပါတယ်၊ ...ပေမယ့် လမ်းခရီးမှာ ဒီပန်းချီကားကို မသမာသူတွေက ...တ်လုလိမ့်မယ်လို့ သတင်းကြားနေရတယ်၊

ပြီးတော့အဆွေတော်တို့ရဲ့ အသက်ကိုပါ လုပ်ကြံ ...ကောင်း လုပ်ကြံကြလိမ့်မယ်၊ သတိဝီရိယ ရှိစေချင်ကြ ...ပါတယ်"

"စိတ်ချပါအဆွေတော်"

ထို့နောက် တပ်မှူးကျော်စွာ၏ ပုခုံးကို ရင်းရင်းနှီးနှီး

www.burmeseclassic.com

www.burmeseclassic.com



ဖက်ကာ ဤသို့မှာကြားလေသည်။

"မောင်ကျော်စွာ... မောင်ရင်ဟာ ကျုပ်တို့အတွက် တပ်မကြီးတစ်ခုလောက်ကို အားထားရသူဖြစ်ပေတယ်၊ ဒါကြောင့် အခုလို အရေးကြီးတဲ့ခရီးကို မောင်ရင့်ကို ထည့်လိုက်တာဖြစ်ပေတယ်၊

မောင်ရင်ရော၊ ကျုပ်ရဲ့ အဆွေတော်မင်းသားကြီးပါ ဘေးမသီရန်မခဘဲ မထီပုတ္တရကို ရောက်ကြစေချင်တယ်၊ လမ်းခရီးမှာ ဘေးမသီရန်မခအောင် သတိထားပါ၊ အဆွေတော်မင်းသားကြီးရဲ့ အမိန့်ကို တသွေမတိမ်းလိုက်နာပါ၊ အဆွေတော်မင်းသားကြီးရဲ့ အသက်ကို မောင်ရင် အသက်နဲ့လဲပြီး စောင့်ရှောက်သွားပါ"

"စိတ်ချပါတပ်မှူး"

ကျော်စွာ၏ ရင်တွင်း၌ မိမိတိုင်းပြည်၏ လွတ်လပ်ရေးအတွက် ထောင်ပေါင်းများစွာသော တပ်သားများအထဲမှ မိမိကို ရွေးချယ်ကာ တာဝန်ပေးသည့်အတွက် ဂုဏ်ယူမဆုံးအောင် ရှိနေရုံသာမက စိတ်ဓာတ်မှာလည်း လွန်စွာမှ တက်ကြွလျက် ရှိနေတော့သည်။



## ကတ္တီပါခိတ်အတွင်းမှ သဲလွန်စ

အချိန်မှာ ဆောင်းအကုန် နွေအကူးကာလပေမို့ ဆောင်းရဲ့ နှင်းပွင့်နှင်းကျန်များကား ပတ်ဝန်းကျင်သို့ လွှမ်းခြုံထားလေ၏။ မထီပုတ္တရသို့သွားရာ မိုင်ပေါင်းများစွာသော လမ်းခရီးတစ်လျှောက်တွင် ဆီးနှင်းတို့ ဖုံးလွှမ်းလျက်ရှိနေကြသည်။

သူတို့သည် မြင်းများကို အသားကျစီးကာ ခရီးပြင်းနှင်လာကြရာ တစ်နေရာတွင် စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့မြင်ရသောကြောင့် ဝင်ဖြည့်ရန် လှည့်ဝင်လာကြသည်။

www.burmeseclassic.com



သူတို့သည် မြင်းများကို စားကျက်တစ်နေရာ၌ လွှတ်ကျောင်းထားပြီး မြို့ဝန်းထဲ၌ ခင်းထားသော ဆိုင်ခုံများတွင် ဝင်ထိုင်လိုက်ကာ လိုအပ်သော စားသောက်ဖွယ်ရာများကို မှာကြားနေစဉ် မြို့ဝန်းထဲသို့ နောက်ထပ်မြင်းစီးသမား (၁၀) ဦးဝင်လာသည်။

သူတို့သည် ဓားကိုယ်စီနှင့်ဖြစ်ပြီး အားလုံးရက်စက်ကြမ်းကြုတ်သည့် အသွင်ကို ဆောင်ထားကြသည်။

ဓားသမားများအဖွဲ့သည် ကျော်စွာတို့နှင့် မလှမ်းမကမ်းရှိ စားပွဲများတွင် နေရာယူကြသည်။ ထို့နောက် သူတို့ရှိရာသို့ အကဲခတ်သလို ဝူးဝူးဝါးဝါး လှမ်းကြည့်နေ လေ၏။

"ကျော်စွာရေ ... သူတို့ကို ကြည့်ရတာ သိပ်မရိုးသားဘူးကွ၊ အားလုံးဓားကိုယ်စီနဲ့ဆိုတော့ အုပ်ချုပ်မှုဝေးတဲ့ ဒေသတွေမှာ ထင်သလို မင်းမူနေတဲ့ အဖွဲ့ဖြစ်မယ် ထင်တယ်ကွ"

မင်းသားကြီးက လေသံတိုးတိုးဖြင့် လှမ်းပြောသည်။

ကျော်စွာက ခေါင်းညိတ်ပြလိုက်သည်။

"ကိုယ်တော်ကြီးပြောတာ မှန်ပါတယ်၊ အခုဝင်လာကြသူတွေဟာ ကြေးစားဓားသမားတွေ ဖြစ်ကြပါတယ်၊



ပါပေမယ့် ဒီအတွက် မပူပါနဲ့ ကိုယ်တော်ကြီး"

ကျော်စွာက အေးအေးဆေးဆေးပြန်ပြောရင်း ယာရောက်ချပေးသော အစားအသောက်များကို ဟန်မပျက် စားသောက်နေ၏။

သို့စေကာမူ သူ၏ လက်စွဲတော်ဓါးကိုမူ အသင့်အနေအထားဖြစ်အောင် ပေါင်ပေါ်၌တင်ထားလေ၏။

ထိုအချိန်မှာပင် လူအုပ်တွင်းမှ ဓားသမားတစ်ဦးက ကျော်စွာအား ရန်လိုသော အကြည့်မျိုးဖြင့် ဝူးဝူးဝါးဝါးလှမ်းကြည့်နေသည်ကို မင်းသားကြီးသတိပြုမိသွားသည်။

"မောင်ကျော်စွာရေ ဟိုလူကောင်ထွားထွားနဲ့ အမြီရှိန်ဆိုနေတဲ့မျက်နှာနဲ့ ဓားသမားရဲ့ အကြည့်က မရိုးသားဘူးကွယ်၊ မင်းသူ့ကို တွေ့ဘူးလား"

ကျော်စွာက ဟန်မပျက်စားသောက်နေရာမှ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက် ကျော်စွာက အေးအေးဆေးဆေး ပြောပြသည်။

"သူ့ကို ကျွန်တော်ကောင်းကောင်းသိပါတယ် ကိုယ်တော်ကြီး၊ သူကကြေးစား ဓားသမားတစ်ယောက်ပဲ၊ သူ့နာမည်က ယက္ခလို့ခေါ်ပါတယ်၊ သူရထွန်းဆိုတဲ့ ပုဂ္ဂိုလ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်သုံးတော် ဓားထစ်လက်ဆိုရင် မများဘူးပါဘူး။ တခါတုန်းက ဒီလိုဘဲ ထမင်းဆိုင်တစ်ဆိုင်မှာ သူနဲ့ကျွန်တော် ဓားချင်းယှဉ်ဘူးတယ်၊ အဲဒီတုန်းက သူအရေးနိမ့်ပြီး ဒဏ်ရာရသွားခဲ့ဘူးတယ်''

''ဩော်ဒါကြောင့် ထင်ပါရဲ့ကွာ၊ သူ့ရဲ့အကြည့်က အတော့်ကို ရန်လိုမှုများလှတယ်''

ယက္ခတို့အဖွဲ့မှာ ကျော်စွာတို့ကို မျက်ခြေမပြတ်အောင်ကြည့်ရင်း အစားအသောက်များကို အော်ကြီးဟစ်ကျယ်မှာကြားနေကြလေ၏။

''ဓားသမား ယက္ခဟာ သူခေါ်လာတဲ့ ဓားသမားလူမိုက်တွေကို အားကိုးပြီး ကျွန်တော်တို့ကို ထပ်ပြီးရန်ရှာချင်ပုံရတယ်၊ ဒါပေမယ့် ဒီအတွက်တော့ မပူပါနဲ့ ကိုယ်တော်၊ အစားအသောက်ကိုသာ အေးအေးဆေးဆေး သုံးဆောင်ပါ''

မင်းသားကြီးက အစားအသောက်ကို ဖြောင့်ဖြောင့်မစားနိုင်ဘဲ ကျော်စွာကို ထိုသို့သတိပေး ပြောကြားနေလေ၏။

''ကျော်စွာရေ၊ တကယ်လို့ သူတို့က ရန်စလာပေမယ့်၊ သည်းခံလို့ရရင် သည်းခံလိုက်နော်၊ အခုအချိန်မှာ တစ်ခုခု မဖြစ်တာ အကောင်းဆုံးပဲ''

''ကျွန်တော်လည်း ဒီအချိန်မှာ ရန်မဖြစ်ချင်ပါဘူး။



ဒါပေမယ့် ဒီကောင်တွေ ကြည့်ရတာ ရန်မဖြစ်ဖြစ်အောင်လုပ်ကြလိမ့်မယ်လို့ ကျွန်တော်ထင်တယ်''

''ဒီလိုဆိုရင် ဒို့နှစ်ယောက် အချိန်မီရှောင်ထွက်သွားရင် ကောင်းမယ်ထင်တယ်''

''သူတို့ကို ကြောက်လို့ရှောင်ပြေးတာမျိုး ထင်သွားရင် ပိုဆိုးလာနိုင်တယ် ကိုယ်တော်''

''ကျုပ်တို့နှစ်ယောက်ဟာ အရေးကြီးတဲ့တာဝန်တစ်ခုကြောင့် ခရီးထွက်လာကြတာ ဖြစ်တာကြောင့် တစ်စုံတစ်ခုမဖြစ်ရင် ပိုကောင်းလိမ့်မယ်၊ ရန်မဖြစ်တာကောင်းမယ်ထင်တယ်''

''ကျွန်တော်တို့က ရန်မဖြစ်ချင်ပေမယ့် အခြေအနေက ပေးတော့မှာမဟုတ်ဘူး ကိုယ်တော်၊ ကျွန်တော်တို့သူတို့ကို မတိုက်ဘဲနဲ့တော့ ခရီးဆက်လို့ရမှာမဟုတ်ဘူး။ ဓါးသမားယက္ခဟာ ကျွန်တော်နဲ့ ရန်ငြိုးရန်စရှိတဲ့သူ ဖြစ်ရဲ့သားနဲ့ ဒီနေရာမှာ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့နေရတာဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးထင်ပါတယ်''

''အဲင်း . . . ဒါဖြင့်တော့ ကိုယ်တော်တို့နှစ်ယောက်အထူးသတိပိုရိယထားမှ ဖြစ်တော့မယ်၊ ဘယ်လိုအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ဘဲဖြစ်ဖြစ် ကိုယ်တော်တို့ရဲ့ အဓိကတာဝန်ကို မထိခိ
အောင် သတိထားရမယ်''

ထို့နောက် နှစ်ဦးသား အစားအသောက်များ
စားသောက်ပြီးထွက်သွားရန် ပြင်ကြသည်။ မင်းသားကြ
စောရန်ပိုင်က ရှေ့မှအရင်ထွက်သွားလေရာ ယက္ခက ရှေ
ပိတ်ဆို့ရပ်ထားလိုက်သည်။

''သွားတော့မလား မင်းသားကြီးရဲ့၊ ဒီမှာကျုပ်တို့
အတူဝင်ရောက်စားသောက်ဖို့ ဖိတ်ခေါ်ပါတယ်''

ထိုအခါ မင်းသားကြီးက, ချိုသာစွာငြင်းလိုက်သည
''နေပါစေကွယ်၊ ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့
ရှေ့ကိုခရီးဆက်ရမှာမို့ သွားပါဦးမယ်''

''ဟာ ဒီလိုဘယ်ရမလဲ၊ ဒါကျုပ်တို့ရဲ့ စေတနာ
အသိအမှတ်မပြုတာဟာ၊ ကျုပ်တို့ကို စော်ကားတာနဲ့အတူ
ဘဲ''

ယက္ခက ဓါးကိုဖျတ်ကနဲ ဆွဲထုတ်လိုက်ရာ ကျန
များကလည်း နေရာမှ အသီးသီးထလာကြသည်။

''ဟေ့၊ ဒီနှစ်ယောက်စလုံး တစ်ယောက်မှ အသ
ရှင်ရက်နဲ့ ထွက်မသွားစေနဲ့ကွ''



ဓါးသမားအချို့က အံခနိးပေါက်ဝမှပိတ်၍ နေရာယူလိုက်ကြသည်။ ထိုအခါ မင်းသားကြီး စောရန်ပိုင်သည် အရွယ်နှင့်မမျှအောင် သွက်လက်စွာဖြင့် ဓါးကိုဆွဲထုတ်လိုက်သည်။

ထိုအခါ ဓါးသမားသည် မင်းသားကြီးကို တိုက်ခိုက်ရန် ပတ်ဝိုင်းလိုက်ကြစဉ် ကျော်စွာသည် နောက်မှ ခနိးစီးစကို ရုတ်တရက်ဆွဲဖြုတ်၍ ဝိုင်းထားသော ဓါးသမားများပေါ် ပစ်အုပ်လိုက်ရာ ဗလုံးဗထွေးဖြစ်နေခိုက်ကို အခွင့်ကောင်း ယူကာ ရုတ်တရက်ခုန်ဝင်သွားပြီး ဓါးဖြင့်ထိုးခုတ်လေရာ အငိုက်မိသွားသော ဓါးသမားသုံးဦး လဲကျသေဆုံးသွားတော့သည်။

ထိုအချိန်တွင် စားသောက်ဆိုင်၏ အခနိးလယ်တွင် ချိတ်ဆွဲထားသော မီးအိမ်မှာ ပြုတ်ကျလာပြီး ကောက်ရိုးများ ခင်းထားသော အခနိးဝနိးကျင်အနှံ့အပြား မီးစွဲလောင်တော့သည်။ မီးခိုးလုံးများက အလိပ်လိုက်တက်နေ၏။

''ကိုယ့်လူတို့ရေ ကျုပ်တို့ရဲ့ အဓိကတာဝန်က ဒီမိန်းကလေးကို အပြတ်ရှင်းနိုင်ဖို့ပဲ လက်တစ်ဖက်ရရင် လက်ရဲ့ တန်ကြေး၊ ခြေတစ်ဖက်ရရင် ခြေရဲ့တန်ကြေး၊

www.burmeseclassic.com



ဓါးသမားယက္ခက ထိုသို့အော်ဟစ်အားပေးလေရာ မှိုက်ရှူးရဲ ဓါးသမားများမှာ ကျော်စွာအား သဲကြီးမဲကြီးဖိတိုက်ကြလေသည်။

သို့စေကာမူ ကျော်စွာအဖို့တွင် လူအင်အားများသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ ပညာချင်းက ကွာခြားလွန်းနေသောကြောင့် အသာစီးမှပင် လွယ်လွယ်ကူကူ တိုက်ခိုက်လေရာ ယက္ခ၏ ဘေးမှ ဓါးသမား(၃)ယောက်မှာ တစ်ယောက်ပြီး တစ်ယောက်လဲကျသေဆုံးကုန်လေတော့သည်။

ထိုအခါ ယက္ခမှာ မယုံကြည်နိုင်လောက်အောင်ဖြစ်လာပြီး နတ်မိစ္ဆာတစ်ဦးများ ဝင်ရောက်မှုကာပ်တိုက်ခိုက်လေရော့သလား ထင်မိလေ၏။ ယခင်တစ်ကြိမ်ဆုံဖူးခဲ့သော ဓါးကွက်များနှင့် လုံးဝမတူသည်ကိုလည်း အံ့သြနေတော့သည်။

အကယ်၍သာ ကျော်စွာသည် ဦးစံကဲထံမှ လျှို့ဝှက်ဓါးကွက်များကို သင်ယူတတ်မြောက်ခဲ့ခြင်းကိုသာ ယက္ခသိပါလျှင် ဘယ်သို့နေမည်မသိပေ။

ထိုအချိန်မှာပင် မင်းသားကြီးစောရန်ပိုင်မှာ သူ့အား ဝိုင်းတိုက်ခိုက်နေသော ရန်သူနှစ်ယောက်ကို အပြီးသပ်အနိုင်ယူတိုက်ခိုက်လိုက်သည်ကို လှမ်းမြင်ရသည်။



မင်းသားကြီးက အသွားထက်သော ဓါးမြှောင်တစ်လက်ကို လက်ထဲတွင်ကိုင်ထားရင်း ကျော်စွာတို့ဘက်သို့ အေးအေးဆေးဆေး အမူအယာဖြင့် လှမ်းကြည့်နေလေသည်။

"ဒီဘက်ကတော့ ကိစ္စအားလုံးပြီးသွားပြီ မောင်ရင်ရဲ့ ရန်ကြွေးရန်စဟောင်းကိုသာ အပြီးသပ်စာရင်းရှင်းပေတော့ မောင်ကျော်စွာရေ"

မင်းသားကြီးက ဓါးမြှောင်ကို လက်ဝါးပေါ်သို့ တဖျတ်ဖျတ်ရိုက်ရင်း လှမ်းပြောလိုက်သည်။

ထိုအချိန်တွင် ဓါးသမားယက္ခမှာ အဖော်များအားလုံး လဲကျသေဆုံးနေပြီး မိမိတစ်ယောက်တည်း ကျန်နေသည်ကို သိရသောအခါ တုန်လှုပ်စွာဖြင့် ငေးစိုက်ကြည့်နေလေ၏။

"ဘယ်လိုလဲယက္ခ၊ အဖော်တွေမရှိတော့လို့ သွေးကြောင်သွားပြီလား၊ ယောကျ်ားကောင်းရဲ့ သတ္တိဆိုတာ အဖော်မလိုပါဘူးဗျ"

"ခင်ဗျားဟာ ကျုပ်ကိုတစ်ဦးနဲ့တစ်ဦးရန်ငြိုးရန်စမရှိပါဘဲ ကျုပ်ကိုအကြိမ်ကြိမ်ရန်ပြုခဲ့တယ်၊ အရင်တစ်ခါကတော့ ခင်ဗျားကို ကျုပ်သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ခဲ့တယ်၊ အသက်ချမ်းသာပေးခဲ့တယ်၊ ဒီတစ်ကြိမ်တော့ ခင်ဗျားကို ချမ်းသာပေးလို့ မဖြစ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ယကွသည် အလွန်တုံလှုပ်သော အမူအယာဖြင့် ...

"ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ၊ ကျုပ်ကို ငွေပေးပြီးခိုင်းလို့ ငွေမျက်နှာကို ကြည့်ပြီးလုပ်ရတာပါ၊ ခင်ဗျားအသက်ကို တကယ်သေစေချင်တဲ့ သူက သူရထွန်းပါ"

"ဟင် သူရထွန်း ဟုတ်လား"

"သူရထွန်း ဆိုတာ ဘယ်သူလဲမောင်ကျော်စွာ"

"စပ်ဖလုံ နယ်စားကြီးရဲ့ တူတော်ပါတယ်၊ သူက တော်လှန်ရေး တပ်ဖွဲ့မှာပူးပေါင်းနေပေမယ့်၊ နယ်ချဲ့ အလိုတော်ရိတွေနဲ့ အဆက်အသွယ်ရှိနေသူပါ"

"အင်း စိတ်ဝင်စားဖို့တော့ အတော်ကောင်းတာပဲ"

မင်းသားကြီး စောရန်ပိုင်က မှတ်ချက်ချလေသည်။

ယကွဘက်သို့ လှည့်ကာ ကျော်စွာက ဆက်ပြောသည်။

"ခင်ဗျားပြောတာတွေဟာ အမှန်တွေပဲလား တချိန်ချိန်မှာ လိုအပ်လာရင် ဒီအကြောင်းတွေကို သက်သေအဖြစ်နဲ့ ဖွင့်ဟဝန်ခံပေးမလား၊ ဒီလူကို အဲဒီလို ကတိတောင်းပြီး ကြိုးရှည်ရှည်နဲ့ ထားရင်ကောင်းမယ်ထင်တယ် ကိုယ်တော်"



ကျော်စွာကမေးကိုသိမ်း၍ မင်းသားကြီးဘက်သို့ လှည့်လိုက်သည်။

တဒင်္ဂ၌ မင်းသားကြီးက ရုတ်တရက်ဟစ်အော်သတိပေးလိုက်ပြီး လက်တွင်းမှ ဓားမြှောင်ဖြင့် ပစ်ပေါက်လိုက်သဖြင့် ကျော်စွာက အချိန်မီ ငုံ့ရှောင်ပေးလိုက်ရာ နောင်ဖက်မှ အား ကနဲ အော်သံပေါ်ထွက်လာသောကြောင့် ကမျာကရာ လှည့်ကြည့်လိုက်ရာ လည်ပင်းတွင် ဓားမြှောင်တန်းလန်းစိုက်ခင်လျက် မချိမဆန့်ဝေဒနာခံစားရင်း နောက်ဘက်သို့ လဲကျသွားသော ယကွကို အံ့ဩစွာမြင်လိုက်ရသည်။

ထိုအခါ မင်းသားကြီးက ...

"မောင်ရင်ဒီဘက်လှည့်လိုက်ချိန်မှာ ဒီကောင်က နောက်ကအပိုင်ဝင်ခုတ်ဖို့ ကြိုးစားတာပဲ၊ ဒါကြောင့် အချိန်မီ ဓားမြှောင်ကို သုံးလိုက်တာပဲ၊ ယကွလို ငွေမျက်နှာကို ကြည့်ပြီး သစ္စာမရှိတဲ့ လူမျိုးကို စိတ်မချရဘူး ဆိုတာ သက်တွေမြင်ပြီ မဟုတ်လား။ ဒီကောင်မျိုးတွေက ငွေရမယ်ဆိုရင် ဘာမဆိုလုပ်ဝံ့တဲ့ ကောင်မျိုးတွေပဲ"

"ဟုတ်တယ်၊ ကျွန်တော် နည်းနည်းသတိလက်လွှတ်သွားတယ်၊ ဒီလူကို တကယ့်အရေးအကြောင်းပေါ်လာရင် သက်သေအဖြစ်ခေါ်သုံးဖို့ ကိုယ်တော့်နဲ့ တိုင်ပင်ပြောပြမလို့

www.burmeseclassic.com

www.burmeseclassic.com



ပါ။ နောင်ကို ဆင်ခြင်ပါ့မယ်၊ ဒါပေမယ့် သူကတော့ သူရထွန်းနိုင်းလို့ပါလို့ ပြော သွားတာပဲ ကိုယ်တော်တယ်လို သဘောရသလဲ"

"ဒီကောင်မျိုးတွေက သစ္စာမရှိသလို၊ စကားလည်း တည်မယ့် လူစားမျိုးမဟုတ်ဘူး။ သူပြောတဲ့အတိုင်း ယုံလို့ မဖြစ်ဘူး။ ဘယ်သူ့လက်ချက်ဖြစ်မယ်ဆိုတာ ကိုယ်တိုင် ရှာဖွေ ကြည့်ရင် ပိုကောင်းမယ်"

ထိုသို့ မင်းသားကြီးက အကြံပေးသောကြောင့် လဲကျ[illegible] သေဆုံးနေသော ယက္ခ၏ ကိုယ်အနှံ့အပြားသို့ ရှာကြည့်[illegible] လေလျှင် ရွှေဒင်္ဂါးများထည့်ထားသော ခရမ်းရောင်ကတ္တီ[illegible] အိတ်တစ်လုံးကို တွေ့ကြရသည်။ ထို ခရမ်းရောင်အိတ်မျိုး[illegible] ကို မိမိကစ်ကြိမ်လက်ခံရရှိ ဘူးရာ ကောင်းစွာ မှတ်မိ[illegible] တော့သည်။

မိမိအား ဆရာကြီးမဟိန္ဒထံတွင် လျှို့ဝှက်ခါးပညာ[illegible] သင်ယူနိုင်းစဉ်က နန်းကောနိုင်ပေးခဲ့သောအိတ်နှင့် တူနေသော[illegible] ကြောင့် အံ့သြကြီးစွာ ဖြစ်မိလေတော့သည်။

လှပသလောက် ကြောက်စရာကောင်းသော အသ[illegible] ပြင်းသော နန်းကောနိုင်၏ ရုပ်သွင်ကို ပြန်လည်မြင်ယော[illegible] နေမိလေသည်။



## စက္ကာပါလ သံသေခါးကို ရရှိခြင်း

ထို့နောက် ကျော်စွာနှင့် မင်းသားကြီးစောရန်ပိုင်တို့ သည် ဆိုင်ရှင်အား ပျက်စီးသွားသော ပစ္စည်းများပြန်လည် ပြုပြင်ရန် ယက္ခထံမှရသော ရွှေဒင်္ဂါးများကို ပေးထားခဲ့လေ သည်။ ဆိုင်အတွင်း မီးကြွင်းမီးကျွန်များကို လိုက်လံငြိမ်းသတ် လျက်ရှိသော စားသောက်ဆိုင်ရှင်မှာ ရွှေဒင်္ဂါးများကို မြင်သော အခါ ကျေးဇူးတင်စွာဖြင့် ဝမ်းမြောက်ဝမ်းသာ လှမ်းယူလေ သည်။ ခရမ်းရောင်ကတ္တီပါအိတ်ကလေးကိုမူ ကျော်စွာက အိတ်ထဲ၌ထည့်ကာ သိမ်းဆည်းလာသည်။

နှစ်ယောက်သား မြင်းကိုယ်စီနှင့် ခရီးဆက်လာ[illegible]ကြစဉ် ကျော်စွာက မိမိစိတ်တွင်း၌ နားမလည်သည့် [illegible]ရှင်းလင်း

www.burmeseclassic.com



သောအကြောင်းများကို မေးမြန်းကြည့်ရာတွင် မင်းသားကြီး
က မဏိပူရပုတ္တရရောက်လျှင် သိတန်သလောက် သိခွင့်
ရနိုင်သည်ဟူသော နှစ်သိမ့်ထားလေ၏။

ရက်ပေါင်းများစွာ ခရီးပြင်းနှင်ကြသောအခါ မဏိ
ပုတ္တရနယ်သို့ ရောက်ကြလေသည်။

သူတို့ရောက်လာမည်ကို ကြိုတင်သတင်းကြားထား
သောကြောင့် မဏိပုတ္တရစစ်သည်များက နယ်စပ်မှလာရောက်
ကြိုဆိုခဲ့ကြပြီး။ သူရိယမြို့သို့ ခေါ်ဆောင်သွားလေသည်။

နယ်စားကြီးစံနန်းတော်နှင့် မဝေးလှသော မြို့တွင်
တစ်နေရာရှိ ဧည့်ခန်းဆောင်ကြီးတစ်ခုတွင် သူတို့နှစ်ဦး အား
ကောင်းမွန်စွာ နေရာချထားပေးလေ၏။

ထိုဧည့်ဆောင်တွင် အေးအေးဆေးဆေးရှိနေခိုက်
ကျော်စွာက သူသိလိုသမျှများကို မေးမြန်းလေ၏။

''ကိုယ်တော်ကျွန်တော်သိချင်တာတွေကို နည်းနည်း
လောက် ရှင်းပြပေးပါဦး။ မဟုတ်ရင် မင်းသားက ထွက်တော့
က နေရတယ်၊ ဘာဖြစ်တာမှန်းမသိသလို ဖြစ်နေတယ်''

ဒီမဏိပုတ္တရကို ကျွန်တော်ကိုယ်တော်နဲ့ ဘာကြောင့်
လိုက်လာရတာလဲ၊ တပ်မှူးက ကျွန်တော်ရဲ့ပုံတူပန်းချီကား



ကို ဦးစိုင်းနောင်ကို အကောင်းဆုံး၊ အတူဆုံးဖြစ်အောင်
ရေးဆွဲနိုင်းတာ ဘာကြောင့်ပါလဲ။

ဒီပန်းချီကားကို ဘာကြောင့်များ သက်စွန့်ဆံဖျား
ဒီမဏိပုတ္တရကို ယူလာကြတာလဲ''

ထိုအခါ မင်းသားကြီးစောရန်ပိုင်က သဘောကျစွာ
ပြုံးလေသည်။

''မောင်ကျော်စွာရယ်၊ မင်းမေးတဲ့ မေးခွန်းတွေက
များ လွန်းလို့ ဘယ်ကစ ဖြေရမှန်းတောင် မသိတော့ဘူး။
ဖြေးဖြေးပေါ့ကွာ၊ အချိန်တန်တော့ သိရမှာပေါ့။ မင်းပရိယာယ်၊
စစ်ရေးပရိယာယ်ဆိုတာ ကျယ်ဝန်းလှတယ်၊ ဒါပေမယ့်
မင်းကျေနပ်အောင် နည်းနည်းတော့ ပြောပြမယ်''

''ဟုတ်ကဲ့ ပြောပါဦး''

ကျော်စွာ စိတ်ဝင်စားသွားသည်။

''အခု တို့တိုင်းပြည်ကို နယ်ချဲ့တွေက မတရား
ကျူးကျော်ပြီး တစ်နိုင်ငံလုံး သိမ်းပိုက်ဖို့ ကြိုးစားနေကြတာ
ကို တို့တစ်တွေကနည်းအံမျိုးမျိုးနဲ့ တွန်းလှန်ဖြိုဖျက်နေကြ
ရတယ် မဟုတ်လား။ အခုဆိုရင် နယ်ချဲ့တွေဟာ မြန်မာနိုင်ငံ
ရဲ့ အလယ်ပိုင်းတွေလောက်သာ သိမ်းထားနိုင်တယ်''

အထက်မြန်မာနိုင်ငံကို ဆက်လက်သိမ်းပိုက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေကြတယ်၊ ဒီအချိန်မှာ တပ်မှူးနေသူရိန်လို မျိုးချစ်စိတ်ရှိတဲ့ ခေါင်းဆောင်တွေဟာ ရှုပ်ရှုပ်ချုံချုံ ပြန်လည်တိုက်ခိုက်ကြတယ်၊ ဒီလိုက်တိုက်ခိုက်တဲ့အခါမှာ အဓိက လူအင်အား၊ လက်နက်အင်အား ဖြည့်ဖို့ လိုတယ်၊ ဒါကြောင့် လက်နက်အင်အား၊ လူအင်အား တောင့်တင်းခိုင်မာတဲ့ မဏိပုတ္တရနယ်စားလိုမျိုးနဲ့ မဟာမိတ်ဖြစ်နိုင်ဖို့ သိပ်အရေးကြီးတယ်။

ဒါဟာ အလွန်သိမ်မွေ့တဲ့ စစ်ရေးပရိယာယ်ဖြစ်တယ်၊ ဒီအရေးကိစ္စမှာ မောင်ရင်ဟာ အဓိကကျတဲ့ နေရာက ပါဝင်နေရတယ်လို့ ကိုယ်တော်ယူဆတယ်''

ထိုသို့ ရှင်းပြသော်လည်း ကျော်စွာအဖို့ နုနယ်သော အတွေးဖြင့် လိုက်မမီနိုင်အောင် ရှိနေတော့သည်။

ထိုအချိန်တွင် စစ်သည်တော်တစ်ယောက်က စာတစ်စောင်လာပေးလေသည်။ စာအိတ်ပေါ်၌ ''မောင်ကျော်စွာ'' ဟူသော စာလုံးကို ထင်ရှားစွာ ရေးသားထားသဖြင့် ဖောက်ဖတ်လိုက်သည်။

''မောင်ကျော်စွာ''

မောင်ရင့်အပေါ်မှာ ပေးစရာရှိတဲ့ ကတိကျွေးပေးဖို့ ကျုပ် အတော်ကြိုးစားရတယ်၊ အခုတော့ အောင်မြင်ပါပြီ



ဒါကြောင့် အောက်ကလိပ်စာအတိုင်း မောင်ရင်လာခဲ့ပါ။

(ဦးသီလ)

''ဩော် ဦးသီလပျောက်နေတာ မဏိပုတ္တရကို ရောက်နေလို့ကိုး''

ကျော်စွာက မှတ်ချက်ချလိုက်သည်။

''ဘယ်သူ့ဆီက စာလည်းမောင်ကျော်စွာ''

''ဦးသီလဆီကပါ၊ သူနဲ့ကျွန်တော်နဲ့က တစ်ခါတုန်းက ဆုံခဲ့ဖူးတယ်၊ သူ့ရဲ့အသက်ကို ဓားမြတွေ လက်တွင်းက ကယ်ခဲ့ဖူးလို့ ရင်းနှီးနေတာပါ၊ ဒါထက် ကျွန်တော်တို့ မဏိပုတ္တရကို ရောက်နေတဲ့အကြောင်းကို ဦးသီလ ချက်ချင်းသိတာတော့ အတော့်ကို အံ့ဩစရာ ကောင်းတယ်''

''ဒါလည်းမအံ့ဩနဲ့မောင်ကျော်စွာရေ၊ တပ်မှူးနေသူရိန်နဲ့ ဦးသီလနဲ့က အဆက်အသွယ် အမြဲရှိနေတာကွ၊ တခါတရံ ဦးသီလ ပေးတဲ့အကြံဉာဏ်တွေကို လိုက်လုပ်ရတာ တွေ့ရှိတယ်၊ နောက်ပြီး လောလောဆယ်မှာတော့ မင်းလည်းပဲ လူသိအများဆုံး လူတစ်ယောက် စာရင်းမှာ ပါနေတာကိုရော မင်းကိုမင်း သတိပြုမိရဲ့လား''

''ဟာ... ကိုယ်တော်ကလည်း မြှောက်နေပြန်ပြီ''

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ဒါဖြင့် ဒို့အခုပဲ ဦးသီလဆီ သွားကြရအောင်

ဦးသီလ၏အိမ်မှာ မြို့လယ်တစ်နေရာတွင်ရှိပြ

ခမ်းနား ထည်ဝါလှလေသည်။

သူတို့ကိုမြင်လျှင် ဦးသီလက ဝမ်းသာအားရ ဆီး

လေသည်။

"မောင်ကျော်စွာကို တွေ့ချင်နေတာနဲ့ အတော်

ဦးစိုင်းနောင်ရော မောင်ရင်နဲ့အတူ မပါလာဘူးလား"

"မပါခဲ့ဘူး ဆရာကြီး၊ သူ့အလုပ်တာဝန်

သိပ်များနေလို့ ကျန်နေခဲ့တယ်၊ ဆရာကြီး ကျန်းမာရဲ့နော်

"ကျန်းမာပါတယ်ကွယ်၊ ကိုင်းထိုင်ကြပါဦး"

ဦးသီလ၏ အိမ်ခန်းမှာ အတော့်ကို ကျယ်

လှပေသည်။

အခန်းထဲမှာ လက်ရာမြောက်သော ပန်းပုရုပ်ထု

ပန်းချီကားများစွာတို့ကို စနစ်တကျ ချိတ်ဆွဲထားသည်

တွေ့မြင်ရသည်။

ဦးသီလက သူတို့အား စားသောက်ဖွယ်ရာများ

ညည်ခံကျွေးမွေး နေလေ၏။အတန်ကြာသောအ

မောင်ကျော်စွာကို နောက်ဖက်ခန်းထဲသို့ ခေါ်ဆောင် သွား



၏။

နောက်ဖက်ခန်းသို့ ရောက်သွားသောအခါ ကြမ်းပြင်တစ်ချပ်ကိုဖွင့်လိုက်ရာ မြေအောက်သို့ဆင်းရာ လှေခါးထစ်များကို တွေ့ရသည်။ အတွင်းဘက်၌ အတန်ငယ် မှောင်နေလေ၏။

ဦးသီလကနံရံမှ မီးတိုင်တစ်ခုကို ယူ၍ မီးထွန်းလိုက်ရာ အလင်းရောင်ကောင်းစွာရလာသည်။ ဦးသီလက ရှေ့မှ ဦးဆောင်၍ မြေတိုက်ခန်းတွင်းဆင်းသွားလေရာ ကျော်စွာကလည်း နောက်မှဆင်းလိုက်ခဲ့လေသည်။

မြေတိုက်ခန်းတွင်း ရောက်သောအခါ နံရံမှ မီးတိုင်ခွက်များကို မီးထွန်းညှိလိုက်လေလျှင် အခန်းတွင်းမှာ အလင်းရောင် ကောင်းစွာရသွားလေ၏။

ထိုအခါ အခန်းထဲမှ အဂ္ဂိရတ်ထိုးရာတွင် အသုံးပြုသော ဖိုကြီး၊ ဖိုငယ်များအပြင် ပန်းပဲလုပ်ငန်းတွင် အသုံးပြုသော မီးဖိုများ၊ တူများ၊ တံစဉ်းများကို တွေ့မြင်ရလေသည်။

မောင်ကျော်စွာ၊ ဒါက ကျုပ်ရဲ့လျှို့ဝှက်အလုပ်ခန်းပါကွဲ အပေါ်မှာက အများသိတဲ့ ပန်းချီ၊ ပန်းပုလုပ်ငန်းတွေကို လုပ်တယ်၊ ဒီမြေတိုက်ခန်းထဲမှာကတော့ အများမသိတဲ့ ပန်းပဲလုပ်ငန်းနဲ့ အဂ္ဂိရိတ် အလုပ်စခန်းတွေကို ဒီမှာလုပ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဆရာကြီးရဲ့အလုပ်က စိတ်ဝင်စားစရာပါလား"

"မောင်ရင့်ကို ဒီအထဲထိရောက်အောင် ခေါ်လာခဲ့တာဟာ ဒီထက်စိတ်ဝင်စားစရာကို ပြစရာရှိလို့ ခေါ်လာတာပါ။ ကျုပ်မောင်ရင့်ကို ကျေးဇူးတင်စရာရှိတယ်၊ ဒါကြောင့် ပေးခဲ့တဲ့ ကတိတည်အောင် ဒီရောက်ကတည်းက မောင်ရင့်အတွက် ရည်စူးပြီး ကြိုးစားလုပ်ထားတာတွေရှိတယ်"

ထိုသို့ပြောကာ အင်္ဂလိပ်ဗီရိုအနီးမှ ယွန်းခွက်တစ်ခုကို ဖွင့်၍အတွင်းမှ ဆေးလုံးတစ်လုံးကို ထုတ်ယူလိုက်သည်။ ဓါတ်လုံးမှာ ဖီးကင်းအရွယ်မျှရှိပြီး မီးရောင်နှင့်ထိတွေ့သောအခါ အရောင်တလက်လက် တောက်ပသွားသည်။

"ဒီဓါတ်လုံးက ကျုပ်ကိုယ်တိုင်စီမံပြုလုပ်ထားတာ သူရဲ့နာမည်က "ကုဏ္ဍာသယ ပဉ္စရူပဓါတ်လုံး" လို့ခေါ်တယ်။ ဒီဓါတ်လုံးရဲ့ အစွမ်းက ရောဂါအားလုံးကို ပျောက်ကင်းချမ်းသာစေတယ်၊ ဓါတ်လုံးထဲမှာ ဂျွတ်၊ ဘော်၊ ကြေးနီ၊ နာ၊ သွတ်၊ စိန်နီမြင်းသွားတွေပါတော့ အလွန်ခရီးရောက်တယ်ရော့၊ ဒါကို မောင်ရင်ကိုယ်နဲ့မကွာ ဆောင်ထားပေရော့"

ဦးသီလက လက်တွင်းမှ ဓါတ်လုံးကို ကမ်းပေးလိုက်



သောကြောင့် ကျော်စွာကလှမ်းယူလိုက်သည်။

( ကုဏ္ဍာသယ ပဉ္စရူပဓါတ်လုံးစီရင်နည်းကို စိတ်ဝင်စားသူများ အသုံးပြုနိုင်ကြရန်အတွက် အဖိုးအနဂ္ဃထိုက်တန်သော ရှေးဟောင်းပေပုရပိုက်လာ ပါရမီစခန်းလုပ်ရပ်လမ်းများမှ ကူးယူဖော်ပြပေးလိုက်ပါသည်။ (စာရေးသူ)

ကုဏ္ဍာသယ ပဉ္စရူပဓါတ်လုံးစီရင်နည်း။

၁။ ဂျွတ် - ၄ကျပ်

၂။ ဘော် - ၈ပဲ

၃။ ကြေးနီ - ၄ပဲ

၄။ နာ - ၄ပဲ

၅။ သွပ် - ၄ပဲ

၆။ စိန်နီမြင်းသွား - ၃ကျပ်

အထက်ပါ အချိန်အဆအတိုင်း ဓါတ် (၆)ပါးကို နံပါတ် (၇)လုံးဖြင့် အရည်ဖြစ်ရုံကျို၊

အရည်ဖြစ်လျှင် စိန်နီမြင်းသွား (၃)ကျပ်သားကိုထည့်၊ ဖိုကိုရပ်ထား။

ပြီးနောက် မြန်မာဆား (၁၀)ကျပ်သားကို ဓာသီး (၃)လုံး ဖြင့်ရော၍ ထောင်းပြီး အရည်လည်အောင်တို

www.burmeseclassic.com



အအေးခံ၊ ထိုဆားဖြင့် အထက်က ဓါတ်အစုကို သိပ်ပြီး မီးလျှံကာစ၍ထိုး၊ လုံကို တဖြည်းဖြည်းမြှင့်၊ မီးလျှံဖက်၊ ခါးထိုး။

ပြီးနောက်ရသော သတ္တုသားကို ယမ်းစိမ်းနှင့် လက်ချား မီးပေါက်ရောထောင်းပြီး ဖြူးကာဖြူးကာပေး။

အလင်းကျိုး . . .

ဤကားက္ကစ္စာသယ ပဥ္စရူပဓာတ်လုံး စီရင်နည်းပေတည်း။

ရောဂါရှိသမျှ ဥာဏ်ရှိသမျှ အသုံးပြုနိုင်ကြပေသည့်

ကျော်စွာသည် ဦးသီလပေးသော က္ကစ္စာသယပဥ္စရူပဓာတ်လုံးအား တရိုတသေ အိတ်ထောင်ထဲ ထည့်သိမ်းလိုက်လေသည်။ ထို့နောက် ဦးသီလက တစ်နေရာသို့ ခေါ်သွားပြီး ဤသို့ပြောသည်။

''မောင်ကျော်စွာ ဦးမင်းကို ထိုက်တန်တဲ့လက်ဆောင်ပေးမယ် လို့ကတိပေးခဲ့တာကို မင်းမှတ်မိတယ် မဟုတ်လား။ အဲဒါကတော့ တခြားမဟုတ်ပါဘူး၊ မင်းလိုဓားသမားတစ်ယောက်အတွက် အလိုအပ်ဆုံးလက်ဆောင်ပစ္စည်းကတော့ ဓားကောင်းတစ်လက်ပဲ မဟုတ်လား''



''ဟုတ်ပါတယ် ဆရာကြီး''

''ဒီအတွက် ကျုပ်ဟာမောင်ရင်တို့ရဲ့ လမ်းခွဲခဲ့ပြီးတဲ့နောက်မှာ မောင်ရင့်အတွက် ဓားကောင်းတစ်လက်လုပ်ပေးဖို့ ကြိုးစားခဲ့တယ်၊ ဘယ်လိုကြိုးစားခဲ့သလဲဆိုတော့၊ ကျုပ်ဟာ သချိုင်းမှာသွားပြီး အဓိဋ္ဌာန်ဝင်ရတယ်၊ အဲဒီက သံတိုသံစတွေကိုရအောင်စုခဲ့ရတယ်၊ အမှန်တော့ကိုးသချိုင်းက သံကိုရချင်လို့ပါပဲ၊ ဒီလိုစုဆောင်းတဲ့အခါမှာ အနှောက်အယှက် အဖျက်အဆီးတွေကတော့ အများကြီးကြုံခဲ့ရတာပေါ့ကွာ၊ အဲဒီထဲက အဖြစ်အပျက်တစ်ခုကို ပြောရဦးမယ်၊ သချိုင်းက သံကိုယူရတယ်ဆိုတာ သံတုံးသံစတွေကို ကောက်ယူလို့ရတာမဟုတ်ဘူး၊ ခေါင်းတွေ တလားတွေက သံတိုသံစတွေကိုလိုက်စုယူရတာ၊ နောက်ပြီးညဘက်တွေမှာ အဓိဋ္ဌာန်ဝင်ပြီးမှ ဝင်ယူရတယ်၊ ငါ့ပစ္စည်းတွေပြန်ထား ပြန်ပေးဆိုတဲ့ အသံတွေလည်းကြားရတယ်၊ အရိပ်သဏ္ဍာန်အမျိုးမျိုးနဲ့ နှောက်ယှက်ဖျက်ဆီးတားတွေလည်း ကြုံရတယ်၊ ကိုးသချိုင်းရဲ့ နောက်ဆုံးသချိုင်းထဲက သံကိုဝင်ယူတဲ့အခါ ခေါင်းကသံတွေ နုတ်ယူနေတုန်း နောက်ကညည်းသံကြားရတယ်၊ ခါတိုင်းလို ချောက်လှန့်မှုတစ်ခုပဲထင်လို့ ကိုယ့်အလုပ်ကို လုပ်နေတဲ့အခါ ညည်းသံ

www.burmeseclassic.com



အမြင်စကားသံကိုပါကြားလာရတယ်၊ လှည့်ကြည့်လိုက်တော့ တောစပ်တစ်နေရာမှာ ဖျာလိပ်နဲ့ ပတ်ချထားတဲ့ အလောင်းတစ်လောင်းကို တွေ့ရတယ်"

"ဆရာကြီး ဇာတ်လမ်းဟာ စိတ်ဝင်စားစရာ ကောင်းလိုက်တာ၊ ဆက်ပြောပါဦး"

ဟုတ်တယ်၊ဒါနဲ့ကျုပ်လည်း မသင်္ကာတာနဲ့ သွားလိုက်ပြီး ဖျာလိပ်နဲ့ပတ်ထားတဲ့ ကြိုးတွေကို ဓားနဲ့ဖြတ်လိုက်တော့ အတွင်းက အမျိုးသမီးအလောင်းတစ်လောင်းကို တွေ့ရတယ်"

"သေနေသလားဆရာကြီး"

"ကျုပ်လည်း ပထမတော့ အဲလိုပဲထင်တာပဲ၊ ဒါပေမယ့် သေသေချာချာ မီးနဲ့ကြည့်တော့ မိန်းကလေးက မသေသေးဘူး။ မှောနေရာက သတိပြန်ဝင်လာပြီး ရေတောင်းနေတာပဲ၊ ကျုပ်လည်းပါလာတဲ့ရေကိုတိုက်၊ ဆေးဝါးအတတ်ပညာနဲ့ ပြုစုပေးလိုက်တာ သူသတိပြန်ရလာတယ်"

"ဟင် ...ကံကောင်းတာပေါ့"

"ဟုတ်တယ်၊ မိန်းကလေးအတော်ကံကောင်းတယ် သချိုင်းနဲ့ မဝေးလှတဲ့ရွာမှာ ကာလဝမ်းရောဂါတွေဖြစ်ပြီး



တစ်ရွာလုံးသေကြတာ၊ သူ့ကိုလည်း သေပြီးမှတ်ပြီး မြေတူးမမြှုပ်နိုင်ကြဘူး။ ဖျာလိပ်နဲ့ပတ်ပြီး လာပစ်ထားကြတာ မိန်းကလေးက အတော်သနားကမား ရုပ်ရည်ရှိတယ်၊ သူဟာရွာမှာ အားကိုးစရာလည်း မရှိတော့တာနဲ့ ကျုပ်နဲ့အတူ ခေါ်လာခဲ့တယ်"

"ဗျာ... ဒါဖြင့် ဆရာကြီးဆီမှာ အဲဒီမိန်းကလေး ရှိတာပေါ့၊ အခု သူဘယ်မှာလဲ ဆရာကြီး"

"နောက်တော့ တွေ့ရမှာပေါ့ကွယ်၊ ကိုင်း အခုတော့ဖြင့် ကျုပ်ကိုယ်တိုင်ကိုး သချိုင်းကသံတွေကို စုပြီး သံသေအောင်စီရင်ပြီး ပြုလုပ်ထားတဲ့ ဓါးကို လက်ဆောင်ပေးရမယ်၊ ဓါးရဲ့အမည်ကိုတော့ စက္ကောပါလသံသေဓါးလို့ အမည်ပေး ထားတယ်"

"စက္ကောပါလသံသေဓါး"

ဆရာကြီးဦးသီလက စင်ထက်တွင် ကတ္တီပါအိတ်ရှည်ကြီးတစ်ခုကို ဆွဲယူပြီး ချွတ်လိုက်ရာအတွင်းမှ လှပခန့်ငြားသော ဓါးအိမ်တစ်ခု ပေါ်လာသည်။

ဓါးအိမ်ကို အလွန်လှပစွာပြုလုပ်ထားပြီး ၊ ကနုတ်ပန်းများဖြင့် တင့်တယ်စွာ စီမံထားလေသည်။

ဓါးလက်ကိုင်ရိုးမှာလည်း ငွေရောင်တလက်လက်

www.burmeseclassic.com

www.burmeseclassic.com



ထနေသော ကနုတ်ပန်းများ၊ နဂါးပတ်သဏ္ဍာန်သရုပ်ဖေ
သာပြီး။ နောက်ပိတ်၌ နဂါးဦးခေါင်းသဏ္ဍာန်လှပစွာ စိ
ထားလေသည်။ ဆရာကြီးဦးသီလက ဓါးအိမ်မှ ဓါး
တဖြည်းဖြည်းဆွဲချွတ်လိုက်ရာ မီးရောင်တွင် လက်က
အရောင်တောက်ပ သွားလေသည်။

"မောင်ကျော်စွာရေ .. မောင်ရင်က ဓါးတစ်လ
မှာ အရေးကြီးဆုံးက ဓါးသွားဘဲလို့ ပြောခဲ့တယ်မဟုတ်လား
မောင်ရင်ပြောတာမှန်ပါတယ်၊ ဒါကြောင့်လည်း ဒီ စက္ကူပါ
သံသေတေးရဲ့ ဓါးသွားကို သချိုင်းက ရထားတဲ့ သံသေ
အထူးစီမံပြုလုပ်ထားခဲ့တာပါ"

တစ်ခါတုန်းက ကျုပ်ရဲ့အသက်ကို စွန့်စွန့်စားစား
ကယ်တင်ခဲ့တဲ့ ကျေးဇူးကို ပြန်ဆပ်တဲ့အနေနဲ့ ဒီသံသေ
ကို လက်ဆောင်အဖြစ် ပေးပါတယ်"

ပြောပြောဆိုဆိုဖြင့် ဦးသီလက ဓားကိုကမ်းပေးလို
ရာ ကျော်စွာက ဝမ်းသာအားရ လှမ်းယူလိုက်လေသည်။

ထို့နောက်ဝမ်းသာစွာနှင့်ဓားကို ကြည့်ရှုစစ်ဆေးသည်

ဓားကို ဓားရိုးမှ ကိုင်ကာချိန်ဆကြည့်သည်။ ပိုင်ကြည့်
သည်။ တွက်ကြည့်သည်။ ထိုးကြည့်သည်။ ကာကြည့်သည်



လက်တွင်း၌ ကိုင်ခဲ့ဖူးသော မည်သည့်ဓားနှင့်မျှ
မတူအောင်စေးစေးပိုင်ပိုင်ရှိကြောင်းတွေ့ရသည်။

ဓားသွားအလယ်ရှိမြှောင်းကြီးနှင့် ဓားသွားတဝိုက်မှာ
ငှက်ခါးတောင်ရောင်ပမာ ပြာလဲ့လဲ့အရောင်သန်းနေလေ၏။

အားရကျေနပ်စွာဖြင့် ကျော်စွာသည် ဆရာကြီး
ဦးသီလ အနီးသို့လျှောက်သွားပြီး လက်နှစ်ဖက်ကို ဆုပ်ကိုင်
ကာ ကျေးဇူးတင်စကားများကို ပြောကြားလေသည်။

အလွန်အမင်းစိတ်လှုပ်ရှားကာ ဝမ်းသာအားရဖြစ်နေ
သောကြောင့်စကားများမှာ မပီမသနှင့် ဗလုံးဗထွေးဖြစ်နေလေ
တော့သည်။

ဆရာကြီးဦးသီလက ကျော်စွာ၏ လှုပ်ရှားနေသော
အမူအယာကိုကြည့်ပြီး ပြုံးလိုက်လေသည်။

"မောင်ကျော်စွာရယ် မောင်ရင့်အမူအယာကိုကြည့်
ကတည်းက ကျုပ်ကိုဘယ်လောက်ကျေးဇူးတင်နေတယ်
ဆိုတာ သိသာနိုင်ပါပြီ၊ ကျေးဇူးတင်စကားတွေ ထပ်မပြောပါ
နဲ့တော့ကွယ်၊ ကျုပ်ဟာဓားကောင်းတွေကို အခုလိုစိတ်ဝင်စား
ရတာကို အထူးစိတ်ဝင်စားပါတယ်၊ ဒါပေမယ့် ဒီစက္ကူပါလ
သံသေတေးကို လုပ်ရတာလောက် ဘယ်ဓားမှ မခက်ခဲဘူး။

www.burmeseclassic.com



တကယ့်အရေးကြီးတဲ့ ပွဲတွေ၊ အသက်နဲ့ရင်း
အဆုံး အဖြတ်ပေးရမယ့်ပွဲတွေမှာ ဒီဓားဟာမောင်ရင့်
အများကြီး အကူအညီပေးပါလိမ့်မယ်ကွယ်"

ကျော်စွာသည် ဆရာကြီးဦးသီလအား ရိုသေစွာ
ကန်တော့လိုက်သည်။ ထို့နောက်နှစ်ဦးသား အပေါ်ပြန်တက်
လာလေသည်။

ခန့်ငြားထည်ဝါလှသော စက္ကောပါလ သံသေတ္တာ
ကျောတွင်လွယ်၍တက်လာသော ကျော်စွာ့ကိုကြည့်ရင်း
မင်းသားကြီးစောရန်ပိုင်က တအံ့တသြကြည့်နေလေသည်။

ထိုအချိန်မှာ ဦးသီလက အခန်းတွင်းမှ မိန်းကလေး
တစ်ဦးကို ခေါ်ဆောင်လာလေသည်။

ထိုမိန်းကလေးကိုမြင်လိုက်သောအခါ ကျော်စွာသည်
ရင်တဒိတ်ဒိတ်အခုန်မြန်သွားပြီး ဖဝေဖဝါဖြစ်သွားလေသည်။

"မင်းသူ့ကို မှတ်မိသေးတယ် မဟုတ်လား"

"မာ...မာလာမဟုတ်လားဟင်"

ဆရာကြီးဦးသီလက သဘောကျစွာ ပြုံး၍ခေါင်းညိတ်
ပြလိုက်လေသည်။

"မာလာ...မာလာ ဘယ်လိုဖြစ်ရတာလဲကွယ်"



မာလာက မျက်ရည်လေးအဝိုင်းသားဖြင့် ဖြစ်ကြောင်း
နှစ်စဉ်ပြောပြလေသည်။ ယခုတော့ သူမမှာ အားကိုးစရာမရှိ
တော့သောကြောင့် ဆရာကြီးဦးသီလက ခေါ်ယူထားခဲ့ရ
ကြောင်း သနားစဖွယ်ပြောပြလေသည်။

"ကျုပ်နဲ့ထိုက်လို့ ကျုပ်ရခဲ့တယ်လို့ဘဲ အောက်မေ့ပါ
တယ်၊ ဒါကြောင့် သမီးအဖြစ်မွေးစားလိုက်ပြီ မောင်ကျော်စွာ
ရဲ့"

"အားမငယ်ပါနဲ့ မာလာ၊ အခုလိုမမျှော်လင့်ဘဲ
မာလာ့ကိုပြန်တွေ့ရတာ အတော့်ကို အံ့သြပါတယ်၊
ဝမ်းသာခြင်းလည်း ဖြစ်ရပါတယ်၊ မာလာဒီမှာရှိမှန်း သိနေရင်
အစ်ကို မကြာမကြာလာခဲ့ပါမယ်"

မာလာက ခေါင်းကိုဆတ်ကနဲ ညိတ်ပြလိုက်ရာ
မျက်ရည်စက်များက ပါးပြင်ပေါ်သို့ ပေါက်ကနဲခုန်ဆင်းသွား
ကြလေသည်။ မာလာ့ကိုကြည့်ကာ ကျော်စွာ့ရင်တွင်းမှာ
ဆို့ကနဲ ခံစားရလေသည်။

ထိုအချိန်မှာပင် အိမ်အတွင်းသို့ အမျိုးသမီးတစ်ဦး
ဝင်လာလေသည်။ အိန္ဒြေရရ လှမ်းဝင်လာသော ထိုအမျိုးသမီး
ကိုမြင်သောအခါ ဆရာကြီးဦးသီလက နေရာထိုင်ခင်းပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဆရာကြီးဆီမှာ ကျွန်မအပ်ထားတဲ့ ပန်းပုရုပ်ထု ကလေးများ ပြီးပြီလားလို့ လာကြည့်တာပါရှင်"

သာယာသောအသံဖြင့် ပြောလိုက်လေသည်။

"ဟုတ်ကဲ့ ပြီးတော့မှာပါခင်ဗျား။ လက်စသပ်ပြီးတာနဲ့ တူမတော်ဆီကို ချက်ခြင်းပို့ပေးပါမယ်"

"ကောင်းပြီလေ၊ ဒီလိုဖြင့် ဆရာကြီးရဲ့ ပညာတန်ဖိုး ကို ပူဇော်တဲ့အနေနဲ့ ဒီလက်ဆောင်ကို လက်ခံပါနော်"

အမျိုးသမီးက အိတ်တစ်လုံးကို လှမ်းပေးရာ ဆရာကြီးက လှမ်းယူလိုက်သည်။

ထိုအခိုက် အမျိုးသမီးသည် ပြန်ရန်နေရာမှ ထလိုက် စဉ် အခန်းတွင်းသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ရာ ကျော်စွာ ကို တွေ့မြင်သွားလေသည်။ သူမသည်တအံ့တသြ အမူအယာဖြင့်ကျော်စွာအနီးသို့ တဖြည်းဖြည်းလျှောက်လာ လေသည်။

ကျော်စွာကလည်း ထိုအမျိုးသမီးကို အသေအချာ ကြည့်မိသောအခါ တစ်နေရာရာမှာ မြင်ဘူးသလိုလို မှတ်မိ လာရလေသည်။



"မင်း . . . မင်း မောင်လေးသူရဒ္ဒမဟုတ်လားဟင်"

ထိုလေသံကို ကြားရသောအခါမှ ထိုအမျိုးသမီးအား န်းချိုးကျော်ဒေဝရဲ့ ပန်းချီခန်းထဲမှာ အမှတ်မထင် တွေ့ခဲ့ ခဲ့ရဘူးကြောင်း သတိရလာတော့သည်။

အားလုံးက သူတို့နှစ်ဦးကို တအံ့တသြကြည့်နေလေ ၏။

"ကျွန်တော်နာမည်က ကျော်စွာလို့ ခေါ်ပါတယ်၊ အစ်မလူမှားနေတာဖြစ်ပါလိမ့်မယ်"

"မင်းကို မမ-မဟေသီစတွေ့စကတည်းက ပျောက်ဆုံးသွားတဲ့မောင်လေးသူရဒ္ဒ ဖြစ်လိမ့်မယ်လို့ မမ သိနေတယ်၊ ဒါပေမယ့် အဲဒီအချိန်တုန်းက အေးအေး ဆေးဆေးမတွေ့လိုက်ရဘူး။ အခုမှပဲ တွေ့ရတော့တယ်၊

ဒီကနေ့ညမှာ မမရဲ့ အဆောင်တော်မှာ မွေးနေ့ သဘင် ရှိတယ်၊ အဲဒါမောင်လေး အရောက်လာခဲ့ပေရော့၊ အဲဒီအခါကျရင် ပျောက်ဆုံးနေတဲ့ သဲလွန်စတွေ ပြန်ပေါ်လာ လိမ့်မယ်လို့ မမထင်တယ်၊ ဆက်ဆက်လာခဲ့နော်။ ကဲ မမ မဟေသီကို ခွင့်ပြုကြဦး"

မဟေသီက သွက်လက်စွာ နှုတ်ဆက်၍ ပြန်ထွက်သွာ

www.burmeseclassic.com



သွားလေသည်။ ထိုအခါမှ ဦးသီလက ရှင်းပြလေသည်။

"သူ့နာမည်က မဟောသီလို့ခေါ်တယ်၊ သူရိယမြို့ရဲ့ နယ်စားကြီးနေမိန္ဒရဲ့ တူမတော်တစ်ဦး ဖြစ်ပေတယ်၊ အခုလို ဖိတ်ကြားခံရတာ မောင်ရင့်အတွက်တော့ အလွန်ကံကောင်းတာဘဲပေါ့"

ဦးသီလရဲ့ မှတ်ချက်ချခြင်းကို စောရန်ပိုင်က ပြုံး၍ ခေါင်းညိတ်ပြလေသည်။ မာလာကတော့ ညှိုးငယ်သော မျက်နှာလေးဖြင့် အခန်းတွင်းသို့ ပြန်ဝင်သွားလေသည်။

ထိုအခါမှ ဆရာကြီးဦးသီလက ကျော်စွာ၏ လက်တစ်ဖက်ကို ကိုင်ကြည့်ပြီး အတန်ကြာအောင် အာရုံခံ ကြည့်နေလေသည်။ ပြီးမှ ဖြေးလေးစွာ ပြောပြသည်။

"မောင်ရင်ရဲ့ အနာဂါတ်ကာလမှာ အထွတ်အထိပ်ကို ရောက်ပါလိမ့်မယ်၊ ဒါပေမယ့် အမျိုးသမီးနှစ်ဦး အတွက် ကြောင့် အသက်အန္တရာယ်ကို လုပ်ကြံခံရလိမ့်မယ်၊ အဲဒါကို မောင်ရင်မြဲမြဲမှတ်ထားပေရော့"

"ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော် သတိထားပါ့မယ်၊ ကဲ ကျွန်တော့်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

ထို့နောက် မင်းသားကြီးစောရန်ပိုင်နှင့် ကျော်စွာတို့



သည့် ဆရာကြီးအိမ်မှ ပြန်လည်ထွက်ခွာလာခဲ့ကြလေတော့ သည်။ ပြတင်းပေါက်တစ်နေရာမှ စောင့်ကြည့်နေရှာသော ဓာလာအဖြစ်ကိုမူ ကျော်စွာတစ်ယောက်မသိနိုင်ရှာတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



## မာယာရှင်ရဲ့တောင်ချောက်

ဆရာကြီးဦးသီလထံမှ စက္ကာပါလသံသေဓါးကို လက်ဆောင်ရရှိခဲ့သောကြောင့် ဝမ်းသာနေသော စိတ်ကလေးမှာ မိမိအားသေကြောင်းကြံစည်မည် ဆိုသောကြောင့် တထင့်ထင့်ဖြစ်သွားလေတော့သည်။

အပြန်ခရီးတွင် မင်းသားကြီးစောရန်ပိုင်က ဤသို့ မေးလာလေ၏။

"နယ်စားကြီးရဲ့ တူမတော်မဟေသီကတော့ မောင်ရင့်ကို ရင်းရင်းနှီးနှီး သိနေသလိုဘဲ၊ မောင်ရင်က သူ့ကိုသိလို့လား"

"သူ့ကို ကျွန်တော်မသိပါဘူး။ တစ်ခါကတော့ ပန်းချီဆရာတစ်ဦးရဲ့အိမ်မှာ အမှတ်မထင် ဆုံခဲ့ဘူးပါတယ်"



"ဒါပေမယ့် မောင်ရင့်ကိုတော့ သူကဆွေရင်းပမာ ရင်းရင်းနှီးနှီးသိနေသလိုဘဲ၊ အခုကိုယ်တော်တို့နဲ့ပါလာတဲ့ မောင်ရင်ရဲ့ ရုပ်ပုံလွှာကိုလည်း နယ်စားကြီးဆီကို ဆက်သနိုင်းလိုက်တယ်၊ အခြေအနေတစ်ခုခုကတော့ ထူးပါလိမ့်မယ်၊ ဒါထက် မဟေသီဖိတ်ထားတဲ့ပွဲကိုတော့ မောင်ရင်သွားရလိမ့်မယ်ကွယ်"

"အကြောင်းထူးသလား ကိုယ်တော်"

"ထူးတာပေါ့၊ အဲဒီမှာ အထက်ကလူစုံရောက်လာမှာဆိုတော့ သတင်းစုံရမယ်၊ အခြေနေကို သိနိုင်တယ်၊ နောက်ပြီး ကိုယ်တော်တို့က နယ်စားကြီးရဲ့ ညွှဲ့သည်အဖြစ်နဲ့ ရောက်နေကြတာဆိုတော့ ဖိတ်ထားတဲ့ပွဲကို မတက်ရင် ရိုင်းရာကြပေလိမ့်မပေါ့"

ဒါပေမယ့် မောင်ရင်ကတော့ သတိဝီရိယ အထူးထားပေတော့၊ ဘာကြောင့်လည်းဆိုတော့ နယ်စားကြီးဆီကို မောင်ရင်ရဲ့ ရုပ်ပုံလွှာရောက်သွားပြီးတဲ့ နောက်ပိုင်းမှာ မောင်ရင့်အတွက် အန္တရာယ်တစ်စုံတစ်ရာ တွေ့နိုင်တယ်"

"စိတ်ချပါကိုယ်တော်၊ ကျွန်တော်သတိထားပါ့မယ်"

ဤသို့ဖြင့် ဖိတ်ကြားထားသော အချိန်သို့ ရောက်သောအခါ အထူးညွှဲ့သည်များကို သီးသန့်ဖိတ်ကြား

www.burmeseclassic.com

www.burmeseclassic.com



ထားသော မဟေသီ၏ မွေးနေ့ပွဲကို လာခဲ့ကြလေသည်။

ကျော်စွာသည် စကြောပါလသံ သေခါးကြီးကို အခန့်သားလွယ်ထားလေရာ မြင်သူတကာတို့မှာ ငေးမော ကြည့်ကြရလေသည်။ မဏိပုတ္တရ၏ အင်အားကြီးမားသော သုံ့ရိုယမျိုးနွယ်နယ်စားကြီးနေမိန္ဒ၏ အမျိုးအနွယ်တော်တစ်ဦး ၏ ပွဲပေမို့ အနယ်နယ်အရပ်ရပ်မှ မြို့စားနယ်စားများ၏ အမျိုးအနွယ်များစွာတို့ ရောက်ရှိလာသည်ကို တွေ့ရလေ၏။

ကျော်စွာသည် မီးရောင်များအောက်တွင် လှုပ်ရှား သွားလာနေသူများထဲတွင် နန်းကလျာကို တွေ့လိမ့်နိုးဖြင့် လိုက်ရှာ နေမိလေသည်။

အဆောင်ရှေ့ရှိ ကွက်လပ်တစ်နေရာသို့ရောက် သောအခါ မမျှော်လင့်သူတစ်ဦးနှင့် ဆုံမိလေသည်။ ဓော်တွား ကတော်လေး နန်းကေခိုင်ပင်ဖြစ်လေသည်။

နန်းကေခိုင်က သူ့ကိုမြင်လျှင် ဝမ်းသာအားရ အမူအ ယာဖြင့် နှုတ်ဆက်စကားဆိုလေ၏။

"ကိုကျော်စွာ... ကျွန်မကရှင့်ကို သိပ်ပြီးတွေ့ချင်နေ တာ၊ ပြောစရာစကားတွေလည်း အများကြီးရှိတယ်၊ လာ လူရှင်းတဲ့ တစ်နေရာကို သွားကြရအောင်"

နန်းကေခိုင်က ကျော်စွာ၏ လက်တစ်ဖက်ကို ရင်းနှီး



စွာ ဆွဲခေါ်လာရာ ကျော်စွာကလည်း လိုက်ပါလာလေသည်။

စကြံနံလမ်းတစ်နေရာသို့ ရောက်သောအခါ နန်းကေခိုင်က လက်မောင်းတစ်ဖက်ကိုကိုင်ကာ စကား များကို တတွတ်တွတ် ပြောဆိုနေလေသည်။

"ကိုကျော်စွာက အခုလို အဆင့်ကို ရောက်နေတော့ ဟိုးတစ်ချိန်တုန်းက မဟိန္ဒဆီက ကယ်ယူခဲ့ရတဲ့ ကျွန်မ ကိုတောင် မေ့သွားလောက်ပြီ ထင်ပါရဲ့ ဟုတ်လားဟင်"

ထိုသို့ ကန့်ကလျမေးလေသည်။

ကျော်စွာက နန်းကေခိုက်၏ တွယ်ဖက်ထားသော လက်များကို အသာဖယ်ကာ အိတ်တွင်းမှ တစ်စုံတစ်ခုကို နှိုက်ယူနေရင်း ဤသို့ပြောလိုက်လေသည်။

"ကျွန်တော် နန်းကေခိုင်ကို မမေ့ပါဘူး၊ ဘာကြောင့် လည်းဆိုတော့ နန်းကေခိုင်ဟာကျွန်တော့်ဘဝရဲ့ ကျေးဇူးရှင် မဟုတ်လား၊ ဆရာကြီး မဟိန္ဒဆီမှာ ရွှေဒင်္ဂါးတွေပေးပြီး ဓားပညာတွေ သင်ခိုင်းခဲ့တဲ့ ကျေးဇူးတွေကို အခုထိကျွန်တော် မမေ့ပါဘူး၊ အမှတ်တရဖြစ်အောင်လို့ ရွှေဒင်္ဂါးထည့်တဲ့ ဒီကတ္တီပါ အိတ်ကလေးကိုတောင် အမှတ်တရသိမ်းထား ပါသေးတယ်၊ ဒါနန်းကေခိုင်ရဲ့ အိတ်မဟုတ်လား"

ကျော်စွာက အိတ်အတွင်းမှ ခရမ်းရောင်ကတ္တီပါ

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကလေးကို ထုတ်ပြလိုက်သည်။

ထိုကတ္တီပါအိတ်ကလေးကို မြင်သောအခါ နန်းကေခိုင် ၏မျက်နှာလေးမှာ ဝင်းပသွားလေတော့သည်။

"ဟုတ်ပါသတဲ့ရှင်၊ ဒါကိုကျော်စွာအတွက် ကျွန်မ ကိုယ်တိုင်ပေးထားခဲ့တဲ့ ကတ္တီပါအိတ်ကလေးပါပဲ၊ ဒီလို အမှတ်တရသိမ်းထားတဲ့အတွက် ကိုကျော်စွာကို ကျေးဇူးတင် ပါတယ်ရှင်"

ဟု ကန္တဲ့ကလျ ပြောနေလေသည်။

ထိုအခါကျော်စွာက နောက်ထပ် ခရမ်းရောင် ကတ္တီပါ အိတ်ကလေးကို ထပ်၍ထုတ်ပြပြန်လေ၏။

"ဒီအိတ်ကလေးကရော နန်းကေခိုင်ရဲ့ အိတ်ကလေး ပဲ မဟုတ်လား"

နန်းကေခိုင်က နောက်ထပ်ထုတ်ပြသော ကတ္တီပါ အိတ်ကလေးကို စူးစမ်းသောအကြည့်ဖြင့် ကြည့်နေပြီးမှ ပေးလေ၏။

"ဒီအိတ်ကလေးကို ကိုကျော်စွာ ဘယ်ကရတာလဲ ဟင်"

"ကျွန်တော့်အသက်ကို လုပ်ကြံဖို့ ကြိုးစားတဲ့ ဓားသမားယက္ခဆီက ရခဲ့တာပဲ နန်းကေခိုင်"



ထိုအခါ နန်းကေခိုင်က မျက်စေ့မျက်နှာပျက်စွာဖြင့် ငြင်းလေ၏။

"ဒါဟာ ကျွန်မတို့သုံးတဲ့ အိတ်အမျိုးအစားနဲ့တော့ တူတယ်၊ ဒါပေမယ့် ဓားသမားယက္ခကို ကျွန်မပေးခဲ့တာတော့ မဟုတ်ပါဘူး"

ကျော်စွာကသဘောကျစွာရယ်လိုက်လေသည်။

"ကိုကျော်စွာက ကျွန်မအပေါ် အထင်မှားနေတယ်နဲ့ တူပါတယ်၊ ကျွန်မအပေါ်မှာတော့ အထင်မလွဲလိုက်ပါနဲ့ ကိုကျော်စွာ . . ."

"ကျွန်တော်က အထင်လွဲနေတာမဟုတ်ပါဘူး။ နန်းကေခိုင် သိရအောင်လို့ ပြောပြနေတာပါ"

ကျော်စွာလေသံက ခနဲ့သံပါနေလေရာ နန်းကေခိုင် မှာ မခံမရပ်နိုင်အောင်ဖြစ်သွားတော့လေသည်။

"ဒါ ကိုကျော်စွာ ကျွန်မကို သက်သက်[illegible] တာဘာ၊ တကယ်တော့ ကျွန်မဟာရှင့်ရဲ့ဘဝကို အနိမ့်ကနေ အခုလိုမြင့်မားတဲ့ ဘဝရောက်လာအောင် မြေတောင်မြှောက် ပေးခဲ့သူပါ၊

အခုလိုဘဝရောက်လာမှ ကျွန်မကဒီလိုယုတ်မာရက် စက်တဲ့အကြံအစည်မျိုးကို ကြံစည်ပါ့မလား။ စဉ်းစားကြည့်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဦး ဒီအိတ်ဈာလေးဟာ ကျွန်မတို့ အသုံးပြုနေတဲ့ အိတ်အမျိုးအစားဖြစ်တာကတော့ မှန်ပါတယ်၊

တစ်ခါတုန်းက သူ့ရထွန်းရောက်လာပြီး အကူအညီတောင်းခဲ့လို့၊ သူ့ကို ဒီအိတ်မျိုးနဲ့ထည့်ပြီး ရွှေဒင်္ဂါး အချို့ကိုပေးလိုက်ခဲ့ဘူးတယ်။ ကိုကျော်စွာရဲ့ အသက်ကို ငွေပေးလုပ်ကြံနိုင်းတယ်ဆိုတာ၊ လုံးဝမဟုတ်ဘူးဆိုတာတော့ ယုံပါ ကိုကျော်စွာ . . .''

ထိုသို့ပြောလာသောအခါ ကျော်စွာစိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေတော့သည်။

''ကြေးစား လူသတ်သမားယက္ခကို ငွေပေးခိုင်းတဲ့ လူဟာ နန်းကေခိုင် မဟုတ်ဘူးဆိုတာ တကယ်ဘဲလား''

''တကယ်ပါ ကိုကျော်စွာ ကျွန်မအမှန်တရားကို သစ္စာဆိုပြီး ပြောဆိုဝံ့ပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်မ ကိုကျော်စွာကို စကျေး [illegible] ကူညီပေးခဲ့တာပါ၊ ကျွန်မ ရှင့်အပေါ် ဘယ်လောက်သံယောဇဉ်ထားတယ်ဆိုတာလည်း ယုံလောက်အောင် သက်သေပြခဲ့ပြီးပြီမဟုတ်လား၊ ဒီထက်ခိုင်မာတာ ဘာကျန်သေးလို့လဲ မောင်ရယ် . . .''

နန်းကေခိုင်က အမှောင်ရိပ်တွင်းသို့ တိုးဝင်လာ



ကျော်စွာရင်ခွင်ထဲသို့ တိုးဝင်လာတော့သည်။

ထိုအခါ စောစောက ဖြစ်ပေါ်လျှက်ရှိသော ဒေါသစိတ်များ ပြေပျောက်သွားကာ သူ့ဘဝက သနားစရာပါလား၊ နောက်ပြီး သူ့ကင်္ဂါဘဝကို မြေတောင်မြှောက်ပေးခဲ့တဲ့ ကျေးဇူးရှင်ပါလား၊ ငါသူ့ကို အထင်လွဲမှားမိသလိုများ ဖြစ်နေရော့သလား . . . ၊

ဟူသောအတွေးများဝင်လာကာ ရင်ခွင်ထဲတိုးဝင်လာသော နန်းကေခိုင်ကို အလိုက်သင့်ပြန်လည် ထွေးပွေ့ထားမိလေသည်။

''နန်းရဲ့ဘဝဟာ အထီးကျန်ဆန်လွန်းပါတယ် မောင်ရယ်၊ ဒါပေမယ့်မောင့်ကို တွေ့စကတည်းက နန်းဘဝဟာ ပျော်ရွှင်စရာကောင်းလာခဲ့တယ်၊ မျှော်လင့်ချက် တွေရှိလာခဲ့တယ်၊ ရှင်းရှင်းဝန်ခံရရင် နန်းမောင့်ကိုသံယောဇဉ် ရှိတယ်၊ သိပ်ချစ်တယ်မောင်၊ မောင် နန်းကိုမခွဲပါနဲ့၊ မရက်စက်ပါနဲ့ မောင်ရယ်''

ထိုသို့စကားများတစ်တွတ်တွတ် ပြောကာ ရင်ခွင်ထဲသို့ ခေါင်းဝင်လျှက် ဖက်ထားသောနန်းကေခိုင်ကို အလိုက်သင့် ပြန်ဖက်ထားမိနေစဉ် စကြ်န်အတွင်းသို့ လူနှစ်ယောက် ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က သူရထွန်း။

ကျန်တစ်ယောက်က မင်းသမီးလေး 'နန်းကလျာ' ပင်ဖြစ်တော့သည်။

နန်းကလျာသည် ကျော်စွာတို့ရှိရာသို့ လျှောက်လာသည်ကို တွေ့လိုက်ရသောအခါ ကျော်စွာသည် အလန့်တကြားဖြစ်သွားကာ ရင်ခွင်တွင်းမှ နန်းကေခိုင်ကို တွန်းဖယ်လိုက်လေသည်။

နန်းကလျာက သူရထွန်းကိုထားရစ်ကာ ကျော်စွာရှေ့သို့ လျှောက်လာလေသည်။

"ရှင်ဟာလောကမှာ သစ္စာအမဲ့ဆုံးလူတစ်ယောက်ဆိုတာ အချိန်မီသိလိုက်ရတာ ကလျာအတွက် အလွန်ကံကောင်းတာပဲ"

"နေ ... နေပါဦး ကလျာ၊ ကိုယ်ရှင်းပြပါရစေဦး"

"မလိုတော့ပါဘူး ကိုကျော်စွာ၊ ဆင်တစ်ကောင်လုံးတွေ့နေမှတော့ ဆင်ခြေရာကို ရှာစရာမလိုတော့ပါဘူး။ အခုအချိန်မှာ ရှင့်ဆီက လိုချင်တာ ကျွန်မရဲ့ ပုဝါလေးပဲ"

"ကိုယ်ပြောတာကို ဆုံးအောင်နားထောင်သွားပါဦး ကလျာရယ်၊ ကိုယ်ကလျာအပေါ် သစ္စာလုံးဝမပျက်ဘူးဆိုတာတော့ ကလျာယုံကြည်ပါ၊ တစ်ချိန်ကျရင်တော့



ကလျာ့ကို ကျေနပ်လောက်အောင် ကိုယ်ရှင်းပြပါရစေ"

ထိုသို့ပြောကာ မိမိကိုယ်နှင့်မကွာ သိမ်းဆည်းထားခဲ့သော နံ့သာရှောင်ပုဝါလေးကို ထုတ်ပေးလိုက်ရာ နန်းကလျာ ဆတ်ကနဲဆွဲယူလိုက်လေသည်။

"ရှင့်လိုသစ္စာမဲ့တဲ့သူမျိုးကို နောက်ထပ်ဘယ်တော့မှ တွေ့ဖို့မလိုတော့ပါဘူး ကိုကျော်စွာ"

ထိုသို့ပြောပြီး နန်းကလျာသည် သူရထွန်းနှင့်အတူ ပြန်လည်ထွက်ခွာသွားရာ ဝန်းကျင်၌ ရှိုက်သံကလေးများ ပြန့်လွင့်လျက် ကျန်ရစ်ခဲ့ပေသည်။ ကျော်စွာမှာ နန်းကလျာ၏ ရှိုက်သံကလေးကို ကြားလိုက်ရသော် ရင်တွင်း၌ဆို့နစ်ကြေကွဲ ရှာခံစားရလေသည်။ အသည်းနှလုံးများကို နှုတ်ယူခြင်းခံလိုက်ရသလို ရင်တစ်ခုလုံးဟာင်းလောင်းဖြစ်လျက် ကျန်ရစ်ခဲ့လေသည်။

ထိုအခါ နန်းကေခိုင်က ကျော်စွာအနီးသို့ တိုးကပ်လာ ပြန်လေသည်။

"နန်းအတွက်ကြောင့် မောင်တို့ချင်း အထင်အမြင်လွဲသွားကြရတာ စိတ်မကောင်းပါဘူး။ ဒီအတွက်နန်းတောင်းပန်ပါတယ်မောင်"

"တောင်းပန်စရာမလိုတော့ပါဘူးဗျာ"

ကြေကြေကွဲကွဲပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒီအကြောင်းတွေကို စောစောက နန်းမသိခဲ့လို့ ... တကယ်တော့ မောင်နဲ့နန်းကလျာတို့ ချစ်သူတွေဖြစ်နေခဲ့ ... တယ်ဆိုတာလည်း နန်းလုံးဝမရိပ်မိခဲ့ဘူး။ နန်းကလျာ ... စပ်ဖလုံနယ်စားရဲ့ တစ်ဦးတည်းသော သမီးတော်ဖြစ်သ ... သူရထွန်းရဲ့ နှမတော်တစ်ဦးဖြစ်တယ်လေ၊ အခုဒီနေရာ ... ရောက်အောင် သူရထွန်းခေါ်လာတာရော မဖြစ်နိုင်ဘူးလာ ... သူကမောင့်ကို အမြဲတမ်းအကောက်ကြံနေခဲ့ ... မဟုတ်လား''

ထိုအခါမှ နန်းကေခိုင်ပြောတာ ဖြစ်နိုင်သည် ... တွေးမိတော့သည်။

ဒီအတွက်မောင်သိပ်ပြီး စိတ်ဆင်းရဲမှုမဖြစ်ပါ ... မောင်တို့ချင်းပြန်ပြီး အဆင်ပြေသွားအောင် နန်းဆောင်ရွ ... ပေးနိုင်ပါတယ်၊ နန်းကလျာက နန်းရဲ့အဆောင်မှာ ရှိနေ ... လေ''

''ဟင် . . . ဟုတ်လား''

ကျော်စွာမျက်ဝန်းများ၌ မျှော်လင့်ချက်အရောင် ... ယှက်သန်းလာတော့သည်။

''ဟုတ်ပါတယ်၊ နောက်ပြီး မိန်းမသားဆို ... ဒီလိုပါပဲ၊ အချစ်နဲ့ပက်သက်လာရင် သဝန်ကြောင်တ ...



... ဒါသကြီး ဟုတ်တယ်၊ နားဝင်အောင်ရှင်းပြနိုင်ရင်လည်း ... ချက်ချင်း ပြေလွယ်ပျောက်လွယ်ကြပါတယ်၊ ကဲဒီတော့မောင် ... သူနဲ့တွေ့ပြီး ရှင်းပြနိုင်အောင် နန်းစီစဉ်ပေးမယ်၊ သွားကြ ... ရအောင်''

ထို့နောက်သူတို့နှစ်ဦးသည် အမှောင်ရိပ်အတွင်းမှ ထွက်ကာ စကြံနံလမ်းအတိုင်း ထွက်လာခဲ့ကြရာ ရင်ပြင် တစ်နေရာသို့ရောက်သောအခါ မင်းသားစောရန်ပိုင်နှင့် ... တက်ပင်းတိုးကြလေသည်။

စောရန်ပိုင်ကကျော်စွာနှင့်အတူ လျှောက်လာသော နန်းကေခိုင်ကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီး ကျော်စွာကိုမလှမ်းမကမ်းသို့ရောက်အောင် ခေါ်သွားပြီးမှ ... ဤသို့ပြောလေသည်။

''မောင်ကျော်စွာ မင်းဘာတွေလျှောက်လုပ် နေတာ ... လည်း၊ အခုမင်းနဲ့တွဲလာတာ စော်ဘွားကတော် နန်းကေခိုင် ... မဟုတ်လား''

''ဟုတ်ပါတယ် ကိုယ်တော်''

''ဟင် . . . ဒါဖြင့်ကြေးစားမားသမားတွေကို ငွေပေးပြီးခိုင်း တဲ့သူဟာ နန်းကေခိုင်ပဲ မဟုတ်လား၊ ... ဒါကိုသိနေပါရက်နဲ့ ဘာကြောင့်သူနဲ့အတူတူ လျှောက်သွား

www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ၊ မင်းအန္တရာယ်တစ်ခုခုနဲ့ ထပ်ပြီးရင်ဆိုင်ရလိမ့်မယ်''

ထိုအခါ စိတ်ပူနေသော မင်းသားကြီးစောရန်ပိုင်အား နန်းကလျာနှင့် ပက်သက်သောအကြောင်းများကို အသေးစိတ် ရှင်းပြလိုက်လေသည်။ ထိုစကားကိုကြားရသော မင်းသားကြီးက ...

''အင်း မောင်ရင်က အန္တရာယ်ဖြစ်မှာထက် အချစ် ဝေဒနာအတွက် ဖြေပျောက်နိုင်ဘို့ ကြိုးစားနေတာကိုး''

ဟုမှတ်ချက်ချပြီးမှ စကားဆက်ပြောလေသည်။

''ဒီမှာမောင်ကျော်စွာ မင်းရဲ့အသက်ကို လုပ်ကြံ ခဲ့ သောသမားကို ငွေပေးမခိုင်းရပါဘူး ဆိုတဲ့ နန်းကေခိုင်ရဲ့ စကားကို မောင်ရင်က အကြွင်းမဲ့ယုံကြည်သွားပြီလား။ ပြီးတော့ နန်းကေခိုင်ပေးတဲ့ အကြံအတိုင်း ဘာဖြစ်လို့ မျက်စိမှိတ်ပြီး လျှောက်လုပ်နေတာလဲ၊ နန်းကေခိုင်လို မိန်းမမျိုးက မာယာသိပ်များတယ်နော်၊ ကိုယ်တော့်အထင်ကိုပြောရရင် နန်းကေခိုင်ဟာမောင်ရင်ရဲ့အသက်ကို နောက်ထပ်တစ်ကြိမ် လုပ်ကြံဖို့ မာယာကွန်ယက်တွေနဲ့ အကွက်ဆင်နေတာလို့ ထင်မိတယ်''

''အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်



ကျွန်တော့်အတွက် စိတ်မပူပါနဲ့၊ အန္တရာယ်ကျရောက်လာရင် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ပါတယ်''

စောရန်ပိုင်ကခေါင်းကို ဖြေးလေးစွာခါယမ်း လိုက်သည်။

''ကိုယ်တော့်အနေနဲ့ကတော့ မောင်ရင်အသက် ဘေးအန္တရယ်ဖြစ်သွားမှာ စိုးရိမ်တယ်၊ ကိုယ်တော်တို့က ဒီကို အထူးတာဝန်နဲ့လာခဲ့တာဆိုတော့ တာဝန်မပြီးမချင်း တစ်စုံတစ်ခုမှ အဖြစ်မခံနိုင်ဘူး။ တို့ပြန်ကြရင်ကောင်းလိမ့်မယ် မောင်ကျော်စွာ''

''ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါကိုယ်တော်၊ ကျွန်တော် ဒီကနေညကလျာနဲ့တွေ့ပြီးအကြောင်းစုံ ရှင်းပြခွင့်လေးတော့ ပေးပါ၊ မဟုတ်ရင် ရင်ထဲမှာ မတင်မကျနဲ့ ဘာမှဆက်လုပ်လို့ ရမှာ မဟုတ်ဘူး၊ ဒီတစ်ကြိမ်တော့ ကျွန်တော့်ကို ခွင့်ပြုပါ''

မင်းသားကြီးစောရန်ပိုင်က အမျိုးမျိုးဖြောင်းဖြပြောဆို သော်လည်း ကျော်စွာက အသနားခံတောင်းပန်သောကြောင့် ခွင့်ပြုလိုက်ရပေသည်။

''အင်း ... အချစ်စိတ်ဟာတော်တော် ကြောက်ဖို့ ကောင်းပါလား။ တားမရလို့သွားရင်လည်း သတိဝီရိယ ထားပြီး သွားလာနေထိုင်ပါ၊ လက်နက်ကို ကိုယ်နဲ့မခွဲပါစေ၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးသီလ ကြိုတင်နိမိတ်ဖတ်ထားတာတွေကို အမြဲ သတိရနေပါ၊ သူပြောခဲ့သလို မိန်းမအတွက်နဲ့ မောင်ရင့် အသက်ကို ကြိမ်းသေလုပ်ကြံကြလိမ့်ဦးမယ်လို့ ကိုယ်တော် ထင်နေမိတယ်၊ မောင်ရင့်ကိစ္စပြီးရင်တော့ ကိုယ်တော့်ဆီကို အမြန်ဆုံး အရောက်ပြန်လာခဲ့ပေရော့''

ထိုသို့မှာကြားပြီးနောက် မင်းသားကြီး စောရန်ပိုင် သည် လေးလံသော ခြေလှမ်းများဖြင့် ဆက်လျှောက်သွားလေ သည်။

ကျော်စွာ့ရင်တွင်း၌လည်း ဆရာကြီးဦးသီလ၏ ကြိုတင်နိမိတ်ဖတ်ခဲ့ခြင်းများနှင့် မင်းသားကြီးစောရန်ပိုင်၏ သတိပေးစကားများကြောင့် ရင်တွင်းမှာ လေးလံလျက်ရှိကာ နန်းကေခိုင်နှင့်အတူ ဆက်ထွက်လာခဲ့လေသည်။

နန်းကေခိုင်၏ စံအိမ်တော်တွင်းသို့ရောက်လျှင် ကျော်စွာအား ဧည့်ခန်းတွင် နေရာချထားခဲ့ပြီး စားသောက်စရာ များကို နန်းကေခိုင်ကိုယ်တိုင် စီစဉ်ပေးလေသည်။

ထို့ပြင်သင်းသင်းမွှေးနေသော အဖျော်ယမကာ တစ်မျိုးကိုလည်း ဆောင်ယူလာပေးသည်။

ကျော်စွာသည် ထိုဖျော်ရည်ခွက်ကို အနံ့တစ်မျိုး



ရသောကြောင့် မသောက်ဘဲ အသာချထားလေသည်။

''သောက်လိုက်ပါဦးမောင်၊ နန်းကိုယ်တိုင်ဖျော်ထား တာပါ၊ အဲဒီထဲမှာ အဆိပ်မထည့်ထားပါဘူး''

''တော်ပါပြီ၊ မသောက်တော့ပါဘူး နန်းကေခိုင်၊ ဒါထက်ကလျာနဲ့တွေ့ပေးမယ်ဆိုတာ၊ သူဘယ်မှာလဲဟင်''

ကျော်စွာက မီးရောင်အားနည်းလျက် အတန်ငယ် အမှောင်ရိပ်လွှမ်းနေသော အခန်းတွင်းသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်းမေးလိုက်ရာ နန်းကေခိုင်က သဘောကျစွာပြုံး လိုက်လေသည်။

''မောင်က နန်းကလျာအပေါ်မှာတော့ အတော့်ကို စွဲလမ်းမှုရှိတာပဲကိုး။ မောင်သိပ်တွေ့ချင်တဲ့ နန်းကလျာကို မကြာခင်တွေ့ရမှာပေါ့၊ ဒီနေရာကနေခဏလေး ထိုင်စောင့်နေ ဦးနော်၊ နန်းသွားခေါ်လိုက်ဦးမယ်''

ထိုသို့ပြောပြီး နန်းကေခိုင်အပြင်သို့ ထွက်သွား လေသည်။ အခန်းတွင်းမှာ ကျော်စွာတစ်ဦးတည်း ကျန်ရစ် ခဲ့လေတော့သည်။

သူသည် အခန်း၏တိတ်ဆိတ်ငြိမ်သက်မှုကို သဘော မကျမိပေ ... ၊

မလှမ်းမကမ်းရှိ ပွဲရင့်ပြင်ဆီမှ မီးရောင်နှင့်ဆူဆူညံညံ

www.burmeseclassic.com

www.burmeseclassic.com



အသံများက လေနှင့်အတူဝေ့ဝဲပါလာသည်။

ကျော်စွာသည် စကြောပါလဓားကို အသင့်အနေအထားဖြင့်ထားရင်း မျက်လုံးကိုမှိတ်၍ အာရုံစုစည်းကြည့်သောအခါ အပြင်ဘက်ဆီမှ အခန်းတွင်းဆီသို့ ခတ်ဖွဖွလှုပ်လာသော ခြေသံအချို့ကို သတိပြုမိလိုက်သောအခါ အခြေအနေကို သဘောပေါက်သွားပြီး ဓားကိုဓားအိမ်မှ ဖြေးလေးစွာ ဆွဲချွတ်လိုက်လေသည်။

ကျော်စွာနေရာမှ ဖြတ်ကနဲထလိုက်ချိန်တွင် အခန်းတွင်းသို့ အနက်ရောင်အင်္ကျီဘောင်းဘီများ ဝတ်ဆင်ထားသော ဓားသမားများ ဝင်လာလေသည်။

ရှတ်တရက်ဝင်လာသော ဓားသမားများရှေ့သို့ စားပွဲကို 'ဝုန်း'ကနဲကန်ချလိုက်ရာ ရှေ့မှဝင်လာသော ဓားသမားအချို့ အခြေအနေပျက်ပြီး လဲကျသွားနိုက်တွင် ကျော်စွာသည်ရှေ့သို့ ခုန်ဝင်သွားပြီး လျှပ်တပြက်ဓားချက်များ သွင်းပေးလိုက်ရာ ရှေ့မှဝင်လာသော ဓားသမားသုံးယောက် လဲကျသွား လေသည်။ ထိုအခါ နောက်ထပ်ဓားသမားများမှာ ရှတ်တရက် တိုးဝင်မလာကြတော့ပဲ နောက်သို့ခွာပေးလိုက်ကြသည်။



ထိုအခွင့်ကောင်းကိုယူကာ ကျော်စွာသည် ဓားအိမ်တစ်ဖက်၊ ဓားတစ်ဖက်ကိုကိုင်ရင်း သွေးလန့်သွား သောဓားသမားများကြားသို့တိုးဝင်သွားပြီး လျှပ်တပြက်ဝင်ရောက်တိုက်ခိုက်လေရာ ဓားချင်းထိသံ၊ အော်ဟစ်ညီးညူသံများ အဆက်မပြတ် ပေါ်ထွက်လာပြီး ကျော်စွာ၏ဓါးချက်များမှာ ငှက်ပျောပင်ကို ဓါးဖြင့်ပိုင်းချသလို အတုံးအရုံးလဲကျကုန်လေ၏။

စကြောပါလဓါးနှင့် ထိမိသည့်အချို့သောဓါးများမှာ ပဲ့ထွက်ခြင်း၊ ကျိုးထွက်ခြင်း ဖြစ်ကုန်ကြလေသည်။

သည်အခါမှ ဆရာကြီးဦးသီလပြောလိုက်သော စကားကို တစ်ကျော့ပြန်ကြားယောင်လာတော့သည်။

''အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့လာရတဲ့အခါ ဒီစကြော ပါလ သံသေဓါးက မင်းရဲ့အသက်ကို ကယ်တင်ပေးပါလိမ့်မယ်''

ဦးသီလပြောခဲ့သလို တကယ့်အသက်လုပွဲတွင် ဓါး၏ကောင်းခြင်းက တိုက်ပွဲ၏အနိုင်အရှုံးကို အဆုံးအဖြတ်ပေးနေခြင်းမှာ လက်တွေ့မျက်မြင်ဖြစ်တော့သည်။

ကျော်စွာသည် မဟိန္ဒထံမှရခဲ့သော လျို့ဝှက်ဓါးကွက်များ၊ ဦးစံကဲထံမှ ရသော အဆင့်မြင့်ဓါးပညာများကို ထုတ်၍

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုကြလေရာ သာမာန်ဝါးရေးကျွမ်းကျင်ကြ... ကြောစားဝါးသမားများမှာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြပြီး ကျန်ရစ်သူများမှာ နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးကြရတော့သည်။

မကြာမီ ကန့်လန့်ကာကြီး တစ်ခုအနီးသို့ ရောက်လာရာ ကျော်စွာက ထိုကန့်လာကာကြီးကို ဆွဲထားသော ကြိုးကို ရှတ်တရက်ဖြတ်ချလိုက်ရာ ကန့်လန့်ကာကြီးသည် ဝါးသမားများရှေ့သို့ ပြုတ်ကျကာ ဗလုံးဗထွေး ဖြစ်နေစဉ် ရှေ့သို့တိုးဝင်သွားကာ လျှို့ဝှက်ဝါးကွက်များကို ဆက်တိုက်အသုံးပြုလေရာ ကျန်ရစ်သောဝါးသမားများလည်း လဲကျကုန်ပြန်လေသည်။

သို့စေကာမူ ကျန်ရစ်သောဝါးသမားအချို့မှ ကျော်စွာအား အလွတ်ပေးလိုဟန် မရှိကြပေ။ သူတို့သည် ကျော်စွာအား ထွက်ပေါက်ပိတ်၍ ဝိုင်းထားကြဆဲဖြစ်သည်။

အဘယ်ကြောင့် ထိုသို့ မိုက်မိုက်ကန်းကန်း ဖွတ်တိုးနေကြရသနည်းဆိုလျှင် သူတို့သည် ကျော်စွာအသက်ကို ရအောင် သတ်နိုင်လျှင် ရွှေဒင်္ဂါးအမြောက်အများရကြမည် ဖြစ်သောကြောင့်ပင်...။

နောက်တစ်ကြိမ် ရှေ့သို့ တိုးဝင်လ...ပြန်...



ကျော်စွာက နှင်းထားသော ကော်ဇောကို ဆက်ကာနဲ ခတ်ပြင်းပြင်းဆွဲချလိုက်ရာ ဟန်ချက်ပျက်သွားပြီး စစ်ဦးတန့်သွားသည်ကို အခွင့်ကောင်းယူကာ လူအုပ်တွင်းဝင်သွားပြီး ဆက်လက်တိုက်ခိုက်လေရာ ဓားချင်းထိသံ အော်ဟစ်သံများဆူညံနေတော့သည်။ထိုအခါ ဓားသမားနှစ်ဦးသာ ကျန်ရစ်တော့ပြီး သူတို့လည်းနောက်သို့ဆုတ်ပေးကြရလေတော့သည်။

"တယ်လည်းဓားစွမ်းထက်လှပါလား။ ဓားကလည်းကောင်းလိုက်တာ"

"ဒီလိုအစွမ်းထက်လို့လဲ ဓားသမားယက္ခတို့တစ်အုပ်စုလုံး မျိုးပြုန်းကုန်တာပေါ့ဟ"

ထိုသို့အခြေအနေရှိနေစဉ် အခန်းတစ်နေရာမှ ဒိုက်ကနဲ ပြေးထွက်သွားသော လူရိပ်နှစ်ခုကို သတိထားလိုက်မိသောကြောင့် ကျော်စွာသည် ရှေ့မှနောက်ဆုံးကျန်ရစ်သော ဓားသမားနှစ်ဦးကို လက်စသိမ်းပေးလိုက်ပြီး အခန်းပေါက်ဝသို့ ရောက်အောင်သွားပြီး တံခါးကိုစောင့်ပိတ်လိုက်လေသည်။

ထို့နောက် အတုံးအရုံးလဲကျသေဆုံးလျက်ရှိသော ဓားသမားများရှေ့တွင် ကြောက်ရွံ့တုန်လှုပ်စွာရပ်နေသူနှစ်ဦးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းကေခိုင်နှင့် သူရထွန်း ...။

သူတို့သည်ကျော်စွာ၏ အေးစိမ့်မာကျောသော အကြည့်နှင့် ရင်မဆိုင်ရဲကြသောကြောင့် အသီးသီး ခေါင်းငုံ့ထားကြလေ၏။

ကျော်စွာက ဓားတွင်စွန်းနေသော သွေးစက်များကို သူရထွန်းဝတ်ထားသော ဝတ်ရုံနှင့် သုတ်လိုက်ပြီးမှ ဓားအိမ်တွင်းသို့ ပြန်ထည့်လိုက်သည်။

"ခင်ဗျားဟာ စတွေ့ကတည်းက ကျုပ်အပေါ်မှာ မကောင်းကြံစည်ခဲ့တာ အခုထက်ထိပဲ၊ ဒါပေမယ့် ဒီနေ့ထိတော့ မအောင်မြင်သေးဘူး။ ဘာကြောင့်ဒီလောက် သဲသဲမဲမဲ မကောင်းကြံစည်နေတယ်ဆိုတာကိုတော့ ကျုပ်နားမလည်ဘူး။ တကယ်တော့ ကျုပ်လူမသတ်ချင်ပါဘူး အကြောင်းမဲ့ မရက်စက်ချင်ပါဘူး။ ဓားကိုင်တယ်ဆိုတာ ကိုယ့်အမျိုးသားချင်းတွေကို အနိုင်ယူနှိပ်စက်ဖို့ မဟုတ်ဘူး။ နယ်ချဲ့ကိုတော်လှန်တိုက်ခိုက်ဖို့ အတွက်ပါ။ ခုတော့ ခင်ဗျားလိုလူတစ်ယောက်ကြောင့် ကိုယ့်အမျိုးသားချင်းတွေ ရက်ရက်စက်စက် ပြန်သတ်ရတာ စိတ်မကောင်းပါဘူး။ ကျုပ်က လက်မဦးရင် သူတို့က ကျုပ်ကိုသတ်ကြမှာဆိုတော့ မတတ်



နိုင်ဘူးလေ"

သူရထွန်းက အံကိုတင်းတင်းကြိတ်၍ ခေါင်းငုံ့ထားလေသည်။

ထို့နောက်နန်းကေခိုင်ဘက်သို့လှည့်ကာ ...

"နန်းကေခိုင်ဟာ ကျွန်တော့်ဘဝရဲ့ ကျေးဇူးရှင်ဆိုရင် မမှားဘူး။ ဒါကြောင့်ကျုပ်ခင်ဗျားတို့ရဲ့ အသက်ကို ခွင့်လွှတ်ပေးခဲ့တာပါ။ ဒါပေမယ့် ကျွန်တော့်အပေါ်ဘာကြောင့် ဒီလိုမကောင်းကြံတယ်ဆိုတာတော့နားမလည်ဘူးဗျာ၊ ခင်ဗျားတို့ကစေတနာပျက်ကြပေမယ့် ကျုပ်အနေနဲ့ကတော့ အားလုံးကိုခွင့်လွှတ်ပါတယ်"

ထိုသို့ပြောပြီးကျော်စွာသည် တံခါးကို 'ဝုန်း' ကနဲ ပြန်ဖွင့်ကာအပြင်သို့လှမ်းထွက်သွားလေသည်။

ထိုအခါ နန်းကေခိုင်သည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင်ငိုချလိုက်တော့သည်။

အပြင်ဘက်၌ ဆူဆူညံညံအသံများ ပြန့်လွင့်နေဆဲပင်။

www.burmeseclassic.com



## မူလာရွာသို့ တစ်ကျော့ပြန်ရပြီ

နန်းကေခိုင်၏စံအိမ်တော်မှ အမောတကောထွက်လာသောကျော်စွာသည် မိမိတို့တည်းခိုရာ စံအိမ်တော်သို့ ပြန်ရောက်သောအခါ မင်းသားကြီးစောရန်ပိုင်က ထွက်ကြို နေသည်ကို တွေ့ရလေသည်။

မင်းသားကြီးက သွေးစက်များစွန်းနေသော ကျော်စွာ အခြေအနေကိုကြည့်ပြီး ပြုံးလိုက်သည်။

"အသက်လုပွဲတစ်ခုတော့ ထပ်ကြုံလာခဲ့ရပြန်ပြီလား မောင်ကျော်စွာ"

ကျော်စွာက မချိပြုံးလေးဖြင့် အခန်းတွင်းသို့ဝင်ကာ



ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။

"ကဲ ... ဆိုပါဦးမောင်ကျော်စွာ အခြေအနေကိုလည်း ပြောပြပါဦး"

ကျော်စွာက အခြေအနေကို အတိုချုပ်၍ပြောပြ လိုက်ပြီးမှ ....

"ကျွန်တော့်ကို ဘာကြောင့်များဒီလို အငြိုးတကြီး ရန်ရှာနေကြသလဲ မသိတော့ပါဘူး ကိုယ်တော်ရယ်"

"အင်း ဒါထက် မောင်ရင်ကရော အဲဒီလူတွေကို ဘယ်လိုများလက်တုန့်ပြန်ဖို့ စဉ်းစားထားလဲ"

ကျွန်တော်ကတော့ သူတို့အားလုံးကို ခွင့်လွှတ် နိုင်ပါတယ်၊ ဒါပေမယ့်ကျွန်တော်ဒီမှာ ဆက်မနေချင်တော့ဘူး မိုင်းပွန်ကိုပြန်ပြီး တပ်မှူးနဲ့အတူလက်တွဲပြီး စစ်တိုက်တာကမှ ကောင်းလိမ့်မယ်"

"ဒါပေမယ့်တို့ဒီမှာဆက်နေကြဖို့ အကြောင်းကြား စာရောက်လာတယ်၊ သူတို့လည်း မကြာခင်မှာ ရောက်လာ ကြလိမ့်မယ်ကွယ်"

"ဒါဖြင့်ကိုယ်တော့်အနေနဲ့ ကျွန်တော့်ကို သိသင့် သိထိုက်တာလေးတွေ ပြောပါဦး၊ ကျွန်တော့်ပုံတူပန်းချီကား ကိုဒီအရောက် ဘာဖြစ်လို့သက်စွန့်ဆံဖျား သယ်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီးနေမိန့်ဆီပို့ရသလဲဆိုတာကို တဆိတ်လောက် ရှင်းပေးပါဦး''

ထိုအခါမင်းသားကြီးစောရန်ပိုင်သည် ပြတင်းပေါက် တစ်နေရာမှ အဝေးသို့ငေးမျှော်ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

''မောင်ရင်သိချင်တဲ့အကြောင်းတွေကို ကိုယ်တော် ပြောပြပါမယ်၊ ပြောပြဖို့လည်း အချိန်တန်ပြီလို့ထင်တယ် လေ''

ထိုသို့ပြောလိုက်ပြီး ကျော်စွာ့မျက်နှာကို အကဲခတ် သလို တစ်ချက်ကြည့်လိုက်သည်။

ကျော်စွာက အလွန်စိတ်ဝင်စားစွာနားထောင် နေလေ၏။

''ဒီမှာ မောင်ကျော်စွာ၊ မင်းဟာအလွန်ထူးတဲ့ အလွန် ကံကောင်းတဲ့ သူတစ်ယောက်ဖြစ်လာနိုင်တယ်ကွယ့် တပ်မှူးနေသူရိန်နဲ့ ကိုယ်တော်တို့က မောင်ရင့်ကို အမျှော်ရှင် ဆုံးလူတစ်ယောက်အဖြစ် မြင်ချင်ကြပါတယ်၊ အခုနေမှာ မကွယ်မဝှက်ပဲဝန်ခံကြရင် မောင်ရင့်အနေနဲ့ အလိုလားဆုံး အတောင့်တအပ်ဆုံးဟာ ဘာလဲဆိုတာ ပြောပါဦး''

ထိုအခါ ကျော်စွာသည် အတန်ကြာအောင် ငုံ၍



စဉ်းစားနေလေ၏။ ထိုသို့စဉ်းစားရာတွင် မိမိသံယောဇဉ် ချစ်ခင်ရသော မင်းသမီးလေး နန်းကလျာ၏ ရုပ်သွင်ကို ကွက်ကနဲ မြင်ယောင်လာမိတော့သည်။

''ဒီမှာ မောင်ကျော်စွာ၊ မင်းဖွင့်မပြောလည်း တို့ရှာ သိနေကြပါတယ်၊အခုနေမှာ မင်းရင်ထဲမှာ အလိုချင်ဆုံး အရာကား နန်းကလျာနှင့် အဆင်ပြေရေးပဲ၊ မဟုတ်လား''

''မှန်ပါတယ် ကိုယ်တော်၊ ဒါပေမယ့် မင်းသမီး နန်းကလျာလို စော်ဘွားသမီးတော်တစ်ဦးက ကျွန်တော့်လို အညတြစစ်သားတစ်ယောက်ကို လက်ခံမယ် မထင်ပါဘူး။ အခုလည်း သူကကျွန်တော့်ကို ပစ်ခွာသွားခဲ့ပါပြီ''

ထိုသို့ဝမ်းနည်းသောလေသံဖြင့် ပြောလိုက်လေသည်။ ကျော်စွာ၏ ဝမ်းနည်းနေသော အမူအယာကို ကြည့်ပြီး မင်းသားကြီးက သဘောကျစွာပြုံးလိုက်လေသည်။

''မောင်ရင်က စစ်တိုက်တဲ့နေရာမှာ သတ္တိရှိသ လောက်၊ မာကျောသလောက် အချစ်ရေးနဲ့ပက်သက် လာရင် တယ်လည်းပျော့တာကိုး သိပ်လည်းစိတ်ပျက် အားငယ်မနေ ပါနဲ့ကွယ် ... ၊

မင်းတို့နှစ်ယောက်အဆင်ပြေဖို့ ဘာဝချင်းနီးစပ်ဖို့ မျှော်လင့်ချက်တွေ အများကြီးရှိပါသေးတယ်၊ ကိုယ်တော်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြတာတွေကို နားထောင်ပြီးရင် ပျောက်သွားပြီး စိတ်ဓာတ်တက်ကြွမှုတွေ မျှော်လင့်ချက်တွေ ရှိလာပါလိမ့်မယ်၊ ဒီလိုကွယ့် ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်တုန်းက မြန်မာနိုင်ငံရဲ့ မြောက်ဖက်ဖျားမှာရှိတဲ့ မဏိပူရနယ်ကို စားရတဲ့နယ်စားကြီးနေမိန္ဒမှာ 'သူရဇ္ဇ' အမည်ရှိတဲ့ သားတော်လေးတစ်ပါးရှိတယ်''

''ဟင် ... မဏိပုတ္တရနယ်ဆိုတာ အခုကျွန်တော်တို့ရောက်နေတဲ့ နယ်မဟုတ်လား၊ နယ်စားကြီးနေမိန္ဒ ဆိုတာလည်း အခုနယ်စားကြီးပဲမဟုတ်လား''

မင်းသားကြီးက ခေါင်းညိတ်ပြကာ စကားဆက်ပြောလေသည်။

''သူတို့က မြင့်မြတ်တဲ့ နေမျိုးနေနွယ်တွေ ဆိုတော့လည်း မင်းသားလေးကို သူရဇ္ဇလို့အမည်ပေးခဲ့တာဖြစ်တယ် တစ်ဦးတည်းသော ထီးနန်းအမွေကို ဆက်ခံရမှာ ဆိုတော့လည်း အလွန်ချစ်ရှာတယ်၊ တစ်ခါက မဏိပုတ္တရနယ်ကို နယ်ခြားက ကျူးကျော်စစ်တွေဝင်ရောက်တိုက်ခိုက်လို့ တိုင်းပြည်ရေးတွေရှုပ်ထွေးနေချိန်မှာ အတွင်းကအမှုထမ်းနေတဲ့လူယုံတစ်ဦးက သားတော်လေးရဲ့ မယ်တော်နဲ့ အထိန်းတော်ကိုသတ်ပြီး နန်းတွင်းရတနာအချို့နဲ့ သားတော်



လေးသူရဇ္ဇကို ခိုးယူသွားခဲ့တယ်လေ''

ထိုအကြောင်းကို ရဲတိုက်ကြီးအတွင်းမှ မျိုးချစ်တပ်သား များကို ကယ်တင်စဉ်က တစ်ကြိမ်ကြားရပြီး ဖြစ်လေသည်။

''အဲဒီအချိန်ကစပြီး မင်းသားလေးသူရဇ္ဇရဲ့ သတင်းအစအနကို လုံးဝမကြားရတော့ဘူး''

''ဒါဖြင့်မင်းသားလေး သူရဇ္ဇကို ပြန်တွေ့ရင်တောင်သိနေကြဖို့ ခဲယဉ်းနေပြီနော်''

''အင်း ဒါပေမယ့် မင်းသားလေးဆီမှာ ငယ်စဉ်ကတည်းက ဆွဲပေးထားတဲ့ 'ရွှေခေါင်းခွက်ဆွဲပြား' တစ်ခုကတော့ သဲလွန်စအဖြစ် သူနဲ့အတူပါသွားလေတယ်''

ထိုစကားကိုကြားရသောအခါ ဆရာကြီးမဟိန္ဒထံတွင် အမှတ်မထင်တွေ့ခဲ့ရသော ရွှေခေါင်းခွက်ဘယက်ကြီးကို ပြန်လည်အမှတ်ရမိလေသည်။

ထိုခေါင်းဘယက်ကြီးသည် ဆရာကြီးမဟိန္ဒနဲ့ မည်သို့ သက်ဆိုင်နေသလဲ ...၊

ဆက်စပ်မှုရှိနေသလဲ ...၊

ထိုခေါင်းဘယက်ကြီးကို ဆရာကြီးမဟိန္ဒ အဘယ်ကြောင့်လျှို့ဝှက်သိမ်းဆည်းနေခဲ့ရခြင်းကိုပါ တသကြီးလိုက်

www.burmeseclassic.com

www.burmeseclassic.com



တွေးနေမိတော့သည်။

"ကျွန်တော်က ဒီပျောက်ဆုံးသွားတဲ့ မင်းသားလေး သူရဋ္ဌနဲ့ ဘယ်လိုများဆက်စပ်မှုရှိနေလို့လဲ ကိုယ်တော်"

"အင်းမောင်ရင်ဟာ တစ်ချို့နေရာတွေမှာ အလွန်တော်သလောက်၊ တစ်ချို့နေရာတွေမှာ စိတ်ကူးအတော်ညြ တာဘဲ၊ မောင်ရင်ဟာ ပျောက်ဆုံးသွားတဲ့ မင်းသားလေးသူရဋ္ဌနဲ့ ဘယ်လိုများ ဆက်စပ်မှုရှိနေသလဲဆိုတာတော့၊ မောင်ရင်ကို စတွေ့လိုက်ကတည်းက တပ်မှူးနေသူရိန်ကရော ကိုယ်တော်ကပါ မင်းသားလေးသူရဋ္ဌဖြစ်လိမ့်မယ်လို့ တစ်ထစ်ချ ယုံကြည်ထားကြတယ်လေ ..."

"ဗျာ"

ထိုစကားကြားရသောအခါ ကျော်စွာသည် လွန်စွာ အံ့ဩသွားလေတော့သည်။

"မင်း ဒီစကားကြားရလို့ သိပ်အံ့ဩသွားသလား မအံ့ဩနဲ့မောင်ကျော်စွာ၊ တကယ်လို့ကိုယ်တော်တို့ စုံစမ်းထားတဲ့ အချက်အလက်တွေသာ စုံလင်ရင်တော့ မောင်မင်းဟာ မင်းသားလေး သူရဋ္ဌဖြစ်ရမယ်ဆိုတဲ့အချက် ငြင်းစရာ မလိုတော့ဘူး။ တကယ်လို့သာ မင်းဟာ မင်းသားလေး သူရဋ္ဌဖြစ်လာခဲ့ရင်တော့ မင်းသမီးလေး နန်းကလျာနဲ့



လက်ဆက်ဘို့ကိစ္စဟာ အလိုအလျောက် အဆင်ပြေသွားလိမ့်မယ်ဆိုတာ မင်းသိရဲ့လား"

ကျော်စွာက တအံ့တဩ ဖြစ်နေရင်းမှ "ဖြစ်နိုင်မယ် မထင်ပါဘူး ကိုယ်တော်" ဟုသာ တတွတ်တွတ်ရေရွတ်နေလေတော့သည်။

"တပ်မှူးနေသူရိန်က မောင်ရင်ရဲ့ ရုပ်ပုံလွှာကို တစ်ထပ်တည်းတူအောင် ဦးစိုင်းနောင်ကို အထူး တာဝန်ပေးခဲ့တဲ့ ကိစ္စကိုရော မင်းသဘောပေါက်ရဲ့လား။ အေး မင်း မသိရင် သေသေချာချာ နားထောင်ပေတော့၊ အခုဆိုရင် မင်းနဲ့တူအောင် ရေးဆွဲထားတဲ့ ပန်းချီကားကြီးကို နယ်စားကြီး နေမိန္ဒလက်တော်ရောက်အောင် ပို့လိုက်ပြီးပြီ၊ ဒီပန်းချီကား ထဲမှာပါတဲ့ မင်းရဲ့ပုံကို နယ်စားကြီးနဲ့တကွ အမတ်ကြီးများ အားလုံးက လေ့လာအကဲခတ်နေကြတယ်၊ အားလုံးကတော့ ဒီပန်းချီကားထဲကပုံဟာ အငယ်အကြီး ကွာတာကလွဲလို့ ပျောက်ဆုံးသွားတဲ့ မင်းသားလေးနဲ့၊ ရွှေဒါင်းခွက်ကြီးမပါတာကလွဲလို့ လွန်စွာတူကြောင်း ထောက်ခံပေးကြတယ်လို့ သတင်းကြားရတယ်၊ ဒီသတင်းဟာ တို့အတွက် အလွန်ကောင်းတဲ့အလားအလာ တစ်ခုဘဲ မောင်ကျော်စွာ"

"ဟင်း ကျွန်တော်ကတော့ ဘယ်လိုမှ နားမလည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဖြစ်နေရပါတယ် ကိုယ်တော်''

''မင်းကသာ ကိုယ့်ကိုယ်ကို လျှော့တွက်နေတာကိုး ဒါပေမယ့် တွေ့တဲ့သူတွေကတော့ မောင်ရင့်ကို မင်းသားလေး သူရဿလို့ မကြာခဏ မှားယွင်းနေခဲ့ကြတာ မဟုတ်လား''

ထိုစကားကြောင့် မောင်ကျော်စွာမှာ မိမိအား မကြာခဏ မှားယွင်းနေခဲ့ကြပုံများကို ပြန်လည်သတိရမိတော့သည်။

''ဒီမှာမောင်ကျော်စွာ မင်းတားသိုင်းဆရာကြီးမဟိန္ဒကို အမှတ်ရသေးရဲ့လား။ သူဟာသာမညပုဂ္ဂိုလ်တစ်ယောက် မဟုတ်ဘူး။ နေမိန္ဒမျိုးနွယ်တွေကို မုန်းနေတဲ့ ရန်ငြိုးဖွဲ့နေခဲ့တဲ့ သူတစ်ယောက်ပဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ ပြည်နယ်ကလေးတစ်ခုကို နယ်စားကြီးနေမိန္ဒက သိမ်းပိုက်ထားခဲ့လို့ပဲ မဟိန္ဒဟာအဲဒီသိမ်းပိုက်ခြင်းခံရတဲ့မြို့က မြို့စားတစ်ဦးရဲ့ သားတော်တစ်ပါးဖြစ်ခဲ့တယ် ဆိုတာ အလွန်လျှို့ဝှက်ခဲ့တယ် နယ်စားကြီးနေမိန္ဒကလည်း အဲဒီအကြောင်းကို မရိပ်မိခဲ့ဘူး မဟိန္ဒဟာ တားသိုင်းပညာကျွမ်းကျင်လေတော့ ဒီပညာကို အကြောင်းပြုပြီး နယ်စားကြီးထံမှာဘဝကို လျှို့ဝှက်ပြီး အမှုထမ်းခဲ့[illegible]တယ်လို့ ကိုယ်တော်တို့ စုံစမ်းသိရှိတာ



ရှိပါတယ်၊ ဒီတော့မြို့စားကတော်နဲ့အထိန်းတော်ကြီးကို သတ်ပြီးသားတော်လေးသူရဿကို ခိုးယူသွားတာဟာ တားသမား မဟိန္ဒ ဖြစ်မယ်လို့ ကိုယ်တော်တို့အားလုံး ယုံကြည်ထားကြတယ်၊ ဒီအကြောင်းတွေကိုရော မောင်ရင့်ကို တားသမား မဟိန္ဒဆီက မိဘမဲ့မွေးထားခဲ့ရာက ခေါ်လာခဲ့ရတာတွေကိုပါ အကုန်လျှောက်တင်ထားတယ်''

မင်းသားကြီးက ရှည်လျားစွာရှင်းပြနေလေ၏။

''ကိုင်းထားပါတော့ တကယ်လို့သာ ကျွန်တော်ဟာ နယ်စားကြီးရဲ့ ပျောက်ဆုံးသွားတဲ့မင်းသားလေး သူရဿအစစ် ဖြစ်နေရင်ကော ဘယ်လိုအကျိုးကျေးဇူးများရှိလာမလဲ ကိုယ်တော်''

''မောင်ရင်သာ နယ်စားကြီးရဲ့သားတော် အစစ်အမှန် ဖြစ်နေရင်တော့ အားလုံးအတွက် ဝမ်းမြောက်စရာတွေ ဖြစ်လာမှာပဲ၊ တကယ်လို့သာ မောင်ရင်ဟာ ပျောက်ဆုံးသွားတဲ့မင်းသားလေး သူရဿဖြစ်ကြောင်းနယ်စားကြီးက တွေ့အောင်ရှာပြီး ဆောင်ကျဉ်းပေးနိုင်တဲ့ တပ်မှူးနေသူရိန်နဲ့ ကိုယ်တော်တို့ကို ဘယ်လောက်ကျေးဇူးတင်လိမ့်မယ် စဉ်းစားကြည့်ပေါ့ကွယ်၊ ဒီလိုဆိုရင် အထက်မြန်မာပြည်နယ်စပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အင်အားအကြီးမားဆုံး စစ်သည်အင်အား၊ လက်နက်အင်အား၊ အခိုင်မာ အတောင့်တင်းဆုံးဖြစ်တဲ့ နေမိန္ဒစစ်သည်တွေနဲ့ မဟာမိတ်ဖြစ်ကြရတော့မှာ မလွဲဘူးပေါ့၊ ဒါဟာ တိုင်းပြည်တော်လှန်ရေးအတွက် အလားအလာကောင်းတဲ့ အချက်ပဲ မဟုတ်လား''

ထိုသို့ရှင်းပြလေရာ ရာဇပရိယာယ် တိမ်တောင်သဖွယ် မင်းရေးကျယ်ပုံများကို တစတစ ရိပ်မိလာလေတော့သည်။

ဒီမှာ မောင်ကျော်စွာ၊ မောင်ရင်ဟာ နယ်စားကြီး နေမိန္ဒ ရဲ့ ပျောက်ဆုံးသွားတဲ့ မင်းသားလေး သူရဲ့ဖြစ်ကြောင်း လက်ခံလိုက်ရတာနဲ့ မောင်ရင်ရဲ့အခြေအနေဟာ ချက်ခြင်း ပြောင်းလဲသွားမှာ အသေအချာပဲ၊ မြေပြင်ပေါ်ကနေ နန်းတော်ပေါ်ကို ရောက်သွားလိမ့်မယ်၊ အခြေအနေတွေ အားလုံး လိမ့်ပတ်လည်သွားတဲ့အခါ မောင်ရင့်အပေါ်မှာ အထင်အမြင်လွဲနေတဲ့ မင်းသမီးနန်းကလျာဟာလည်း သူ့ဟာသာနားလည် သဘောပေါက်ပြီး မောင်ရင့်အပေါ် ခွင့်လွှတ်လာမှာ မလွဲဘူး အဲဒီအခါကျရင် ကိုယ်တော်တို့ကို မမေ့နဲ့နော်၊ အခြေအနေတွေ ဘယ်လိုပင်ပြောင်းပြောင်းဘို့တတွေမှာ လုပ်စရာတာဝန်တွေ အများကြီးကျန်သေးတယ်၊ ဒါကတော့ တစ်ခြားမဟုတ်



ဘူး၊ တိုင်းပြည်လွတ်လပ်ရေးရအောင် ကြိုးစားရဦးမယ်၊ နယ်ချဲ့တွေကို တို့မြေပေါ်က အပြီးအပိုင်မောင်းနှင်ပစ်ဖို့ ဆက်လက်တိုက်ပွဲဝင်ကြဦးမယ် မောင်ကျော်စွာရဲ့''

''ဟုတ်ကဲ့ ကျွန်တော် ဘယ်ဘဝ ဘယ်အခြေအနေပဲ ရောက်ရောက်၊ တော်လှန်ရေးအတွက် ကျရာတာဝန်ကို ထမ်းဆောင်ပါ့မယ်ကိုယ်တော်''

''မင်းအတွက် ဂုဏ်ယူပါတယ်မောင်ကျော်စွာ''

မင်းသားကြီး စောရန်ပိုင်က ကျော်စွာပုခုံးကို ပုတ်၍ အပြင်ဘက်သို့ ထွက်သွားလေသည်။

ထိုအခါမှ ကျော်စွာသည် တစ်ယောက်တည်း အခန်းထဲမှာ လဲလျောင်းရင်း အံနားယူရလေတော့သည်။ သူသည် ပင်ပန်းမှုအရှိန်ကြောင့် မှေးကနဲအိပ်ပျော်သွားရာ အိပ်မက်ထဲမှာ မင်းသမီးလေးနန်းကလျာနှင့် တွေ့ဆုံကာ သာယာကြည်နူးဖွယ်ရာ စကားများဆိုနေစဉ် မိမိအားတစ်စုံတစ်ယောက်ကလာရောက်လှုပ်နှိုးသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ အခန်းတွင်း၌ အလင်းရောင်များ ဖြန့်ခင်းလျက်ရှိနေသည်ကိုတွေ့ရသည်။

''နေတောင် အတော်မြင့်နေပြီ၊ ထတော့

www.burmeseclassic.com



မောင်ကျော်စွာရေ''

မင်းကိုတွေ့ဖို့အထူးညွှန်သည်တော်တွေ ရောက်နေတယ်ကွယ့်''

ကျော်စွာသည် အိပ်ရာထက်မှ ကဗျာကယာထရင်း ''ဘယ်သူတွေလဲလည်း ကိုယ်တော်'' ဟုမေးလိုက်လေသည်။

''ဘယ်သူရှိရဦးမလဲကွယ်၊ နယ်စားကြီးနေမိန္ဒဆီက လွှတ်လိုက်တဲ့ သက်တော်ရှည် အမတ်ကြီးနှစ်ပါးပေါ့ကွာ သူတို့က ပန်းချီကားထဲကပုံနဲ့ အပြင်မှာတူမတူလာရောက်အကဲခတ်ကြည့်ကြတာပေါ့ကွယ်၊ ဒီတော့●မှာပါလာတဲ့ နေမိန္ဒစစ်သည်တော်တွေ ဝတ်ဆင်တဲ့ အကောင်းဆုံး အဝတ်အစားတွေကို ဝတ်ဆင်ပြီး ညွှန်ခန်းထဲကို လိုက်လာခဲ့ပေတော့ဟုတ်လား''

ထိုသို့ပြောပြီး မင်းသားကြီးပြန်ထွက်သွားလေလျှင် ကျော်စွာသည်မိမိကိုယ်ကို အစွမ်းကုန် ပြင်ဆင်၍ စက္ကောပါလသံသေတားကို အခန့်သားလွယ်ကာ ခန့်ငြားထည်ဝါစွာဖြင့် အခန်းတွင်းမှ ထွက်လာလေသည်။

ညွှန်ခန်းတွင်းသို့ ဝင်ရောက်သွားသောအခါ သက်တော်ရှည်အမတ်ကြီးနှင့် အတိုင်ပင်ခံ အမတ်ကြီးနှစ်ပါးတို့က ကျော်စွာအားမျက်တောင်မခတ် စေ့စပ်သေချာစွာ



ကြည့်ရှုနေလေသည်။

အတန်ကြာမှ သက်တော်ရှည်အမတ်ကြီးက . . .

''ကျွန်ုပ်ဟာ မင်းသားလေးသူရဇ္ဇရဲ့ ယေရှုပ်သွင်ကို ကောင်းကောင်း တွေ့ဘူးတော့ မှတ်မိပါတယ်၊ မောင်ဟာ နယ်စားကြီး နေမိန္ဒရဲ့ မျိုးနွယ်ဆက်တွေနဲ့ အတော့်ကိုတူပါပေတယ်၊ အရပ်အမောင်း၊ အသွင်အပြင် ရုပ်ရည်ကလည်း နယ်စားကြီး နေမိန္ဒနဲ့ လွန်စွာတူပါပေတယ်''

ဟု- မှတ်ချက်ချလေသည်။

အတိုင်ပင်ခံ အမတ်ကြီးက ပန်းချီကားထဲမှ ရုပ်သွင်နှင့် အပြင်မှရုပ်သွင် တူမတူကို သေချာအောင်တိုက်ဆိုင်စစ်ဆေးပြီးမှ ကျေနပ်သွားဟန်ဖြင့် ပန်းချီကားကို ပြန်သိမ်းလိုက်ပြီး ဤသို့မေးလေသည်။

''မင်းသားကြီး၊ ဒီမောင်ဟာ ပျောက်ဆုံးနေတဲ့ မင်းသားလေးသူရဇ္ဇ အမှန်ဖြစ်ကြောင်း ဘာကြောင့်ပေါ်လွင်စေချင်ရတာလဲ၊ နယ်စားကြီးရဲ့ ထီးမွေနန်းမွေနဲ့ ရတနာပစ္စည်းတွေကို အလိုရှိလို့လား၊ ဒါမှမဟုတ် အခြားဘယ်လိုအကြောင်းမျိုးရှိပါသလဲ''

ထိုမေးခွန်းကို မင်းသားကြီး စောရန်ပိုင်ကဖြေခင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ဝင်ရောက်အဖြေပေးလိုက်လေသည်။

''ကျွန်တော်ရည်ရွယ်ချက်က ကျွန်တော်ဟာ နယ်စားကြီးရဲ့ ပျောက်ဆုံးသွားတဲ့ သားတော်လေး သူရဇ္ဇ မှန်ရင်၊ မြင့်မြတ်တဲ့ မျိုးရိုးကို ထင်ရှားပေါ်လွင်စေချင်တဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်ခင်ဗျာ''

ထိုအခါ မင်းသားကြီး စောရန်ပိုင်က ကျော်စွာ အကြောင်းနှင့် ပတ်သက်၍ တပ်မှူးနေသူရိန်၏ လက်ရွေးစင် သူရဲကောင်း တစ်ဦးဖြစ်ကြောင်းနှင့်၊ ကျော်စွာ၏ စွန့်စားခန်း များကို စီကာပတ်ကုံးပြောပြလေသည်။

ထို့စကားကို အမတ်ကြီးများက စိတ်ဝင်စား ကြလေသည်။

''မင်းသားကြီး စောရန်ပိုင် ...၊ ပျောက်ဆုံးနေတဲ့ မင်းသားလေး သူရဇ္ဇကို ရှာတွေ့ပြီလို့ သတင်းကြားရရုံနဲ့ နယ်စားကြီးဟာ စိတ်လှုပ်ရှားမှုဖြစ်နေ တယ်၊ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်နေရှာတယ်။

တကယ်လို့သာ ပျောက်ဆုံးနေတဲ့ မင်းသားလေး သူရဇ္ဇ အမှန်ဖြစ်မယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာ ကြီးဆိုမယ် ဖြစ်ကြောင်းကိုလည်း မှာလိုက်ပါတယ်။

အရေးကြီးတာက ပျောက်ဆုံးနေတဲ့ မင်းသားလေး



သူရဇ္ဇ အစစ်အမှန်ဖြစ်ဖို့သာ အရေးကြီးတာပါ။ ဒါကြောင့် လည်း ကာလအပိုင်းအခြားက အနှစ် (နှစ်ဆယ်)ကျော် ကွာခြားမှုရှိတဲ့ကြားက အစစ်အမှန် ဖြစ်ရလေအောင် အထပ်ထပ်စစ်ဆေးနေရခြင်း ဖြစ်ပါတယ်။''

ထိုအခါ မင်းသားကြီး စောရန်ပိုင်က...၊

''ကျွန်ုပ်တို့မှာ ဒီလိုအခွင့်ကောင်း ယူချင်ကြသူတွေ မဟုတ်ကြပါဘူး အမတ်ကြီး။

ကျွန်ုပ်တို့ဟာ နိုင်ငံတော်လွတ်လပ်ရေးရအောင် အသက်ပေး တိုက်ခိုက်နေကြရသူတွေ ဖြစ်ကြပါတယ်။ တပ်မှူးနေသူရိန်ဟာ အထက်မြန်မာနိုင်ငံ တခွင်မှာ ကျူးကျော် ဝင်ရောက်နေတဲ့ နယ်ချဲ့တွေကို အစွမ်းကုန်တိုက်ခိုက်နေသူ ဖြစ်ပါတယ်။

အဓိက ရည်ရွယ်ချက်ကတော့ စစ်သည်အင်အား၊ လက်နက်အင်အား တောင့်တင်းတဲ့ မဏိပုတ္တရ နယ်စားကြီးနဲ့ မဟာမိတ်ပြုချင်တဲ့ ရည်ရွယ်ချက်ကြောင့်၊ ဒီသားတော်လေးကို မရမနေ ရှာဖွေပြီး ပြုစုပျိုးထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကလည်း ကျွန်ုပ်တို့ ကိုယ်ကျိုးအတွက် မပါပါဘူး ခင်ဗျာ'' ဟု ဝင်ရောက်ပြောဆိုကြသော အခါမှ ကျွန်ုပ် သဘောပေါက်သွားပြီး အသင့်ဆောင်ယူလာသော ဂန်းချိကား

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျော်စွာကို ထပ်မံတိုက်ဆိုင်စစ်ဆေးကြပြန် လေသည်၊ ပြီးလျှင် သက်တော်ရှည် အမတ်ကြီးက အိတ်ထဲတွင် အသင့်ဆောင်ယူလာသော ကတ္တီပါအိတ်ကို ထုတ်ယူ လိုက်သည်။

ထိုအိတ်တွင်းမှ တစုံတခုကို ထုတ်ယူပြလေသည်။ ထိုပစ္စည်းကား အခြားမဟုတ်။

''ရွှေဒေါင်းခွက် ဘယက်ပြား'' ပင်ဖြစ်လေ၏။

''ဒါဟာ ကျွန်ုပ်တို့ မဏိပုတ္တရပြည်ရဲ့ နန်းစဉ် တော်ဝင်သုံး ရွှေဒေါင်းခွက် ဖြစ်ပါတယ်။ နေမျိုးနေနွယ်တွေရဲ့ အမှတ်အသားဖြစ်တဲ့ ဒေါင်းတံဆိပ်ကို အသုံးပြုထားခြင်း ဖြစ်ပေတယ်။

အကယ်၍ မောင့်မှာသာ ဒီလိုရွှေဒေါင်းခွက်မျိုး ရှိနေခဲ့ ရင် ဘယ်လိုမှ ငြင်းစရာမလိုတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီရွှေဒေါင်းခွက် မျိုးဟာ တော်ဝင်မင်းသားတွေမှာ အမြဲရှိကြ ရတယ်။မင်းသားလေးသူရဇ ပျောက်သွားတုန်းက၊ မင်းသား လေးနဲ့အတူ ဒီပစ္စည်းမျိုးတစ်ခု ပါသွားခဲ့တယ်ကွယ့်''

''ကျွန်တော် ဒီဒေါင်းခွက်ဘယက်မျိုးတစ်ခုကို တွေ့ဖူးပါ တယ်''

အမတ်ကြီးနှစ်ဦးစလုံး စိတ်ဝင်စားလာကြသည်။



''ကျွန်တော့်ကို ငယ်ငယ် ကတည်းက ကျွေးမွေးလာခဲ့တဲ့ ဆရာကြီး မဟိန္ဒရဲ့ဆီမှာ တွေ့ဘူးတာပါ''

''အင်း တဖြည်းဖြည်းနဲ့တော့ မောင်ရင်ဟာပျောက်ဆုံးသွား မင်းသားလေး သူရဇ ဖြစ်ဖို့ အတော်နီးလာပြီ၊ ဒါပေမယ့် နန်းစဉ်သုံးရွှေဒေါင်းခွက်ကို သက်သေအနေနဲ့ ယူပြနိုင် ရင်တော့ အားလုံးက မင်းသားလေးသူရဇအဖြစ်လက်ခံကြမှာ မလွဲပါဘူး''

''ဒီလိုဖြင့် မောင်ရင်တွေ့ခဲ့တဲ့ နန်းစဉ်သုံးရွှေဒေါင်းခွက် ကြီးကို အခုယူသွားသိမ်းကြရင်မကောင်းဘူးလား''

မင်းသားကြီးစောရန်ပိုင်က စိတ်အားထက်သန်စွာ ဝင်ရောက်ပြောဆိုလေသည်။

''ဒီလို အဆောတလျင် ဆောင်ရွက်ဖို့ မသင့်လျော် သေးဘူးလို့ ထင်ပါတယ် ကိုယ်တော်၊ ဒီလိုဆောင်ရွက်လို့ နယ်ချဲ့လက်ပါးစေတွေက သိသွားရင် အားလုံးကို ကောင်း ကောင်း ဒုက္ခပေးလာနိုင်တယ်၊ နောက်ပြီး ဒီအကြောင်းတွေကို တာဆရာကြီးမဟိန္ဒသိသွားရင်လည်း ကြိုတင်ဖျောက်ဖျက် လိုက်မှာ စိုးရပါတယ်''

''အင်း ဒါလည်းဟုတ်ပေတာပဲ၊ ဒီလိုဖြင့် ဒီကိစ္စကို မောင်ရင်ဘယ်လိုများ ဆောင်ရွက်ချင်သလဲ၊ ပြောပါဦး''

www.burmeseclassic.com

www.burmeseclassic.com



"မားသိုင်းဆရာကြီးမဟိန္ဒဟာ ကျွန်တော်ပြောတဲ့ ရွှေဒေါင်းခွက်ရော၊ အခြားရွှေ ငွေပစ္စည်းတွေကိုရော ညဘက် တွေမှာမှ စကြံနိုလမ်းနားမှာရှိတဲ့ နတ်ကွန်းဆောင်တစ်ဆောင် အောက်မှာ လျှို့ဝှက်ထားတာကို ကျွန်တော်သိပါတယ် နေရာကိုရော၊ မြေတိုက်ဖွင့်နည်းကိုပါ ကျွန်တော် အကုန်သိ ပါတယ်။ ဒါကြောင့် ကျွန်တော်တစ်ယောက်တည်း ရှပ်ဖျော် ပြန်သွားပြီး အမတ်ကြီးတို့ အလိုရှိတဲ့ ရွှေဒေါင်းခွက်ကို အရ ဆောင်ယူခဲ့ပါ့မယ်"

ကျော်စွာက ထိုသို့ကတိပေးလိုက်လေသည်။

ထိုအခါ သက်တော်ရှည် အမတ်ကြီးက ....

"အခုနေအချိန်မှာ မောင်ဟာမင်းသားလေးသူရဖြစ် ဖို့ ရာခိုင်နှုန်းအများဆုံးတုတဲ့ သူတစ်ယောက်ဖြစ်တယ် ဒါကြောင့်မောင်တစ်ခုခုဖြစ်သွားမှာကို ကျုပ်တို့ မလိုလား ဘူး။ နယ်စားကြီးသိရင်လည်း ဒီလိုပဲ စိတ်ပူရှာမှာပဲ၊ ဒီတော့ သတိ၊ ဝိရိယနဲ့ဆောင်ရွက်ပါမောင်"

"စိတ်ချပါခင်များ။ ကျွန်တော်ဆီမှာ အားကိုးရတဲ့ လျှို့ဝှက်တဲ့ပညာတွေနဲ့ ဝေဠုပါလသင်္ချိုင်းသဘောတရားပါရှိပါတယ် ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ခင်များ"

ထိုသို့ပြောဆိုဝန်ခံပြီး ကျော်စွာသည် လိုအပ်သော ကိစ္စများကို အလျင်အမြန်ဆောင်ရွက်ကာ မူလရွာကထော



## ညည့်ဦးယံစားပွဲ

ကျော်စွာသည် အတန်ကြာအောင် ခရီးဆက်ခဲ့သောအခါ တစ်နေ့တွင် မူလရွာရှိ တဲသိုင်းဆရာကြီးမဟိန္ဒ ထံတွင် ဆင်းရဲပင်ပန်းစွာနေထိုင်ခဲ့ရပုံများကို ပြန်လည်သတိရမိလေသည်။

မိမိအနေဖြင့် ထိုပတ်ဝန်းကျင်နှင့် လမ်းပေါင်းများစွာ ဝေးကွာလာခဲ့ပြီးမှ တစ်ကျော့ပြန်ရောက်လာသောအခါ မြို့ကွင်းများမှာ အစစအရာရာ ပြောင်းလဲနေပေပြီ။

မပြောင်းလဲသော အရာကား ဆရာကြီးမဟိန္ဒ၏ မြဲဝန်ကြီးမင်ဖြစ်နေသည်။

www.burmeseclassic.com



ယခင်ကအတိုင်းပင်ခြံဝန်းကြီးမှာ ညဘက်ရောက်သော်အခါ လူသူကင်းမဲ့ကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။

ကျော်စွာသည် ထိုအခွင့်ကောင်းကိုယူကာ ခြံဝန်းအတွင်းသို့ အလွယ်တကူဝင်ရောက်လေ၏။ ထုံးစံအတိုင်းပင်သည်အချိန်လောက်ဆိုလျှင် ဆရာကြီးမဟိန္ဒမှာ တစ်နေကုန်ပင်ပန်းသမျှ ယစ်ရွှေရည်သောက်ကာ အေးဆေးစွာ အနားယူနေပေလိမ့်မည်။

သူသည်မှောင်ရိပ်ခိုကာ စကြံန်လမ်းအတိုင်းနတ်ရုပ်ထု ရှိရာသို့ ရောက်အောင်လာပြီး လျှို့ဝှက်ဖွင့်နည်းအတိုင်းဖွင့်လေရာ ရုပ်ထုမှာ အလွယ်တကူပွင့်မလာပေ။ အမျိုးမျိုး ကြိုးစားသော်လည်း ဘယ်လိုမှမရပေ။

"အင်း ငါတော့ခံလေသမျှ သဲရေကျဖြစ်တော့မယ်ထင်ပါရဲ့၊ လတွေခြားသွားလေတော့ ဆရာကြီးဟာ လျှို့ဝှက်ဖွင့်နည်းတွေကိုများ ပြောင်းထားရော့သလား။ ဒါမှမဟုတ်ငါများအမှတ်မှားလေရော့လား"

တစ်ဦးတည်း ဖဝေဖဝါဖြစ်နေစဉ် စခန်းဘက်မှလျှောက်လာသော ခြေသံကို ကြားလိုက်ရသောကြောင့်ကဗျာကရာမှောင်ရိပ်သို့ပြေးဝင်ကပ်လိုက်ရသည်။



အသာမျှော်ကြည့်လိုက်တော့ ဆရာကြီးမဟိန္ဒသည်အိတ်တလုံးကိုကိုင်ကာ လျှောက်လာနေသည်ကို တွေ့ရလေသည်။

ဆရာကြီးသည်အသက်အရွယ်ကြီးလာပြီ ဖြစ်သော်လည်း ဖျက်လက်သွက်လက်ဆဲပင် ရှိသေး၏။ သူသည်နတ်ရုပ်အနီးသို့ရောက်လျှင် ပတ်ဝန်းကျင်သို့ မျက်စိတစ်ချက်ဝေ့ကြည့်ပြီး အကဲခတ်လိုက်သည်။

"အင်း ဒီနေရာမှာ အမှိုက်သရိုက်တွေကလည်းရှုပ်နေတာပါလား၊ နိုင်းထားတဲ့ကောင်လေးက ဘာမှအားမကိုးရဘူး၊ ဒင်းကိုတော့မှတ်လောက်အောင် ဆုံးမပေးရဦးမယ်"

ထိုစကားကြားသောအခါ မိမိရှိစဉ်အချိန်တုန်းကလည်းထိုကဲ့သို့ပင် အပြစ်မရှိအပြစ်ရှာ၍ ရိုက်နှက်ဆုံးမသည်များကိုပြန်လည်သတိရမိလေသည်။

ဆရာကြီးသည်နတ်ရုပ်အနီးတွင် မြေကြီးတစ်နေရာကိုယက်ဖယ်လိုက်သောအခါ သော့တစ်လုံးပေါ်လာပြီး ထိုသော့ခလောက်ကို ခါးကြားထဲတွင် အသင့်ဆောင်ယူလာသော သော့တံဖြင့်လှည့်ဖွင့်မှ ပွင့်သွားလေသည်။

ထိုအခါမှ တံခါးပေါက်ကို မ၍ဖွင့်ကာ အတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကို ထုတ်ယူလိုက်လေသည်။

သေတ္တာကို နောက်ထပ်သော့တစ်ချောင်းဖြင့် ဖွင့်လိုက်သောအခါ အရောင်စုံ ရွှေဒင်္ဂါး ငွေဒင်္ဂါး၊ ရတနာပစ္စည်းများစွာ တို့ ပေါ်လာလေ၏။

ထိုအထဲတွင် ကတ္တီပါအိတ်ဖြင့် သီးခြားထုတ်ထားသော ရွှေဒေါင်းခွက်ကိုလည်း ထုတ်ယူကြည့်ပြန်သည်။

သူသည်တစ်ကိုယ်တည်းရှိနေရိုက်တွင် အနှစ်နှစ်အလလ စုဆောင်းထားသောရတနာပစ္စည်းများကို အရသာခံကာပြန်လည်ကြည့်ရှုပြီး လောဘများနေဆဲပင်ရှိလေ၏။

"ငါ့ဆီမှာ စုဆောင်းထားတဲ့ရတနာပစ္စည်းတွေထက် ဒီနန်းစဉ်သုံးရွှေဒေါင်းခွက်ကြီးက ပိုပြီးအဖိုးတန်ကြောင်း လူတွေမသိကြတာကောင်းတယ်၊ ဒီရွှေဒေါင်းခွက်ကြီးကို ငါ့ဆီမှာ ရှိနေတာ ဘယ်သူမှ အသိခံလို့မဖြစ်ဘူး။ နယ်စားကြီးနေမိနကသာ ဒီရွှေဒေါင်းခွက် ငါ့ဆီမှာ ရှိနေတာကိုသိသွားရင် စစ်သည်ပေါင်းထောင်သောင်းနဲ့ တိုက်ခိုက်ပြီး လာသိမ်းယူမှာ သေချာတယ်၊ အခုတော့ ဒီအကြောင်းကို ဘယ်သူမှ အသိပေးလို့မဖြစ်သေးဘူး"

ထိုသို့ပြောကာ ကတ္တီပါအိတ်တွင်းမှ ရွှေဒေါင်းခွက်ကြီးကို တယုတယ ကိုင်တွယ်ပွတ်သပ်နေလေသည်။



ထိုအချိန်တွင်ကျော်စွာသည် အမှောင်ရိပ်တွင်းမှ အပြင် သို့ထွက်လိုက်လေသည်။

သူသည် အင်္ကျီ ဘောင်းဘီ အနက်ရောင်များကို ဝတ်ဆင်ထားပြီး ဦးခေါင်းကိုလည်း မျက်လုံးပေါက်သာရှိသော ဦးခေါင်းစွပ်ကိုစွပ်ကာ ရုပ်ဖျက်ထားလေသည်။

ခြေသံကြားသောအခါ မဟိန္ဒက အလန့်တကြား လှည့်ကြည့်လေ၏။ ကျော်စွာကိုမြင်သောအခါ လွန်စွာ အံ့ဩသွားလေသည်။

"မင်းဘယ်သူလဲ"

ကျော်စွာက သဘောကျစွာပြုံးရင်း အလင်းရောင် ရသောနေရာသို့ ထွက်ရပ်လိုက်လေသည်။

"ကျုပ်ကို သေသေချာချာကြည့်ရင်တော့ မှတ်မိနိုင်ပါလိမ့်မယ်"

"အင်း ကြည့်ရတာတော့ မှတ်မိသလိုရှိတယ်၊ ဒါပေမယ့် မင်းကရုပ်ဖျက်ထားတော့ ငါဘယ်လိုသိနိုင်မှာလဲ၊ မင်းဘယ်သူလဲ၊ ငါ့ဆီကို ဘာအတွက်ကြောင့် ရောက်လာတာလဲ"

"ကျုပ်ရောက်လာတာကတော့ ဆရာကြီးနဲ့ ငွေရေး ယူဦးချင်လို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အလို အံ့သြစရာပါလား၊ ကျုပ်ကို စားရေးမယှဉ်ခင် ကျုပ်ဘယ်သူလဲဆိုတာရောမင်းသိရဲ့လား၊ ကျုပ်ဟာ ဒီနယ်တဝိုက်မှာ စားပညာမှာ တုဖက်ကင်းတဲ့ စားသိုင်းဆရာကြီး မဟိန္ဒဆိုတာ ငါဘဲ"

ကျော်စွာက ဘာမှမပြောပဲ စက္ကောပါလသံသေမားကို အသာအယာဆွဲထုတ်လိုက်လေသည်။

"မင်းကကျုပ်နဲ့ စားရေးယှဉ်မှာဆိုတော့ ဘယ်လို ရည်ရွယ်ချက်များရှိနေပါလိမ့်"

"ခင်ဗျားကလည်း နေရာတကာမှာ အကျိုးအမြတ်မရှိရင်ဘာမှ မလုပ်သလို၊ ကျုပ်ကလည်း ဒီလိုပါပဲ၊ ဒီတော့ ခင်ဗျားနဲ့ ကျုပ်အလောင်းအစားလုပ်ကြမယ်၊ စားပွဲမှာ ရှုံးတဲ့သူက နိုင်တဲ့သူရဲ့ဆန္ဒအတိုင်း လိုက်လျောရမယ်၊ အသက်လိုချင်ရင်အသက်၊ ရတနာပစ္စည်းလိုချင်ရင် ရတနာပစ္စည်းပေါ့၊ ကျုပ်ဆီမှာ ရွှေဒင်္ဂါးတွေပါလာတယ်"

ကျော်စွာက အသင့်ယူဆောင်လာသော ရွှေဒင်္ဂါးအိတ်ကိုတမင်အသံမြည်အောင် မဟိန္ဒရှေ့သို့ ပစ်ချပေးလိုက်လေရာ မဟိန္ဒမှာ ရွှေဒင်္ဂါးအိတ်ကို မြင်သောအခါ လောဘဇောကြောင့် မျက်လုံးများအရောင်တောက်လာတော့သည်။



"ကောင်းပြီ၊ မင်းရဲ့စိန်ခေါ်တာကို ကျုပ်လက်ခံတယ်၊ ကျုပ်ကလည်း ဒီလိုသတ္တိမျိုးမှ သဘောကျတာ၊ မောင်ရင်နိုင်ရင် ကျုပ်ဆီက ကြိုက်တာယူနိုင်တယ်၊ ကျုပ်နိုင်ရင်တော့ ဟဲ ဟဲ ဟဲ ...."

မဟိန္ဒသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ခြောက်ကပ်ကပ်ရယ်မောလိုက်ပြီး ကျောတွင်လွယ်ထားသော လက်သုံးတော်စားကို အသာအယာ ဆွဲထုတ်လိုက်သည်။

မဟိန္ဒသည်စောစောပိုင်းက လေးလံနေးကွေးနေသလောက် ယခုအခါတွင် မယုံကြည်နိုင်လောက်အောင် သွက်လက်ဖျက်လက်လျက်ရှိနေတော့သည်။

"ခင်ဗျားကျုပ်ကိုနိုင်ရင် နောက်ထပ်ကြိုက်တဲ့ဆုကို ထပ်ပေးပါဦးမယ်"

"သိပ်လည်း အပြောမကြီးနဲ့ မောင်ရေ့ လူဆိုတာ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးလွန်းရင် မှားတတ်တယ်ကွ၊ ဒါကို မင်းနောင်တရပြီးတဲ့နောက်မှ သိရစေမယ်ဟေ့"

စကားမဆုံးခင်မဟိန္ဒသည် လျှပ်တစ်ပြက်စားကွက်နှစ်ကွက်ကို ဆက်တိုကသွင်းလိုက်ရာ သတိနှင့်နေသော ကျော်စွာက ဝင်လာသောစားချက်ကို အလွယ်တကူဖယ်ရှား

www.burmeseclassic.com



ကာ တန်ပြန်ဓားချက်ကိုလျှပ်တပြက်ပြန်သွင်းပေးလိုက်ရာ မဟိန္ဒသည် ကဗျာကရာရှောင်ပေးလိုက်သော်ငြားလည်း မလွတ်မလပ်ဖြစ်သွားပြီး ပါးပြင်ပေါ်က ချွေးကျခဲ့ဖြစ်သွားသည်။

ခဏအကြာတွင် ထိုနေရာမှသွေးများစီးကျလာလေတော့သည်။ မဟိန္ဒက ထိုသွေးများကို လက်ဖြင့်သုတ်ဖယ်ရင်းပြုံးလိုက်လေသည်။

"အင်း မင်းဟာ ကျုပ်ကိုဒဏ်ရာရအောင် လုပ်နိုင်တယ် ဆိုတော့ အရည်အချင်းကတော့ မသေးလှဘူး။ ကျုပ်ကလည်း အဲဒီလိုလူမျိုးနဲ့မှ ယှဉ်ချင်တာ၊ ဒါထက် မင်းဘယ်သူလဲဆို /တာသိရရင် ပိုကောင်းမယ်"

"ခင်ဗျားရဲ့ကြွေးဟောင်းတွေကို ပြန်တောင်းဖို့ လာတဲ့ မင်းသားလေးသူရဲ့ရဲ့ဝိဉာဉ် နတ်မိစ္ဆာတစ်ပါးလို့သာ မှတ်ထား လိုက်ပါဗျာ"

သူရှူးဟုသော အမည်ကို ကြားလိုက်ရသောအခါ မဟိန္ဒမျက်နှာ တစ်ချက်ပျက်သွားလေသည်။

သို့သော် ချက်ခြင်းအမူအယာပြောင်းလိုက်ကာ

"မင်းပြောတာတွေကို ကျုပ်မသိဘူး ကျုပ်သိတာက မင်းကို ပညာပေးဖို့နဲ့ မင်းဆီကရမယ့် ရွှေဒင်္ဂါးပြားတွေကိုပဲ ဟော့ ကဲ ရှောင်နိုင်ရင်ဒီတစ်ခါ လွတ်အောင်ရှောင်ပေဦးတော့"



ထိုသို့ပြောဆိုပြီးသည့်နောက်တွင် မဟိန္ဒသည် တပည့်များအားသင်ကြားပေးသော သာမာန်ဓားကွက်များနှင့် တရကြမ်းဝင်တိုက်လေရာ ကျော်စွာက အလွယ်တကူပယ်ရှား ရှောင်တိမ်း၍ တစ်ခါတစ်ရံတန်ပြန်ဓားချက်များကို ပြန်သွင်း လေရာ တိုက်ခိုက်နေသောညှိအချိန်တွင် ကြောက်မက်ဖွယ် ရာ ဓားချင်းထိသံများ အဆက်မပြတ်ပေါ်နေတော့သည်။

"မင်းဟာ ဘယ်သူလဲ၊ ကျုပ်ရဲ့ဓားချက်တွေကို အလွယ်တကူရှောင်တိမ်းနိုင်တဲ့ အရည်အချင်းဆိုတာ မနည်းလှဘူး ကိုင်းဒီတစ်ခါတော့ ကြိုးစားရှောင်ပေဦးတော့ ဟေ့"

စတုတ္ထအကြိမ်တွင် မဟိန္ဒသည် ညဥ့်အချိန်တွင် တစ်ဦးတည်းလေ့ကျင့်သော လျှို့ဝှက်ဓားကွက်တွေ၊နှိ ထုတ်၍တိုက်ခိုက်လေရာ ကျော်စွာအဖို့မှာ ထိုဓားကွက်များကို မဟိန္ဒဆီမှ ဓမ္မတကျသင်ယူထားလေရာ အခက်အခဲမရှိ ပြန်လည်ခုခံနိုင်ပေသည်။

သို့ရာတွင် မဟိန္ဒသည် အရွယ်နှင့်မလိုက်အောင် လျင်မြန်သွက်လက်သူဖြစ်ရကား သတိကြီးစွာထား၍ ရှောင်တိမ်းတိုက်ခိုက်ရသည်။ ဓားသမားကောင်းတစ်ဦး အဖို့ လျှပ်တပြက်အချိန်အတွင်း၌ အနိုင်အရှုံးကို အဆုံးအဖြတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်သကဲ့သို့၊ ခြေတစ်ကွက်၊ လက်တစ်ကွက်များသည်နှင့် အသက်ပေးရတတ်ကြောင်း နှစ်ဦးစလုံးသိထားကြလေရာ တစ်ဦးနှင့်တစ်ဦး အမှားမခံ အလစ်မပေးပဲ သဲကြီးမဲကြီး ထိုးနက်တိုက်ခိုက်ကြလေသည်။

ကျော်စွာအနေနှင့်လည်း ဦးစံကဲထံမှသင်ယူထားသော အဆင့်မြင့်ဓားကွက်များကို ထုတ်နုတ်သုံးစွဲခြင်း မရှိဘဲ၊ မဟိန္ဒထံမှသင်ယူထားသော ပညာများနှင့်မိမိလေ့ကျင့်ထားသော ပညာများကို အသုံးပြုတိုက်ခိုက်နေချိန်တွင် မဟိန္ဒကို အလွယ်တကူ အနိုင်ယူတိုက်ခိုက်၍မရနိုင်မှန်း ရိပ်မိလာတော့သည်။ မဟိန္ဒသည် အသက်အရွယ်ကြီးသော်လည်း လက်ရည်မကျပဲ လျင်မြန်သွက်လက်ဆဲပင်ဖြစ်၏။

ယခုအချိန်ထိကျော်စွာ၏ ရည်ရွယ်ချက်မှာ မဟိန္ဒ၏အသက်ကို တိုက်ခိုက်ဖျက်ဆီးရန် မရည်ရွယ်ပဲ မိမိလိုချင်သောပစ္စည်းရရှိရေးကိုသာ အဓိကထားသောကြောင့် တိုက်စစ်ထက် ခံစစ်ကိုသာ အသုံးပြု၍ အကွက်ကိုစောင့်နေသည်။

ထိုအခြာကိုမြင်သော မဟိန္ဒမှာ မိမိ၏မြိုင်ဘက်ဓားသမားဓားသမားမှာ မိမိဓားကွက်ကို မခုခံနိုင်သောကြောင့် နောက်ဆုတ်ပေးနေရသည်ဟု ယူဆကာ အားတက်လာပြီး ရှေ့သို့တရကြမ်းတက်လေရာ အမှောင်တစ်ခုရှိတစ်နေရာရှိ



ရေအိုင်တစ်ခုကို နင်းမိလေရာ ချော်ချော်၍ ဟန်ချက်ပျက်သွားလေသည်။

ထိုအခွင့်အရေးကို ကျော်စွာကကောင်းစွာ အသုံးချလိုက်သည်။ သူသည်ရှေ့သို့တစ်ကွက် ခုန်တက်သွားပြီး မဟိန္ဒလက်တွင်းမှ ဓားကိုခတ်ထုတ်လိုက်ရာ အဝေးရှိသစ်ပင်၌ သွားရောက်စိုက်ဝင်သွားလေသည်။ လက်နက်မဲ့သွားသောမဟိန္ဒ၏ လည်မြိုကို ဓားဖြင့်ထောက်ထားလိုက်သည်။

"ကဲ ဆရာကြီးဒီဓားပွဲမှာတော့ ခင်ဗျားရှုံးသွားပြီ၊ ဒီတော့ ကတိအတိုင်း ကျုပ်ကိုရတနာပစ္စည်းတွေ ပေးပေတော့ဗျို့"

ထိုအခါ မဟိန္ဒက အံကြိတ်ထားရင်း

"မင်းကံကောင်းလွန်းလို့ အနိုင်ရတာပါ။ ကျုပ်ဓားစွမ်းကို သိချင်သေးရင် နောက်တစ်ပွဲလောက်နွှဲကြရအောင်"

ကျော်စွာကပြုံး၍ ဘာမှဆက်မပြောတော့ပဲ မဟိန္ဒချထားသော ရတနာပစ္စည်းသေတ္တာရှိရာသို့ လျှောက်လာပြီး အတွင်းမှကတ္တီပါအိတ်ကို နှိုက်ယူလိုက်သည်။

အတွင်းမှဒေါင်းဘယက်ရွှေဒေါင်းခွက်ကို ဆွဲထုတ်လိုက်သောအခါ တစ္ဆန်းတစအလင်းရောင်ကြောင့် အရောင်တလက်လက်တောက်ပသွားလေသည်။

www.burmeseclassic.com



"ဒီအပွဲမှာ ကျုပ်နိုင်တဲ့အတွက် အဆိုအတိုင်း ခင်ဗျားရဲ့ ရတနာပစ္စည်းတွေအားလုံးကို ယူသွားနိုင်ခွင့်ရှိတယ်၊ ဒါပေမယ့် ကျုပ်အားလုံးကို ယူမသွားပါဘူး၊ ဒီရွှေခေါင်းခွက် တစ်ခုကိုပဲ ယူသွားပါ့မယ်၊ ဒီပစ္စည်းဟာ ခင်ဗျားရဲ့သွေးနဲ့ ချွေးနဲ့ရင်းပြီး ရှာထားရတာမဟုတ်ဘဲ သူများပိုင်ပစ္စည်းကို မကောင်း ကြံပြီး ယူခဲ့တဲ့ ပစ္စည်းဆိုတော့ ခင်ဗျားအနေနဲ့ နမြောစရာ လိုမယ် မထင်ပါဘူး"

ထိုသို့ပြောသံကြားရလေလျှင် မဟိန္ဒသည် အလွန် အံ့ဩသော အမူအယာဖြင့် လဲရေရှုံးမှုအလောကလေသည်။

"ဒါတွေမင်းဘယ်လိုသိသလဲ၊ မင်းဘယ်သူလဲ"

"ကျုပ်ဘယ်သူဆိုတာသိချင်သလား၊ တခြားတော့ မဟုတ်ပါဘူး၊ ခင်ဗျားကြီးခိုးယူလာတဲ့ မင်းသားလေး သူရွှ ပေါ့ဗျာ"

"ဟင်..သူရွှ ဟုတ်လား၊ ဒါ... ဒါဖြင့် မင်း... မင်းဟာငါ့ဆီက ထွက်သွားခဲ့တဲ့ ကျော်စွာမဟုတ်လား"

မဟိန္ဒထံမှ ထိုစကားကြားရသော ကျော်စွာသည် အလွန်သဘောကျစွာရယ်မောလိုက်ရင်း၊ မျက်နှာမူကို ရှုတ်ပြ လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ကျော်စွာပဲ ခင်ဗျားရဲ့ယုတ်မာ



ကောက်ကျစ်မှုကြောင့် အမေတကွဲ အဖေတကွဲနဲ့ အဝေးကိုရောက်ခဲ့ ရတဲ့ကျော်စွာပဲ၊ ခင်ဗျားဆီက အခုလိုဝန်ခံစကားကြားလိုက်ရ တာသိပ်ကောင်းတာပဲ"

"အင်း တစ်နေ့တော့ ဒီလိုဖြစ်မယ်ဆိုတာ ကျုပ် မျှော်လင့်ပြီးသားပါ၊ ဒါပေမယ့် ပွဲကမသိမ်းသေးပါဘူး၊ ကျုပ်လက်စားချေစရာတွေ ကျန်နေသေးတယ်၊ ငါတို့ရဲ့အဝ တွေကို ပျက်စီးအောင်လုပ်ခဲ့တဲ့ 'နေမိန္ဒ' မျိုးနွယ်တွေကို ငါ့လိုပဲ သင်းရဲ့ရှေ့မှောက်ပြီး အဝပျက်အောင်ဆက်လုပ်ရဦး မယ်ပေါ့၊ ပွဲကမပြီးသေးဘူးကွ"

ထိုသို့ပြောပြီး မဟိန္ဒသည် ရတနာပစ္စည်းများပင် ပြန် မသိမ်းပဲ၊ နေရာမှချာကနဲ လှည့်ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## မယာထောင်ချောက်

နန်းစဉ်သုံးရွှေဒေါင်းခွက်ကို ရလာသောကျော်စွာသည် မဏိပူရတိုင်းသို့ ချက်ချင်းပြန်လာခဲ့လေသည်။

ထိုသို့ပြန်လာရာတွင် လမ်းခုလတ်သို့ရောက်သောအခါ မိုင်းပွန်မြို့သို့ရောက်လေလျှင် မိမိအားဓားပညာများ သင်ကြားပေးလိုက်သော စားဖိုမှူးဦးစံကဲထံ လှည့်ဝင်လာသည်။

ထုံးစံအတိုင်း ဦးစံကဲကို အရက်ဆိုင်တစ်ဆိုင်တွင် ရှာဖွေတွေ့ရှိရလေ၏။ ဦးစံကဲက သူ့ကိုမြင်လျှင် အလွန်အံ့ဩသောအမူအယာဖြစ်သွားလေသည်။

''မောင်ကျော်စွာပါလား။ အသွေးအမွေးတွေ ပြောင်းသွားတော့ ရုတ်တရက်မမှတ်မိဘူး၊ မြင်တဲ့အတိုင်းပဲပေါ့ ကျုပ်ဘဝကတော့ အရက်ဆိုင်ထဲမှာ နစ်မြုပ်နေရဆဲပဲ''

ကျော်စွာက ဦးစံကဲကို လူရှင်းသောတစ်နေရာ



ခေါ်လာပြီး အခြေအနေအားလုံးကို အတိုချုပ်၍ ပြောပြလိုက်သည်။ ဦးစံကဲက အလွန်အံ့ဩသော မျက်နှာဖြင့် ..

''တွေ့စကတည်းက ထင်တော့ထင်မိသား။ မင်းရဲ့ သွက်လက်ဖျက်လတ်ပုံနဲ့ လူရည်လူသွေးဟာ သာမန်လူတစ်ယောက်နဲ့တော့ မတူတာ အမှန်ပဲ၊ ဒါဖြင့် ကျုပ်သင်ပေးလိုက်တဲ့ ဓားပညာတွေဟာ မောင်ရင့်အတွက် ထိုက်တန်သွားပြီပေါ့၊ ကျုပ်ဝမ်းသာပါတယ်၊ မောင်ရင့်အတွက်လည်း ဂုဏ်ယူပါတယ်''

ဦးစံကဲက ကျော်စွာ့ကိုဖက်၍ ရင်းရင်းနှီးနှီး ပြောလိုက်သည်။

''ဦးစံကဲရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ရှိပါတယ်၊ အဆင့်မြင့်ဓားပညာတွေ သင်ပေးတဲ့ကျေးဇူးကို မမေ့ပါဘူး။ ဒါကြောင့်လည်း ကျွန်တော်မဟိန္ဒကို တိုက်နိုင်နိုင်တာပေါ့''

''မဟိန္ဒဆိုတာ ဘယ်သူလဲ၊ ဒီအမည်ကိုကြားဖူးသလဲ''

''ကျော်စွာက ဓားသိုင်းဆရာကြီးမဟိန္ဒအကြောင်းကို သိသမျှပြောပြလိုက်လေသည်။

''အင်း မောင်ရင်ပြောတဲ့မဟိန္ဒ ဆိုတာ ကျုပ်သိတဲ့

www.burmeseclassic.com

www.burmeseclassic.com



မဟိန္ဒဘဲဖြစ်မှာပါ။ ဟိုးတစ်ချိန်တုန်းက သူ့ကို တားပညာသင် ပေးခဲ့ဖူးတယ် ထင်ပါရဲ့၊ ဒါပေမယ့် လူမြင်မှ သိတော့မှာပါ"

"ကျွန်တော်အခု ဒီကိုဝင်လာခဲ့တာ၊ ဆရာကြီးကို ကျေးဇူးဆပ်ချင်လို့ပါ၊ နောက်ပြီးဆရာကြီး ကျွန်တော်ရှိတဲ့ မထီပုတ္တရကို လိုက်ခဲ့စေချင်ပါတယ်၊ ကျွန်တော် ဆရာကြီး ကို သူကောင်းပြုပါရစေ"

ထိုသို့ပြောပြီး ကျော်စွာက မဟိန္ဒဆီမှ ပြန်ယူလာ ခဲ့သော ရွှေဒဂါးအိတ်ကို ပေး၍ကန်တော့လိုက်သည်။ ဦးစံကဲ ၏မျက်လုံးအိမ်တွင် မျက်ရည်ကြည်များ ရစ်ဝဲလျှက်၊ မကြာမီ လိုက်လာခဲ့မည်ဖြစ်ကြောင်း ကတိပေးလိုက်လေသည်။

ကျော်စွာသည်ထိုမှ တဖန်ခရီးဆက်ခဲ့လေရာ မထီ ပုတ္တရသို့ပြန်ရောက်လာသည်။

မင်းသားကြီးစောရန်ပိုင်ကို တွေ့ပြီးသောအခါ အကြောင်းစုံကိုပြောပြလိုက်လေသည်။

ထိုအခါ မင်းသားကြီးက သက်တော်ရှည်အမတ်ကြီး နှင့် မင်းတိုင်ပင်အမတ်ကြီးတို့ထံ ထိုရွှေဒေါင်းစွက်ကို ချက်ခြင်းသွားပို့ရန် စီစဉ်လေလျှင် ကျော်စွာကမိမိချစ်သူထံ အကျိုးအကြောင်းရှင်းပြခွင့်ပြုရန် အရင်သွားပါရစေဟု ခွင့်တောင်းလေသောကြောင့် သဘောပေါက်စွာဖြင့် ခွင့်ပြု



လိုက်လေတော့သည်။

နောက်တစ်နေ့တွင် မင်းသားကြီးစောရန်ပိုင်နှင့် ကျော်စွာတို့သည် မင်းသမီးလေးနန်းကလျာအဆောင်သို့ သွားကြလေသည်။ မင်းသမီးလေးနှင့် တွေ့သောအခါ မင်းသားကြီးစောရန်ပိုင်က စော်ဘွားကတော်နန်းကေခိုင်က မာယာပရိယာယ်ဆင်ပြီးကျော်စွာနှင့် နန်းကလျာတို့ အထင်မြင်လွဲအောင် ကြံဆောင်ပုံများ၊ ကျော်စွာအသက်ကို ပိုင်းသန်းလုပ်ကြံခဲ့ပုံများကို အသေးစိပ်ပြောပြလိုက်လေသည်။

ထို့ပြင် မင်းသမီးလေး၏ အစ်ကိုတော်သူရထွန်းက ကျော်စွာအပေါ် မကောင်းကြံစည်ကာ အကြိမ်ပေါင်းများစွာ လုပ်ကြံခဲ့သော်လည်း ကျော်စွာက နန်းကလျာ၏မျက်နှာကို ထောက်ထား၍ ရန်တုံ့မပြန်ပဲ ခွင့်လွှတ်ခဲ့ပုံများကို ပြောပြလိုက် သောအခါ နန်းကလျာမှာ အထင်အမြင်လွဲခဲ့ပုံများကို စိတ်မကောင်းဖြစ်ရလေတော့သည်။

ထိုအခါ မိမိနှင့် မလှမ်းမကမ်းတွင် ထိုင်နေသော ကျော်စွာရှိရာသို့ ခွင့်လွှတ်သောအကြည့်ဖြင့် တစ်ချက်ဖြင့် လှမ်းကြည့်ကာ ပြုံးပြလိုက်လေသည်။ ချစ်သူနှစ်ဦး၏ ကြားတွင်သံသယများ ကင်းစင်သွားပြီး ဖြစ်သောကြောင့် သာယာကြည်နူးဖွယ် အချိန်များကို အနှောက်အယှက် မပေး

www.burmeseclassic.com

www.burmeseclassic.com



လိုတော့သဖြင့် မင်းသားကြီးစောရန်ပိုင်သည် သဘော ပေါက်စွာ ပြုံးရင်းပြန်လည်ထွက်ခွာသွားလေသည်။ ထိုအခါ ကျော်စွာက နန်းကလျာနှင့် မလှမ်းမကမ်းသို့ တိုင်အောင် တိုးလာလေသည်။

"ကလျာ"

နန်းကလျာက ခေါင်းငုံ့ထားရာမှ တစ်ချက်မော့ ကြည့်သည်။

"ကလျာ ကိုယ့်ပေါ်မှာ အထင်လွဲနေတာတွေ ပြေပျောက်သွားပြီလားဟင်၊ တကယ်တော့ ကိုယ်ဟာကလျာ ရဲ့ ရုပ်ပုံလွှာလေးကို စပြီးတွေ့ကတည်းက စွဲလမ်းခဲ့ရသူပါ။ ကလျာကို မြင်ပြန်တော့လည်း မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့ရတာပါ။ ဒီကနေ့အထိ ကလျာရဲ့အပေါ်မှာ 'လုံးဝသစ္စာမပျက်ခဲ့သေး တာကို သစ္စာပြုဝံ့ပါတယ်"

"ကလျာယုံပါတယ် ကိုကျော်စွာရယ်"

"ဟင် ဒါဖြင့်ကလျာကိုယ့်အပေါ်မှာ ခွင့်လွှတ်နိုင် တယ်ပေါ့၊ ဟုတ်လား ကလျာ၊ ကိုယ်ဝမ်းသာလိုက်တာ ကလျာ"

ကျော်စွာက နန်းကလျာအနီးချော့က်လာပြီး လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။



"ကလျာ ကိုယ့်ရဲ့မေတ္တာကို လက်ခံလိုက်ပြီပေါ့နော်"

"မေးနေဖို့ လိုသေးလို့လား ကိုကျော်စွာရယ်၊ ဒီလောက်ဆိုရင် မိန်းမသားတစ်ယောက်ရဲ့ မေတ္တာကို နားလည်သင့်ပြီပေါ့ရှင်"

"ဟင်အင်း ကိုယ်ကကလျာနှုတ်များက ဖွင့်ပြောတာ ကို ကြားချင်သေးတာဗျ"

"အို ကိုကျော်စွာရယ်၊ ကလျာဟာ ကိုကျော်စွာကို စတွေ့တုန်းကသာမာန်စစ်သည်တစ်ဦးဘဝနဲ့ပါ၊ အခုလို မြင့်မြတ်တဲ့ နယ်စားကြီးတစ်ဦးရဲ့ သားတော်လေးတစ်ပါးနဲ့ ဘဝနဲ့ မဟုတ်ဘူး။ ကလျာရဲ့ မေတ္တာဟာ အဆင့်အတန်း အခွဲခြားပါဘူး။ ကိုကျော်စွာရဲ့ သဘောထားကြီးပြီး မြင့်မြတ် တဲ့ စိတ်ထားတွေကြောင့် ကိုကျော်စွာဘယ်ဘဝကို ရောက်ရောက် ကလျာခွင့်လွှတ်နိုင်ပါတယ်၊ နားလည်နိုင်ပါ တယ်ရှင်"

" အို ကိုယ်ဝမ်းသာလိုက်တာ ကလျာရယ်"

ကျော်စွာက နန်းကလျာ၏နူးညံ့သော လက်ကလေး တစ်ဖက်ကို မြတ်နိုးစွာ နမ်းလိုက်လေသည်။

"ကလျာ ကိုယ့်ကိုခွင့်လွှတ်တယ်ဆိုရင် ပုဝါလေး လက်ဆောင်ပြန်မပေးတော့ဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါနန်းကလျာက ကိုယ်ပေါ်မှာလွှမ်းခြုံထားသည့် နံ့သာနံ့သင်းနေသော နံ့သာရောင်ပုဝါလေးကို ကျော်စွာပုခုံ ပေါ် တင်ပေးလိုက်သည်။

"ကျေးဇူးပါကလျာရယ်၊ဒီပုဝါလေးဟာ ကလျာ့ရဲ့ ကိုယ်စား မောင့်အတွက်အလွမ်းပြေပေါ့နော်"

ချစ်သူနှစ်ဦးထိုသို့ ကြည်ကြည်နူးနူးရှိနေခိုက် အခန်း ထဲသို့ လူတစ်ယောက်ဝင်လာနေလေတော့သည်။

နန်းကလျာ၏ အစ်ကို သူရထွန်းပင်ဖြစ်တော့သည်။

သူရထွန်းကိုမြင်သော ကျော်စွာက သတိကြီးစွာ ထား၍ နန်းကလျာနှင့် လူချင်းခွာလိုက်လေသည်။

သူရထွန်း မယုံကြည်နိုင်လောက်အောင် ပြုံးချိုသော မျက်နှာဖြင့် နှုတ်ဆက်စကားဆိုလေသည်။

"ခင်ဗျားအတွက် သာယာသွယ်ကောင်းတဲ့အချိန်မှာ ဝင်လာရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါကျော်စွာ၊ အ ခုလာခဲ့တာ ကျွန်တော်ခင်ဗျားကို တောင်းပန်ရအောင် လာခဲ့ တာပါ၊ကျွန်တော်ဟာ ခင်ဗျားရဲ့အသက်ကို အကြိမ်ကြိမ်ရန် ရှာမိခဲ့တဲ့အတွက်၊ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ဒီကိစ္စတွေ ဟာလည်း၊ ကျွန်တော့်အနေနဲ့ လုပ်ချင်လို့ လုပ်ခဲ့ရတာမ ဟုတ်ပါဘူး၊ နန်းကေခိုင်ရဲ့ အစီအမံတွေအတိုင်း လိုက်လုပ်



နေခဲ့ရတာပါ၊ အခုတော့ ကျွန်တော်ဟာ ခင်ဗျားရဲ့ ဘဝမှန် ကို သိရတာကတစ်ကြောင်း၊ နောက်၊ ကျွန်တော့်ရဲ့ ညီမလေး ရဲ့ ချစ်သူဖြစ်နေတာကတစ်ကြောင်း ဒါတွေအားလုံးကို သ ဘောပေါက်ပြီး၊ စွန့်လွှတ်လိုက်ပါပြီ၊ ကျွန်တော့်ကို ခွင့်လွှတ် ပါ ကိုကျော်စွာ... "

"ကျွန်တော့်... ခင်ဗျားအပေါ်မှာ အစကတည်းက အပြစ်မယူခဲ့ပါဘူး၊ အာဃာတမထားခဲ့ပါဘူး ကိုသူရထွန်း"

"ဝမ်းသာပါတယ် ကိုကျော်စွာ... ခင်ဗျားဘက်က အခုလို သဘောထားကြီးလေ၊ ကျွန်တော့်ရဲ့ မိုက်ပြစ်တွေအတွက် နောင်တရမိလေပါဘဲ၊ ခင်ဗျားရဲ့ ဘဝမှန်ကို ပြန်ရောက်သွားခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ် ကိုကျော်စွာ...၊ ကျွန်တော့်ညီမနဲ့ ရည်ငံနေကြတဲ့ကိစ္စမှာလည်း၊ ကျွန်တော့် အနေနဲ့ ကန့်ကွက်စရာမရှိပါဘူး၊ ကျွန်တော်ကိုယ်တိုင် ဦး ကြီးတော်ကိုလျှောက်ထားပြီး ခင်ဗျားတို့ မင်္ဂလာပွဲ ကျင်းပ နိုင်အောင် စီစဉ်ပေးပါမယ်... "

"ဒီစကားကြားရတာ ဝမ်းသာပါတယ် ကိုသူရထွန်း"

တစ်ယောက်နှင့်တစ်ယောက် လက်ချင်းဆုပ်ကိုင်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးတွင် ရပ်ကြည့်နေသော နန်းကလျာက မူ အမူအယာအပြောင်းလဲကြီးပြောင်းလဲသွားသော အစ်ကိုဖြစ်သူ သူရထွန်း၏ အခြေအနေကို မယုံကြည်နိုင်လောက်အောင် ဖြစ်နေတော့သည်။

သို့စေကာမူ သူရထွန်း၏ အမူအယာမှာထကာယ်ကို နောင်တရနေပြီး လှိုက်လှိုက်လှဲလှဲဖြစ်နေသောကြောင့် မယုံရခက် ယုံရခက်ဖြစ်နေတော့သည်။

ခဏအကြာတွင် သူရထွန်းက အပြင်သို့ထွက်သွားသောအခါ နန်းကလျာက စိုးရိမ်ပူပန်သောမျက်နှာလေးဖြင့် သတိပေးလေ၏။

''မောင် သူတို့ကို သိပ်ပြီး စိတ်ချမထားနဲ့နော် သူ့အကြောင်းကို ကလျာကောင်းကောင်းသိတယ်၊ သူဟာ လူတစ်ဖက်သားအပေါ်မှာ အကောက်ကြံပြီး အငြိုးအတေး သိပ်ထားတတ်တာ၊ ဒီကိစ္စမှာသူဟာမောင့်အပေါ်မှာ လွယ်လွယ်နဲ့ ခွင့်လွှတ်လိမ့်မယ်လို့ ကလျာမထင်ဘူး အစစ အရာရာ သတိရှိပါစေနော်''

''ဪစိတ်ပူတတ်ရန်ကော ကလျာလေးရယ်၊ ဒီလောက်လည်း စိတ်မပူပါနဲ့ကွယ်၊ မောင်ဟာ ကလျာနဲ့ လက်ထပ်မပြီးမချင်း ဘာမှမဖြစ်စေရဘူး စိတ်ချပါကွယ်''



ကျော်စွာသည် မိမိအတွက်စိတ်ပူနေသော ချစ်သူ၏ နဖူးပြင်လေးကို ငုံ့နမ်းပြီး နှုတ်ဆက်ကာ အပြင်သို့ထွက်လာခဲ့လေသည်။

ထို့နောက်မိမိအတွက် အလွန်အရေးပါသော နန်းစဉ်သုံးရွှေဒေါင်းခွက်ကို ယူဆောင်ကာ မင်းသားကြီး စောရန်နိုင်နှင့်အတူ သက်တော်ရှည်အမတ်ကြီးနှင့် အတိုင်ပင်ခံ အမတ်ကြီးတို့ထံ သွားရောက်ပြသလေသည်။

အမတ်ကြီးနှစ်ပါးတို့ကလည်း နန်းစဉ်သုံး ရွှေဒေါင်းခွက်ကို အသေအချာစစ်ဆေးပြီး မင်းသားလေး သူရဇ္ဇနှင့်အတူ ပျောက်ဆုံးသွားခဲ့သော ရွှေဒေါင်းခွက်ဖြစ်ကြောင်းနှင့် ကျော်စွာကိုလည်း၊ ပျောက်ဆုံးနေခဲ့သော မင်းသားလေးသူရဇ္ဇ ဖြစ်ကြောင်းတစ်ညီတစ်ညွတ်တည်း ထောက်ခံပြောဆို ကြလေသည်။

အမတ်ကြီးနှစ်ပါးမှတဆင့် နယ်စားကြီးနေမိန္ဒထံသို့ သတင်းနှင့်တကွ နန်းစဉ်သုံးရွှေဒေါင်းခွက်ကို တင်ပြလျှောက်ထားကြသောအခါ မ[illegible]တစ်နယ်လုံးပျောက်ဆုံးလျက်ရှိသော မင်းသားလေးသူရဇ္ဇကို ပြန်တွေ့ရပြီဖြစ်ကြောင်းနှင့် ထိုမင်းသားလေးမှာ အခြားမဟုတ် အလွန်နာမည်ကြီးသော စန္ဒကူပါလ သံဒေသအားပိုင်ရှင် နယ်ချဲ့တော်လှန်ရေးစစ်ပွဲများ

www.burmeseclassic.com



တွင် တပ်မှူးနေသူရိန်နှင့် လက်တွဲကာ ရှုပ်ရှုပ်ချုံချုံတိုက်ခဲ့သော သူရဲကောင်း ကျော်စွာဖြစ်ကြောင်း အုတ်အုတ်ကျက်ကျက် ဖြစ်ကြလေတော့သည်။

ထိုသတင်းကိုကြားလေလျှင် အခြားနယ်စား၊ မြို့စားများထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပို့ကြလေသည်။ အခြားလက်ဆောင်ပစ္စည်းများကိုလည်း ပို့ပေးကြသည်။

တစ်နေ့သောအခါ နယ်စားကြီးနေမိန္ဒ၏ ခွင့်ပြုချက်ရသည်နှင့် အတိုင်ပင်ခံအမတ်ကြီး၊ သက်တော်ရှည်အမတ်ကြီး မင်းသားကြီးစောရန်ပိုင်တို့နှင့် အတူ ကျော်စွာသည် နယ်စားကြီးရှေ့မှောက်သို့ ဝင်ရောက်တွေ့ဆုံရလေသည်။

နယ်စားကြီးနေမိန္ဒမှာ ...၊

မိမိပျောက်ဆုံးလျက်ရှိသော သားတော်လေးသူရဇ္ဇမှာ ထူးခြားသော စက္ကောပါလသံသေဓားကို ပိုင်ဆိုင်ထားရုံမက နယ်ချဲ့တော်လှန်ရေး စစ်ပွဲများ၌ ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သောသူရဲကောင်းတစ်ဦး[illegible]သိရလေလျှင် ဂုဏ်ယူဝမ်းမြောက်ခြင်းများ ဖြစ်နေတော့သည်။

မိမိ၏ရင်သွေးသားတော်လေးကို နှစ်ရှည်လများခွဲခွာသွားရပြီးမှ ယခုကဲ့သို့ရုတ်တရက် ပြန်လည်ဆုံတွေ့လိုက်ရ



သောအခါ ဝိတာဟူသောချစ်ခြင်းဖြင့် ရာဇအိမ်မြေကိုပင် မသေယ်နိုင်အောင် လှုပ်လှုပ်ရှားရှား ဖြစ်နေမိသည်။

အတိုင်ပင်ခံအမတ်ကြီးနှင့် သက်တော်ရှည်အမတ်ကြီးတို့က၊ ကျော်စွာမှာ ပျောက်ဆုံးသောမင်းသားလေးသူရဇ္ဇဖြစ်ကြောင်း။ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် သိရှိရသောကြောင့်နယ်စားကြီးနေမိန္ဒ၏ သွေးစဉ်မျိုးဆက်စာရင်းတွင် ဖြည့်သွင်း၍ သားတော်တစ်ပါး၏ ပိုင်ဆိုင်ခွင့်နှင့် အဆောင်အယောင်များကို လွှဲပြောင်းအပ်နှင်းရန် စီစဉ်မည်ဖြစ်ကြောင်း အသိပေးကြငြာကြလေ၏။

ထို့နောက် သားတော်လေးကို ပြန်လည်တွေ့သဖြင့် မင်္ဂလာရှိသော အထိမ်းအမှတ်အဖြစ် မဏိပုတ္တရတစ်နယ်လုံး ပျော်ပွဲရွှင်ပွဲများ ဖြိုးဖြိုးဖြက်ဖြက်ကျင်းပစေသည်။နယ်စားကြီး နေမိန္ဒနန်းစိုက်သော သူရိယမြို့၌လည်း ကြီးစွာသော ပွဲလမ်းသဘင်များဆင်ယင်ကျင်းပကြလေသည်။ထိုပွဲသည် ကျော်စွာဘဝတွင် အပျော်ရွှင်ဆုံး၊အကြီးကျယ်ဆုံးသောပွဲပင်ဖြစ်လေ၏။

ထိုအချိန်တွင် ညည့်ခံဆောင်တွင်း၌ရှိနေသော ကျော်စွာသည် သူ၏ချစ်သူ နန်းကလျာကို တွေ့နိုင်ဖို့ရန် မလွယ်ကူပေ ... ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရှိနေစဉ် အဆောင်တစ်ခုထဲ ရောက်သွားသော အခါ အပျိုတော်မိန်းမပျိုတစ်ဦးကို တွေ့ရလေသည်။ နန်းကလျာအကြောင်း စုံစမ်းမေးမြန်းသောအခါ. . ।

"အစ်မတော်က၊ အရှင့်သားရောက်လာရင် ဒီနေရာက ခေတ္တစောင့်ဆိုင်းနေဖို့ မှာကြားသွားခဲ့ပါတယ်ရှင့်. . "

"ကောင်းပြီ၊ ကျုပ်အတွက် စားသောက်စရာ တစ်ခုခု စီစဉ်ပေးပါ မိန်းကလေး"

ထိုမိန်းကလေးက အလွန်ရိုကျိုးသော အမူအယာဖြင့် နောက်ဘက်သို့ ဝင်ရောက်သွားပြီး ထွက်လာသောအခါ လင်ဗန်းထဲ၌ ဖန်ခွက်တစ်လုံးပါလာသည်။

"သစ်သီးစုံ ဖျော်ရည်အေးကို အမောပြေ သုံးဆောင်လိုက်ပါဦးအရှင်"

ကျော်စွာက မိန်းမပျိုလှမ်းပေးသော သစ်သီးရည်ခွက်ကို လှမ်းယူလိုက်သည်။

"ဒီသစ်သီးရည်ကို အရှင့်သားအတွက်၊ အစ်မတော်လေးကိုယ်တိုင် စီစဉ်ထားခဲ့တာပါရှင်"

"ကျေးဇူးပါပဲကွယ်"

ကျော်စွာသည် ရနံ့သင်းလှသော သစ်သီးဖျော်ရည်ကို မော့သောက်လိုက်လေသည်။ ထိုသို့



အမှတ်တမဲ့သောက်လိုက် ပြီးမှ တစုံတခုကို အမှတ်ရပြီး [illegible]သော မိန်းမပျိုကို လှမ်းကြည့်လိုက်တော့ အနီးတွင် [illegible]ပေ။ သူသည် ရင်တွင်း၌ တစ်စုံတရာကို စိုးရိမ်စိတ်ဝင်လာမိသည်။ ထင်သည့်အတိုင်းပင် မကြာခင် ခေါင်းထဲ၌ တရိပ်ရိပ် ရီဝေတက်လာပြီး မထိန်းနိုင်တော့ဘဲ နေရာမှ လဲကျသွားလေတော့သည်။ အတန်ကြာလျှင် နောက်ဖက်ခန်းတွင်းမှ လူထွားကြီး အချို့ထွက်လာပြီး ကျော်စွာအား တစ်နေရာသို့ ခေါ်ဆောင်သွား လေတော့သည်။

ထိုအခြင်းအရာ အားလုံးကို အမှောင်ရိပ်မှ စောင့်ကြည့်နေသူ တစ်ဦးရှိနေခြင်းကို မည်သူမျှ မသိလိုက်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



## အာဃာတ၏ နောက်ဆုံးတိုက်ပွဲ

အချိန်မည်မျှကြာအောင် သတိလစ်သွားမှန်း မသိသော ကျော်စွာသည် မျက်နှာပေါ်သို့ ရေးအေးဖြင့် ပတ်ဖျန်းခြင်းခံလိုက်ရမှ ရုတ်တရက် သတိပြန်ရလာတော့သည်။ သူသည် ခေါင်းတစ်ခုလုံး မဟန်နိုင်အောင် မူးဝေနေသည့်ကြားမှ အားယူ၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အလွန်တိတ်ဆိတ်ပြီး အလင်းရောင်အားနည်းသော အခန်းတစ်ခုအတွင်းသို့ ရောက်နေသည်ကို သတိပြုမိသည်။

သူသည် ဖျော့ရည်တစ်ခွက်ကို နောက်ဆုံးသောက်လိုက်ပြီး၊ မိမိထောင်ချောက်တစ်ခုမိသွားကြောင်း ရိပ်မိ



သောအခါ သတိဖြင့်နေရာမှ ထလိုက်သည်။ အခန်းထဲ မှောင်နေသော်လည်း မလှမ်းမကမ်းတွင် ရပ်နေသူနှစ်ဦးကို ယသဲမကွဲ လှမ်းမြင်ရသည်။ အသေအချာ ကြည့်လိုက်သောအခါမှ သူရထွန်းနှင့် နန်းကေခိုင် တို့ဖြစ်ကြောင်းသိရလေ၏။

" သတိရလာပြီလားဟေ့ " သူရထွန်းက အောင်မြင်သောအသံဖြင့် လှမ်းမေးလိုက်သည်။

" ခင်ဗျားတို့ ကျုပ်ကို ဘာကြောင့် ဒီကိုခေါ်လာရတာလဲ "

" မင်းနဲ့ စာရင်းရှင်းစရာရှိလို့ပေါ့ကွာ . . . မင်းနဲ့ ငါတို့နဲ့က စာရင်းရှင်းစရာတွေ အများကြီးရှိနေတယ်၊ တို့ဘင်မကာဘူး ၊ဘို့ထက်ပိုပြီး အရေးကြီးနေတဲ့ လူတစ်ယောက်ကလည်းရှိနေသေးသဗျ။

နောက်တော့ တွေ့ရပါလိမ့်မယ် "

" ခင်ဗျားနဲ့ ကျုပ်နဲ့ ဘာများစာရင်းရှင်းစရာ ရှိလို့လဲဗျ "

" ရှိပြီကောကွာ ရှိသမှ အများကြီး ရှိနေတယ်၊ မင်းဟာ ငါတို့ရဲ့ အစီအစဉ်တွေ အားလုံးကို ပျက်စီးအောင် ဖျက်ဆီးခဲ့သူဘဲ၊ မင်းကို ဆရာကြီးမဟိန္ဒ လက်ကမ်းခဲ့က

www.burmeseclassic.com

www.burmeseclassic.com



တည်းက တို့စမှားတာဘဲ၊ မင်းရောက်လာပြီးတဲ့နောက်မှာ နေသူရိန်တပ်မှာတို့ခင်ပြီး လှို့ဝှက်လှုပ်ရှား နေခဲ့တာတွေကို အဟန့်အတားဖြစ်ခဲ့တယ်၊ နောက်ပြီး မင်းဟာ ငါတို့အရှက် ရအောင် အမျိုးမျိုးလုပ်ခဲ့တယ်၊ အဓိကကတော့ မင်းဟာ နေမိန္ဒရဲ့ သားအစစ်ဖြစ်နေတာကြောင့်ပဲ သိရဲ့လား မင်းမရှိရင် နေမိန္ဒရဲ့ အရိုက်အရာကို ဆက်ခံမယ့် အနီးဆုံး မျိုးဆက်ဟာ ငါဘဲကွ၊ ဒါကြောင့် ငါမင်းကို နည်းအမျိုးမျိုးနဲ့ အပြတ်ရှင်းဘို့ ကြိုးစားခဲ့တာပေါ့၊

ဒါပေမယ့် မင်းကသိပ်တော်လေတော့ တို့ရဲ့ အကြံအစည်တွေဟာ မအောင်မြင်ဘဲ၊ တဖြည်းဖြည်းနဲ့ မင်းက အထွဋ်အထိပ်ကို ရောက်သွားခဲ့တယ်၊

ငါသာ နေမိန္ဒ အရိုက်အရာကို ဆက်ခံရရင်၊ နန်းကောနိုင်ဟာလည်း နယ်စားကတော်တစ်ဦး ဖြစ်လာမှာပေါ့ကွာ.. ခုတော့ တို့အကြံအစည်တွေအားလုံး ပျက်ရတော့မယ်လေ ဒါကြောင့် မင်းကို အပြတ်ရှင်းဖို့ မင်းရဲ့ ဓိတ်ဆွေဟောင်းကြီးနဲ့ ပြန်တွေ့ပေးဖို့ အခုလို စီစဉ်ပေးရတာပါ "

သူရထွန်း စကားဆုံးသည်နှင့် နောက်ဖက်ခန်းတွင်မှ လူတစ်ယောက် ထွက်လာလေသည်။ ဓါးသိုင်းဆရာကြီး မဟိန္ဒပင်ဖြစ်တော့သည်။



" ဘယ်လိုလဲဟေ့- မင်းနဲ့ငါနဲ့ကလည်း ဒီဘဝမှာ ရေစက်မကုန်သေးတော့ ပြန်ဆုံကြရပြန်ဘီ၊ ဒီတစ်ခါတော့ နောက်ဆုံးတွေ့ခြင်းဘဲ ဖြစ်ကြမှာပါ၊

ဘာဖြစ်လို့လဲဆိုတော့ ဒီလောကမှာ မင်းနဲ့ငါ တစ်ယောက်ယောက် မရှိတော့မှ အေးမှာကွ၊ သိရဲ့လား"

"ခင်ဗျားနဲ့ ကျုပ်နဲ့ဘယ်လိုရန်စတွေ ရှိနေလို့ ခင်ဗျားက ဒီလောက်ရန်ငြိုးတွေ ထားနေရတာလဲ"

"ရှိပါသော်ကောကွ၊ ရှိသမှ အများကြီး ရှိတယ်၊ ဒီမှာ မင်းအသက် မထွက်ခင် နားရှင်းအောင် မှတ်သွားပေရော့၊ ဟိုးတစ်ချိန်တုန်းက ဒီမဏိပုတ္တရ နယ်ထဲမှာရှိတဲ့ မြို့လေး တစ်မြို့ဟာ မဏိပုတ္တရထဲမှာမပါဘူးကိုယ့်ထီးကိုယ့်နန်းနဲ့ သီးခြားရှိနေခဲ့တာကွ၊ အဲဒါကို မင်းရဲ့ဖခင် နယ်စားကြီးက စစ်သည်အင်အား လက်နက်အင်အားနဲ့ မတရားတိုက်ခိုက် သိမ်းပိုက်ပြီး မဏိပုတ္တရထဲ ဆွဲသွင်းထားခဲ့တာဘဲ၊ အဲ့မြို့ရဲ့ အဖိုးတန်ရတနာတွေကိုလည်း သိမ်းတယ်၊ လယ်တွေကိုလည်း သိမ်းတယ်၊ ဒို့မျိုးဆက်တွေ အားလုံးကိုလည်း ကျွန်အဖြစ် သိမ်းပိုက်ထားခဲ့တယ်၊ ဒို့ဟာ ကိုယ့်ထီးကိုယ့်နန်းနဲ့ လွတ်လွတ်လပ်လပ် နေခဲ့ရတာက သူတပါးလက်အောက်မှာ ကျွန်အဖြစ်မှ နေရတော့ ဘယ်လိုခံစားရမလဲ၊ စဉ်းစားကြည့်စမ်း

www.burmeseclassic.com

www.burmeseclassic.com



ဟော့၊ နောက်ပြီး ငါတို့ရဲ့ မျိုးဆက်အမျိုးတော်တွေအားလုံးကို ခြေတော်တင်ခဲ့တယ်လေ၊ ဒါကြောင့် ငါဟာ ကိုယ်ရောင်ဖျောက်ပြီး ဓါးသိုင်းပညာကို လျှို့ဝှက်သင်ယူခဲ့တယ်၊ တတ်ကျွမ်းလာတဲ့အခါ နယ်စားကြီးဆီမှာ လူယုံတော်တစ်ဦးဖြစ်လာအောင် ကြိုးစားပြီး၊ နယ်စားကြီးပိုင်တဲ့ မဏိပုတ္တရတစ်နယ်လုံး တိုင်းရေးပြည်ရေး ရှုပ်ထွေးနေချိန်မှာ ငါဟာနယ်စားကြီးရဲ့ မိဖုရားကြီးနဲ့ အထိန်းတော်ကြီးကိုသတ်ပြီး၊ လသားအရွယ်ရှိတဲ့ မင်းကိုခိုးယူခဲ့တာပဲ၊ ဒို့လူမျိုးတွေ ကျွန်အဖြစ်နေရတာကို ကလဲ့စားပြန်ချေတဲ့အနေနဲ့ ငါမင်းကို ကျွန်အဖြစ်ထားခဲ့တာဘဲ ၊ဒါပေမယ့် မင်းကသိပ်ကံကောင်းတော့ ငါ့ဆီကလွတ်သွားပြီး ဘဝမှန်ကို ပြန်ရောက်သွားတယ်''

''ခင်ဗျားကြီးသိပ်ယုတ်မာ ရက်စက်တဲ့သူကြီးပဲ၊ ကျုပ်အမေကိုသတ်ပြီး ကျုပ်ဘဝကို ပျက်ဆီးအောင်လုပ်ခဲ့တဲ့ ခင်ဗျားကို ကျုပ်လက်နဲ့သတ်မယ်''

ကျော်စွာက ဒေါသဖြင့် နေရာမှ ထရပ်လိုက်သောအခါ ခေါင်းထဲမှာ အမူးရှိန်မပြေသေးသောကြောင့် ယိုင်သွားလေသည်။

''သိပ်လည်း တွေးပူမနေပါနဲ့ကွာ၊ မင်းနဲ့ငါနဲ့က ဒီကနေ့စာရင်းအပြတ်ရှင်းမှ ဖြစ်မှာပါ၊ ကဲမင်းရဲ့ လက်သုံးတော်



စက္ကောပါလ သံသေခားကို ထုတ်ပေတော့ဟော့''

ကျော်စွာ ဓားကို ဆွဲထုတ်လိုက်သည်။

သို့စေကာမူ မူးနေသောအရှိန်ကြောင့် လူမှာ ဒယိမ်းဒယိုင်ဖြစ်နေပြီး ဟန်ချက်ပျက်နေတော့သည်။

ဘေးနားက ပွဲကြည့်ပရိသတ်သဖွယ် ရပ်နေကြသော နန်းကောင်နှင့် သူရဿန်းတို့မှာ ကျော်စွာ၏အခြေအနေကို ကြည့်ကာ သဘောကျနေလေ၏။

ဓားပွဲစသည်နှင့် မဟိန္ဒက အဆင့်မြင့်ဓားကွက်များကို အသုံးပြုကာ တရကြမ်းဝင်ရောက်တိုက်ခိုက်လေရာ ကျော်စွာ သတိကြီးစွာဖြင့် ရှောင်တိမ်းနေရလေ၏။

ကျော်စွာ၏ ဟန်ချက်ပျက်နေသော အခြေအနေကို ကြည့်ပြီး မဟိန္ဒကတိုက်စစ်ဆင်ဖိတိုက်လေရာ ကျော်စွာအဖို့ ချောင်ပိတ်မမိစေရန် သတိထားနေရသည်။

''ဘယ်လိုလဲကွ နေမိန္ဒရဲ့သားတော်၊ စက္ကောပါလ သံသေခားပိုင်ရှင် အကောင်းဆုံးဓားသမားဘွဲ့ကို ယူထားတဲ့ မင်းရဲ့လက်ရည်တွေက ထင်သလောက်မဟုတ်ပါလား၊ မင်းကငါပေးလိုက်တဲ့ပညာနဲ့ ငါ့ကိုပြန်ပြီး အနိုင်ယူချင်လို့ ရပါ့မလား။ မင်းကိုပညာပေးလိုက်ကတည်းက ငါ့အတွက် ဆရာစားတစ်ကွက်တော့ ချန်ထားရတာပေါ့၊ ဒါမှ မင်းလို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အနုတုချင်တဲ့ တပည့်မိုက်တွေကို ကောင်းကောင်းကြီးဆုံးမလို့ရမှာပေါ့။ မင်းကိုပညာသင်ပေးလိုက်တုန်းက 'မင်းဟာ အတော်ဆုံးဓားသမား'တစ်ယောက် ဖြစ်လာနိုင်ပေမယ့် လောကမှာ မင်းထက်တော်တဲ့ဓားသမားတစ်ယောက် ကျန်သေးတယ် ဆိုတာလေ သတိရပြီလား။

အဲဒီဓားသမားဟာ တစ်ခြားသူ မဟုတ်ပါဘူးလား။ ငါပဲပေါ့ကွာ ဟား... ဟား... ဟား... "

မဟိန္ဒကာ ပါးစပ်မှလည်းပြော လျှို့ဝှက် ဓားကွက်များကိုသုံး၍ တရကြမ်းဖိတိုက်လာရာ ကျော်စွာအဖို့ ကြိုးစားခုခံနေရသည့်ကြားမှ ခန္ဓာကိုယ်နေရာအနှံ့ ဒဏ်ရာများရကာ သွေးများဖြာကျနေတော့သည်။

တစ်ကြိမ်တွင် ကျော်စွာသည် ခေါင်းထဲက ရိုက်ခနဲဖြစ်သွားပြီး အခန်းဝတွင် လဲကျသွားရာ မဟိန္ဒကပွဲသိမ်းရန် ဓားကိုမြှောက်ပြီးပြေးဝင်လာစဉ် အပေါက်ဝမှ 'ဝှီး'ကနဲဝင်လာသော တုတ်တစ်ချောင်းက မဟိန္ဒလက်မှ ဓားကိုလွတ်ကျသွားစေသည်။

ထိုအခါ အခန်းထဲသို့လူတစ်ယောက်ဝင်လာသည်။

ဓားဆိုမှူး ဦးစံကဲ... ၊

ကျော်စွာအား အဆင့်မြင့်ဓားကွက်များကို သင်ကြား



ပေးခဲ့သော အရက်သမားကြီးဦးစံကဲဖြစ်သည်။

ဒီလို အခြေအနေမဟန်တဲ့ သူတစ်ယောက်ကို အနိုင်ယူဖို့ကြိုးစားတာ မရှက်ဘူးလား မဟိန္ဒ"

"ခင်ဗျား ဘယ်သူလဲ"

"ငါဘယ်သူလဲဆိုတာ မင်းမမှတ်မိဘူးလား။ တစ်ချိန်က မင်းကို ဓားပညာသင်ပေးခဲ့တဲ့ မင်းဆရာဦးစံကဲဆိုရင်တော့ မင်းကောင်းကောင်းမှတ်မိမှာပါ"

"ဟင်"

မဟိန္ဒအလွန်အံ့ဩသွားသည်။

သို့သော် ခင်ဗျားကျုပ်တို့ကိစ္စမှာ ဝင်မရှုပ်ပါနဲ့၊ အေးအေးနေပါ"

"အေးပါ ငါဝင်မရှုပ်ပါဘူး။ ဒါပေမယ့် ငါ့သူကို ကောင်းသွားအောင်တော့ ပြုစုပေးရလိမ့်မယ်၊ ဒါမှပွဲက ကြည့်လို့ကောင်းမှာကွ"

ဦးစံကဲက လဲကျနေသော ကျော်စွာကိုပွေ့ယူကာ အသင့်ယူဆောင်လာသော ဆေးအချို့ကို တိုက်ပေးလိုက်ရာ အတန်ကြာလျှင် ကျော်စွာသည် အမူးပြေသွားပြီး သတိပြန်ရလာတော့သည်။

သူသည်ဦးစံကဲကို မြင်လိုက်သည်တွင်လွန်စွာ အံ့အား

www.burmeseclassic.com



သင့်သွားမိလေသည်။

"ဟင် ဆရာကြီး လိုက်လာတယ် ဟုတ်လား"

"အေး ဟုတ်တယ်၊ ငါမင်းကို စိတ်မချလို့ နောက်က လိုက်ကြည့်နေတာ၊ ဒါကြောင့်အချိန်မီကယ်နိုင်တာပေါ့၊ ကဲ ကဲ မင်းရဲ့မိတ်ဆွေဟောင်းကြီးတို့ ဟိုမှာသွေးကြွေးဆပ်ဖို့ကို စောင့်နေလေရဲ့၊ မင်းလည်း အခြေအနေကောင်းသွားပြီ ဆိုတော့ ကောင်းကောင်းယှဉ်လို့ရပါပြီ၊ သတိတော့ထားပေ့ ဒီလူယုတ်မာက ကောက်ကျစ်ယုတ်မာတဲ့ စိတ်သိပ်များတယ်"

"ကျေးဇူးပါပဲ ဆရာကြီး"

ကျော်စွာသည် ဦးစံကဲတိုက်လိုက်သောဆေးကြောင့် စောစောကလို လေးလံထိုင်းမှိုင်းမနေတော့ဘဲ ပကတိဖျတ်လတ်သွက်လက်စွာပြန်ထလာပြီး စက္ကာပါလသံသေခါးဖြင့် ဦးစံကဲထံမှ သင်ယူရရှိလာသော အဆင့်မြင့်ဓါးကွက်များကို အသုံးပြု၍ ဝင်ရောက်တိုက်ခိုက်ရာ မဟိန္ဒမှာ အလန့်တကြားဖြင့် နောက်သို့ပြန်ဆုတ်ပေးရလေတော့သည်။

ကျော်စွာ၏ ဓားချက်များမှာ မြန်ဆန်လွန်းသောကြောင့် ဓားဦး၊ ဓားဖျားခွဲမရအောင်ဖြစ်နေရာ မဟိန္ဒမှာ ကြိုးစား၍ရှောင်တိမ်းနေရလေ၏။

စောစောကလို တဖက်သက်မကျတော့ပဲ လက်ရည်ညီညီ လျင်မြန်သွက်လက်ပြီး ကြည့်၍ကောင်းလှ သော်လည်း အချိန်ကြာလာသောအခါ အသက်အရွယ်က စကားပြောလာသဖြင့် မဟိန္ဒမှာ ခြေကုန်လက်ပန်း ကျလာပြီး ဓားကွက်များပျက်လာတော့သည်။



တစ်ကြိမ်တွင်ပတ်၍ဝင်လာသော မဟိန္ဒ၏ ဓားချက်ကို စက္ကာပါလ သံသေဓားဖြင့် တန်ပြန်ခတ်ထုတ်လိုက်ရာ သံသံချင်းပြင်းထန်စွာထိသံပေါ်လာပြီး မဟိန္ဒ၏ဓား ထက်ဝက်ပိုင်း ပျက်ကျသွားလေတော့သည်။ ထိုအခွင့်အရေးကိုယူကာ ကျော်စွာက ရှေ့သို့ခုန်တက်သွားပြီး ဓားတစ်ချက်ကို လျှပ်တစ်ပြက်ပတ်သွင်းလိုက်ရာ မဟိန္ဒ၏ လည်ပင်း၌ အနီစင်းကြီးပေါ်သွားကာ 'အား' ကနဲ ကျယ်လောင်စွာအော်၍ လဲကျသွားလေသည်။

ထိုအခါ ကျော်စွာက ...

"ဒါကတော့ ကျုပ်အမေအတွက် လက်စားချေတဲ့ ဓားချက်ဘဲဗျို့"

ဟုပြောကာ မဟိန္ဒ၏ရင်ဝသို့ ဓားဦးဖြင့်ထိုးသွင်းလိုက်ရာ ကြွမ်းသို့တိုင် စိုက်ဝင်သွားလေတော့သည်။

မဟိန္ဒသည် တစ်ချက်မှသာအော်နိုင်ပြီး အသက်ပျောက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကိုကြည့်နေသော သူရဇ္ဇနီမှာ အခြေအနေမကောင်းတော့သဖြင့် အပေါက်ဝသို့ပြေးသွားလေရာ ဦးစံကဲက ကျိုးကျနေသော ဓားကိုခြေဦးဖြင့် ကောက်ယူ၍

"လူ့ပြည်မှာ ဆက်နေရင် ဆန်ကုန်ပြီးမြေလေးပါတယ်ကွာ" ဟုပြောကာ နောက်မှပစ်ပေါက်လိုက်ရာ ကျောပြင်သို့ စိုက်ဝင်သွားပြီး ရှေ့သို့လဲကျသွားလေတော့သည်။

ထိုအချိန်တွင် အပြင်ဘက်မှ ဆူဆူညံညံအသံများကြားရပြီးနောက် အခန်းထဲသို့မင်းသားကြီးစောရန်ပိုင်နှင့် တပ်မှူးနေသူရိန်တို့ ဝင်လာကြလေသည်။ နောက်တွင် စစ်သည်ရဲမက်များ ပါလာလေသည်။

ရဲမက်များကြားတွင် ကျော်စွာအား သစ်သီးရည် တိုက်ခဲ့သော မိန်းကလေးကို ငိုယိုလျက်တွေ့ရသည်။ စစ်သည်တော်များက အခန်းထောင့်တွင် တုန်လှုပ်စွာရပ်နေသော နန်းကေခိုင်ကို ဖမ်းဆီးခေါ်ဆောင်သွားကြလေသည်။ အချို့ကလဲကျနေသော အလောင်းများကို သယ်ထုတ်သွားကြသည်။

"တပ်မှူးပါ ရောက်လာပါလား၊ ဘယ်တုန်းက ရောက်လာပါလဲ တပ်မှူး"



"မောင်ရင်တို့ ဒီမှာအဆင်ပြေကြပြီဆိုတာနဲ့ မင်းသားကြီးက ကျုပ်ဆီကို သတင်းကောင်းပါး လိုက်တာနဲ့ ချက်ချင်းလိုက်လာခဲ့တာပါ၊ ဒီရောက်တော့ နယ်စားကြီးနဲ့လည်း တွေ့ပြီးပါပြီ၊ ကျုပ်တို့က သူ့ရဲ့ပျောက်ဆုံးနေတဲ့ သားတော်လေးကို ရှာဖွေပေးကြတဲ့အတွက် အထူးကျေးဇူးတင်လို့ ကျုပ်တို့ကမ်းလှမ်းတဲ့ မဟာမိတ်ဖွဲ့ဖို့ကိစ္စကိုလည်း လက်ခံတယ်၊ တော်လှန်ရေးအတွက်လိုအပ်တဲ့ လက်နက်အင်အား၊ စစ်သားအင်အားတွေကိုလည်း ပေးဘို့သဘောတူတယ်၊

မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် နယ်ချဲ့တွေကို ခုခံဘို့ ကျုပ်တို့နဲ့လက်တွဲဖို့သဘောတူလိုက်ပြီလေ၊ ဒါဟာ မောင်ရင်ရဲ့ကျေးဇူးတွေဆိုလည်း မမှားပါဘူး"

တပ်မှူးနေသူရိန်က ကျော်စွာ၏ပုခုံးကို ရင်းရင်းနှီးနှီး ဖက်ကာပြောပြနေလေ၏။

"တပ်မှူးတို့ရဲ့ကျေးဇူးတွေလည်း ကျွန်တော့်အပေါ်မှာ အများကြီး ရှိပါတယ်၊ ကျွန်တော့်အတွက်တော့ ဂုဏ်ဒြပ် ထည်ဝါမှုတွေ မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် တပ်မှူးတို့နဲ့ လက်တွဲပြီးတိုက်ပွဲဝင်ချင်ပါတယ်"

"မောင်ရင်ရဲ့ မျိုးချစ်စိတ်ဓာတ်ကို ကျုပ်တို့ဂုဏ်ယူ

www.burmeseclassic.com

www.burmeseclassic.com



လေးစားပါတယ်၊ ကဲ ဒီအကြောင်းတွေကို နောက်မှအေးအေး ဆေးဆေး ပြောကြတာပေါ့၊ ကျုပ်တို့နဲ့အတူ မောင်ရင်ရဲ့ မိတ်ဆွေကြီး ဦးစိုင်းနောင်လည်းပါလာလေရဲ့၊ အခုတော့ ပန်းချီ ပန်းပုဆရာကြီး ဦးသီလဆီသွားနေတယ်၊ နောက်မှ မောင်ရင့်ဆီရောက်လာပါလိမ့်မယ်၊ မောင်ရင်လည်း သိပ်ပင်ပန်းနေတော့ အနားယူလိုက်ပါဦး ကိုယ်တော် ကျုပ်တို့ သွားကြရအောင်၊ အပြင်မှာ မောင်ကျော်စွာအတွက် အထူး ညွှံ့သည်တော်တစ်ယောက်ပါလာတယ် ဆိုတာလည်း မမေ့နဲ့ဦးလေးလေ''

တပ်မှူးနေသူရိန်နှင့် မင်းသားကြီးစောရန်ပိုင်တို့သည် တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး နားလည်စွာပြုံး၍ စစ်သည် တော်များနှင့်အတူ အခန်းတွင်းမှ ပြန်လည်ထွက်ခွာသွား ကြလေသည်။ အခန်းထဲမှ ကျော်စွာတစ်ယောက်တည်း ကျန်သောအခါမှ အပြင်အက်မှ စောင့်နေဟန်တူသော နန်းကလျာဝင်လာလေတော့သည်။

နန်းကလျာက ကျော်စွာ့ရင်ခွင်တွင်းသို့ ပြေးဝင် လာသည်။ ကျော်စွာကလည်း အလိုက်သင့်လေး ထွေးဖက် ထားလိုက်သည်။ တစ်ဦးနှင့်တစ်ဦးဘာစကားမှ မဆိုမိကြသေး အတန်ကြာအောင် ဖက်ထားကြလေသည်။



အတန်ကြာလေမှ နန်းကလျာက လှချင်းခွာ၍

''မောင် ဘာမှမဖြစ်ဘူးနော်၊ ကလျာဖြင့် သတင်းကြား ကတည်းက စိတ်ပူလိုက်ရတာကွယ်''

''မောင်ဘာမှမဖြစ်ပါဘူးကလျာ၊ ကလျာဆီက ပုဝါ လက်ဆောင်လေးရပြီးကတည်းက အစစအရာရာ လုံခြုံပြီး သားပါ၊ လက်ထဲမှာ စက္ကာပါလဓားရှိနေသ၍ နှလုံးသားထဲမှာ ကလျာဆီကရတဲ့ မေတ္တာတွေ့ရှိနေသရွေ့ ရန်ဟူသမျှ ကျော်လွှားအနိုင်ရမယ်လို့ မောင်အမြဲယုံကြည်ထားပါတယ်''

နန်းကလျာကပြုံးရင်း နှံ့သာပုဝါလေးဖြင့် ကျော်စွာ့ ကိုယ်တွင်စွန်းထင်းနေသော သွေးစသွေးနများကို တယုတယ သုပ်ပေးနေ၏။

''အခုတော့ မောင်တို့နှစ်ယောက်ရဲ့ဘဝခရီးလမ်းမှာ အနှောက်အယှက်အဖျက်အဆီးတွေ လုံးဝမရှိတော့ဘူး၊ ရှေ့မှာ ပန်းခင်းလမ်းကို လျှောက်ကြရတော့မယ်၊ ကလျာမပျော်ဘူး လားဟင်''

''ပျော်တာပေါ့မောင်ရယ်၊ ကလျာတို့လို မိန်းမသား တွေရဲ့ ဘဝဟာ ချစ်သူ့ရင်ခွင်ဟာ ပျော်မွေ့ဖွယ်ရာ အကောင်း ဆုံးမဟုတ်လား၊ ကလျာ အလိုလားဆုံးဟာ မောင့်ရဲ့နယ်စား သားတော်ဆိုတဲ့ ဂုဏ်ဒြပ်တွေ မဟုတ်ပါဘူး၊ မောင့်ရင်ထဲက

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာနဲ့ ဖောင့်နှလုံးသားက သစ္စာတရားပါမောင်၊ ဒီနှစ်ခု ကိုသာရနေရင် ကလျာထာဝရ ပျော်နိုင်ပါတယ်"

"မောင်ကလည်း ကလျာစိတ်ချမ်းသာပျော်ရွှင်နေမယ်ဆိုရင် ထာဝရသစ္စာနဲ့မေတ္တာမပျက်ချစ်နေပါ့မယ်တဲ့ဗျာ"

နှစ်ဦးသားကြင်နာစွာ ထွေးပွေ့လိုက်ကြသည်။

ထို့နောက်ကျော်စွာက ချစ်သူအားမြတ်နိုးစွာ နမ်းလိုက်သည်။

လောကတွင်ချစ်သူတို့၏ အနမ်းလောက်ချိုမြိန်လန်းဆန်းသော အရာကားအခြားမရှိပြီဖြစ်တော့သတည်း။ ။

အနိယာဟောန္တု- သဗ္ဗဒ္ဒတ္တာနံ ပရိဟာန္တုမ္ဘူ။ ။

သူရဿ

www.burmeseclassic.com